# ကြေးမုံ The Mirror

၁၉၅၇ ခုနှစ် မေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၁၀ ရက်၊ ကြာသပတေးနေ့၊ (8-10-2015) (၈၃၄၇)


## မေတ္တာ၏ အကျိုးအာနိသင်

မေတ္တာ၏ အကျိုးအာနိသင်သည် အလွန်များပြား ကြီးမားမြင့်မြတ်၏။ ဘဝသမ္မုတ္တိအကျိုးပေးသန်သော ကောင်းသောကံတကာတွင် ဤမေတ္တာကံသည် အထွတ်မြတ်ဆုံး၊ အသာဆုံးတည်း။ မေတ္တာကံကို တုပြိုင်နိုင်သော ကံဟူ၍ မရှိပေ။

သေက္ချတောင်ဆရာတော် ဦးတိလောက

# ဒုတိယသမ္မတ ဦးညာဏ်ထွန်း အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ

## နှစ်နိုင်ငံနယ်စပ်တစ်လျှောက်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆွေးနွေး

စာမျက်နှာ - ၃



# ရေကြီးနစ်မြုပ်မှုကာကွယ်ရေး ဧရာဝတီမြစ်ကမ်းရှိ အဖျောက်တာ ပြန်လည်တည်ဆောက်မည်

တိုက်ကြီး အောက်တိုဘာ ၇

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အဖျောက်မြို့ရှိ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌ရှိသော အရှည် ၇ ဒသမ ၂၅ မိုင်ရှိသည့် အဖျောက်တာအား လာမည့်ပွင့်လင်းရာသီ ရောက်ရှိလျှင် တာအသစ်ပြန်လည်တည်ဆောက်တော့မည်ဖြစ်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

သတင်းနှင့်ဓာတ်ပုံ စိုးဝင်း(MLA)



တိုက်ကြီးမြို့နယ် အဖျောက်မြို့ ဧရာဝတီမြစ်အရှေ့ဘက်ကမ်း၌တည်ရှိသော အဖျောက်တာကို တွေ့ရစဉ်။

# လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

နေပြည်တော် အောက်တိုဘာ ၇

ယနေ့ညနေ ၆နာရီအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းသည် နောက် ၂၄ နာရီအတွင်း ပိုမိုအားကောင်းလာနိုင်မည်ဟု ခန့်မှန်းရသည်။

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

အဆိုပါ လေဖိအားနည်းရပ်ဝန်း၏ အရှိန်ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ဒေသအလိုက် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရှောင်ရှားကြပါရန် အကြံပြုထားကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

(ကြေးမုံ)




ကြေးမုံ စာတည်းအာဘော် ၈-၁၀-၂၀၁၅ [ကြာသပတေးနေ့]

# အကြင်နာလက်ဖြင့် ကမ်းလင့်ကြိုဆို

သဘာဝဘေးလျော့ပါးရေးကို တစ်ကမ္ဘာလုံးအတိုင်းအတာဖြင့် အလေးဂရုပြု ကာကွယ်စောင့်ရှောက်မှုများ ပြုလာကြသည်။ လက်ရှိအခြေအနေတွင် ကမ္ဘာကြီး၏ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကြောင့် နိုင်ငံအများစုတွင် သဘာဝဘေးဒဏ်ကို အနည်းနှင့်အများဆိုသလို ခံစားကြရသည်။ ယခုနှစ်အဖို့ မြန်မာနိုင်ငံအနေဖြင့် သဘာဝဘေးဒဏ်ကို နဖူးတွေ့ဒူးတွေ့ကြုံတွေ့ခဲ့ရသည်။

ထို့ကြောင့် သဘာဝဘေးသည် နေရာမရွေး၊ နိုင်ငံမရွေး၊ ဆင်းရဲချမ်းသာမရွေး အရာအားလုံးအပေါ်တွင် တစ်ပြေးညီကျရောက်နိုင်သဖြင့် သဘာဝဘေးလျော့ပါးရေးလုပ်ငန်းစဉ်များတွင် သက်ဆိုင်ရာတို့က အထူးအလေးထားဆောင်ရွက်ရမည်ဖြစ်သကဲ့သို့ ပြည်သူအားလုံးအနေဖြင့်လည်း အမျိုးသားရေးအမြင်ဖြင့် တက်ကြွစွာပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သဘာဝဘေးအန္တရာယ်သည် ဖော်ပြပါအတိုင်း လူတန်းစားမရွေး တစ်ပြေးညီထိခိုက်ခံစားရသဖြင့် နိုင်ငံတကာသဘာဝဘေးလျော့ပါးရေးမဟာဗျူဟာဌာနက ၂၀၁၁ ခုနှစ်မှစတင်၍ နှစ်အလိုက်သဘာဝဘေးခံစားရမှုအခြေအနေများကို လူအုပ်စုအလိုက်သတ်မှတ်ဖော်ပြထားရာ သဘာဝဘေးနှင့်ပတ်သက်၍ အသိအမြင်များတိုးပြီး ပိုမိုနားလည်လာနိုင်မည်ဟု ယုံကြည်ပါသည်။

သဘာဝဘေးအန္တရာယ် ထိခိုက်ခံစားလွယ်သော လူ့အဖွဲ့အစည်းများကို တစ်နှစ်ချင်းစီအလိုက် ဦးတည် အုပ်စုအလိုက်သတ်မှတ်ထားသည်။ ၂၀၁၁ ခုနှစ်တွင် ကလေးသူငယ်များနှင့် ငယ်ရွယ်နုပျိုသူများ၊ ၂၀၁၂ ခုနှစ်တွင် အမျိုးသမီးများနှင့် သက်ငယ်မိန်းကလေးများ၊ ၂၀၁၃ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၁၅ ရာခိုင်နှုန်းရှိသည့် မသန်စွမ်းသူများ၊ ၂၀၁၄ ခုနှစ်တွင် ထိခိုက်လွယ်သည့် သက်ကြီးရွယ်အိုများအတွက် မီးမောင်းထိုး ရွေးချယ်သတ်မှတ်ခဲ့သည်။ ယခုနှစ်အတွက်မူ ပြည်သူများ အသိပညာဗဟုသုတနှင့် အလေ့အကျင့်ကောင်းများ ရှိလာစေရန် ရည်ရွယ်ထားသည်ဟု သိရသည်။

သဘာဝဘေးအန္တရာယ်နှင့်ပတ်သက်၍ ကိုယ်တိုင်ကြုံတွေ့ခံစားဖူးသူမှသာ ထဲထဲဝင်ဝင်သိမြင်ခံစားနိုင်မည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် နောက်ဆက်တွဲအကျိုးသက်ရောက်မှုကို ကိုယ်တွေ့ကြုံရသူများသာ ထိခိုက်ခံစားကြရသည်။ သာမန်အားဖြင့်ကြည့်လျှင် သဘာဝဘေးခံစားရသူများအား ကယ်ဆယ်စောင့်ရှောက်၊ ကူညီထောက်ပံ့မှုများပြုပြီးလျှင် လုံလောက်ပြီဟု ထင်မြင်ယူဆကြပေလိမ့်မည်။ မိမိဘဝကို မိမိတို့ဘာသာ ပြန်လည်တည့်မတ်ကြပေလိမ့်မည်ဟု ယုံကြည်ထားကြသည်။

အမှန်တွင် သဘာဝဘေးကြုံတွေ့ပြီးနောက် နောက်ဆက်တွဲအကျိုးခံစားနေကြရသူများတွင် အဆိုပါ ဦးတည်အုပ်စုများမှာ ထိခိုက်ရှလွယ်မှုအများဆုံးဖြစ်ပြီး ရေရှည်ခံစားကြရသည်မှာ အမှန်ဖြစ်သည်။ ဖြစ်စဉ်များတွင် နာဂစ်အလွန်ခံစားကြရသော ဒေသခံပြည်သူများ၏ဘဝများမှာ နှစ်ကာလရခဲ့သော်လည်း စိတ်ခံစားမှုမပြေပျောက်နိုင်သေးသည်မှာ လက်တွေ့ပင်ဖြစ်သည်။

ထိခိုက်လွယ်သောသူများမှာ ကလေးသူငယ်များနှင့် ငယ်ရွယ်နုပျိုသူများ၊ အမျိုးသမီးများနှင့်သက်ငယ်မိန်းကလေးများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများ ဖြစ်ကြသည်။ ထိုသူတို့၏ မိသားစုဘဝနှင့် အသက်အိုးအိမ်စည်းစိမ်ဆုံးရှုံးမှုတို့နှင့် ရင်ဆိုင်ကြုံတွေ့ရသောအခါတွင် အရွယ်ရောက်သော အခြားယောကျ်ားသားများနှင့်မတူ အားငယ်ခြင်း၊ ဆုံးရှုံးခြင်းစသည့် စိတ်ဒဏ်ရာများ ပိုမိုရရှိခဲ့ကြသည်။ ထိုဝေဒနာများအတွက် ပြန်လည်ကုစားကင်းပျောက်နိုင်ရန်မှာ လွယ်ကူသောအလုပ်မဟုတ်ချေ။ ကုစားနိုင်မည့်အဖြေတစ်ခုမှာ အသိအမြင်ဗဟုသုတများပေးကာ စိတ်ပိုင်းဆိုင်ရာပြေပျောက်နိုင်စေရန် ဖန်တီးဖော်ဆောင်ပေးနိုင်သော လုပ်ဆောင်မှုများသာဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေကြီးရေလျှံမှုများ ကြုံတွေ့ခံစားခဲ့ရပေရာ အချို့နေရာဒေသများတွင် ဆိုးရွားသော ဆုံးရှုံးမှုများနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပေသည်။ ထိုသို့ကြုံတွေ့ခဲ့ရာ၌ ထိခိုက်လွယ်သည့် ဖော်ပြပါဦးတည်အုပ်စုများ ပြန်လည်နာလန်ထူနိုင်ရေးနှင့် ပုံမှန်ဘဝသို့ ပြန်လည်ရောက်ရှိရေးအတွက် အကြင်နာလက်များဖြင့် နွေးထွေးသော အသိအမြင်ဗဟုသုတများအား ဝိုင်းဝန်းကမ်းလင့်ပေးကြရန် လိုအပ်ပါသည်။ ။

# ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပထမဆုံးအကြိမ်အဖြစ် နည်းပညာကျောင်းဆင်းများ လုပ်ငန်းခွင်လက်တွေ့ ဆောင်ရွက်ခွင့်ရရှိ

**လားရှိုး အောက်တိုဘာ ၇**


မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ရုံးခွဲ(လားရှိုး)က ကြီးမှူးကာ အစိုးရသိပ္ပံနှင့် နည်းပညာတက္ကသိုလ်(လားရှိုး)မှ On Job Training ဆင်းကြမည့် နောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူ ၉၃ ဦးကို ကုမ္ပဏီများနှင့် မိတ်ဆက်ပေးခြင်းနှင့် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို အောက်တိုဘာ ၄ ရက် နံနက် ၁၀ နာရီက လားရှိုးမြို့ ရပ်ကွက် (၁) ချယ်ရီမြိုင် အိမ်ရာ ရှင်းလင်းဆောင်၌ ကျင်းပခဲ့ကြောင်းသိရသည်။

"နည်းပညာတက္ကသိုလ် ကျောင်းသားကျောင်းသူတွေဟာ ကျောင်းပြီးတာနဲ့ တစ်ပြိုင်နက် လုပ်ငန်းခွင်ဝင်နိုင်ဖို့ဆိုတာ လုပ်ငန်းခွင်အတွေ့အကြုံမရှိရင် အခက်အခဲတွေရှိနိုင်ပါတယ်။ အရည်အသွေးပြည့်မီတဲ့ အနာဂတ်မျိုးဆက်သစ် အင်ဂျင်နီယာကောင်းတွေ မွေးထုတ်ပေးနိုင်ဖို့ ကျွန်တော်တို့ရဲ့ အင်ဂျင်နီယာအသင်းကနေ ဒီကျောင်းသား ကျောင်းသူတွေကို ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ လုပ်ငန်းလုပ်နေကြတဲ့ ကုမ္ပဏီအသီးသီးမှာ သူတို့ နားလည်တတ်ကျွမ်းတဲ့ ဘာသာရပ်နဲ့ သက်ဆိုင်တဲ့ လုပ်ငန်းခွင်လက်တွေ့ အတွေ့အကြုံရအောင် On Job Training ကို လစာနဲ့ ခန့်အပ်သွားမှာ ဖြစ်ပါတယ်" ဟု မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း(လားရှိုး)၏ ဂုဏ်ထူးဆောင်နာယက ဦးကျော်စွာထွဋ်က ပြောသည်။

"ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ နည်းပညာတက္ကသိုလ်ဆင်း ကျောင်းသား ကျောင်းသူတွေကို လုပ်ငန်းခွင်အတွေ့အကြုံရအောင် အခုလို လက်တွဲခေါ်ပေးတာ ဒါပထမဆုံးအကြိမ် ဖြစ်ပါတယ်။ ကျောင်းသားကျောင်းသူတွေအတွက် အခွင့်အရေးကောင်းဖြစ်ပါတယ်။ နိုင်ငံခြားတက္ကသိုလ်တွေကပဲ ဒီလို OJT တွေ စီစဉ်ပေးတာကြားဖူးပါတယ်။ အခုဒီမှာလည်း OJT ဆိုတာဖြစ်ပေါ်လာတဲ့အတွက် မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း (လားရှိုး)ကို ကျောင်းသား ကျောင်းသူတွေကိုယ်စား ကျေးဇူးတင်ပါတယ်"ဟု နားလည်တတ်ကျွမ်းသူတစ်ဦးက ပြောသည်။

ယင်းနေ့ကကျင်းပခဲ့သော နည်းပညာနောက်ဆုံးနှစ်ကျောင်းသား ကျောင်းသူများအား လုပ်ငန်းခွင်လက်တွေ့ဆင်းနိုင်ရန် သက်ဆိုင်ရာကုမ္ပဏီများသို့ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားတွင် Civil, EP, EC ဘာသာရပ်မှ ကျောင်းသား ကျောင်းသူများကို လားရှိုးအခြေစိုက် Shining Myanmar Co., Ltd. က ၁၄ ဦး၊ Oriental Highway Co.,Ltd. (လားရှိုး) က ၁၀ ဦး၊ ရွှေမင်းဝံကုမ္ပဏီ (လားရှိုး)က ကိုးဦး၊ ဂရိတ်ဟောခန်းကုမ္ပဏီ (မူဆယ်)က ၂၀၊ ငွေရည်ပုလဲကုမ္ပဏီ (နောင်ချို)က ၂၇ ဦး၊ ABC Telecom Co.,Ltd. က သုံးဦး၊ ပြည်နယ်လျှပ်စစ်က ၁၀ ဦး စုစုပေါင်း ၉၃ ဦးအား လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**




## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၇**

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ရွှေဈေး | ၇၈၂၀၀၀ | - | ၇၈၂၀၀၀ |
| မန္တလေး | ရွှေဈေး | ၇၈၂၀၀၀ | - | ၇၈၂၀၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | |
|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၄၀/၆၅၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၉၀/၈၀၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၆၉၀/၇၀၀ ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်လီတာ | ၇၁၀ ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = ၁၂၈၇. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = ၁၄၄၉. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = ၂၀၂. ၄၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = ၃၅. ၄၄၅ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = ၂၉၆. ၄၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = ၁၉. ၇၃၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = ၁၀၆၉. ၃ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = ၁၁၀. ၃၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = ၉၂၀. ၆၇ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = ၉၀၄. ၆၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

# သံအမတ်ကြီး ဦးကျော်စွာမင်း ခန့်အပ်လွှာပေးအပ်

**နေပြည်တော် အောက်တိုဘာ ၈**

ဒိန်းမတ်နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စွာမင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၅ ခုနှစ် စက်တင်ဘာ ၂၂ ရက်တွင် ကိုပင်ဟေဂင်မြို့၌ ဒိန်းမတ်နိုင်ငံ ဒုတိယမြောက် မာဂရိ(သ်) ဘုရင်မထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ကျေးလက် ကျန်းမာရေးအတွက် ယင်လုံအိမ်သာများ ဆောက်လုပ်

**ကွမ်းခြံကုန်း အောက်တိုဘာ ၇**

ကျေးလက်နေပြည်သူများ ကျန်းမာရေးအဆင့်မြှင့်တင်ရန် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ် တော်ကူးအနောက်ကျေးရွာ၊ တော်ခရမ်းလေးကျေးရွာ၊ ကုန်းဖြတ်ကျေးရွာ၊ ဘန့်ဘွေးကုန်းကျေးရွာ၊ မဲဇလီဝကျေးရွာနှင့် တံခွန်တိုင်ကျေးရွာများတွင် နှစ်ခန်းတွဲယင်လုံအိမ်သာရှစ်လုံး ဆောက်လုပ်ပေးခဲ့ပြီး ဆက်လက်၍ မြို့တွင်းရှိကျေးရွာငါးရွာတွင်လည်း ယင်လုံအိမ်သာများ ဆောက်လုပ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သရဖီ(ကွမ်းခြံကုန်း)**

# ကျေးရွာမြေငှားဂရန်များ ဇလွန်မြို့နယ်အတွင်း ထုတ်ပေး

**ဇလွန် အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် ဇော်ဂျီကွင်းကျေးရွာအုပ်စု ဇော်ဂျီကွင်းကျေးရွာတွင် မြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနားကို စက်တင်ဘာ ၂၈ ရက်က ဇော်ဂျီကွင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြေငှားဂရန်ထုတ်ပေးရေးခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းငွေက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ကျေးလက်နေပြည်သူများ၏ လူနေမှုဘဝအဆင့်အတန်း ပိုမိုမြင့်မားလာစေရန် ရည်ရွယ်၍ ကျေးရွာမြေငှားဂရန်များကို ထုတ်ပေးလျက်ရှိပြီး မြေငှားဂရန်ရရှိပိုင်ဆိုင်ထားသည့်အတွက် ရရှိလာမည့် အခွင့်အရေးနှင့် အကျိုးကျေးဇူးများကို ကျေးရွာပြည်သူများအား ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က မြေငှားဂရန်စာချုပ် ၂၄ ခုအား ဇော်ဂျီကွင်းကျေးရွာ မြေပိုင်ရှင်များ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ရမေသကြိန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ့၊ သီရိ

ပြည်တွင်းရေးရာ

# နှစ်နိုင်ငံနယ်စပ်တစ်လျှောက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးဆိုင်ရာ ကိစ္စရပ်များ ဆွေးနွေး



**နေပြည်တော် အောက်တိုဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ ဂေါ်တမ်မူခိုပါဒါယ အား ယနေ့ ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ယာပုံ)**

ထိုသို့တွေ့ဆုံစဉ် ပူးတွဲကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဖိုရမ် ကျင်းပပြီး ပုဂ္ဂလိကကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များတွင် နည်းပညာနှင့် အရင်းအမြစ်များ ကူညီပေးရေး၊ နှစ်နိုင်ငံနယ်စပ်တစ်လျှောက် လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေး ဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ဒုတိယဝန်ကြီး ဦးသန့်ကျော် နှင့် ဦးဟံစိန်တို့ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

### ❖ ရေကြီးနစ်မြုပ်မှုမှ

ထို့ကြောင့် အဖျောက်တာအသစ်တည်ဆောက်ရေးစီမံကိန်းအတွက် နိုင်ငံတော်သမ္မတကြီး၏ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ရောက်ရှိလာသော တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ယူအကုန်ကျခံတည်ဆောက်ပေးမည့် Expert Team နှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး တို့က အောက်တိုဘာ ၇ ရက် နံနက် ၁၁ နာရီက အဖျောက်တာအသစ် တည်ဆောက်မှုအတွက် လာရောက်ကြည့်ရှုကွင်းဆင်းလေ့လာရာ လယ်ယာ စိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးခင်ဇော်နှင့်ရေအရင်း အမြစ်နှင့်မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ တိုင်းဦးစီးမှူး ဦးအောင်ကျော်မှူး တို့က အဖျောက်တာအတွက် ပြန်လည်ပြုပြင် ထိန်းသိမ်းရန်လိုအပ်သော အခြေအနေများအားရှင်းလင်းပြောကြားခဲ့သည်။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးခင်ဇော်က "အဖျောက်တာအသစ်တည်ဆောက်ဖို့အတွက် တရုတ်ပြည်သူ့ သမ္မတနိုင်ငံက ကူညီပံ့ပိုးပေးဖို့ ကမ်းလှမ်းလာတာပါ။ ရေရှည်စီမံချက်နဲ့ ဧရာဝတီမြစ်ရိုးတစ်လျှောက်မှာ ဘာတွေလုပ်သင့်သလဲဆိုတာလည်း ဒီအဖွဲ့က လေ့လာပါလိမ့်မယ်။ နောက်ထပ်ဘာလဲဆိုတော့ သူတို့အဖွဲ့ဆိုတာ တရုတ်နိုင်ငံ က ယန်စီမြစ်၊ မြစ်ဝါမြစ်တို့ကိုနှစ်ကာလများစွာ ထိန်းသိမ်းလာတဲ့ အတွေ့အကြုံ ရှိနေပါတယ်။ မြန်မာနိုင်ငံက ဧရာဝတီမြစ်ဒီနှစ်ရေကြီးရေလျှံဖြစ်ပေါ်ခဲ့မှုမှာ ဒီတစ်ကြိမ်က အဆိုးရွားဆုံးဖြစ်ခဲ့တာပါ။ ဒါကြောင့် သူတို့နိုင်ငံကရှိနေတဲ့ မြစ်ရဲ့အနေအထားကိုကြည့်ပြီးတော့ မြန်မာနိုင်ငံမှာ မြစ်ကြောင်းထိန်းသိမ်း ရေးနှင့် ရေဘေးကာကွယ်ရေးအတွက် ဘာတွေလုပ်သင့်သလဲဆိုတာကြည့်ပြီး မြန်မာနိုင်ငံအတွက်လည်း လူသားအရင်းအမြစ်တွေ ဖွံ့ဖြိုးတိုးတက်လာဖို့ အတွက် ပညာရှင်တွေမွေးထုတ်ပေးပါလိမ့်မယ်။ အဓိကကတော့ မြန်မာနိုင်ငံက အင်ဂျင်နီယာတွေနဲ့တာအသစ်ကို တည်ဆောက်သွားမှာပါ။ စုစုပေါင်း အရှည် ၄၆၈ မိုင်ရှိတဲ့ မြစ်ဝကျွန်းပေါ် ဒေသက တာတွေကိုလည်း မြှင့်မယ်၊ တောင့်တင်း ခိုင်မာအောင်ပြုလုပ်မယ်။ မြစ်ကြောင်းတွေကိုဖြောင့်ဖို့အတွက်လည်း စီစဉ်မှာ ပါ။ ဒီအဖျောက်တာအသစ်တည်ဆောက်ပြီးရင်တော့ ဒေသခံတွေအတွက် လွန်စွာအကျိုးရှိလာတော့မှာဖြစ်ပါတယ်" ဟု ပြောသည်။

အဖျောက်မြို့မှ ဒေသခံရပ်မိရပ်ဖတစ်ဦးက "အစ်ကိုတို့မှာမလွဲသာလို့ သာ ဒီတာကြီး ကျိုးပေါက်သွားမှာစိုးလို့ လူအား၊ လုပ်အားနဲ့ ဒီနှစ်အတွင်းမှာ သဲအိတ်တွေ ဖို့ခဲ့ကြရပါတယ်။ ရေအမှတ် ၄၁ ပေထိ တာအမြင့်ဖြစ်လာနိုင် အောင်တပ်မတော်သားတွေ၊ ဆည်မြောင်းဦးစီးဌာနမှ ဝန်ထမ်းတွေ၊ ဒေသခံ ရဲတွေနဲ့ပြည်သူတွေက ဝိုင်းဝန်းဆောင်ရွက်ခဲ့ကြတာပါ။ အစ်ကိုတို့မြို့ထဲမှာ ဆေးရုံတွေလည်းရှိတယ်။ သာသနိကအဆောက်အအုံတွေလည်းရှိတယ်။ ပြီးတော့ ပိဋကတ်သုံးပုံကျောက်ထက်အက္ခရာတင်ထားတဲ့ ကျောက်စာတိုက်ကြီး ကလည်းကျောက်စိုက်အခု ၇၂၀ ရှိနေပါတယ်။ အဲ့ဒီတော့ဒီလိုတာအသစ်ကြီး အဆင့်မြှင့်တင်ဆောင်ရွက်လိုက်ပြီဆိုရင်အစ်ကိုတို့နောင်နှစ်ရေကြီးမှုဖြစ်ပွား ခဲ့လည်း ခေါင်းပြားပြား အိပ်နိုင်တော့မှာပါ။ အကယ်လို့ဒီတာသာမရှိရင်အစ်ကိုတို့ နေအိမ်တွေရွှေ့ပြောင်းရတော့မှာလေ။ နေအိမ်တွေပြောင်းရွှေ့ရမယ်ဆိုရင် လည်းရွှေ့ရ ပြောင်းရနဲ့မလွယ်ဘူးလေ။ တာအသစ်တည်ဆောက်မယ်ဆိုတော့ ဒေသခံတွေအတွက်သားရွှေအိုးထမ်းသလိုပါပဲ။ အင်မတန်ဝမ်းသာတယ်၊ ကြိုဆိုပါတယ်" ဟု ပီတိစကားပြောသည်။

လောလောဆယ် ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို အဆိုပါအဖွဲ့မှ ကွင်းဆင်းလေ့လာသွားမည် ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မိုင်အားဖြင့် စုစုပေါင်းအရှည် ၄၆၈ မိုင်ရှိသောတာ ၁၅ ခုကို ပြန်လည်ပြုပြင်ရန်အတွက် ဆည်မြောင်းဦးစီးဌာန မှအရေးပေါ်ရွေးချယ်ထားကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှအမေရိကန် ဒေါ်လာ ၃၈ ဒသမ ၄ သန်း ကူညီထောက်ပံ့ပေးသွားမည်ဖြစ်သည်။ အောက်တိုဘာ ၈ ရက်တွင်လည်း အဆိုပါ Expert Team မှ ဧရာဝတီတိုင်း ဒေသကြီးရှိညောင်တုန်း၊ မြောင်းမြ၊ ပုသိမ်၊ ဇလွန်၊ ဟင်္သာတမြို့နယ်တို့နှင့် ဆက်စပ်နေသော ဧရာဝတီမြစ်၏ ဝဲ၊ ယာ အား ကွင်းဆင်းလေ့လာသွားမည် ဖြစ်ကြောင်း၊ ထို့အပြင်အဆိုပါ အဖျောက်မြို့၌ လူနေအိမ်ခြေ ၂၅၀၀ ကျော် ရှိပြီးလူဦးရေ ၁၂၀၀၀ ကျော်နေထိုင်လျက်ရှိကြောင်းနှင့် အဖိုးတန်သာသနိက ရှေးဟောင်း အဆောက်အအုံများ တည်ရှိနေသောကြောင့် တာအသစ် တည်ဆောက် ကာကွယ်လိုက်ခြင်းဖြစ်ကြောင်း လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနမှ သိရသည်။

**ကမ္ဘာ့စာပို့တိုက်သမဂ္ဂ ညွှန်ကြားရေးမှူးချုပ်ထံမှ ပေးပို့သော ၂၀၁၅ ခုနှစ် ကမ္ဘာ့စာပို့တိုက်နေ့ သဝဏ်လွှာ**

## ဆန်းသစ်တီထွင်ကာ ဘက်စုံစုစည်းလို့ အများပါဝင်ဆောင်ရွက်ဖို့ စာပို့တိုက်လုပ်ငန်း၏ အနာဂတ်ကို မောင်းနှင်စို့

ယနေ့ကမ္ဘာ့စာပို့တိုက်နေ့ အထိမ်းအမှတ် အခမ်းအနားများ ကျင်းပစဉ် ကမ္ဘာ့ဈေးကွက်တွင် အမြဲတစေနေရာရခဲ့သော စာပို့တိုက်လုပ်ငန်းတွင် အပြောင်းအလဲ အများအပြား ဖြစ်ပွားခဲ့သည့်ဖြစ်စဉ်ကို ကျေနပ်အားရစွာဖြင့် ပြန်ပြောင်းသတိရနိုင်ပါသည်။ စင်စစ် စာပို့တိုက်လုပ်ငန်းသည် သက်တမ်း အရင့်ဆုံး ဆက်သွယ်ရေးနည်းလမ်းဖြစ်သည့်အပြင် သတင်းအချက် အလက်နှင့် ပစ္စည်းများပေးပို့ရာတွင် ယခုတိုင် အဓိကအခန်းကဏ္ဍမှ ပါဝင် နေခြင်းကြောင့် ဂုဏ်ယူဝင့်ကြွားနိုင်ပါသည်။ စာပို့တိုက်လုပ်ငန်းသည် လုပ်ငန်းများ လွတ်လပ်စွာလုပ်ကိုင်ခွင့်ပြုခြင်းမှ အစပြု၍ ပုဂ္ဂလိကပိုင် ပြုလုပ်ခြင်းနှင့် အပြိုင်အဆိုင်လုပ်ငန်းများ ပေါ်ထွန်းလာခြင်းအထိ ဆက်လက်ရှင်သန်ရန် စိန်ခေါ်မှု အခက်အခဲ အများအပြားကို ရင်ဆိုင်ခဲ့ရပါ သည်။ သို့ရာတွင် မျက်မှောက်ခေတ် သတင်းအချက်အလက် နည်းပညာ ဖွံ့ဖြိုးတိုးတက်လာခြင်းကဲ့သို့ ကြီးမားသော စိန်ခေါ်မှုအခက်အခဲမျိုးနှင့် မရင်ဆိုင်ဖူးသေးပါ။

ယခုအခါ သတင်းအချက်အလက်နှင့် နည်းပညာတိုးတက်မှုများ ကြောင့် အစဉ်အလာ စာပို့တိုက်လုပ်ငန်းအမျိုးအစားဖြစ်သော စာဖြင့် ဆက်သွယ်ခြင်းကို ပိုမိုလျင်မြန်ပြီး ထိရောက်တွင်ကျယ်သော ဆက်သွယ်ရေး နည်းလမ်းများက စိန်ခေါ်လာကြပြီဖြစ်ပါသည်။ သို့ရာတွင် အောင်မြင်သော စာပို့တိုက်လုပ်ငန်းများသည် ယင်းစိန်ခေါ်မှုများကို အခွင့်အလမ်းများအဖြစ် သဘောထားပြီး ပိုမိုလျင်မြန်၍ ထိရောက်တွင်ကျယ်သော ဆက်သွယ်ရေး နည်းလမ်းအသစ်ကို စာပို့တိုက်လုပ်ငန်းအနေဖြင့်လည်း လိုအပ်ကြောင်း၊ လုပ်ငန်းတွင် တန်ဖိုးကွင်းဆက်အသစ်တစ်ရပ် တည်ဆောက်ရန်ဖြစ်ကြောင်း နားလည်သဘောပေါက်လျက် ဆန်းသစ်တီထွင်ခြင်း၊ ဈေးကွက်အပိုင်းသစ် များ ဖော်ထုတ်ခြင်းတို့ လုပ်ဆောင်လာကြပါသည်။

အသွင်ကူးပြောင်းရန်မှာ လွယ်ကူသည်မဟုတ်ပါ။ စာပို့တိုက်လုပ်ငန်း အများအပြားမှာ လုပ်ငန်းဆောင်ရွက်မှု ပိုမိုကောင်းမွန်ရေးအတွက် နည်း ပညာသစ်များကို အပြည့်အဝ အသုံးမပြုနိုင်ကြသေးပါ။ သို့ရာတွင် စာပို့ တိုက်လုပ်ငန်း ဆက်လက်ရှင်သန်ရေးမှာ အလျင်အမြန် အပြောင်းအလဲ ပြုလုပ်နိုင်စွမ်းနှင့် ဆန်းသစ်တီထွင်နိုင်စွမ်းအပေါ် မူတည်မည်ဟူသော အချက်မှာမူ လွန်စွာရှင်းလင်းသိသာပါသည်။ ဝန်ဆောင်မှုရယူသူများ၏ မျှော်မှန်းချက်များ၊ လိုအပ်ချက်များနှင့် ကြိုက်နှစ်သက်မှုများမှာ ပြောင်းလဲ နေပါသည်။ စာပို့တိုက်အနေဖြင့် ဤလိုအပ်ချက်အသစ်များကို ဖြည့်ဆည်း ပေးနိုင်ရန် လိုက်ပါပြောင်းလဲရပါမည်။ ကမ္ဘာ့စာပို့တိုက်သမဂ္ဂသည် ဤအချက်ကို နားလည်သဘောပေါက်ခြင်းကြောင့် ၂၀၀၇ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ ကမ္ဘာ့စာပို့လုပ်ငန်း မဟာဗျူဟာတွင် စာပို့လုပ်ငန်း ပြုပြင် ပြောင်းလဲရေးကို အနာဂတ်အတွက် အဓိကမောင်းနှင်ပေးမည့် အကြောင်း အချက်အဖြစ် ဖော်ထုတ်ထားပါသည်။ ကမ္ဘာ့စာပို့တိုက် သမဂ္ဂသည် အနာဂတ် လုပ်ငန်းစဉ် စာတမ်းဖြစ်သော ၂၀၂၀ ခုနှစ်အတွက် မျှော်မှန်းချက်စာတမ်း တွင် ဆန်းသစ်တီထွင်ခြင်း၊ ဘက်စုံပေါင်းစည်းခြင်းနှင့် အများပါဝင်ခြင်းတို့ကို အနာဂတ် စာပို့လုပ်ငန်းအား မောင်းနှင်ပေးမည့် အဓိကအကြောင်းအချက် များအဖြစ် အလေးအနက် ဖော်ပြထားပါသည်။

စာပို့လုပ်ငန်း၏ အနာဂတ်သည် ဆန်းသစ်တီထွင်နိုင်စွမ်းနှင့် လုပ်ငန်း သစ်၊ ဝန်ဆောင်မှုသစ်များ ဖန်တီးနိုင်စွမ်းအပေါ် မူတည်နေခြင်းမှာ ပကတိ အရှိတရားပင်ဖြစ်ပါသည်။ ဆန်းသစ်တီထွင်ရာတွင် အဓိကသော့ချက် တစ်ရပ်မှာ စာပို့လုပ်ငန်း၏ နည်းပညာသစ်များကို လက်ခံကျင့်သုံးနိုင်စွမ်းနှင့် အများယုံကြည်စိတ်ချသော စာပို့လုပ်ငန်း အမှတ်တံဆိပ်ကို ဒစ်ဂျစ်တယ် နယ်ပယ်သို့ လွှဲပြောင်းနိုင်စွမ်းဖြစ်ပါမည်။ ဤသို့ အောင်မြင်စွာ လုပ်ဆောင် နိုင်ရန် စာပို့လုပ်ငန်းအနေဖြင့် ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုများ ဖွံ့ဖြိုးတိုးတက် ရန် အထူးအရေးကြီးပါသည်။ ပတ်ဝန်းကျင်သစ်တွင် ပံ့ပိုးမှုပေးနိုင်မည့် သက်ဆိုင်ရာစည်းမျဉ်း ထိန်းချုပ်ရေး မူဘောင်များလည်း ဖော်ထုတ်ရပါမည်။ ဘက်စုံပေါင်းစည်းရေး အောင်မြင်မှုရရှိရန် စာပို့လုပ်ငန်းအနေဖြင့် အင်တာနက် ဖြင့်လည်းကောင်း၊ ရုပ်ဝတ္ထုပိုင်းအနေဖြင့်လည်းကောင်း ချိတ်ဆက်ထားပြီး ပြည်တွင်း၊ ပြည်ပ လုပ်ငန်းဆောင်ရွက်နိုင်သော ချောမွေ့စွာကြားလပ်မရှိ ဆက်သွယ်နိုင်သည့် ကွန်ရက်တည်ဆောက်ရပါမည်။ အပြည့်အဝ ဘက်စုံ ပေါင်းစည်းနိုင်ရေးမှာ အကောက်ခွန်နှင့် သယ်ယူပို့ဆောင်ရေး၊ နယ်စပ်ဖြတ် ကျော် အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေးကို လွယ်ကူချောမွေ့စေ ခြင်းတို့အပါအဝင် စာပို့တိုက်လုပ်ငန်း ဆောင်ရွက်မှုကွင်းဆက် supply chain တွင် အဓိကပါဝင်နေသူအားလုံး ပါဝင်ဆောင်ရွက်ကြရန် လိုအပ်ပါ သည်။

ကုလသမဂ္ဂ၏ ရေရှည်တည်တံ့နိုင်သော ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင် အသစ်များကို ကမ္ဘာ့ခေါင်း ဆောင်များက လက်ခံအတည်ပြုပြီး ဖြစ်ပါသည်။ ထို့ကြောင့် စာပို့လုပ်ငန်းသည် ယခုအခါ ဖွံ့ဖြိုးရေး အခြေခံအဆောက်အအုံ တစ်ရပ်အဖြစ် ပိုမို၍သက်ဆိုင်မှုရှိသော အခန်းကဏ္ဍမှ ပါဝင်လာပါသည်။ စာပို့လုပ်ငန်းမှာ အားလုံးနှင့်သက်ဆိုင်သော သဘောသဘာဝရှိခြင်း ကြောင့် ကမ္ဘာသူကမ္ဘာသားအားလုံး စီးပွားရေး၊ လူမှုရေး၊ ဘဏ္ဍာရေးနှင့် ဒစ်ဂျစ်တယ်ပေါင်းစည်းပါဝင်ရေး မောင်းနှင်ပေးနိုင်ရန် အကောင်းဆုံး အနေအထားတွင် ရှိပါသည်။ စာတိုက်လုပ်ငန်းသည် ကျယ်ပြန့်သော ကွန်ရက်ကို အသုံးပြုလျက် တစ်ပိုင်တစ်နိုင်၊ အသေးစားနှင့် အလတ်စား လုပ်ငန်းများနှင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု အသုံးမပြုနိုင်သေးသော ပြည်သူလူထုတို့ကို လုပ်ငန်းနယ်ပယ်သစ်များအဖြစ် ဦးတည်ရည်ရွယ်လျက် ဈေးကွက်ကို ပံ့ပိုးမှုပေးနိုင်မည့် သင့်တော်သော လုပ်ငန်းများကို ဖန်တီး ဖော်ထုတ်ရန် ဖြစ်ပါသည်။ ဤနယ်ပယ်တွင် အောင်မြင်မှုရရှိရန် ဆောင် ရွက်ခြင်းသည် ကမ္ဘာ့အသိုက်အဝန်းအကျိုးအတွက် ရေရှည်တည်တံ့နိုင် သော ဖွံ့ဖြိုးမှုရည်မှန်းချက်ပန်းတိုင်များ အောင်မြင်စေရန်ဆောင်ရွက်နိုင် မည့် အကောင်းဆုံးနည်းလမ်းတစ်ရပ် ဖြစ်ပါသည်။

စာပို့လုပ်ငန်းအနာဂတ်အတွက် ယခုကပင် စတင်ဆောင်ရွက်ရပါမည်။ လက်ရှိနှင့် အနာဂတ်ဝန်ဆောင်မှုရယူသူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်မည့် လုပ်ငန်းများနှင့် ဝန်ဆောင်မှုများကို ဖော်ထုတ် ဖန်တီးနိုင်ရန် အားလုံးဝိုင်းဝန်းဆောင်ရွက်ကြရပါမည်။ အနာဂတ်အတွက် အားကောင်းသော စာပို့လုပ်ငန်းဖြစ်စေရန် ဆန်းသစ်တီထွင်ခြင်း၊ ဘက်စုံ ပေါင်းစည်းခြင်းနှင့် အများပါဝင်နိုင်စေခြင်းတို့ကို အဓိကထားလုပ်ဆောင် ကြပါစို့။ သို့မှသာ စာပို့လုပ်ငန်းအောင်မြင်မှုရရှိပြီး ကမ္ဘာ့ဈေးကွက်တွင် ဆက်လက်နေရာရရှိနိုင်ပါမည်။ မြင်သာထင်ရှားပြီး သက်ဆိုင်မှုရှိသော လုပ်ငန်းဆောင်ရွက်မှုဖြင့် ဆက်လက်ရပ်တည်နိုင်ပါမည်။

ပျော်ရွှင်ဖွယ်ရာ ကမ္ဘာ့စာပို့တိုက်နေ့ဖြစ်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။

❒❒

## နေပြည်တော်နှင့် အနီးတဝိုက်

မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

## ရန်ကုန်နှင့် အနီးတစ်ဝိုက်

မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

# သီရိလင်္ကာပင်လယ်ရေကြောင်းလုံခြုံရေးနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေး ဂျပန်ကူညီမည်

**တိုကျို အောက်တိုဘာ ၇**

သီရိလင်္ကာနိုင်ငံ၏ ပင်လယ်ရေကြောင်း လုံခြုံရေး မြှင့်တင်နိုင်ရေးအတွက် အကူအညီပေးမည်ဟု ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ကတိပြုလိုက်ကြောင်း၊ ဝန်ကြီးချုပ်အာဘေးသည် သီရိလင်္ကာဝန်ကြီးချုပ် ရာနီးလ်ဝီကရီဆင်းဟာနှင့် မြို့တော်တိုကျို၌ အောက်တိုဘာ၆ရက်က တွေ့ဆုံဆွေးနွေးရာတွင် ယင်းကဲ့သို့ ကတိပြုခြင်းဖြစ်ကြောင်း အောက်တိုဘာ ၇ ရက် ရိုက်တာသတင်းတွင် ဖော်ပြသည်။

သီရိလင်္ကာနိုင်ငံသည် ယခင်အစိုးရအဖွဲ့၏ တရုတ်လိုလားသော သဘောထားရပ်တည်ချက်မှ လမ်းခွဲထွက်ကာ ဂျပန်နိုင်ငံနှင့် ဆက်ဆံရေးမူဝါဒသစ်ကို ဖော်ဆောင်လျက်ရှိသည်။သီရိလင်္ကာနိုင်ငံသည် တရုတ်နိုင်ငံက ကျောထောက်နောက်ခံပြုပေးသော အခြေခံအဆောက်အအုံစီမံကိန်းအများစုအား အကောင်အထည်ဖော်ခြင်းကိုလည်း ဆိုင်းငံ့ထားသည်။

သီရိလင်္ကာနိုင်ငံသည် ဂျပန်နိုင်ငံနှင့် ဆက်ဆံရေး မြှင့်တင်နိုင်ရန် ပိုမိုအလေးပေးလာချိန်တွင် ဝန်ကြီးချုပ်ဝီကရီ ဆင်းဟာနှင့် ဝန်ကြီးချုပ်အာဘေးတို့၏ ဆွေးနွေးပွဲဖြစ်ပေါ်လာခြင်းဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၏ အခြေခံအဆောက်အအုံလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယန်းငွေ ၄၅ ဒသမ၄ ဘီလီယံခန့် ထောက်ပံ့ကူညီမည်ဟု ဝန်ကြီးချုပ်အာဘေးက ကတိပြုခဲ့သည်။

ဂျပန်နိုင်ငံသည် သီရိလင်္ကာနိုင်ငံ၏ ပင်လယ်ရေကြောင်း လုံခြုံရေးအတွက် ကင်းလှည့်ရေယာဉ်များကိုလည်း ထောက်ပံ့ပေးမည်ဖြစ်သည်။

သီရိလင်္ကာနိုင်ငံ၌ဂျပန်၏ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်နိုင်ရေးကိစ္စရပ်နှင့် ပတ်သက်၍နှစ်နိုင်ငံ ခေါင်းဆောင်များ ဆွေးနွေးခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။ **ရိုက်တာ။**



# ၂၀၁၅ ခုနှစ် ဓာတုဗေဒပညာရပ်ဆိုင်ရာ နိုဘယ်လ်ဆုကို ဆွီဒင်၊ အမေရိကန်နှင့် တူရကီနိုင်ငံသား သိပ္ပံပညာရှင်သုံးဦး ပူးတွဲရရှိ

**စတော့ဟုမ်း အောက်တိုဘာ ၇**

ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက ၂၀၁၅ ခုနှစ် ဓာတုဗေဒပညာရပ်ဆိုင်ရာ နိုဘယ်လ်ဆုကို သိပ္ပံပညာရှင်သုံးဦးအား အောက်တိုဘာ ၇ ရက်တွင် ပူးတွဲချီးမြှင့်ခဲ့ကြောင်း သိရသည်။

ယိုယွင်းပျက်စီးသွားသည့် ဒီအင်န်အေမော်လီကျူးများကို ဆဲလ်အသစ်များက မည်သို့ပြုပြင်ပေးသလဲဆိုသည်ကို ထုတ်ဖော်တွေ့ရှိခဲ့သည့်အတွက် ဆွီဒင်နိုင်ငံသားသော မက်စ်လင်ဒေလ်၊ အမေရိကန်နိုင်ငံသား ပေါလ်မိုဒရစ်ချ်နှင့် တူရကီနိုင်ငံသား အာဇစ်ဆန်ကာတို့အား ဓာတုဗေဒပညာရပ်ဆိုင်ရာ နိုဘယ်လ်ဆုကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။

ဒီအင်န်အေ မော်လီကျူးများကို ဆဲလ်များက ပြန်လည်ပြုပြင်ပေးပုံနှင့် ပတ်သက်ပြီး ယင်းတို့သုံးဦး၏ တွေ့ရှိမှုဟာ သက်ရှိဆဲလ်များတွင် အခြေခံကျသည့် ဖြစ်စဉ်ဖြစ်သည့် အပြင် ကင်ဆာရောဂါကုထုံးများအတွက်လည်း အလွန်ပင်အရေးပါကြောင်း သိရသည်။

၎င်းတို့၏တွေ့ရှိမှုကြောင့် သက်ရှိဆဲလ်များမည်သို့ အလုပ်လုပ်သလဲဆိုသည်ကို အခြေခံကျကျ သိခွင့်ရသည့်အပြင် ကင်ဆာရောဂါကုထုံးအသစ်များ ထုတ်ဖော်ရာမှာလည်း များစွာအထောက်အကူပြုမှာ ဖြစ်ကြောင်း ဆွီဒင်တော်ဝင်သိပ္ပံအကယ်ဒမီက ဆိုသည်။

"အခုလိုနိုဘယ်လ်ဆုချီးမြှင့်ခံရတာ အံ့ဩပြီး အရမ်းပဲဂုဏ်ယူပါတယ်။ ခန္ဓာကိုယ်တစ်ခုလုံးမှာ ဆဲလ်တွေက အမြဲတမ်းသေပြီး အသစ်အသစ်တွေ ပြန်ဖြစ်နေတယ်။ ဒါကြောင့် ဒီအင်န်အေ မော်လီကျူးတွေကို ဆဲလ်တွေက ပြန်ပြီး ပြုပြင်ပေးဖို့အရေးကြီးပါတယ်' ဟု နိုဘယ်လ်ဆုရှင် ဆွီဒင်နိုင်ငံသား သောမက်စ်လင်ဒေက အင်တာဗျူးတစ်ရပ်တွင် ပြောကြားခဲ့သည်။

ဆဲလ်တွေရဲ့အလုပ်လုပ်ပုံအဆင့်ဆင့်ကို သိထားတဲ့အတွက် ကင်ဆာရောဂါကုထုံးအသစ်တွေ ဖန်တီးတဲ့နေရာမှာ ပိုမိုကောင်းမွန်မှုတွေရရှိမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားခဲ့သည်။ **ဆင်ဟွာ။**




# ကုလရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များအဖွဲ့ကို တောင်ကိုရီးယားပါမောက္ခဟောဆောင်လီ ဦးဆောင်မည်

**အော်စလို အောက်တိုဘာ ၇**

ကုလသမဂ္ဂရာသီဥတုဆိုင်ရာ သိပ္ပံပညာရှင်များ ပါဝင်သောအဖွဲ့၏ အကြီးအကဲအဖြစ် တောင်ကိုရီးယားနိုင်ငံသား ပါမောက္ခတစ်ဦးဖြစ်သူ ဟောဆောင်လီအားအစိုးရအဖွဲ့ကိုယ်စားလှယ်များက အောက်တိုဘာ၆ရက်တွင် မဲပေးရွေးချယ်လိုက်ကြောင်း ကုလသမဂ္ဂ၏ သတင်းကြေညာချက်တစ်ရပ်တွင် ဖော်ပြသည်။

အစိုးရအဖွဲ့များပါဝင်သည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအဖွဲ့၏ အကြီးအကဲအဖြစ် တောင်ကိုရီးယားနိုင်ငံမှ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဘောဂဗေဒပါမောက္ခလီက တာဝန်ယူရန် ခရိုအေးရှားနိုင်ငံ ဒူဘရော့နစ်မြို့၌ ပြုလုပ်သည့် အစည်းအဝေးတွင် မဲပေးရွေးချယ်ခဲ့ကြသည်။ လီသည် အိန္ဒိယနိုင်ငံမှ ရာဂျန်ဒရာပါချာအူရီ၏ နေရာတွင် ဆက်ခံခြင်းဖြစ်သည်။

အသက်(၆၉)နှစ်အရွယ်ရှိ လီသည် အဆိုပါရာထူးနေရာအတွက် ပြိုင်ဘက်ငါးဦးအပေါ် အနိုင်ယူကာ ရွေးချယ်ခံရသည်။ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ကြီးကျယ်လှသည့်အစီရင်ခံစာ ပြုစုရေးလုပ်ငန်းကို ၎င်းက ကြီးကြပ်ကွပ်ကဲမည်ဖြစ်သည်။

လီသည် အစိုးရအဖွဲ့များပါဝင်သည့် ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာအဖွဲ့တွင် ဒုတိယဥက္ကဋ္ဌအဖြစ် ယခုတိုင်တာဝန်ယူနေဆဲ ဖြစ်သည်။ နိုဝင်ဘာ ၃၀ ရက်မှ ဒီဇင်ဘာ ၁၁ ရက်အထိ ပြင်သစ်နိုင်ငံ ပါရီမြို့၌ ကျင်းပမည့် နိုင်ငံတကာညီလာခံတွင် လီက ကုလသမဂ္ဂ၏ရာသီဥတုဆိုင်ရာ ထိပ်တန်းသိပ္ပံပညာရှင်အဖြစ် တာဝန်ယူမည်ဖြစ်သည်။ အဆိုပါညီလာခံသို့ ကမ္ဘာ့နိုင်ငံပေါင်း ၂၀၀ခန့် တက်ရောက်မည်ဖြစ်သည်။

**ရိုက်တာ။**

# အာဖဂန်ဆေးရုံအပေါ် အမေရိကန်တို့၏ မှားယွင်းပုံးကြဲမှုနှင့်ပတ်သက်၍ လွတ်လပ်သော စုံစမ်းစစ်ဆေးမှုဆောင်ရွက်ရန် MSF တောင်းဆို

**ဂျီနီဗာ အောက်တိုဘာ ၇**

စစ်ရာဇဝတ်မှုတစ်ခုဟုမှတ်ယူနိုင်သည့် အာဖဂန်နစ္စတန်နိုင်ငံ ခွန်ဒုဇ်မြို့ရှိ နယ်စည်းမခြားဆရာဝန်များအဖွဲ့၏ဆေးရုံအား အမေရိကန်တပ်ဖွဲ့၏ ဗုံးကြဲတိုက်ခိုက်မှုအပေါ် လွတ်လပ်သောအပြည်ပြည်ဆိုင်ရာ ဖြစ်ရပ်မှန်ဖော်ထုတ်ရေးကော်မရှင်တစ်ရပ်ဖွဲ့စည်းပြီး စုံစမ်းစစ်ဆေးဖော်ထုတ်ရန် နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF) က အောက်တိုဘာ ၇ ရက်တွင် တောင်းဆိုလိုက်သည်။

ဂျီနီဗာကွန်ဗင်းရှင်းစာချုပ်အရ နိုင်ငံတစ်နိုင်ငံ၏တောင်းဆိုမှုဖြင့် ဖွဲ့စည်းတည်ထောင်နိုင်သည့် အဆိုပါကော်မရှင်က အမေရိကန်ပြည်ထောင်စု၊ နေတိုးနှင့် အာဖဂန်နစ္စတန်နိုင်ငံများမှ အချက်အလက်များနှင့် အထောက်အထားများ စုဆောင်းမည်ဖြစ်ကြောင်း MSF ကဆိုသည်။ သို့မှသာ အသက်ဆုံးရှုံးမှုများနှင့် ထိခိုက်ပျက်စီးမှုများအတွက် ပြစ်မှုဆိုင်ရာစွဲချက်များဖြင့် တရားစွဲဆိုခြင်းရှိမရှိကို MSF က ဆုံးဖြတ်မည်ဖြစ်သည်။ "လွတ်လပ်တဲ့ စုံစမ်းစစ်ဆေးမှုတစ်ရပ်ဆောင်ရွက်ဖို့ အခုချိန်ထိ ကတိကဝတ်မရသေးပါဘူး" ဟု MSF ဥက္ကဋ္ဌ ဂျိုအန်နီလျူက ဂျီနီဗာမြို့တွင်ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသည်။ အင်္ဂါနေ့ကဖြစ်ပွားခဲ့သည့် လူပေါင်း ၂၂ ဦးသေဆုံးခဲ့သော အာဖဂန်နစ္စတန်နိုင်ငံ ခွန်ဒုဇ်မြို့တော်ရှိ MSF ဆေးရုံတစ်ရုံအား လေကြောင်းတိုက်ခိုက်မှုများနှင့်ပတ်သက်၍ အမေရိကန်တပ်ဖွဲ့က တာဝန်ယူဖြေရှင်းမည်ဟု ပြောဆိုခဲ့ပြီး ယင်းအဖြစ်အပျက်မှာ မှားယွင်းတိုက်ခိုက်မှုတစ်ခုဖြစ်၍ ပြစ်မှုကျူးလွန်သူများကို တရားစွဲဆိုမည်ဟုဆိုသည်။

နယ်စည်းမခြားဆရာဝန်များအဖွဲ့ (MSF) သည် ၁၉၉၁ ခုနှစ်က အမြဲတမ်းကော်မရှင်ဖွဲ့စည်းခဲ့သည့် ဂျီနီဗာကွန်းဗင်းရှင်းပါ အရန်သဘောတူညီချက်မူကြမ်းကို လက်မှတ်ရေးထိုးထားသောနိုင်ငံ ၇၆ နိုင်ငံသို့ အင်္ဂါနေ့က စာတစ်စောင်ပေးပို့ခဲ့သည်ဟုသိရသည်။ အမေရိကန်ပြည်ထောင်စုနှင့် အာဖဂန်နစ္စတန်နှစ်နိုင်ငံစလုံးမှာ ယင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသောနိုင်ငံများမဟုတ်ဘဲ ပါဝင်လက်မှတ်ထိုးထားသောနိုင်ငံများ၏ သဘောတူညီချက်မှာ မရှိမဖြစ်လိုအပ်ကြောင်း MSF ရှေ့နေ ဖရန်ကွိုင်စီဆော်နီယာက ဆိုသည်။

အပြည်ပြည်ဆိုင်ရာ လွတ်လပ်သောကျွမ်းကျင်သူများကော်မရှင်အဖွဲ့ဆင့်ခေါ်ရေးနှင့်ပတ်သက်၍ MSF က ဆွစ်ဇာလန်နိုင်ငံနှင့် ဆွေးနွေးလျက်ရှိသည်။ အမေရိကန်၊ နေတိုးနှင့် အာဖဂန်တပ်ဖွဲ့များ၏ ပြည်တွင်းစုံစမ်းစစ်ဆေးမှုများအပေါ် ယုံကြည်စိတ်ချ၍မရနိုင်ကြောင်း ဂျိုအန်နီလျူက ဆက်လက်ပြောကြားသည်။

**ရိုက်တာ။**

# အကျဉ်းသား ၆၀၀၀ ခန့်အား ပြန်လည်စေလွှတ်ရေး အမေရိကန်တရားရေးဌာန စီစဉ်နေ

**ဝါရှင်တန် အောက်တိုဘာ ၇**

အမေရိကန်ပြည်ထောင်စုတရားရေးဌာနသည် ဗဟိုအစိုးရအုပ်ချုပ်မှုအောက်ရှိ အကျဉ်းထောင်များမှ အကျဉ်းသား၆၀၀၀ကို ပြစ်ဒဏ်ဆက်လက်ကျခံရခြင်းမှ လွတ်ငြိမ်းချမ်းသာခွင့်ပေးပြီး ပြန်လည်လွှတ်ပေးရန်စီစဉ်နေကြောင်း၊ အဆိုပါဌာနအနေဖြင့် ပြစ်ဒဏ်ကျခံနေရသော အကျဉ်းသားများကို ပထမဆုံးအကြိမ်တစ်ကြိမ်တည်းဖြင့် အရေအတွက်အများဆုံးပြန်လည်လွှတ်ပေးခြင်းဖြစ်ကြောင်း ဝါရှင်တန်ပို့စ်သတင်းစာက ရေးသားဖော်ပြသည်။

အဆိုပါပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့်မှာ ယခုနှစ်အောက်တိုဘာ ၃၀ရက်မှ နိုဝင်ဘာ ၂ရက်အတွင်း အကျိုးသက်ရောက်မည်ဖြစ်သည်။

လွန်ခဲ့သည့်ဆယ်စုနှစ်သုံးစုတာကာလအတွင်း မူးယစ်ဆေးဝါးဆိုင်ရာပြစ်မှုကျူးလွန်သူများကို နှစ်ရှည်ထောင်ဒဏ်များချမှတ်ခဲ့ပြီး အကျဉ်းထောင်များတွင် မူးယစ်ဆေးဝါးဆိုင်ရာ ပြစ်မှုဖြင့် အကျဉ်းကျခံနေရသူဦးရေ အဆမတန်များပြားနေခြင်းကြောင့် အကျဉ်းသားများ သက်သာချောင်ချိစွာနေထိုင်နိုင်စေရန် ရည်ရွယ်ချက်ဖြင့် အကျဉ်းသား ၆၀၀၀ ခန့်ကို ပြန်လည်လွှတ်ပေးမည်ဖြစ်သည်။

အကျဉ်းသားပြန်လည်လွှတ်ပေးရေးအစီအစဉ်အရ အကျဉ်းသားများကို ဖက်ဒရယ်အကျဉ်းထောင်များမှ ပြန်လည်ထူထောင်ရေးစခန်းများသို့ ဦးစွာရွှေ့ပြောင်းမည်ဖြစ်ပြီး နောက်ပိုင်းတွင်၎င်းတို့ကို အသုတ်လိုက်ပြန်လည်လွှတ်ပေးမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

**ရိုက်တာ။**

## ပြည်တွင်း / ပြည်ပသတင်းများ

# သမိုင်းဝင်ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့သော တောင်ကာရိုလိုင်းနားပြည်နယ်တွင် လူ ၁၅ ဦးသေဆုံးပြီး မခန့်မှန်းနိုင်သေးသည့် ပျက်စီးဆုံးရှုံးမှုများစွာဖြစ်ပေါ်

**ကိုလံဘီယာ အောက်တိုဘာ ၇**

စံချိန်တင်မိုးရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပေါ်နေသော အမေရိကန်ပြည်ထောင်စု တောင်ကာရိုလိုင်းနားပြည်နယ်တွင် အောက်တိုဘာ ၆ ရက်က လူ ၁၅ ဦးသေဆုံးပြီး ပျက်စီးဆုံးရှုံးမှုများပြားသဖြင့် ဆည်မြောင်းတာတမံအနီး နေထိုင်သူများနှင့် ရေကြီးရေလျှံဖြစ်နေသော မြစ်ချောင်းများအနီး နေထိုင်သူများကို ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးနေရဆဲဖြစ်ကြောင်း သက်ဆိုင်ရာတာဝန်ရှိသူများက အောက်တိုဘာ ၇ ရက်တွင် ပြောကြားသည်။

ပြည်နယ်အနှံ့ သမိုင်းဝင်ရေကြီးရေလျှံမှုဖြစ်ပေါ်ခဲ့ရာ ပြည်သူ ၈၀၀ ကျော်မှာ နေအိမ်ကိုစွန့်ခွာခဲ့ရပြီး လုံခြုံဘေးကင်းရာအဆောက်အအုံများတွင် ပြောင်းရွှေ့နေထိုင်ကြရကြောင်း၊ မြစ်ရေများလျှံနေဆဲဖြစ်၍ ဆည်မြောင်းတာတမံများကျိုးပေါက်မည်ကို ၂၄ နာရီစောင့်ကြည့်နေကြရကြောင်း၊ ထို့အတူ ဒေသခံများ ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးရေးကို အဆက်မပြတ်ထပ်မံဆောင်ရွက်ရဖွယ်ရှိကြောင်း၊ မိမိတို့သည် နောက်ထပ် ၃၆ နာရီမှ ၄၈ နာရီအတွင်း ဖြစ်ပျက်လာမည့်အခြေအနေကိုစောင့်ကြည့်ရင်း စိတ်သောကဖြစ်နေကြရကြောင်း ပြည်နယ်အုပ်ချုပ်ရေးမှူး နစ်ကီဟာလီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

ပြည်နယ်အရေးပေါ်စီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူများက မိုးသည်းထန်စွာရွာသွန်းမှုကြောင့် တောင်ကာရိုလိုင်းနားပြည်နယ်အတွင်းရှိ ဖောက်လုပ်ပြီးလမ်းပေါင်း ၃၀၀ နှင့် တံတားအစင်း ၁၆၀ တို့မှာ ယနေ့တိုင်ပိတ်ထားရဆဲဖြစ်ပြီး ဆည်မြောင်းတာတမံ ၁၃ ခုမှာ ပုံမှန်စီးဆင်းမှုမရှိတော့ကြောင်း၊ ရေကြီးရေလျှံမှုကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို မခန့်မှန်းနိုင်သေးသော်လည်း ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ ပြည်သူများစိတ်ထိခိုက်နိုင်သည်အထိ အဆမတန်ကြီးမားမည်ဖြစ်ကြောင်း၊ အောက်တိုဘာ ၂ ရက်ကတည်းက မကြုံစဖူးမိုးသည်းထန်စွာရွာသွန်းပြီး မိုးရေချိန်မှာ ၆၀




စင်တီမီတာကျော်အထိ စံချိန်တင်ရောက်ရှိခဲ့သည့်အတွက် ယခုလိုအသေအပျောက်၊ အပျက်အစီးများပြားရခြင်းဖြစ်ကြောင်း ပြောကြားသည်။ တောင်ကာရိုလိုင်းနားပြည်နယ်သည် ဟာရီကိန်းမုန်တိုင်း ဂျိုကွင်၏ဒဏ်ကို မခံခဲ့ရသော်လည်း ယင်းမုန်တိုင်းနှင့်သက်ဆိုင်မှုမရှိသော ဆိုးရွားသည့်ရာသီဥတုကြောင့် သမိုင်းဝင်မိုးရွာသွန်းမှုနှင့် ရေကြီးရေလျှံမှုကို ကြုံတွေ့နေရသည်။

သေဆုံးသူ ၁၅ ဦးအနက်ကိုးဦးမှာ ရေထဲမျောပါရင်းသေဆုံးသွားခြင်းဖြစ်ပြီး ခြောက်ဦးမှာရာသီဥတုဆိုးရွားမှုကြောင့်ဖြစ်သည့် ယာဉ်မတော်မဆမှုကြောင့် သေဆုံးခဲ့ကြခြင်းဖြစ်ကြောင်း ပြည်နယ်အရေးပေါ်စီမံခန့်ခွဲမှုဌာနမှ တာဝန်ရှိသူများက ပြောကြားသည် ။ ထို့အတူ မြောက်ကာရိုလိုင်းနားပြည်နယ်တွင်လည်း မိုးသက်မုန်တိုင်းဝင်ရောက်ခဲ့ရာမှ လူနှစ်ဦးသေဆုံးသွားခဲ့သည်။ တောင်ကာရိုလိုင်းနားပြည်နယ်မြို့တော် ကိုလံဘီယာမြို့တွင် အောက်တိုဘာ ၂ ရက်မှစပြီး မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် အောက်တိုဘာ ၂ ရက်မှ ၇ ရက်ထိ တောင်ကာရိုလိုင်းနားတက္ကသိုလ်ကို ပိတ်ထားခဲ့ရကြောင်း၊ အောက်တိုဘာ ၇ ရက်ညနေပိုင်းတွင် ပြည်နယ်အတွင်းရှိ အချို့သောဒေသများ၌ ရေလျော့ကျသွားခဲ့သော်လည်း ဒေသခံများအနေဖြင့် သတိတရားဖြင့် နိုးနိုးကြားကြားနေကြရန် သက်ဆိုင်ရာတာဝန်ရှိသူများက သတိပေးချက်ထုတ်ပြန်ထားသည်။

အောက်တိုဘာ ၆ ရက် နံနက်အစောပိုင်းက အက်ဒီစတိုမြစ်ရေလျှံမှုကြောင့် လှေတစ်စင်းဖြင့်မျောပါနေသောလူသုံးဦးကို အရေးပေါ်ကယ်ဆယ်ရေးသမားများက ဝင်ရောက်ကာ ဘေးကင်းရာသို့ပို့ဆောင်ခဲ့ရကြောင်း ပြည်နယ်သတင်းများ၌ ရေးသားဖော်ပြထားသည်။ အမျိုးသားမိုးလေဝသဌာနမှ မိုးလေဝသပညာရှင် ကားလ်ဘားနက်က တောင်ကာရိုလိုင်းနားပြည်နယ်၏ အမြင့်ဆုံးစံချိန်တင်မိုးရေချိန် ၆၈ စင်တီမီတာအထိ ရွာသွန်းသောမိုးမှာ ချာလက်စတန်မြို့အရှေ့ဘက်ရပ်ကွက်တစ်ခုတွင် လေးငါးရက်အထိ ဆက်တိုက်ရွာသွန်းခဲ့ရာ ယင်းဒေသတစ်ဝိုက်တွင် သီတင်းတစ်ပတ်ကြာသည်အထိ နေကိုမမြင်တွေ့ရကြောင်း သတင်းထောက်များသို့ ပြောကြားသည်။ **(ရိုက်တာ)**

# ကမ္ဘောဒီးယားတွင် အလုပ်သမားသမဂ္ဂများက အနိမ့်ဆုံးလုပ်ခလစာတိုးမြှင့်တောင်းဆိုရေး လှုံ့ဆော်

**ဖနွမ်းပင် အောက်တိုဘာ ၇**

ကမ္ဘောဒီးယားနိုင်ငံ၏ အလုပ်သမားသမဂ္ဂများက အထည်ချုပ်စက်ရုံနှင့် ဖိနပ်စက်ရုံများတွင် အနိမ့်ဆုံးလုပ်ခလစာ အမေရိကန်ဒေါ်လာ ၁၆၀ တိုးမြှင့်ပေးရေးတောင်းဆိုရန် လှုံ့ဆော်မှုများ အောက်တိုဘာ ၇ ရက်က ပြုလုပ်ခဲ့ကြောင်း ဆင်ဟွာသတင်းတွင်ဖော်ပြသည်။

အလုပ်သမားသမဂ္ဂအဖွဲ့ ရှစ်ဖွဲ့က အလုပ်သမားဦးရေ တစ်သိန်းခန့်ကို ဦးဆောင်လျက် ဒေသစံတော်ချိန် နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း စက်ရုံများရှေ့၌ ထိုက်တန်သော လုပ်ခလစာများ တောင်းဆိုရန် လှုံ့ဆော်ခဲ့ကြောင်း ကမ္ဘောဒီးယားနိုင်ငံတွင် အကြီးဆုံးအလုပ်သမားသမဂ္ဂဖြစ်သည့် ကမ္ဘောဒီးယားအထည်ချုပ်အလုပ်သမားများဒီမိုကရက်တစ် သမဂ္ဂညွန့်ပေါင်းအဖွဲ့မှ ဥက္ကဋ္ဌ အာ့သ်သောင်က ပြောကြားသည်။ အလုပ်သမားများအား ထိုက်တန်သော လုပ်ခလစာ ပေးရန်အတွက် အစိုးရ၊အလုပ်ရှင်များနှင့် ဝယ်ယူသူများအား တိုက်တွန်းရန် အဆိုပါလှုံ့ဆော်မှုကို ပြုလုပ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

၂၀၁၆ ခုနှစ်အတွက် အထည်ချုပ်စက်ရုံနှင့် ဖိနပ်စက်ရုံများတွင် အနိမ့်ဆုံးလုပ်ခလစာသတ်မှတ်ရေးနှင့်ပတ်သက်၍ အလုပ်သမားသမဂ္ဂနှင့် အလုပ်ရှင်များအကြား သဘောတူညီချက်မရရှိခဲ့သည့်အတွက် အဆိုပါလှုံ့ဆော်မှုများ ပြုလုပ်လာခဲ့ခြင်းဖြစ်သည်။ အလုပ်သမားသမဂ္ဂများက လက်ရှိအနိမ့်ဆုံးလစာ အမေရိကန်ဒေါ်လာ ၁၂၈မှ ၁၆၀ အထိတိုးမြှင့်တောင်းဆိုခဲ့ရာ အလုပ်ရှင်များဘက်က အမေရိကန်ဒေါ်လာ ၁၃၃အထိသာလျှင် တိုးမြှင့်ပေးနိုင်သည်ဟု ပြောကြားခဲ့ကြောင်း အလုပ်သမားဝန်ကြီးဌာနမှ ပြောခွင့်ရပုဂ္ဂိုလ် ဟန်စောက ပြောသည်။ **(ဆင်ဟွာ)**



# မန္တလေးမြို့တွင် လက်ရာမြောက်ရှေးဟောင်းကြေးမြင်မိဖုရားကျောင်း(ရန္တပိုရွာစားကျောင်း)ကို လေ့လာနိုင်

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးမြို့သည် မြန်မာဘုရင်မင်း နောက်ဆုံးထီးနန်းစိုးစံခဲ့ရာ ယဉ်ကျေးမှုမြို့တော်ဖြစ်သလို လေ့လာဖွယ်ရာ ရှေးဟောင်းသမိုင်းဝင်နေရာများစွာရှိသည်။ ရှေးခေတ်မင်းမိဖုရားများမှသည် မှူးကြီးမတ်ရာများသည် ဘုန်းတော်ကြီးကျောင်းများကိုတစ်မူထူးခြားစွာ ဆောက်လုပ်လှူဒါန်းခဲ့ကြသည်။ အများစုသောဘုန်းတော်ကြီးကျောင်းများကို ကျွန်းသားများဖြင့်ဆောက်လုပ်ကာ ပန်းပုအမွှမ်းများဖြင့် တန်ဆာဆင်ထားသည်။ ထိုသို့သောကျောင်းများစွာထဲတွင် မင်းတုန်းမင်း၏ မိဖုရားသုသီရိပဘာမဟေသီဆောက်လုပ်လှူဒါန်းသည့် ကြေးမြင်မိဖုရားကျောင်း(ရန္တပိုရွာစားကျောင်း) လည်းပါဝင်သည်။

ကျောင်းကြီးမှာ လက်ရာမြောက်ရတနာပုံခေတ်ငါးစပ်ကျောင်းဆောင်ဖြစ်သည်။ ကျောင်းအပြင်ဘက်ပိုင်းမှစကာ ပန်းပုအမွှမ်းများဖြင့်ခြယ်မှုန်းထားသည်။ ထူးခြားသော တည်ဆောက်မှုပုံသဏ္ဌာန်မှာ နေကျော်လေးဆောင်နှင့် နေလိုက်သုံးဆောင်တွဲကာ တည်ဆောက်ထားခြင်းပင်ဖြစ်သည်။ရတနာပုံခေတ်မှဘုန်းတော်ကြီးကျောင်းများထဲတွင် တစ်မူထူးခြားသော ကျောင်းတစ်ကျောင်းအဖြစ်ထင်ရှားသည်။

စတင်တည်ဆောက်စဉ်က သစ်သားအမိုးများကို သွပ်အမိုးများထပ်မံမိုးထားခြင်းမှအပ အခြားအရာများမှာ ရတနာပုံခေတ်လက်ရာများအတိုင်း တည်ရှိသည်။ လှေကားအတက်တံခါးရွက်များမှာ သစ်လုံးတစ်ခုတည်းထွင်းထုထားသည့်ပန်းပုရုပ်ကြွများပင်ဖြစ်သည်။ ရှေ့ပိုင်းရှိသစ်သားပွတ်လုံးတိုင်များတွင် တောထွက်ခန်းနှင့် ဇာတ်တော်အချို့ကိုပန်းပုထုထားသည်။အလယ်ပိုင်းနေရာတွင်လည်း ဇာတ်တော်အချို့ကိုပန်းပုအမွှမ်းများဖြင့် ထုဆစ်ပုံဖော်ထားသည်။ ကျောင်းကြီးပေါ်တွင်ထူးခြားစွာမြင်တွေ့ရသည်မှာ ကြေးခုတင်၊ ရှေးမှန်အိမ်၊ မီးအိမ်များ၊ စာတိုက်ဗီရိုများ၊ ရှေးဟောင်းမှန်ဗီရိုများဖြစ်သည်။

ကြေးမြင်ကျောင်းဟု အမည်တွင်ရခြင်းမှာ မူလက ရန္တပိုရွာသား(ဆီမီးခုံရွာစား)ကဆောက်လုပ်လှူဒါန်းခဲ့သဖြင့် ရွာစားကျောင်းဟုခေါ်တွင်ခဲ့သည်။ သက္ကရာဇ် ၁၂၃၇ ခုနှစ်တွင် ဆောက်လုပ်ကာ မဟာဝိသုဒ္ဓါရာမတိုက်ရှိ တိုက်အုပ်ဆရာတော် ဦးပညာတိဇေမ္မလင်္ကာရ မဟာဓမ္မရာဇာဓိရာဇဂုရုအားတင်လှူခဲ့သည်။ တိုင်ပေါင်း ၉၉ လုံးနှင့် လှေကားနှစ်စင်းပါခြေတံရှည်ကျောင်းပင်ဖြစ်သည်။

၁၂၄၁ ခုနှစ်တွင် ဆရာတော်သည်ထိုတိုက်ဝင်းအတွင်းရှိ ရမည်းသင်းကျောင်းမှ ပြောင်းရွှေ့သီတင်းသုံးခဲ့သည်။ ၁၂၇၃ ခုနှစ်တွင် သတိုးမင်းကြီး မဟာမင်းလှမင်းခေါင်ကျော်သူဘွဲ့ခံ ရေနံချောင်းမြို့စားဝန်ရှင်တော်မင်း၏ သမီးတော် မင်းတုန်းမင်း၏ မိဖုရားကြေးမြင်တိုက်စားသုသီရိပဘာမဟေသီက အရှေ့ပိုင်းကျောင်းဆောင်ကို သွပ်အမိုးမိုးကာ ကျောင်းအောက်ပိုင်း ဘေးပတ်လည်ကို ရာဇမတ်ကွက်များကာရံခဲ့ခြင်းကြောင့် ကြေးမြင်မိဖုရားကျောင်းဟုခေါ်တွင်ခဲ့ကြောင်းသိရသည်။ ယခုအခါ ရှေးဟောင်းလက်ရာမြောက် ကြေးမြင်မိဖုရားကျောင်း(ရန္တပိုရွာစားကျောင်း)ကို မဟာဇေယျာဘုံရပ်ကွက် အောင်မြေသာစံမြို့နယ် ရေစစ်ကန်အနီး(၆၂)လမ်းအရှေ့ဘက်တွင်လေ့လာနိုင်ကြောင်း သိရသည်။

**တိမ်တမန်**

# လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

**တောင်ကြီး အောက်တိုဘာ ၇**

ရှမ်းပြည်နယ် စက်မှုလယ်ယာဦးစီးဌာနသည် ဒေသခံတောင်သူများ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရာတွင် လွယ်ကူလျင်မြန်စေရန်အတွက်လည်းကောင်း၊ လယ်ယာသုံးစက်ကိရိယာများ တွင်ကျယ်စွာအသုံးပြုခြင်းဖြင့် အချိန်ကုန်သက်သာခြင်း၊ လူ့စွမ်းအားပိုမိုအသုံးချနိုင်ခြင်းစသည့် အကျိုးတရားများရရှိစေရန်ရည်ရွယ်ပြီး လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းများကို ဖွင့်လှစ်ပေးနေခြင်းဖြစ်ကြောင်း အောက်တိုဘာ ၂ရက်က တောင်ကြီးမြို့နယ် မိုင်းသော်အရှေ့ကျေးရွာအုပ်စု ဟဲကယ်ကျေးရွာ၌ ပြုလုပ်သည့် အမှတ်(၈၅) စက်မှုလယ်ယာစခန်း ရွှေညောင်မြို့မှ ဖွင့်လှစ်သင်ကြားသည့် ပြည်နယ်တာဝန်ခံ ဦးဆန်းအောင် (ဒုတိယညွှန်ကြားရေးမှူး)က ကာလတိုသင်တန်းတွင် ပြောကြားသည်။

အဆိုပါ သင်တန်းသို့ ဒေသခံရပ်မိရပ်ဖတောင်သူသင်တန်းသား ၄၆ ဦး တက်ရောက်ခဲ့ပြီး သင်တန်းတွင် လယ်ယာသုံးစက်ကိရိယာများ မောင်းနှင်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းစသည့် အခြေခံသဘောတရားများကို စာတွေ့လက်တွေ့သင်ကြားပေးခဲ့သည်။ အဆိုပါသင်တန်းများအား အောင်ပန်း၊ နမ့်စန်ဒေသများတွင်လည်း ဆက်လက်ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်းနှင့် စက်မှုလယ်ယာဦးစီးဌာနနှင့် တောင်သူများ ရင်းနှီးသောဆက်ဆံရေးရရှိစေကာ လယ်သမားများ၏ လိုအပ်ချက်များကိုလည်း ပိုမိုဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**နိုင်ထွန်း(TGI)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

| | | |
|---|---|---|
| ဝါးခယ်မ | ၇ ဒသမ | ၄၀ လက်မ |
| စစ်တွေ | ၃ ဒသမ | ၈၆ လက်မ |
| ဒေးဒရဲ | ၃ ဒသမ | ၁၅ လက်မ |
| ခရမ်း | ၃ ဒသမ | ၁၅ လက်မ |
| ကျောက်ဖြူ | ၂ ဒသမ | ၈၇ လက်မ |
| သိမ်ဇရပ် | ၂ ဒသမ | ၅၆ လက်မ |
| ရန်ကုန်(မြို့လယ်) | ၂ ဒသမ | ၂၈ လက်မ |
| ကျိုက်လတ် | ၂ ဒသမ | ၂၀ လက်မ |
| ဘီးလင်း | ၂ ဒသမ | ၁၃ လက်မ |
| မာန်အောင် | ၂ဒသမ | ၀၅ လက်မ |
| လပွတ္တာ | ၂ ဒသမ | ၀၅ လက်မ |
| ဆောမြို့ | ၁ ဒသမ | ၆၀ လက်မ |



## တောင်ငူမြို့နယ် ရွှေကျင်ကျောင်းတိုက်အတွင်းမှ ဗုဒ္ဓရုပ်ပွားတော်များတူးဖော်ရရှိ

**ရေတာရှည် အောက်တိုဘာ ၇**

တောင်ငူမြို့နယ် ငါးဖယ်အင်းကျေးရွာရှိ ရွှေကျင်ကျောင်းတိုက်အတွင်း အောက်တိုဘာ ၅ ရက် မွန်းလွဲပိုင်းက မြေကျင်းတူးဖော်ရာမှ ဗုဒ္ဓရုပ်ပွားတော် ၁၆ ဆူတူးဖော်တွေ့ရှိခဲ့ပြီး အဆိုပါ ကျောင်းတိုက်၌ပင် အပူဇော်ခံထားရှိကာ လာရောက်ဖူးမြော်သူများပြားလျက်ရှိကြောင်း သိရသည်။

ယင်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဥူးဝိစိတ္တနှင့်သံဃာတော်များက ကျောင်းတိုက်ခေါင်းရင်းဘက်ရှိ ရေတွင်းအနီးတွင် မြေကျင်းများတူးဖော်ရာမှ တစ်လက်မခွဲခန့်ရှိ ရွှေဆင်းတုတော် နှစ်ဆူ၊ အလျား ငါးလက်မခန့်၊ အနံ နှစ်လက်မခန့်ရှိ ကျောက်ဆင်းတုတော် ၁၄ ဆူ စုစုပေါင်း ရုပ်ပွားတော် ၁၆ ဆူအား တူးဖော်တွေ့ရှိခဲ့သဖြင့် ကျောင်းတိုက်ပေါ်တွင် အပူဇော်ခံထားရှိလျက်ရှိရာ အနီးဝန်းကျင်ကျေးရွာများမှ လာရောက်ဖူးမြော်သူများပြားလျက်ရှိကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

ကမ္ဘာ့မျက်မမြင်ပပျောက်ရေးနေ့
World Health Organization
WORLD SIGHT DAY
အောက်တိုဘာလ (၈) ရက် ၊ ကြာသပတေးနေ့
“ Universal Eye Health; Eye Care For All”

## ဒလတံတားတည်ဆောက်မည့် ရေိယာမလွတ်ကင်းသည့် အိမ်ပိုင်ရှင်များနှင့် တွေ့ဆုံညှိနှိုင်း

**ရန်ကုန် အောက်တိုဘာ ၇**

ကိုရီးယား-မြန်မာချစ်ကြည်ရေး တံတား(ရန်ကုန်-ဒလ)ဆောက်လုပ်မည့် စီမံကိန်းမြေနေရာတွင် တံတားနှင့် မလွတ်ကင်းသဖြင့် ကမာကဆစ် ရပ်ကွက် ဗိုလ်မင်းရောင်လမ်းဘေးရှိ အိမ်၊ စာသင်ကျောင်း၊ သာသနိကအဆောက်အအုံများ မြေယာလျော်ကြေးနှင့် ပြန်လည်နေရာချထားရေး ညှိနှိုင်းမှုကို ယမန်နေ့ နံနက် ၁၀ နာရီက ကမာကဆစ် အနောက်ကျောင်း ဘုန်းတော်ကြီးကျောင်း၌ ပြုလုပ်သည်။

ရှေးဦးစွာ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက “အခုဆောက်လုပ်မယ့် တံတားဟာ ကိုရီးယားနိုင်ငံက လာရောက်တည်ဆောက်မှာဖြစ်တဲ့ အတွက် တံတားတည်ဆောက်မယ့် မြေဧရိယာနဲ့ မလွတ်ကင်းတဲ့ အဆောက်အအုံတွေကို ဒေသခံပြည်သူတွေနဲ့ သဘောတူညီမှုရယူဖို့အတွက် ရှင်းလင်းတင်ပြခြင်းဖြစ်ပါတယ်။ ဒီတံတားကြီး တည်ဆောက်ပြီးတဲ့နောက်ပိုင်း ယခင်ကာလများနှင့်မတူ ရန်ကုန်တောင်ပိုင်းခရိုင် အနောက်ဘက်ခြမ်းနဲ့ ဧရာဝတီတိုင်းဒေသကြီးမှ ဒေးဒရဲ၊ ဖျာပုံ၊ ကျိုက်လတ်၊ဘိုကလေး စတဲ့မြို့တွေကနေ ရန်ကုန်မြို့တွင်းကို အလွယ်တကူ အချိန်တိုတိုနဲ့ သွားရောက်နိုင်မှာ ဖြစ်ပါတယ်”ဟု ပြောသည်။

ယခင် စည်ပင်သာယာပိုင်လမ်း တစ်ဖက်တစ်ချက်တွင် ပေ ၅၀ စီ သတ်မှတ်ခဲ့သော်လည်း ယခုတံတားတည်ဆောက်ရန်အတွက် တစ်ဖက်လျှင် ၁၆ ပေစီ တိုးသဖြင့် တစ်ဖက် ၆၂ ပေ တိုးချဲ့မည်ဖြစ်သည့်အတွက် အချို့မှာ လမ်းပေါ်ရောက်နေပါက ဖယ်ရှားပေးရမည်ဖြစ်ကြောင်း ဆက်လက်ပြောကြားသည်။

ဒလမြို့နယ် **တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ်အမှတ်(၁)**မှ ဦးသန်းနိုင်ကလည်း နိုင်ငံတကာအဆင့်မီ ခေတ်မီတံတားကြီးဖြစ်သည့်အတွက် မြို့အတွက် ဂုဏ်ယူမိပါကြောင်းနှင့် ပြည်သူများကလည်း ပူးပေါင်းပါဝင် ဆောင်ရွက်မည်ဟု မျှော်လင့်ပါကြောင်း ပြောကြားသည်။

မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်လှိုင်ကလည်း ယခင်နှစ်ပေါင်းများစွာ မက်ခဲ့သည့် ရွှေရောင်အိပ်မက်ကို ယခုအခါ မက်ခွင့်ရသည့်အတွက် ဝမ်းသာမိပါကြောင်း၊ မိမိရသည့်အခွင့်အရေးအတွက် အချို့မှာ ဆုံးရှုံးနစ်နာမှုများရှိလာနိုင်သဖြင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများကလည်း ကူညီဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းတင်ပြသည်။

မြို့နယ်ထွေ/အုပ် ဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်း(လက်ထောက်ညွှန်ကြားရေးမှူး)ကလည်း တံတားဧရိယာနှင့် မလွတ်ကင်းသည့် အိမ်ပေါင်း ၆၈ လုံးအတွက် ဖျက်သိမ်းခနှင့် ပြန်လည်တည်ဆောက်ခ ကုန်ကျစရိတ်လျော်ကြေးငွေကိုလည်း **ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**၏ ထုတ်ပြန်ထားသော သတ်မှတ်နှုန်းထားအတိုင်း ပေးမည်ဖြစ်ကြောင်း၊ ပေ(၆၀×၄၀) ကို သိန်း ၁၃၀၀ ဖြင့် တွက်ချက်ပေးထားခြင်း၊ ဒေသပေါက်ဈေးနှင့် အတတ်နိုင်ဆုံး နီးစပ်အောင် ဆောင်ရွက်ထားခြင်းဖြစ်ပါကြောင်း၊ ဒေသခံပြည်သူများ မနစ်နာသလို တံတားတည်ဆောက်မည့်လုပ်ငန်းခွင်တွင်လည်း အဆင်ပြေအောင် ဆောင်ရွက်ပေးထားခြင်းဖြစ်ကြောင်း၊ မြေငှားရမ်းခ တစ်စတုရန်းပေကို တစ်လလျှင်ငွေကျပ် ၂၅၀ဖြင့် လေးနှစ်စာ ပေးမည်ဖြစ်ကြောင်း၊ ခေတ်မီလှပသော တံတားကြီးနှင့် ဖွံ့ဖြိုးတိုးတက်လာမည့် ဒလမြို့နယ်အတွက်ဝမ်းသာကြည်နူးမိပါကြောင်းနှင့် ဒေသခံပြည်သူများကလည်း ပူးပေါင်းပါဝင်ကူညီကြမည်ဟု ယုံကြည်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါတွေ့ဆုံညှိနှိုင်းမှု ဆပ်ကော်မတီမှတစ်ဆင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့သို့တင်ပြ၍ ယင်းမှတစ်ဆင့် ပြည်ထောင်စုအစိုးရသို့ ဆက်လက်တင်ပြမည်ဖြစ်သည်။ ကိုရီးယား-မြန်မာချေးငွေ သဘောတူစာချုပ်ကို နိုဝင်ဘာ ၁၃ ရက် သို့မဟုတ် ၁၆ ရက်တွင် ရေးထိုးမည်ဟု လမ်းတံတား ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဆွေက ပြောသည်။

အဆိုပါ တံတားသည် ရေပိုက်လိုင်းများလည်း ပါဝင်မည်ဖြစ်သည့်အတွက် နွေရာသီတွင် ရေအတွက်ခက်ခဲနေသည့်ဒလပြည်သူများအတွက် အဆင်ပြေပြီး စိုးရိမ်စရာမလိုတော့ပေ။ တံတားကြီးကိုလည်း နိုင်ငံခြားတင်ဒါများ ခေါ်ယူကာ ခေတ်မီစွာတည်ဆောက်မည်ဟု သိရသည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မြင့်ကလည်း စီမံကိန်းနှင့် မလွတ်ကင်းသည့်ဈေးသည် ၁၀၇ ဦးအတွက် ပြောင်း ရွှေ့စရိတ်ငွေကျပ်သိန်း ၄၀၀ ကျော်ပေးမည်ဟု ပြောသည်။ **အောင်မင်း(ဒလ)**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၇ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၆ ပါ ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဂုဏ်ထူးဆောင်ဆု၊ ထူးချွန်ဆုရရှိသူများ၏ ရင်တွင်းစကားသံများမှ ဒေါ်သီတာ၊ ကျောင်းအုပ်ဆရာမကြီး(ငြိမ်း) အစား ဒေါ်သီတာ ကျောင်းအုပ်ဆရာမကြီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ထူးခြားပါစေ - သီလဝါအထူးစီးပွားရေးနယ်မြေ

**ခင်မောင်ညို(ဘောဂဗေဒ)**

အိပ်မက်တစ်ခု၊ စိတ်ကူးတစ်ခု အကောင်အထည်ပေါ်ရန်မည်မျှကြာကြာစောင့်ရသနည်း။

ကျွန်တော်မက်ခဲ့ဖူးသော အိပ်မက်များတွင် သီလဝါအထူးစီးပွားရေးဇုန်နှင့် ရန်ကုန် စတော့အိတ်ချိန်းတို့လည်း ပါဝင်သည်။

လွန်ခဲ့သော ဆယ်နှစ်ခရီးက အသက်(၅၀)သာရှိသေးသော်လည်း ကျွန်တော်အငြိမ်းစားယူခဲ့သည်။ ကျွန်တော်အငြိမ်းစားမယူမီကတည်းက မြန်မာနိုင်ငံနှင့် ပတ်သက်၍ ဖြစ်စေချင်သော အိပ်မက်များထဲတွင် အထူးစီးပွားရေးဇုန် ပါဝင်သည်။ ထိုစဉ်ကတည်းကပင် ကျွန်တော်တို့ ဆောင်းပါးတွေ၊ သုတေသနစာတမ်းတွေ ရေးကြသားကြ၊ ဆွေးနွေးကြလုပ်ခဲ့ကြသည်။ ပြည်တွင်းစုဆောင်းမှုနှင့် ရင်းနှီးမြှုပ်နှံမှုနှုန်း နိမ့်ကျသော နိုင်ငံတစ်နိုင်ငံအနေဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကို အားမကိုး၍မရ။ ပြည်တွင်းစားသုံးမှုမှဖွဲ့ပြီး နိုင်ငံခြားပို့ကုန် လုပ်နေရသောနိုင်ငံတွင် နိုင်ငံခြားသို့ တင်ပို့ရန် ရည်ရွယ်ချက်ဖြင့် သီးခြားထုတ်လုပ်ရန် လိုအပ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် လေ့ကြီးပေါ်လှေငယ်တင်သလို တစ်နိုင်ငံထဲ စနစ်နှစ်မျိုး ကျင့်သုံးသလိုလုပ်ရန်လိုသည်မှာ စိတ်အခင်းအကျင်း ပြောင်းရမည့်အရေးဖြစ်၍ မလွယ်လှကြောင်း ဆယ်နှစ်ကျော်ကြာသွားခဲ့သည်က သာဓကပြနေသည်။ ကိုယ့်ဘက်ကသာ အပြောင်းအလဲ လိုအပ်သည်မဟုတ်။ စီးပွားရေးပိတ်ဆို့ထားသူတို့၏ ဘက်ကလည်း အပြောင်းအလဲ လိုအပ်သည်။ တကယ်တော့ ထိုအချိန်ကတည်းကပင် မြန်မာနိုင်ငံတွင် အများဆုံး ရင်းနှီးမြှုပ်နှံသော နိုင်ငံကြီး တစ်နိုင်ငံကို အကြိမ်ကြိမ်သွားရောက်ဖိတ်ခေါ်သည့်တိုင် အကြောင်းကြောင်းကြောင့် လက်ရှောင်ခဲ့သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ရည်သန်သူတို့က အခြေခံအဆောက်အအုံ အားနည်းမှုကို ထောက်ပြကြသည်။ တစ်ဖက်တွင် ထိုသို့ အခြေခံအဆောက်အအုံ အားနည်းမှုသည် ရင်းနှီးမြှုပ်နှံစရာ အခွင့်အလမ်းတစ်ခုဖြစ်နေသည်။ မြန်မာနိုင်ငံသည် ကမ္ဘာပေါ်တွင် ရှားရှားပါးပါး ကျန်ရှိနေသော ရင်းနှီးမြှုပ်နှံစရာ နယ်ပယ်သစ်တစ်ခုဖြစ်ရာ အတန်အသင့်သော စွန့်စားမှုတွေနှင့် အတူ စောစောရောက်လာသူတို့ စောစောစီးစီး ခံစားနိုင်ပြီး ခံစားခွင့်ရကြသော အခွင့်အလမ်းတွေကလည်း ရှိနေသည်။ ရှေ့ကလုပ်ငန်းစီမံကိန်းများတွင် တွေ့ကြုံခဲ့ရသော ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာတွေ၊ လူမှုရေးဆိုင်ရာ ပြဿနာတွေ၊ ဒေသခံတွေအတွက် အလုပ်အကိုင်အခွင့်အလမ်း ဖန်တီးပေးရေးတို့ကို ထည့်သွင်းစဉ်းစားတွက်ချက်ရမှန်း မြန်မာတို့ သဘောပေါက်နားလည်လာပါပြီ။

ဂျပန်နိုင်ငံ၏ ကိုယ်ရောစိတ်ပါ ကူညီထောက်ပံ့မှု၊ မြန်မာတာဝန်ရှိသူများ၏ စိတ်အားထက်သန်မှုတို့ဖြင့် “သီလဝါ အထူးစီးပွားရေးဇုန် ပေါ်ထွန်းလာပြီး ဖွင့်ပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီ”ဟု ဆိုသောအခါ ယုံရခက်နေသည်။ သတင်းစာများ၊ ရုပ်မြင်သံကြား ဖန်သားပြင်ပေါ်တွင် သတင်းကောင်းတွေ ကြားနေရသည်။ နိုင်ငံခြားကုမ္ပဏီတွေလည်း ရောက်လာနေကြပြီ။ အဆောက်အအုံတွေ တည်ဆောက်နေကြပြီး အပိုင်း(က) တွင် စွန့်ပစ်ရေနှင့် အညစ်အကြေးတွေ စီမံခန့်ခွဲမှုထိန်းသိမ်းမှုတွေပါ တစ်ပါတည်း ထည့်ဆွဲထားသည်။ ပြီးလျှင် ဝန်ထမ်းအိမ်ရာတွေ၊ စတိုးဆိုင်ကြီးတွေ ပါလာမည်။

ထားဝယ် အထူးစီးပွားရေးဇုန် စီမံကိန်းနှင့်ပတ်သက်သော အပြင်အဆင်တွေကို ကြည့်ရစဉ်က လုပ်ငန်းကြီးမားလွန်း၍ သံသယဖြစ်ခဲ့သည်။ ယခု သီလဝါစက်မှုဇုန်က သတင်းကောင်းတွေ ကြားနေရပြီး ခရီးကလည်း ဝေးလှသည်မဟုတ်။ ကျင်းပသောအခမ်းအနားတွေက ကိုယ်နှင့်မသက်ဆိုင်။ သို့သော် ကိုယ်တိုင်မြင်တွေ့ခွင့်ရလျှင်ကောင်းမည်ဟု ဆုတောင်းသည်။

ထိုဆုတောင်းကို မိတ်ဆွေတစ်ဦးက ဖြည့်ဆည်းပေးသည်။ အိပ်မက်မဟုတ်၊ တကယ် အကောင်အထည်ဖော်နေပြီကို မြင်တွေ့ခွင့်ရသည်။ တစ်နိုင်ငံထဲ စနစ်နှစ်မျိုး ကျင့်သုံးသည့်သဘောကို လေ့လာနေသည့်သူတွေရှိနေဦးမည်။ သို့သော် စည်းမျဉ်းစည်းကမ်း ထိန်းသိမ်းချမှတ်သူသည် တစ်ဖက်တွင်လည်း လုပ်ငန်းတိုင်းကို ချောမွေ့အောင် ဆောင်ရွက်ပေးနိုင်စွမ်း ရှိပါသည်။ မြန်မာ့နည်း မြန်မာ့ဟန်မဟုတ်၊ နိုင်ငံတကာ လုပ်ထုံးလုပ်နည်းအတိုင်း ဆောင်ရွက်မည်ဟုဆိုလျှင် နိုင်ငံတကာ ရင်းနှီးမြှုပ်နှံသူတွေ မယုံကြည်စရာ အကြောင်းမရှိ။

လမ်းတွေ၊ ရေမြောင်းတွေ၊ တံတားတွေက အဆင်သင့် ခင်းကျင်းထားပြီး စက်ရုံတွေက အပြိုင်အဆိုင်ဆောက်လုပ်နေကြသည်။ နိုင်ငံတကာကုမ္ပဏီများနှင့်အတူ မြန်မာကုမ္ပဏီအချို့လည်း ပါဝင်သည်။ ဒေသခံတွေက ယခုကတည်းကပင် အလုပ်စတင်ဝင်နေ၊ လုပ်ကိုင်နေကြပြီ။ မကြာမီ ရန်ကုန်နှင့် မနီးမဝေး နိုင်ငံတကာသင်္ဘောတွေ အဝင်/အထွက် အလွယ်တကူ လုပ်နိုင်သော နေရာတစ်ခုတွင် ရန်ကုန်ထက်ကြီးမားသော မြို့ကြီးတစ်မြို့ပေါ်ပေါက်လာဦးမည်။ မြန်မာနိုင်ငံတွင် ရှားပါးဆဲကုန်ချောထုတ်ကုန်တွေ တင်ပို့ကြပါဦးမည်။ ဂျပန်မိတ်ဆွေများ၏ အကူအညီဖြင့် ယခုကဲ့သို့ အလျင်အမြန်ပေါ်ပေါက်လာခဲ့သည်ဟုဆိုရာ ကျွန်တော်က ကျွန်တော်စောင့်ဆိုင်းခဲ့ရသော ဆယ်စုနှစ်တစ်ခုခန့်ကာလကို ပြန်လည်သတိရမိသည်။

သီလဝါ အထူးစီးပွားရေးဇုန် အထူးတိုးတက်၍ မြန်မာ့စီးပွားရေး၊ မြန်မာနိုင်ငံသားတို့၏ စီးပွားရေးကို အထူးအကျိုးပြုစေသတည်း။ ။

# နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၇**

၂၀၁၅ ခုနှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ခြင်းအား မြန်မာ့ရုပ်မြင်သံကြား လွှတ်တော်ရုပ်သံလိုင်းနှင့် မြန်မာ့အသံရေဒီယိုအစီအစဉ်တို့တွင် အောက်တိုဘာ ၈ ရက်မှစပြီး နေ့စဉ် ည ၇ နာရီတွင် ပထမအကြိမ် ထုတ်လွှင့်ခဲ့သည့် ပါတီအစီအစဉ်အတိုင်း ထုတ်လွှင့်သွားမည်ဖြစ်ပါကြောင်း မိဘပြည်သူများအား လေးစားစွာဖြင့် ကြိုတင်အသိပေးတင်ပြအပ်ပါသည်။ **(သတင်းစဉ်)**

# လေးနှစ်တာကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံ့တာဝန်ကို တာဝန်ယူဆောင်ရွက်ခဲ့သည့် ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်နေ့မှ ၂၀၁၅ ခုနှစ် ဧပြီလ ၃၀ ရက်နေ့အထိ (လေးနှစ်တာကာလ) အတွင်း ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် တိုးတက်ဆောင်ရွက်နိုင်ခဲ့မှုအခြေအနေများ စာအုပ်ထွက်ရှိလာသည်။

ထိုစာအုပ်တွင် ဒီမိုကရေစီအစိုးရ သက်တမ်းလေးနှစ်တာကာလအတွင်း ပြည်ထောင်စုဝန်ကြီးဌာနများအလိုက် ကြိုးပမ်းဆောင်ရွက်မှုများကို စုစည်းဖော်ပြထားသည်သာမက မြန်မာနိုင်ငံ စီးပွားရေးနှင့် လူမှုရေးပြုပြင်ပြောင်းလဲမှု မူဘောင် (FESR) အရ လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရန်ရှိသော ဦးစားပေးကိစ္စရပ်များ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ ဆောင်ရွက်မှုများနှင့် ဖွံ့ဖြိုးတိုးတက်လာသော ရင်းနှီးမြှုပ်နှံမှုအခြေအနေများ၊ ၁-၄-၂၀၁၂ ရက်နေ့မှ ၃၀-၄-၂၀၁၅ ရက်နေ့အထိ ပြည်ထောင်စုဘဏ္ဍာငွေအရ အသုံးဆိုင်ရာ ဥပဒေပါသီးသန့်ရန်ပုံငွေမှ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကိုလည်း လေ့လာနိုင်မည်ဖြစ်သည်။

နိုင်ငံ့ပြုပြင်ပြောင်းလဲဆောင်ရွက်နေဆဲကာလများအတွင်း သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် နိုင်ငံအကျိုးပြု ပြည်သူ့အကျိုးပြုဆောင်ရွက်ချက်များကို ထင်ဟပ်ဖော်ပြထားသည်။ အဆိုပါစာအုပ်ကို လေ့လာခြင်းအားဖြင့် ပြည်ထောင်စုဝန်ကြီးဌာနများ၏ တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များ၊ အောင်မြင်ဖြစ်ထွန်းမှုများအား အထင်အရှား မြင်တွေ့ရမည်ဖြစ်သည်။

စာအုပ်ကို ရန်ကုန်မြို့ ကျောက်တံတားမြို့နယ် ကုန်သည်လမ်းရှိ စာပေဗိမာန်စာအုပ်အရောင်းဆိုင်တွင် တစ်အုပ်လျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဝယ်ယူရရှိနိုင်သည်။




# ရှမ်းပြည်နယ်တွင် စာတတ်မြောက်မှုနှင့် သဘာဝဝန်းကျင်ထိန်းသိမ်းရေးအလေးပေး

**တောင်ကြီး အောက်တိုဘာ ၇**

ရှမ်းပြည်နယ်၏ ၂၀၁၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းထုတ်ပြန်ကြေညာခြင်း အခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ်အတွင်း လူဦးရေ စုစုပေါင်း ၅၈၂၄၄၃၂ ဦးဖြစ်ပြီး အမျိုးသား ၂၉၁၀၇၁၀၊ အမျိုးသမီး ၂၉၁၃၇၂၂ ဦးဖြစ်၍ လူဦးရေအချိုး ၁၁ ဒသမ ၃၁ ရာခိုင်နှုန်းဖြစ်ကြောင်း သိရသည်။ မြို့ပြတွင် နေထိုင်သူဦးရေ ၁ ဒသမ ၃ သိန်းခန့်နှင့် ကျေးလက်နေထိုင်သူ ၄ ဒသမ ၄ သိန်းကျော်ရှိသဖြင့် ကျေးလက်နေထိုင်သူ လူဦးရေသည် ပြည်နယ်အတွင်း လူဦးရေ၏ ၇၆ ရာခိုင်နှုန်းဖြစ်သည်။ ပြည်နယ်အတွင်းပညာရေးအဆင့်အတန်း၊ စာတတ်မြောက်မှုနှုန်းတွင် ၆၄ ဒသမ ၆ ရာခိုင်နှုန်းသာရှိသဖြင့် ပြည်ထောင်စု စာတတ်မြောက်မှုနှုန်း ၈၉ ဒသမ ၅ ရာခိုင်နှုန်းထက် လျော့နည်းနေသည်။ ပြည်နယ်အတွင်း အမျိုးသမီးစာတတ်မြောက်မှုနှုန်း ပိုမိုတိုးတက်ရန် ဆောင်ရွက်ပေးသင့်ပြီး ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစာအား တိုင်းရင်းသားဘာသာများနှင့် တွဲဖက်ဆက်စပ်၍ ပိုမိုသင်ကြားပေးရန် လိုအပ်နေသေးကြောင်းတွေ့ရှိရသည်။

ချက်ပြုတ်ရန်အတွက် မီးသွေး၊ လောင်စာတောင့်၊ သစ်သားနှင့် ထင်း အသုံးပြုမှုတွင် ၈၃ ရာခိုင်နှုန်း၊ ယင်လုံအိမ်သာသုံးစွဲမှုတွင် ၆၃ ဒသမ ၈ ရာခိုင်နှုန်း၊ နေအိမ်ဆောက်လုပ်မှုတွင် ဝါးနှင့်ခနိ၊ အင်ဖက်၊ သက်ငယ်စသည့် သစ်တောထွက်ပစ္စည်းများသုံးစွဲမှုအပိုင်းတွင် မြင့်မားနေသေးသဖြင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် သစ်တောများပျက်စီးမှုမှ ကာကွယ်ပေးရန် ပညာပေးမှု၊ သစ်တောစိုက်ခင်းများ တိုးချဲ့စိုက်ပျိုးမှု၊ ထင်းအစားထိုးလောင်စာသုံးစွဲမှု၊ ယင်လုံအိမ်သာသုံးစွဲမှုစသည်တို့တွင် ပိုမိုတိုးတက်လာစေရန် ပညာပေးဆောင်ရွက်သွားရန် လိုအပ်နေကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

# အုတ်တွင်းမြို့နယ်အတွင်း အောင်မြင်ဖြစ်ထွန်းနေသည့် ရွှေဝါရောင်စပါးခင်း

**အုတ်တွင်း အောက်တိုဘာ ၇**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့နယ်အတွင်း မိုးဦးကျစဝါဆိုလက စတင်စိုက်ပျိုးခဲ့သော စပါးခင်းများမှာ ယခုအခါ ရွှေဝါရောင်စပါးနှံများဖြင့် လှပစွာ ဖြစ်ထွန်းနေသည်ကို နေရာအနှံ့အပြားတွင် တွေ့ရသည်။



အုတ်တွင်းမြို့နယ် ဝဲကြီးကျေးရွာ အကွက်အမှတ် ၃၅၄(က) (ခ)တွင် စိုက်ပျိုးထားသောစပါးခင်းမှာရွှေဝါရောင် စပါးနှံများဖြင့် လှပဝေဆာ အောင်မြင်ဖြစ်ထွန်းနေမှုကို ပိုင်ရှင်လယ်သမားကြီး ဦးကျော်စိုးက "ဝါဆိုလဆန်းက စပါး ၁၀ ဧက စိုက်ပျိုးခဲ့တာ တန်ဆောင်မုန်းဆို ရိတ်သိမ်းလို့ရပါပြီ။ ထွန်ယက်ခ၊ ပျိုး၊ မြေဩဇာ၊ ပျိုးနုတ်ခ၊ ရိတ်သိမ်းခ စတဲ့ စိုက်ပျိုးစရိတ်တွေ နုတ်လိုက်ရင် ငွေကျပ်သိန်း ၃၀ တော့ အသားတင်ကျန်ပါတယ်။ ဒါပြီးရင် ခပေါင်းဆည်က ရေလွှတ်တာနဲ့ နွေစပါးစိုက်ဖို့ ပြင်တော့မှာပါ"ဟု ပြောသည်။

**မြို့နယ် (ပြန်/ဆက်)**

○ **ကျောဖုံးမှ**

လည်း ပေါ်လာတယ်။ လာမယ့် နိုဝင်ဘာဆိုရင် ချင်းမိုင်မှာ ပန်းပွဲတော်ရာသီရှိနေတာကြောင့် အသွားများနိုင်တယ်။ ပြည်တွင်းက သွားတာက ၁၂ ရာသီပတ်လုံးရှိနေပေမယ့် အောက်တိုဘာလကနေ ဇန်နဝါရီလအထိတော့ အသွားများတယ်လို့ ဆိုရမယ်။ ပြည်တွင်း ပိတ်ရက်ကိုမူတည်ပြီး သွားကြတယ်။ တတ်နိုင်တဲ့သူတွေကတော့ ဂျပန်၊ ကိုရီးယားနဲ့ ဥရောပနိုင်ငံတွေအထိ သွားကြတယ်"ဟု အက်တိုလ်လိုခရီးသွားကုမ္ပဏီမှ တာဝန်ရှိသူက ပြောသည်။

"ဗုဒ္ဓဂယာကို မြန်မာနိုင်ငံကနေ အသွားများတဲ့ရာသီက ဇန်နဝါရီလနဲ့ ဖေဖော်ဝါရီလပဲ၊ ဒီဇင်ဘာလဆိုရင် ဟိုမှာ အရမ်းအေးတယ်။ ခါတိုင်းဆို စက်တင်ဘာလလောက်မှာ သွားကြတယ်။ အိန္ဒိယသံရုံးမှာဆိုရင် ဗီဇာယူဖို့ ညအိပ်စောင့်ယူရတာမျိုးရှိတယ်။ အခုဆို နံနက် ၆ နာရီ၊ ၇ နာရီလောက်မှ သွားရင်ကိုဖြစ်တယ်။ ခရီးသွားကုမ္ပဏီတွေကလည်း အခုဆို ၁၀၀ ကျော်အထိ များလာပြီ။ ကျွန်တော့်အထင်တော့ ဒီမှာရေကြီးတာကြောင့်လားတော့မသိဘူး။ ဗုဒ္ဓဂယာသွားတာ ဒီနှစ်နည်းနေသေးတယ်လို့ ထင်ရတယ်"ဟု ရန်ကုန်ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့မှ တာဝန်ရှိသူက ပြောသည်။

ပြည်ပမှ လာရောက်မည့်သူများက ဘိုကင်လုပ်ထားခြင်းကိုပင် ဖျက်သည်များရှိနေသဖြင့် ရွေးကောက်ပွဲရလဒ်ကို စောင့်ကြည့်နေခြင်းများ ရှိနေသည်ဟု ယူဆမိကြောင်း ခရီးသွားကုမ္ပဏီများက ဆိုသည်။ ပြည်ပမှ လာရောက်သည့် ခရီးသည်အများစုမှာ ပုဂံ၊ ကျိုက်ထီးရိုး၊ အင်းလေး၊ တောင်ကြီး၊ ငပလီတို့သို့ အလာများကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးနေပြီး နိုင်ငံခြားမှခရီးသွားဦးရေ ပမာဏမှာ ၂၀၁၃ မှ ၂၀၂၀ ခုနှစ်အတွင်း ၂၀ ဒသမ ၄ သန်းအထိ တိုးတက်လာနိုင်ကြောင်း၊ ပြည်တွင်းခရီးသွားပမာဏမှာလည်း ၂၉ ဒသမ ၂ သန်းအထိ တိုးတက်လာနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံတကာမှ ကမ္ဘာလှည့်ခရီးသည်ဝင်ရောက်မှုအရေအတွက်မှာ ၂၀၁၁ ခုနှစ်တွင် ၈ ဒသမ ၁၈ သိန်း၊ ၂၀၁၂ ခုနှစ်တွင် ၁ ဒသမ ၀၅ သန်း၊ ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း၊ ၂၀၁၄ ခုနှစ်တွင် ၃ ဒသမ ၀၈ သန်း ဝင်ရောက်လာခဲ့ကြောင်း၊ ယခုနှစ်တွင် ၅ သန်းအထိ ဝင်ရောက်နိုင်ရန် မျှော်မှန်းထားကာ ဇွန်လကုန်အထိ ၁ ဒသမ ၈ သန်း ဝင်ရောက်ပြီးဖြစ်ကြောင်း ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနမှ သိရသည်။

ခရီးသွားလုပ်ငန်းသည် နိုင်ငံတော်၏ ဦးစားပေးကဏ္ဍ ခုနစ်ရပ်အနက် တစ်ရပ်ဖြစ်ကာ နိုင်ငံစီးပွားရေးတိုးတက်မှုအမြန်ဆုံးကဏ္ဍများအတွက် တစ်ခုဖြစ်ကြောင်း သိရသည်။

# ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ပြည်တွင်းသွားအပျော်စီးသင်္ဘောဖြင့် လည်ပတ်

**နေပြည်တော် အောက်တိုဘာ ၇**

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန၏ ကြီးကြပ်မှု၊ ခရီးသွားကုမ္ပဏီများ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာလှည့်ခရီးသွားဧည့်သည်များသည် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ပြည်တွင်းသွားအပျော်စီးသင်္ဘောများဖြင့် သွားရောက်လည်ပတ်လျက်ရှိသည်။

Upland Travels & Tours Co.,Ltd. ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဆွစ်ဇာလန်နိုင်ငံသား ဧည့်သည် ၁၆ ဦးပါဝင်သော အဖွဲ့သည် စက်တင်ဘာ ၁ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိလည်းကောင်း၊ ဆွစ်ဇာလန်နိုင်ငံသား ဧည့်သည် ၁၇ ဦးပါဝင်သော အဖွဲ့သည် စက်တင်ဘာ ၁၅ ရက်မှ စက်တင်ဘာ ၂၉ ရက်အထိ လည်းကောင်း RV Thurgau Exotic အပျော်စီးရေယာဉ်ဖြင့် ဧရာဝတီမြစ်ကြောင်းတစ်လျှောက် ခရီးစဉ်များဖြစ်သော မန္တလေး၊ အမရပူရ၊ နွယ်ငြိမ်း၊ ကြာညှပ်၊ တကောင်း၊ ထီးချိုင့်၊ ကသာ၊ ကျွန်းတော်၊ ရွှေဂူ၊ စင်းခန်း၊ ဗန်းမော်၊ မိုးတား၊ သိယ်းဖာတောင်၊ ကျောက်ပုံ၊ မင်းကွန်း၊ စစ်ကိုင်း၊ ရွှေပြည်သာ၊ ပုဂံမြို့များသို့ လည်ပတ်ပြီး မြန်မာ့လူနေမှုဓလေ့စရိုက်များ၊ မြစ်ကြောင်းတစ်လျှောက် ရှုခင်းအလှများနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို သွားရောက်လေ့လာခဲ့ကြသည်။

ယခုအခါ ပွင့်လင်းရာသီသို့ ရောက်ရှိပြီဖြစ်၍ ကမ္ဘာလှည့်ခရီးသွားများ အနေဖြင့် မြန်မာနိုင်ငံသို့ အဆက်မပြတ် ဝင်ရောက်လျက်ရှိပြီး ရေကြောင်းခရီးစဉ်များဖြင့် ဧရာဝတီမြစ်ကြောင်းနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ခရီးစဉ်များကို အပျော်စီးသင်္ဘောများဖြင့် သွားရောက်လည်ပတ်မှုများ ပိုမိုတိုးတက်များပြားလာကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

● **မြန်မာနိုင်ငံမှ**

ယင်းနောက် အောက်တိုဘာ ၆ ရက် ညနေပိုင်း အကြိုဗိုလ်လုပွဲစဉ်တို့၌ ရွှေလေးအသင်းက ရွှေလောင်းအသင်းကိုလည်းကောင်း၊ ရွာသစ်အသင်းက မိုးကောင်းအသင်းကိုလည်းကောင်း အနိုင်ရရှိကာ ဗိုလ်လုပွဲတွင် ရွာသစ်အသင်းက ရွှေလေးအသင်းကို နှစ်လားပြတ်ဖြင့် အနိုင်ရဗိုလ်စွဲသွားသည်။

ယခုနှစ် ငှက်လှေပြိုင်ပွဲတွင် ယခင်နှစ်ထက် အားပေးကြည့်ရှုကြသည့် ပရိသတ်များ ပိုမိုစည်ကားစွာ တွေ့ရှိရသည်။ ပြိုင်ပွဲအပြီး ပထမဗိုလ်စွဲသည့် ရွာသစ်အသင်းကို ဂေါပကဥက္ကဋ္ဌ ဦးလူလေးက ပထမတံခွန်စိုက်ဆုဖလားနှင့် ဆုငွေကျပ် သုံးသိန်းငါးသောင်း၊ ဒုတိယဆုရ ရွှေလေးအသင်းကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးမြင့်ဆွေက ဆုဖလားနှင့် ဆုငွေကျပ် နှစ်သိန်း၊ တတိယပူးတွဲဆုရ မိုးကောင်းအသင်းနှင့် ရွှေလောင်းအသင်းတို့ကို ဆုဖလားနှင့် ဆုငွေတစ်သိန်းစီကို ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ပြိုင်ပွဲတွင် ပထမဆုရ ရွာသစ်အသင်းက လွန်ခဲ့သော ငါးနှစ်ကျော်တွင် တစ်ကြိမ် ဗိုလ်စွဲခဲ့ပြီး နာမည်ကြီးရေပန်းစားခဲ့သည့် ဆုအကြိမ်ကြိမ် ရရှိသော လက်ရှိချန်ပီယံ မိုးကောင်းအသင်းက ရွာသစ်အသင်းကို ရှုံးနိမ့်ခဲ့ပြီး တတိယပူးတွဲဖြင့်သာ ကျေနပ်နှစ်သိမ့်ခဲ့ရကြောင်း၊ ပြိုင်ပွဲတွင် အသင်းတစ်သင်း၌ အသင်းဝင် ၁၅ ဦးပါဝင်ကာ ၁၀ ဦးလှော်ခတ်၍ တစ်ဦးက ပဲ့ကိုင်ယှဉ်ပြိုင်ရကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

## ရေဘေးသင့်ပြည်သူများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသို့ အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၇**

ရေကြီး ရေလျှံမှုနှင့် မြေပြိုမှုများကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပအစိုးရများ၊ အဖွဲ့အစည်းများ၊ ပြည်သူများက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ နေပြည်တော် (ရုံးချုပ်)၌ အောက်တိုဘာ ၇ ရက်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ဂေါ်ရခါး လူမျိုးစုများက ငွေကျပ်သိန်း ၅၀၊ Titan Mining Co., Ltd. က ငွေကျပ် သိန်း ၅၀၊ Asia Mining Co., Ltd. (Australia)က အမေရိကန်ဒေါ်လာ ၁၀၀၀ တို့ကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် တာဝန်ခံညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင်က လက်ခံရယူပြီး ကျေးဇူးတင်စကားပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အလားတူ ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံး၌ ဦးစိုးမြင့်အောင်-ဒေါ်ကေဇင်ဝင်း(မိသားစု)က ငွေကျပ် ၅၀၀၀၀၊ Donated by CPF Staff in Thailand Minburee & Bangna Factory က ငွေကျပ် ၆၂၃၀၀၀ ကို လှူဒါန်းသည်။

သို့ဖြစ်၍ ဇူလိုင် ၂၉ ရက်မှ ယနေ့အထိ အလှူရရှိငွေစုစုပေါင်းမှာ ၈၀၇၂၁၉၀၁၁၃ ကျပ် ၆၁ ပြား၊ အမေရိကန်ဒေါ်လာ ၃၃၁၈၄၉၂ ဒသမ ၂၆ ဒေါ်လာ၊ ယူရို ၃၀၀ ဖြစ်ပြီး အဆိုပါလက်ခံရရှိသော အလှူပစ္စည်းများကို ရေဘေးသင့်ပြည်သူများသို့ ထောက်ပံ့လျက်ရှိသည့်အပြင် အလှူငွေများကို ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် သုံးစွဲလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၇**

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်အောင်အား ထိုင်းနိုင်ငံ Titan Mining Corporation ကုမ္ပဏီ မန်နေဂျင်းဒါရိုက်တာ Mr. Thiraphat Sajakul ဦးဆောင်သော အဖွဲ့သည် အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမသို့ လာရောက်တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ သတ္တုကဏ္ဍဖွံ့ဖြိုးရေးနှင့် ရင်းနှီးမြှုပ်နှံရေးလုပ်ငန်းများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးနှင့်အတူ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ တက်ရောက်ခဲ့ကြပြီး ယင်းကုမ္ပဏီမှ ရေဘေးအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများအတွက် လှူဒါန်းငွေကျပ်သိန်း ၅၀ နှင့် Asia Mining Co.Ltd. (Australia) မှ အမေရိကန်ဒေါ်လာ ၁၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးအောင်တို့က လက်ခံရယူခဲ့ကြသည်။

**(သတင်းစဉ်)**



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေးဝ-ကျီးကုန်း-တမူးလမ်း မိုင်(၇၁/၂-၇၃/၃) ကြားရှိ တွံဖန်တံတား (၃/၇၂) ပေ ၂၁၀ ဘေလီတံတား ရေတိုက်စားမှုကြောင့် ပျက်စီးသွားသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)



စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကလေးဝ-ကျီးကုန်း-တမူးလမ်း မိုင်(၇၁/၂-၇၃/၃) ကြားရှိ တွံဖန်တံတား (၃/၇၂) ပေ ၂၁၀ ဆောင်ရွက်ပြီးစီး၍ ယာဉ်များဖြတ်သန်းသွားလာနေသည်ကို တွေ့ရစဉ်။ (ဆောက်လုပ်ရေး)

## ရန်ကုန်ဆန်စျေးကွက်သို့ မိုးဆန်သစ်များ ဝင်ရောက်မှုနှင့်အတူ ထိုင်းဆန်များပါ မြင်တွေ့လာရ

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်ဆန်စျေးကွက်သို့ မိုးဆန်ကြမ်းအသစ်များ ဝင်ရောက်မှုနှင့်အတူ နယ်စပ်မှ ဝင်ရောက်လာသော ထိုင်းဆန်များပါ မြင်တွေ့လာရသည်။ စျေးနှုန်းအမြင့်တွင်ရှိနေသော ဆန်စျေးနှုန်းများ ဆက်လက်မြင့်တက်မှုမရှိဘဲ စျေးနှုန်းတည်ငြိမ်နေသည်။ စျေးကွက်အတွင်း အဝယ်အေးနေရာ ကြိတ်ဟောင်းဆန်ကြမ်းများသည် ကြိတ်သစ်ဆန်ကြမ်းများထက် ပွဲရုံများသို့ ရောင်းချရာတွင် ဝယ်ယူမှုနှုန်းနည်းနေသည်။ ကြိတ်ဟောင်းဆန်ကြမ်းများ ပြန်လည်သန့်စင်ပြီးမှ ရောင်းချနေသည်ကို ဘုရင့်နောင်ပွဲရုံဝင်း အသောကလမ်း ဆန်ပွဲရုံတစ်ရုံတွင် မြင်တွေ့ခဲ့ရသည်ဟု လက်လီလာရောက်ဆန်ဝယ်ယူသူ စမ်းချောင်းမြို့နယ်နေ မသန်းဝင်းက ဆိုသည်။

ကန်ကြီးထောင့်၊ ကျောင်းကုန်း၊ အိမ်မဲ ဒေသများတွင် မိုးဆန်ကြမ်းအသစ်များ ထွက်ပေါ်ပြီး ရန်ကုန်စျေးကွက်သို့ တင်ပို့မှုရှိလာသည်။ ကျောင်းကုန်းမြို့နယ် လှည်းဆိပ်ကျေးရွာဒေသဝန်းကျင်တွင် မိုးစပါးကြမ်း (တစ်တင်းလျှင် ၅၄ ပေါင်ကိုက်) ၁၀၀ လျှင် အောက်တိုဘာလ ပထမပတ်ကုန်တွင် ကျပ် ၅၂၀၀၀၀ ဝန်းကျင်ဖြင့် ဝယ်ယူကြိတ်ခွဲနေရသည်။ ရန်ကုန်စျေးကွက်သို့တင်ပို့ရောင်းချသော မိုးဆင်းသုခဆန်သစ် တစ်အိတ်လျှင် ကျပ် ၂၂၀၀၀ နှုန်းရရှိခဲ့သည်ဟု အဆိုပါဒေသမှ ဆန်စက်ပိုင်ရှင် ဦးစန်းအောင်ထံမှ သိရသည်။

စပါးတင်း ၁၀၀ လျှင် ကျပ် ၇၅၀၀၀၀ ဖြင့် ဝယ်ယူထားခဲ့သော မိုးစပါးကြမ်းအဟောင်းများ ယခုရက်ပိုင်း ကြိတ်ခွဲ၍ ရန်ကုန်စျေးကွက်သို့ တင်ပို့ရောင်းချရာ သီးထပ်ဆန်တစ်အိတ် ကျပ် ၂၆၀၀၀-၂၆၅၀၀ နှုန်း၊ မိုးဆင်းသုခအဟောင်း တစ်အိတ် ကျပ် ၂၄၄၀၀ နှုန်းရရှိသည်ဟု သိရသည်။

ရန်ကုန်ဆန်စျေးကွက်တွင် ဆန်ကြမ်းဆန်ချောစျေးနှုန်းများ အမြင့်တွင်ရှိနေရာ မိုးဆန်သစ်များနှင့်အတူ ထိုင်းဆန်များပါ ဝင်ရောက်မှုကြောင့် ဆန်စျေးနှုန်းများ မြင့်တက်လာခြင်းမရှိဘဲ အရောင်းအဝယ်အေးနေသည်ဟု အသောကလမ်းဆန်ပွဲရုံပိုင်ရှင် ဦးနိုင်က ပြောသည်။

မြစ်ဝကျွန်းပေါ်ဒေသအချို့တွင် စပါးတင်း ၁၀၀ လျှင် ကျပ်ဆယ်သိန်းအထက် စျေးနှုန်းဖြင့် လှောင်ထားသော ပေါ်ဆန်းစပါးများစွာ ကျန်ရှိသေးသော်လည်း ရန်ကုန်ဆန်စျေးကွက်တွင် အရောင်းအဝယ်အေးသဖြင့် ဝယ်လိုအားမရှိ ဖြစ်နေ၍ ဆန်စျေးကွက်သို့ တင်ပို့ရန်မကြိတ်ခွဲနိုင်သေးဟု ပွဲရုံများသို့ လိုက်လံဆန်မျိုးစုံရောင်းချနေသည့် ပွဲစား ကိုဝင်းက ဆိုသည်။

ရန်ကုန်တွင် ဆန်ကြမ်းတစ်အိတ်စျေးနှုန်း ကျပ် ၂၃၅၀၀ ဝန်းကျင်ရှိရာ နယ်စပ်ဒေသ မြဝတီသို့တင်ပို့ရာတွင် သယ်ယူပို့ဆောင်သည့် ကားခစရိတ်ကြောင့် ဆန်ကြမ်းစျေးနှုန်းမှာ မြင့်နေသည်။ ယခင်နှစ်များတွင် ပြည်တွင်းဆန်ကြမ်းစျေးနှုန်းမှာကျပ် ၂၀၀၀၀ အောက်တွင်သာရှိခဲ့သည်။ ယင်းသို့ စျေးမြင့်မှုကြောင့် အရည်အသွေးကောင်းပြီး ပြည်တွင်းဆန်စျေးနှုန်းထက် စျေးသက်သာသော ထိုင်းဆန်များ မြဝတီနယ်စပ်တွင် ဝင်ရောက်လာမှုရှိခဲ့သည်ဟု မီဒီယာများတွင် ဖော်ပြလာခဲ့သည်။

ယခုရက်ပိုင်း ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ဆန်ပွဲရုံအချို့တွင် ထိုင်းဆန်များ ဝင်ရောက်လာမှုရှိသော်လည်း အိတ်လှယ်ပြီး ထိုင်းဆန်အမည်တပ် ရောင်းချခြင်းမရှိကြောင်း၊ ဆင်းသွယ်လတ်အမည်ဖြင့် တစ်အိတ်လျှင် ကျပ် ၂၈၀၀၀ နှုန်းဖြင့် ပြန်လည်ရောင်းချသည်ဟု ပွဲရုံပိုင်ရှင်တစ်ဦးက ဆိုသည်။

ထိုင်းဆန်ကို ထမင်းချက်ကြည့်ရာတွင် ထမင်းအေးသည့်အခါ အနည်းငယ်မာသော်လည်း ထမင်းပူချိန်တွင် ပျော့ပျောင်းမှုရှိပြီး စားသုံးရာတွင် ကောင်းမွန်သည်ဟု ထိုင်းဆန်ဖြင့်ချက်သည့်ထမင်းကို စားသုံးနေသည့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း နေထိုင်သူ ကိုမြင့်ကြိုင်က ဆိုသည်။

ထိုင်းဆန်တွင် ဆန်ကွဲပါဝင်ခြင်းမတွေ့ရသော်လည်း ပြည်တွင်းဆန်များတွင် ဆန်ကွဲများ ပါဝင်မှုများရှိနေခြင်းမှာ ဆန်ကြိတ်ခွဲရာတွင် စီးပွားရေးအရ အကျိုးအမြတ်များရန်အတွက် ရောနှောမှုအပြင် ဆန်စပါးစိုက်ပျိုးသည့်အခါ ရေ-မြေအနေအထား၊ စပါးမျိုးရိုးဗီဇ၊ ကြိတ်ခွဲသည့် ဆန်စက်အရည်အသွေးတို့အပေါ် မူတည်သည်ဟု ဆန်စက်ပိုင်ရှင် ဦးစန်းအောင်က ဆိုသည်။

ပြည်တွင်း ကုန်စည်စျေးနှုန်းများ မြင့်တက်လာမှုကြောင့် ပြည်ပမှ သကြား၊ ငရုတ်၊ ကြက်သွန်ဖြူ စားအုန်းဆီများ ဝင်ရောက်မှုများပြားလာသည်။ ယခုလပိုင်း မြန်မာပြည်၏အဓိကပြည်ပပို့ကုန် ဆန်သည်ပင်လျှင် ပြည်ပမှ ဝင်ရောက်မှုရှိလာသည်။

ရေကြီးရေလျှံမှု ပြည်တွင်းတွင် စတင်ကြုံတွေ့ရသည့် ဇူလိုင်လအတွင်း ပြည်တွင်းဆန်စျေးနှုန်းတစ်အိတ်လျှင် ကျပ် ၁၉၅၀၀ နှုန်းဖြင့် ဩဂုတ် ၁ ရက် ဆန်စျေးကွက်အထိ ရှိနေဆဲဖြစ်သည်။ ဩဂုတ် ၃ ရက်မှစ၍ ဆန်ကြမ်းတစ်အိတ် ကျပ် ၂၀၀၀ ဝန်းကျင် စျေးမြင့်ခဲ့ရာမှ ရန်ကုန်စျေးကွက်တွင် ဆန်ကြမ်းတစ်အိတ် ငွေဆန်ကျပ် ၂၃၅၀၀ ဝန်းကျင်ဖြစ်လာကြသည်။

ရန်ကုန်စျေးနှုန်းမြင့်သည့်အတွက် နယ်စပ်ဒေသသို့ သယ်ယူပို့ဆောင်သည့် ကားခပါထည့်သွင်းတွက်ချက် ရောင်းချသည့်အတွက် နယ်စပ်ပြည်တွင်းဆန်စျေးနှုန်းမြင့်နေရသည်။ စျေးကွက်စီးဆင်းမှုအရ ထိုင်းဆန်များ ပြည်တွင်းသို့ ရောက်ရှိလာရသည်။ သို့သော် ယခင်နှစ်များတွင် မြင့်ခဲ့သော အမြင့်ဆုံးဆန်ကြမ်းစျေးနှုန်းများ အနေအထားမျိုးရှိပါက ပြည်တွင်းသို့ ထိုင်းဆန်များ ဝင်ရောက်မှုမရှိနိုင်ဟု ပိတောက်လမ်းဆန်ပွဲရုံ ပိုင်ရှင်ကိုလေးက ဆိုသည်။

ဆိပ်ဖြူကြက်သွန်နီ လက်ကားတစ်ပိသာစျေးနှုန်းမှာ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၆ ရက်တွင် ကျပ် ၁၂၀၀-၁၆၀၀-၁၈၀၀-၁၉၀၀ နှုန်းသို့ မြင့်တက်လာသည်။ ယခင်နှစ် အောက်တိုဘာ ၇ ရက်တွင်း ယင်းအမျိုးအစားကြက်သွန်နီစျေးနှုန်းမှာ ၁၈၅-၂၈၅-၃၈၅-၅၀၀ ကျပ်နှုန်းသာရှိခဲ့၍ ယခုနှစ်အောက်တိုဘာလဆန်းတွင် ကြက်သွန်နီစျေးနှုန်းမှာ ယခင်နှစ်ကာလတူထက် လတ်ချောအလုံးသေး တစ်ပိသာ ခြောက်ဆကျော်၊ ရှယ်အလုံးကြီး လေးဆခန့်မြင့်လာသည်။ ပြည်တွင်းကြက်သွန်နီစျေးနှုန်း မြင့်တက်မှုရှိခဲ့သော ၂၀၁၀ ပြည့်နှစ်ဝန်းကျင်နှစ်များတွင် ပြည်ပကြက်သွန်နီများ ပြည်တွင်းစျေးကွက်သို့ ဝင်ရောက်မှုရှိခဲ့သည်။ ယခုနှစ်တွင်လည်း ကြက်သွန်နီစျေးနှုန်းမြင့်တက်နေ၍ ပြည်ပကြက်သွန်နီများဝင်ရောက်နိုင်သည်ဟု ကြက်သွန်နီပွဲရုံပိုင်ရှင်တစ်ဦးက သုံးသပ်သည်။

ပြည်တွင်းသီးနှံကုန်စည်များ စျေးနှုန်းမြင့်တက်မှုကြောင့် ပြည်ပမှ အမျိုးအစားတူ သီးနှံကုန်စည်များ ဝင်ရောက်၍ စျေးကွက်ဝေစုရယူနေခြင်းအပေါ် ပြည်တွင်းစျေးကွက်အနေအထားတွင် အလေးထားပြုပြင်ပြောင်းလဲမှုများလိုအပ်နေသည်ဟု ဘုရင့်နောင်ပွဲရုံမှ ငုဝါလမ်းပွဲရုံပိုင်ရှင် ဦးမျိုးက ဆိုသည်။

**(မောင်စေအောင်)**

■

## မြန်မာ့ပင်လယ်ပြင်အခြေအနေ

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

ပြည်တွင်းရေးရာ

# ရွေးကောက်ပွဲအား လွတ်လပ်တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုကို မှတ်ကျောက်တင်နိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်



**ကလေး အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း ရေကြီးရေလျှံမှုများကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပွားခဲ့ရာ ပြန်လည်ထူထောင်ရေး ဆောင်ရွက်ထားရှိမှုများအပေါ် မူတည်၍ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးရန် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေးနှင့် အဖွဲ့သည် အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ကလေးမြို့သို့ရောက်ရှိကြပြီး ရေကြီးနစ်မြုပ်မှုဖြစ်ပွားခဲ့သော ကလေးမြို့နယ်ရှိ ကျောက္ကာကျေးရွာနှင့် အေးသာယာကျေးရွာများသို့ သွားရောက်ကြည့်ရှုကြသည်။

ယင်းနောက် ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌသည် မွန်းလွဲ ၂ နာရီတွင် ကလေးမြို့ မြို့တော်ခန်းမ၌ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအသီးသီးမှ တာဝန်ရှိသူများ၊ ကလေး၊ တမူး၊ မော်လိုက်ခရိုင်များအတွင်း ရုံးခွဲဖွင့်လှစ်ထားသော နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲကြီးကို ပွင့်လင်းမြင်သာစွာဖြင့် ဥပဒေနှင့်အညီ ကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေးမှာကြားရာတွင် "ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ(၄)တွင် နိုင်ငံတော်၏ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံး၌ တည်သည်"ဟု ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲဆိုသည်မှာ ပြည်သူလူထုက ရွေးချယ်ပေးလိုက်သည့် လွှတ်တော်ကိုယ်စားလှယ်များမှတစ်ဆင့် အနိုင်ရရှိသည့်ပါတီက အစိုးရအဖွဲ့ဖွဲ့စည်းပြီး အုပ်ချုပ်ရေးအာဏာ ကျင့်သုံးပါကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖွဲ့စည်းထားသည့် လွှတ်တော်များသည် ဥပဒေပြုရေးအာဏာကို ကျင့်သုံးပြီး တရားလွှတ်တော်ချုပ်က တရားစီရင်ရေးအာဏာ ကျင့်သုံးပါကြောင်း၊ အာဏာ(၃)ရပ် ကျင့်သုံးသည့် အစိုးရနှင့် လွှတ်တော်များပေါ်ပေါက်နိုင်ရန်အတွက် လွှတ်တော်အတွင်း အရည်အချင်းရှိသူများဖြစ်ရန် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများက ရွေးချယ်ပေးရန် လိုအပ်ပါကြောင်း။

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုဖြစ်ပြီး နိုင်ငံတော်သမ္မတကရွေးချယ်ပြီး ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုထားသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ ရွေးကောက်ပွဲကော်မရှင်အား ဖွဲ့စည်းပုံအခြေခံ ဥပဒေအပြင် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥပဒေများ ပြဋ္ဌာန်း၍ တာဝန်များ အပ်နှင်းထားပါကြောင်း၊ အဓိကတာဝန်မှာ ရွေးကောက်ပွဲများကျင်းပခြင်း၊ သဘာဝဘေးအန္တရာယ်နှင့် လုံခြုံရေးအခြေအနေအရ ရွေးကောက်ပွဲရွှေ့ဆိုင်းခြင်း၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း၊ ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့ဖြစ်ပါကြောင်း၊ နိုင်ငံရေးပါတီများကို ကြီးကြပ်ခြင်းနှင့် ကြီးကြပ်စေခြင်းတို့ ဆောင်ရွက်ရာတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်/မြို့နယ် ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တို့မှလည်း ကြီးကြပ်စေရန် ဥပဒေအရ ပြဋ္ဌာန်းထားပါကြောင်း၊ နိုင်ငံရေးပါတီများအနေနှင့်လည်း ဥပဒေကိုလေ့လာရန်၊ လိုက်နာရန်နှင့် ဥပဒေ၏အကာအကွယ်ကိုရယူရန် တိုက်တွန်းလိုပါကြောင်း။

မြန်မာနိုင်ငံတွင် လွတ်လပ်ရေးရပြီး (၆၇)နှစ်အတွင်း၌ ရွေးကောက်ပွဲ အတွေ့အကြုံ (၅)ကြိမ်သာ ရှိခဲ့ကြောင်း၊ ယခင်ရွေးကောက်ပွဲအတွေ့အကြုံများကို သုံးသပ်၍ မဲစာရင်း ပြည့်စုံမှန်ကန်စေရေးအတွက် စီမံချက်ချမှတ်ဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းအမှားအယွင်းများ ပြင်ဆင်နိုင်ရန် အချိန်ကန့်သတ်ချက်ရှိနိုင်သဖြင့် အခြေခံမဲစာရင်းကို ကြိုတင်ပြုစု၍ မှန်ကန်သောမဲစာရင်းရရှိရေး ကြိုးစားဆောင်ရွက်ခဲ့ကြောင်း၊ မဲစာရင်းများ ကြေညာချိန် လာရောက်ကြည့်ရှုပြီး ပုံစံ(၃)၊ ပုံစံ(၄)၊ ပုံစံ(၄-က)များနှင့် ဖြည့်စွက်၊ ပြင်ဆင်၊ ပယ်ဖျက်မှုများ ပြုလုပ်က မှန်ကန်သော မဲစာရင်းများ ဖြစ်လာမည်ဖြစ်၍ အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများကို ဖိတ်ခေါ်ဆောင်ရွက်ခဲ့ပါကြောင်း၊ မဲစာရင်းမှားယွင်းသဖြင့် မဲပေးခွင့်မဆုံးရှုံးနိုင်ပါကြောင်း၊ မဲပေးပိုင်ခွင့်ရှိသူ အမှန်ဖြစ်ကြောင်း သက်ဆိုင်ရာရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးရေးအထောက်အကူပြု ကော်မတီနှင့် တာဝန်ခံပြောကြားသူရှိလျှင် ပြင်ဆင်ရေးမှတ်၍ မဲပေးခွင့်ပြုရမည်ဟု ပြဋ္ဌာန်းထားပြီးဖြစ်ကြောင်း၊ သို့သော် မဲစာရင်းတွင်ပါဝင်မှသာ မဲပေးခွင့်၊ ရွေးကောက်ခံပိုင်ခွင့် ရှိပါကြောင်း။

ကြိုတင်မဲပေးခြင်းတွင် မဲဆန္ဒနယ်အတွင်းရှိ မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းနှင့် မဲဆန္ဒနယ်ပြင်ပရောက် မဲဆန္ဒရှင်များ ကြိုတင်မဲပေးခြင်းတို့ရှိပြီး ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ခဲ့ပါကြောင်း၊ ဥပဒေ၊ နည်းဥပဒေများကို သိရှိပြီး လိုက်နာအကာအကွယ်ယူပါက ကြိုတင်မဲပေးခြင်းအပေါ် သံသယဖြစ်ဖွယ်မရှိပါကြောင်း။

မဲပေးပိုင်ခွင့်မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို မဲစာရင်းကိုအခြေခံ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲစာရင်းတွင်ပါရှိသူအားလုံးကို ထုတ်ပေးသွားမည်ဖြစ်ကြောင်း၊ မဲပေးလိုသူများသည် မဲဆန္ဒသက်သေခံလက်မှတ်ထုတ်ယူပါက မိမိမဲပေးရမည့် မဲရုံအလွယ်တကူရှာဖွေသိရှိနိုင်ရန်၊ မဲပေးရာတွင် လွယ်ကူလျင်မြန်စေရန်၊ သက်သေခံလက်မှတ်များပျောက်ဆုံးပါက မဲပေးနိုင်ရန်နှင့် နောင်ရွေးကောက်ပွဲများအတွက် မှန်ကန်သောမဲစာရင်းပြုစုနိုင်ရန် ရည်ရွယ်ချက်(၄)ချက်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း၊ မဲဆန္ဒရှင်သက်သေခံလက်မှတ် ပျောက်ဆုံးသော်လည်း မဲစာရင်းတွင်ပါရှိပြီးဖြစ်၍ မဲပေးနိုင်ပါကြောင်း၊ သက်သေခံလက်မှတ်မထုတ်ဘဲ ပုံမှန်အတိုင်း မဲရုံသွားရောက်မဲပေးလိုပါက မဲပေးနိုင်ပါကြောင်း။

မဲဆန္ဒရှင်ပညာပေးခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်မည်ဖြစ်ရာ ပါဝင်ပူးပေါင်းဆောင်ရွက်ကြရန် ဖိတ်ခေါ်ပါကြောင်း၊ ရွေးကောက်ပွဲအား လွတ်လပ်တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုကို မှတ်ကျောက်တင်နိုင်ရန်အတွက် နိုင်ငံတကာအဖွဲ့အစည်းများနှင့် အာဆီယံနိုင်ငံများမှ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများ အပါအဝင် ပြည်တွင်း၊ ပြည်ပ ရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့များကို ဖိတ်ခေါ်ထားပါကြောင်း။

မဲဆွယ်စည်းရုံးရေးကာလတွင် လိုက်နာရန် ညွှန်ကြားချက်(၁/၂၀၁၄) ထုတ်ပြန်ထားပါကြောင်း၊ ပါတီများကိုယ်တိုင်ရေးဆွဲထားပြီး လက်မှတ်ရေးထိုးထားသည့် နိုင်ငံရေးပါတီများ လိုက်နာရမည့်ကျင့်ဝတ် Code of Conduct များအား လိုက်နာပြီး ရွေးကောက်ပွဲ ဟောပြောစည်းရုံးခြင်းများ ပြုလုပ်နိုင်ပါကြောင်း၊ လွှတ်တော်အသီးသီး၏ ရွေးကောက်ပွဲဥပဒေ အခန်း(၁၃)ပါ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ အခန်း (၁၄)ပါ တရားမဲ့ပြုကျင့်မှုများကို လိုက်နာကျင့်သုံးပြီး ဥပဒေ၏အကာအကွယ်ကို ရယူရန်နှင့် ဥပဒေ၊ စည်းမျဉ်း၊ ကျင့်ဝတ်များကို အသိတရားနှင့်ယှဉ်ပြီး လေးစားလိုက်နာကြရန် ပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ရွေးကောက်ပွဲနှင့်ပတ်သက်၍ မေးမြန်းကြရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မဲစာရင်းတွင် အမည်မပါဝင်က ပုံစံ(၃)ဖြင့် လျှောက်ထားရမည်ဖြစ်ကြောင်း၊ သတ်မှတ်ချိန်ကျော်လွန်ပြီးမှ မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် တောင်းဆိုပါက လက်ခံ၍မရပါကြောင်း၊ မဲဆွယ်စည်းရုံး ဟောပြောရာတွင် နိုင်ငံရေးပါတီများက လက်မှတ်ရေးထိုးထားသည့်Code of Conduct အတိုင်း သဘောတူလက်ခံ ဆောင်ရွက်ကြရန်လိုကြောင်း၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများက ဗီနိုင်းပိုစတာဆိုင်းဘုတ်များအသုံးပြုရာတွင် သက်ဆိုင်ရာ စည်ပင်သာယာရေးကော်မတီတွင် လျှောက်ထားဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။ **(သတင်းစဉ်)**

## နေပြည်တော် ဇမ္ဗူသီရိ — ဇနပြုမြို့ အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း

**ဇနပြု အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဇနပြုမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၅) သင်ကြားနေမှုအခြေအနေနှင့် မီးသတ်စခန်းများ နေ့စဉ်လုပ်ငန်းလည်ပတ်မှု အခြေအနေများအား အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက မအူပင်ခရိုင် မီးသတ်ဦးစီးအရာရှိ ဦးသန့်ဇင်ဝင်းနှင့် အဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ယင်းသင်တန်းသည် စက်တင်ဘာ ၂၈ ရက်မှ အောက်တိုဘာ ၂၃ ရက်အထိ ရက်သတ္တ လေးပတ် ကြာမြင့်မည်ဖြစ်ပြီး အရန်မီးသတ်တပ်ဖွဲ့ဝင်များ သိရှိတတ်မြောက်ထားရမည့် မီးသတ်ပညာရပ်၊ စစ်ရေးပြ ပညာရပ်၊ ရှာဖွေကယ်ဆယ်ရေး ပညာရပ်များအပြင် သဘာဝဘေးအန္တရာယ်ကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးလုပ်ငန်းတာဝန်များပါ ထည့်သွင်းသင်ကြားပေးထားပြီး ဝတ်စုံ၊ ဦးထုပ်၊ တံဆိပ်၊ ခါးပတ်၊ ဖိနပ်၊ ခြေအိတ်များနှင့် နေ့တွက်စရိတ်များပါ ထုတ်ပေးထားကာ အဆိုပါသင်တန်းကို ဇနပြုမြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးအောင်အောင်ဦးက တာဝန်ယူ၍ မြို့ပေါ်ရပ်ကွက် ၁၈ ခုနှင့် ကျေးရွာအုပ်စု ၆၅ အုပ်စုမှ သင်တန်းသားဦးရေ ၁၀၀ တို့အား သင်တန်းပေးလျက်ရှိကြောင်း သိရသည်။ **(သပြေထွန်း)**

## အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**ကျိုက်မရော အောက်တိုဘာ ၇**

မွန်ပြည်နယ် မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ရွှေဟသ်ာခန်းမ၌ အောက်တိုဘာ ၆ရက်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ အခမ်းအနား ကျင်းပရာ မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ထိုက်က အမှာစကားပြောကြားပြီး မြို့နယ်လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ရဲမှူးခင်မောင်အေးက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အစီအမံများ ဆောင်ရွက်ထားရှိမှု၊ အထူးရဲခန့်အပ်ထားရှိမှုနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးလှမြင့်က ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းတင်ပြကြသည်။

အခမ်းအနားသို့ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်ကွက်/ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

## အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပ

**မြန်အောင် အောက်တိုဘာ ၇**

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက်က မြန်အောင်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းမင်းထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးထွန်းဖေက မြန်အောင်မြို့နယ်အတွင်း ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရပ်ကွက်/ကျေးရွာအုပ်စု အလိုက် ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ထားရှိမှု အခြေအနေများကိုရှင်းလင်းပြောကြားပြီး မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီဥက္ကဋ္ဌက ရွေးကောက်ပွဲကျင်းပစဉ်ကာလ ဆောင်ရွက်သင့်သည်များကို ဖြည့်စွက်ရှင်းလင်းပြောကြားသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲသို့ မြို့နယ်/ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝင်းဗိုလ်(မြန်အောင်)**

## ရွေးကောက်ပွဲလုံခြုံရေး အသိပညာပေး

**ရပ်စောက် အောက်တိုဘာ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့တွင် ၂၀၁၅ အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။ ယင်းဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်ဦးက အမှာစကားပြောကြားပြီး မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဒေါက်တာထွန်းအေးနှင့် မြို့နယ်ရဲတပ်ဖွဲ့ စခန်းမှူး ဒုရဲမှူး အောင်ကျော်တို့က ရွေးကောက်ပွဲဆိုင်ရာ ကိစ္စများ၊ ရွေးကောက်ပွဲမတိုင်မီနှင့် ရွေးကောက်ပွဲပြီး လုံခြုံရေးစီမံထားရှိမှုများအား ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

## ခရိုင်အဆင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ ဆင့်ပွားသင်တန်း သထုံတွင်ဖွင့်လှစ်

**သထုံ အောက်တိုဘာ ၇**

နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည့် ရွေးကောက်ပွဲကာလအတွင်း လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲဖြစ်လာစေရန် မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ အရည်အချင်းပြည့်ဝမှုမှာ အရေးပါသောကြောင့် မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ သတ်မှတ်ထားသော လုပ်ငန်းတာဝန်များနှင့် မဲရုံလုပ်ငန်းစဉ်များ အသိပညာပေး ခရိုင်အဆင့် ဆင့်ပွားသင်တန်းကို သထုံခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးတွင် အောက်တိုဘာ ၅ ရက်မှ ၆ ရက်အထိ ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းတွင် ပြည်နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွန်းအေးနှင့် တာဝန်ခံအရာရှိ ဦးဟိဏ်းလင်းထက်တို့က ရွေးကောက်ပွဲလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားခဲ့ကြပြီး ခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးခင်မောင်သန်းက မဲရုံမှူး၊ ဒုမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ လုပ်ငန်းတာဝန်များကို သထုံခရိုင်အတွင်းရှိ မြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များအား အသိပညာပေးဆွေးနွေးခဲ့ကြောင်း သိရသည်။

**(သထုံခရိုင်ပြန်/ဆက်)**

# ညောင်ရွှေမြို့နယ်တွင် ပုလဲသွယ်စပါး စုပေါင်းမြေသြဇာကြဲပက်

**ညောင်ရွှေ အောက်တိုဘာ ၇**

၂၀၁၅-၂၀၁၆ မိုးစပါးစိုက်ပျိုးရာသီတွင် ပုလဲသွယ်စပ်မျိုးစပါးများ ပင်ပွားထွက်ရှိမှု အားကောင်းစေရန်အတွက် စုပေါင်းမြေသြဇာကြဲပက်ခြင်းနှင့် ဓာတ်မြေသြဇာများ ထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၇ ရက် နံနက်ပိုင်းက ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု ကွင်းအမှတ် (၅) ရှိ မိုးစပါးခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ် စံပြကွက်တွင် ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထွန်းအောင်တို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်မိုးသီတာထိုက်က ပုလဲသွယ်စပါးပင်များ အပင်အာဟာရ အပြည့်အဝရရှိစေရန်နှင့် မြေသြဇာကိုအကျိုးရှိရှိ အသုံးပြုနိုင်ရန် ဆောင်ရွက်ရမည့်နည်းလမ်းများကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တောင်သူများထံသို့ ပိုးသတ်ဆေးနှင့် မြေသြဇာများ ထောက်ပံ့ပေးအပ်ပြီး စံပြကွက်အတွင်း စုပေါင်း၍ မြေသြဇာများ ကြဲပက်ခဲ့ကြောင်း သိရသည်။ **(နေမျိုးသူရိန်)**

မြန်မာနိုင်ငံကြက်ခြေနီအသင်း

(၇၅) ကြိမ်မြောက်

ဇူဗလီကောင်စီ အစည်းအဝေး

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ (၈) ရက် နှင့် (၉) ရက်နေ့

စုဝေးခန်းမ

မြန်မာနိုင်ငံကြက်ခြေနီအသင်း ဌာနချုပ်၊ နေပြည်တော်



## ကျောက်စံကျေးရွာ စက်ချုပ်သင်တန်းဖွင့်

**မင်းဘူး အောက်တိုဘာ ၇**

မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ ဒုတိယအင်ဂျင်နီယာချုပ် ဒေါ်ညိုညိုဝင်း၊ မကွေးတိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးဦးကျော်ဆွေနှင့်မင်းဘူးခရိုင်ဦးစီးမှူး ဦးတင့်လွင်ဦးတို့သည် အောက်တိုဘာ ၄ ရက်တွင် မင်းဘူးမြို့နယ် ကျောက်စံကျေးရွာ၌ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု (စက်ချုပ်) သင်တန်းကို သွားရောက်စစ်ဆေးရာ မင်းဘူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဘုန်းလင်းက စက်ချုပ်သင်တန်းတွင် သင်တန်းသား ၂၀ နှင့် စက်ချုပ်သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းဖွင့်

**အင်္ဂပူ အောက်တိုဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး အင်္ဂပူမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေစီမံခန့်ခွဲမှုသင်တန်းကို အောက်တိုဘာ ၅ ရက်က မြို့နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ ကျင်းပရာ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် အင်္ဂပူမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးရွာ ၂၃ ရွာမှ ကျေးရွာကော်မတီဝင် ၁၆၅ ဦး တက်ရောက်ခဲ့ကြသည်။

သင်တန်းတွင် မြို့နယ်မြစိမ်းရောင်ကျေးရွာအကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးယဉ်မင်းဦးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေစီမံခန့်ခွဲမှုဆိုင်ရာ ငွေစာရင်းပုံစံများကို ရှင်းလင်းပို့ချခြင်းနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာစန်းဝင်းက မွေးမြူရေးဆိုင်ရာ သားငါးကဏ္ဍများနှင့်ပတ်သက်၍ ရှင်းလင်းပို့ချခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုင်းဆတ်၌ အထူးရဲခန့်ထားခြင်းနှင့် လုပ်ငန်းတာဝန်များရှင်းလင်း

**မိုင်းဆတ် အောက်တိုဘာ ၇**

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ လုံခြုံရေးဆိုင်ရာကိစ္စရပ်များ ဆောင်ရွက်ရန် အထူးရဲများကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ခန့်အပ်တာဝန်ထမ်းဆောင်စေမည်ဖြစ်ရာ ပြည်သူများ သိရှိစေရန် သတင်းထုတ်ပြန်ရှင်းလင်းပွဲ အခမ်းအနားကို အောက်တိုဘာ ၇ ရက် နံနက် ၉ နာရီခွဲက ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်မြင့်က အထူးရဲများ ခန့်အပ်တာဝန်ပေးနိုင်သည့် ဥပဒေလုပ်ထုံးလုပ်နည်းနှင့် ညွှန်ကြားချက်များ၊ အထူးရဲများ ရွေးချယ်ရေးအဖွဲ့ဖွဲ့စည်းမှု၊ ရွေးချယ်မှုစနစ်၊ သတ်မှတ်အရည်အချင်း၊ လုပ်ငန်းတာဝန်များ၊ လေ့ကျင့်သင်ကြားပေးမည့် အစီအမံများ၊ တာဝန်ပေးအပ်မည့်ကာလ၊ နိုင်ငံတော်မှ ထောက်ပံ့ပေးမည့်လစာ၊ ရိက္ခာငွေနှင့် ရဲဝတ်တန်ဆာပစ္စည်းများ၊ ရွေးကောက်ပွဲမကျင်းပမီကာလ၊ မဲဆွယ်စည်းရုံးစဉ်ကာလ၊ ရွေးကောက်ပွဲကျင်းပစဉ်ကာလနှင့် ရွေးကောက်ပွဲပြီးဆုံးချိန်ကာလထိ မြန်မာနိုင်ငံရဲတပ်ဖွဲ့က လုံခြုံရေးဆောင်ရွက်မည့် အခြေအနေတို့ကို အသေးစိတ်ရှင်းလင်းပြောကြားပြီး အခမ်းအနားတက်ရောက်လာသူများ၏ သိလိုသည့် မေးမြန်းချက်များကို ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးထွန်းမြတ်ကျော်က ပြန်လည်ဖြေကြားသည်။

အဆိုပါ အခမ်းအနားသို့ ရပ်မိရပ်ဖများ၊ ရပ်ကွက်/ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် မီဒီယာများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းဇော်(iprd)**



## သီးနှံများစိုက်ပျိုးချိန်အမီ စွမ်းအားမြင့်လယ်ထွန်စက်ကြီးများ ငှားရမ်းထွန်ယက်

**တပ်ကုန်း အောက်တိုဘာ ၇**

ယခုရက်ပိုင်းအတွင်း တပ်ကုန်းမြို့နှင့်အနီးတစ်ဝိုက်တွင် မိုးရွာသွန်း၍ တောင်သူများ သီးနှံစိုက်ပျိုးချိန်အမီ စွမ်းအားမြင့် လယ်ထွန်စက်ကြီးများကို ငှားရမ်းအသုံးပြုလာကြသည်။ မိုးမရွာခင်ကပင် နွားထယ်များဖြင့်လည်းကောင်း၊ ထွန်စက်များဖြင့်လည်းကောင်း ထယ်ရေးလှန်ထားပြီး ချဉ်ပေါင်ပင်၊ ခရမ်းချဉ်ပင်များ စိုက်ပျိုးရန်စောင့်ဆိုင်းနေကြသည့် တောင်သူများ မိုးရွာသွန်းမှုကြောင့် စိုက်ပျိုးနိုင်သည့်အခြေအနေရှိလာသဖြင့် ယာသီးနှံစိုက်တောင်သူများ စိုက်ပျိုးရန် အဆင်သင့်ဖြစ်နေကြသည်။

တပ်ကုန်းမြို့နယ် အင်ဖက်ကုန်းကျေးရွာမှ ချဉ်ပေါင်ပင်၊ ခရမ်းချဉ်ပင်များစိုက်ပျိုးမည့် တောင်သူအများစုမှာ မိုးရွာသွန်းလာမှုကြောင့် စွမ်းအားမြင့်ထွန်စက်များကို အလွယ်တကူငှားရမ်းအသုံးပြုထွန်ယက်ကာ အချိန်မီစိုက်ပျိုးသည့်အတွက် ထွန်စက်အငှားလိုက်သူများ အဆင်ပြေသလို တောင်သူများလည်း အဆင်ပြေလျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်(ပြန်/ဆက်)**

## စလင်းမြို့နယ်တွင် ကျေးရွာမြေငှားဂရန်များ ပေးအပ်

**စလင်း အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် စလင်းမြို့နယ် သရက်ချဉ်ကျေးရွာအုပ်စု သစ္စာမြိုင်ကျေးရွာ ပဥ္စလောဟာ ပြည်တော်ပြန်ဘုရားဓမ္မာရုံ၌ အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီက ကျေးရွာမြေဂရန်များ ပေးအပ်ပွဲ အခမ်းအနား ကျင်းပရာ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်လယ်ယာစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းက မြေငှားဂရန်နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ကျေးရွာမြေငှားဂရန်ထုတ်ပေးရေး မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်းနှင့် အဖွဲ့ဝင်များက မြေငှားဂရန်များကို ပြည်သူများလက်ဝယ်အရောက် ပေးအပ်ခဲ့ရာ မြေငှားဂရန် လျှောက်ထားသူ ၂၀၇ ဦးတို့အား အသီးသီးပေးအပ်ခဲ့ သည်။ ထို့နောက် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတို့က ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## လယ်ယာမြေ ညွှန်ကြားချက် လိုက်နာဆောင်ရွက်ထားမှုများ စစ်ဆေး

**ဒိုက်ဦး အောက်တိုဘာ ၇ ။** ။လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန (ရုံးချုပ်) မြေတိုင်း/ပုံနှိပ်ဌာနခွဲ ညွှန်ကြားရေးမှူး ဒေါက်တာဝင်းထွဋ်၊ ပဲခူးတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဆန်းဝင်းနှင့် တာဝန်ရှိသူများသည် ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေတိုင်းတာခြင်း၊ မြေပုံရေးဆွဲထုတ်လုပ်ခြင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်မှုစာရင်းအင်းများ ပြုစုခြင်းနှင့် မြေခွန်စည်းကြပ်ခြင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်း ညွှန်ကြားချက်များကို အမြဲအမိန့် (၁၈၅)နှင့်အညီ လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေများ၊ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးခြင်းဆိုင်ရာ ကိစ္စများအား ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုအခြေအနေများကို စက်တင်ဘာ ၂၃ ရက်က စစ်ဆေးဆောင်ရွက်၍ လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်ကျော်(IPRD)**

# အမျိုးသမီးငယ်တွေ၊ လူငယ်တွေအနေနဲ့ လူသူကင်းမဲ့တဲ့နေရာတွေကို အချိန်မတော်သွားလာတာတွေ ရှောင်ရှားဖို့လိုပါတယ်



## ရဲမှူးကြီးကိုကိုအောင်နှင့် တွေ့ဆုံခြင်း

**နေပြည်တော်၌ စက်တင်ဘာလ ၂၉ ရက်နေ့ ညသန်းခေါင်ကျော်အချိန်တွင် လူလေးဦးမှ ခင်ပွန်းဖြစ်သူအားသတ်၍ ဇနီးသည်အား အဓမ္မပြုကျင့်မှုဖြစ်ပွားခဲ့သည်။ တရားဥပဒေစိုးမိုးရေးကို ခြိမ်းခြောက်နေပြီလော၊ ပြစ်မှုဖြစ်ပွားရခြင်းအကြောင်းအရင်းက အဘယ်နည်း၊ ယင်းအချိန် ဖြစ်နိုင်ခြေရှိမှုများကိုလည်း တွေးဆရပြန်သည်။ ယင်းတို့နှင့် ပတ်သက်၍ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကိုကိုအောင်၏ ဖြစ်စဉ်ဖြစ်ပွားပုံနှင့် ၎င်း၏ သဘောထားအမြင် မေးမြန်းခဲ့သည်များကို သတင်းစဉ်က ဖော်ပြလိုက်ပါသည်။**

**သတင်းစဉ်။ ။ နေပြည်တော် သံတမန်ဇုန်မြေနေရာအနီးမှာ လူသတ်မှုတစ်ခု ဖြစ်ပွားခဲ့တယ်လို့ သိရပါတယ်။ ဘယ်လိုကနေစပြီး အမှုဖြစ်ပွားခဲ့တာလဲဆိုတာ သိပါရစေ။**

ရဲမှူးကြီးကိုကိုအောင်။ ။ စက်တင်ဘာ ၂၉ ရက် ညသန်းခေါင်ကျော်ခန့်အချိန် Junction Center နောက်မှာဖြစ်သွားတဲ့ လူသတ်မှုနဲ့ အဓမ္မပြုကျင့်မှုမှာပါဝင်တဲ့ ကျူးလွန်ခံရသူတွေက သမီးရည်းစားစုံတွဲ မဟုတ်ပါဘူး။ လွန်ခဲ့တဲ့ တစ်လကျော်လောက်က အိမ်ထောင်ကျပြီး လတ်တလော (၄/၅)ရက်လောက်မှာ မိဘအိမ်အသီးသီးမှာ မင်္ဂလာပွဲကျင်းပဖို့ စီစဉ်နေဆဲ ခွဲနေကြသူတွေဖြစ်ပါတယ်။ အခင်းဖြစ်တဲ့နေ့က မင်္ဂလာဝတ်စုံအတွက် တိုင်ပင်ဖို့ နေထိုင်ရာ လယ်ဝေးမြို့နယ်ထဲက ရွာကနေ နေပြည်တော်ကို ဆိုင်ကယ်နဲ့လာပြီး ည ၁၂ နာရီလောက် အဆင့်မြင့်ဈေးလမ်းဆုံအနီး မီးပွိုင့်နားမှာ လင်မယားနှစ်ယောက် ထိုင်စကားပြောနေရာက ယခုပြစ်မှုကျူးလွန်သူတွေနဲ့တွေ့ပြီး မှုခင်းဖြစ်ပွားခဲ့တာဖြစ်ပါတယ်။

**သတင်းစဉ်။ ။ အဲဒီလူသတ်မှု ဖြစ်ဖြစ်ချင်းပြစ်မှုကျူးလွန်သူတွေ အမြန်ဖမ်းဆီးရမိနိုင်ရေးအတွက် နေပြည်တော် ရဲတပ်ဖွဲ့မှူးရုံးက ဘယ်လိုဆောင်ရွက်ခဲ့ပါသလဲ။**

ရဲမှူးကြီးကိုကိုအောင်။ ။ ပြစ်မှုဖြစ်ပွားပြီး ရဲစခန်းကို လာရောက်အမှုဖွင့်တိုင်ကြားတဲ့ စက်တင်ဘာ ၃၀ ရက် နံနက် ၈ နာရီ မိနစ် ၂၀ကစပြီး ကျွန်တော်အပါအဝင် သက်ဆိုင်ရာစခန်းမှူး၊ မြို့နယ်မှူး၊ ခရိုင်မှူးတွေနဲ့ တပ်ဖွဲ့ဝင်တွေ အခင်းဖြစ်ရပ်ကိုသွားပြီး စစ်ဆေးတယ်။ တရားလိုအပါအဝင် ဆက်စပ်သက်သေတွေကို စစ်ဆေးတယ်။ တစ်ချိန်တည်းမှာပဲ တရားလိုရဲ့ ပြောပြချက်အရ သံသယဖြစ်ဖွယ် ပုံသဏ္ဌာန်တူ မသင်္ကာတရားခံတွေ ရှာဖွေခြင်းလုပ်ငန်းကို တိုင်းနဲ့ ဆက်စပ်မြို့နယ်တွေမှာ ဆောင်ရွက်ခဲ့ပါတယ်။

**သတင်းစဉ်။ ။ အခု ဒီပြစ်မှုကို ကျူးလွန်သူတွေကို ဖမ်းဆီးရမိပါပြီလားခင်ဗျာ။**

ရဲမှူးကြီးကိုကိုအောင်။ ။ တရားလိုရဲ့ တိုင်ကြားချက်က အချက်အလက်တွေ မှန်/မမှန်ကို အဖွဲ့တွေခွဲပြီး စိစစ်ရတယ်။ သံသယရှိသူတွေရဲ့ တယ်လီဖုန်းအဆက်အသွယ်တွေကိုလည်း စိစစ်ရတယ်။ တရားလိုရဲ့ ပြောပြချက်အရ သိရတဲ့ ပြစ်မှုကျူးလွန်သူတွေရဲ့ ပုံသဏ္ဌာန်တွေကို ဖြစ်နိုင်ခြေရှိတဲ့ နေရာ/ရပ်ကွက်တွေမှာ နယ်ထိန်းတပ်ဖွဲ့ဝင်တွေက စုံစမ်းစစ်ဆေးပြီး တိုက်ဆိုင်ဖော်ထုတ်ရာကနေ ပြစ်မှုကျူးလွန်တဲ့ တရားခံလေးဦးအနက်ကနေ နှစ်ဦးကို သက်သေခံပစ္စည်းတွေနဲ့အတူ ဖော်ထုတ်ဖမ်းဆီးရမိထားပါတယ်။ ဒီအမှုစစ်ဆေးရာမှာ မှုခင်းတပ်ဖွဲ့ကလည်း ကူညီစစ်ဆေးပေးနေပါတယ်။

**သတင်းစဉ်။ ။ ပြစ်မှုကျူးလွန်သူတွေက ဘာလို့သတ်ဖို့အထိ ဖြစ်သွားရတာလဲ။ ရန်ငြိုးရန်စကြောင့်လား ဒါမှမဟုတ် တခြားအကြောင်းကြောင့်လား။**

ရဲမှူးကြီးကိုကိုအောင်။ ။ ပြစ်မှုကျူးလွန်သူတွေ ပြစ်မှုကျူးလွန်ရတဲ့ အကြောင်းအရင်းကတော့ အရက်သေစာ သောက်စားရာက ကျူးလွန်ခံရတဲ့ လင်မယားစုံတွဲနဲ့ အချိန်မတော်တွေ့ရာကနေ မှုခင်းဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ပြစ်မှုကျူးလွန်သူတွေက အသက်(၂၀)ပတ်ဝန်းကျင်လူငယ်တွေ ဖြစ်ပါတယ်။ ရန်ငြိုးရန်စကြောင့်၊ ငွေကြေးကြောင့် မဟုတ်ဘဲ အရက်အလွန်အကျွံသောက်စားပြီး မိမိကိုယ်ကို ထိန်းသိမ်းနိုင်ခြင်းမရှိဘဲ ဖြစ်ပွားခဲ့ကြောင်း စုံစမ်းဖော်ထုတ်သုံးသပ်ရရှိပါတယ်။

**သတင်းစဉ်။ ။ ဒီလူသတ်မှုနဲ့ပတ်သက်ပြီး ဆောင်ရွက်နေတဲ့ နောက်ဆုံးအခြေအနေကို ပြောပြပေးပါ။**

ရဲမှူးကြီးကိုကိုအောင်။ ။ပြစ်မှုကျူးလွန်သူ နှစ်ဦးကို သက်သေခံပစ္စည်းတွေနဲ့ ဖမ်းဆီးရမိထားပါတယ်။ အခြားကျူးလွန်သူ နှစ်ဦးကို အမြန်ဆုံး ဖမ်းဆီးရမိဖို့ ကွက်ပြည့်နင်းလိုက်လံရှာဖွေလျက်ရှိပါတယ်။

**သတင်းစဉ်။ ။ ဒီလူသတ်မှုဖြစ်စဉ် ဖြစ်ပွားခဲ့တဲ့အတွက် တရားဥပဒေစိုးမိုးမှု အားနည်းနေပြီလို့ ဝေဖန်သံတွေ ကြားနေရပါတယ်။ နေပြည်တော်ကောင်စီနယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးအတွက် ဘယ်လို စီမံဆောင်ရွက်ထားတယ်ဆိုတာ သိပါရစေ။**

ရဲမှူးကြီးကိုကိုအောင်။ ။ ပြည်ထဲရေးဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့တို့ရဲ့ လမ်းညွှန်ချက်နဲ့အညီ နေပြည်တော်ကောင်စီနယ်မြေအတွင်း တရားဥပဒေစိုးမိုးရေးအတွက် လှည့်ကင်း/ရပ်ကင်းတွေ တိုးချဲ့ဆောင်ရွက်တယ်။ ယာဉ်တင်လှည့်ကင်း၊ မော်တော်ဆိုင်ကယ်၊ စက်ဘီးလှည့်ကင်းတွေနဲ့ နယ်မြေလုံခြုံရေးကို တိုးချဲ့ဆောင်ရွက်နေပါတယ်။ အရေးကြီးတဲ့ နေရာတွေကိုလည်း CCTV ကင်မရာတွေနဲ့ စောင့်ကြည့်နိုင်ဖို့ စီစဉ်ဆောင်ရွက်နေသလို တပ်ဖွဲ့ဝင်တွေကိုလည်း မွမ်းမံသင်တန်းတွေ ပေးနေတယ်။ နယ်မြေအတွင်း ပြစ်မှုကျူးလွန်ဖို့ အလားအလာရှိသူတွေကို စောင့်ကြည့်နေပြီး ဖြစ်ပွားတဲ့ ပြစ်မှုတွေက တရားခံတွေကိုလည်း ထိရောက်တဲ့ ပြစ်ဒဏ်ပေးနိုင်ဖို့ ဆောင်ရွက်ပါတယ်။ နယ်မြေခံ ပြည်သူလူထုကလည်း ရဲတပ်ဖွဲ့နဲ့လက်တွဲပြီး မှုခင်းကျဆင်းရေးလုပ်ငန်းစဉ်တွေမှာ ပူးပေါင်းပါဝင်လာအောင် ပညာပေးဟောပြောမှုတွေ၊ စည်းရုံးမှုတွေကို ဆောင်ရွက်ပါတယ်။ အခုဆို မူးယစ်ဆေးဝါးနဲ့ လောင်းကစားမှုတွေလည်း တိုးမြှင့်ဖမ်းဆီးနိုင်ခဲ့ပါတယ်။

**သတင်းစဉ်။ ။ နိုဝင်ဘာ ၈ ရက်မှာ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီး ကျင်းပတော့မှာဖြစ်တဲ့အတွက် နယ်မြေဒေသလုံခြုံရေးနဲ့ပတ်သက်ပြီး ဘယ်လိုကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားပါသလဲ။**

ရဲမှူးကြီးကိုကိုအောင်။ ။ အထွေထွေရွေးကောက်ပွဲကျင်းပဖို့ကာလ နီးကပ်လာတာနဲ့အမျှ လွတ်လပ်မျှတပြီး တည်ငြိမ်အေးချမ်းတဲ့ ရွေးကောက်ပွဲ ဖြစ်လာစေဖို့အတွက် လုံခြုံရေးကော်မတီအဆင့်ဆင့် ဖွဲ့စည်းပြီး စီမံချက်ရေးဆွဲဆောင်ရွက်နေပါတယ်။ မှုခင်းဖြစ်ပွားတဲ့ သံတမန်ဇုန်အိမ်ရာမြေနေရာမှာ အရင်က အမှုအခင်းကြီးကြီးမားမား ဖြစ်ပွားခဲ့ခြင်း မရှိခဲ့ပါဘူး။ အဲဒီမှာ အဆောက်အအုံတွေ မရှိသေးပေမယ့် လုံခြုံရေးအတွက် အရေးကြီးတဲ့နေရာဖြစ်တဲ့အတွက် မှုခင်းတွေဖြစ်ပွားမှုမရှိဖို့ စီမံချက်ချပြီး လုံခြုံရေးကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်နေပါတယ်။

**သတင်းစဉ်။ ။ အခုလိုမှုခင်းဖြစ်ပွားရတဲ့ အခြေခံအကြောင်းတရားတွေက ဘာတွေပါလဲ။**

ရဲမှူးကြီးကိုကိုအောင်။ ။ အမျိုးသမီးငယ်တွေ၊ လူငယ်တွေအနေနဲ့ လူသူကင်းမဲ့တဲ့ နေရာတွေကို အချိန်မတော်သွားလာတာတွေ ရှောင်ရှားဖို့ လိုပါတယ်။ အရက်သေစာသောက်စားတဲ့အခါ အလွန်အကျူးမဖြစ်ဖို့ကိုလည်း ထိန်းချုပ်ဖို့လိုအပ်ပါတယ်။ ဒါတွေက မှုခင်းဖြစ်ရတဲ့ အခြေခံအကြောင်းတွေပါ။ ပြည်တွင်းလုံခြုံရေးနဲ့ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေးဟာ ကျွန်တော်တို့ရဲတပ်ဖွဲ့ရဲ့ မူလရည်မှန်းချက်တာဝန်ဖြစ်ပါတယ်။ အဲဒီတာဝန်တွေကိုကျေပွန်ဖို့ နေပြည်တော်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်အားလုံး အားသွန်ခွန်စိုက်ကြိုးပမ်းသွားမှာ ဖြစ်ပါတယ်။ **(ညီညီထွန်းနှင့် သတင်းအဖွဲ့)**

# နေပြည်တော် Junction Center အနောက်ဘက်တွင် ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော် Junction Center အနောက်ဘက်ရှိ သံတမန်ဇုန်မြေနေရာအနီးတွင် စက်တင်ဘာ ၃၀ ရက် နံနက် ၁ နာရီခန့်က ဖြစ်ပွားခဲ့သည့် လူသတ်မှုနှင့် အဓမ္မပြုကျင့်မှုတို့ ကျူးလွန်ခဲ့သူနှစ်ဦးကို အောက်တိုဘာ ၆ ရက် ညနေပိုင်းတွင် ဖမ်းဆီးရမိသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၃၀ ရက် နံနက် ၁ နာရီခန့်က ကိုချစ်နိုင်ဦးနှင့် မ-------- တို့ ဇနီးမောင်နှံသည် ဆိုင်ကယ်စီး၍ လည်ပတ်ရာမှ အဆင့်မြင့်ဈေးမီးပွိုင့်အနီး လမ်းဘေး၌ ခေတ္တရပ်နားနေစဉ် လူလေးဦးက ခြိမ်းခြောက်ပြောဆိုပြီး ၎င်းတို့၏ ဆိုင်ကယ်နှစ်စီးဖြင့် ညှပ်၍ Junction Center အနောက်ဘက်သို့ ခေါ်ဆောင်မောင်းနှင်စေခဲ့ကြောင်း၊ သံတမန်ဇုန်မြေနေရာ (B)လမ်းသို့အရောက်တွင် ဆိုင်ကယ်အား ရပ်တန့်စေပြီး ကိုချစ်နိုင်ဦးအားလူနှစ်ဦးက ဆွဲခေါ်၍ ဓားနှင့်ထိုးခဲ့ကြောင်း၊ ကျန်လူနှစ်ဦးကလည်း မ------ အား ဆွဲခေါ်ပြီး လူလေးဦးစလုံးက အဓမ္မပြုကျင့်ခဲ့ကြောင်း ဒက္ခိဏသီရိမြို့မရဲစခန်းသို့ တိုင်ကြားခဲ့ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံးက အမှုမှန်ပေါ်ပေါက်ရေး စီမံဆောင်ရွက်ခဲ့ရာ ပြစ်မှုကျူးလွန်ခဲ့ကြသည့် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်နေ အောင်တင်မျိုး (ခ)အောင်ပိုင် (၂၀)နှစ် (ဘ) ဦးသံချောင်းအား ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အရိုးအသွား ၁၀ လက်မရှိ ဓားတစ်ချောင်းနှင့်အတူ အောက်တိုဘာ ၆ ရက် ညနေ ၄ နာရီ ၁၀ မိနစ်တွင် လည်းကောင်း၊ ကျော်မောင် (ခ)ဇော်ဇော်အောင် (၁၉)နှစ် (ဘ) ဦးခင်ဦးအား အရိုးအသွား ရှစ်လက်မခွဲခန့်ရှိ သက်သေခံပစ္စည်း ဓားမြှောင်တစ်ချောင်းနှင့်အတူ အောက်တိုဘာ ၆ ရက် ည ၇ နာရီ ၁၀ မိနစ်တွင် လည်းကောင်း ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ထွက်ဆိုချက်အရ ၎င်းတို့နှစ်ဦးသည် ဇော်လေး (၂၂)နှစ်ခန့်နှင့် မောင်မျိုး (ခ)မျိုးဇော်ဝင်း (၁၆)နှစ်ခန့်တို့နှင့်အတူ အရက်သေစာသောက်စားပြီး ဆိုင်ကယ်စီးနင်းထွက်လာစဉ် ဇမ္ဗူသီရိမြို့နယ် အဆင့်မြင့်ဈေးမီးပွိုင့်အနီး လမ်းဘေး၌ ရပ်နေသော ဆိုင်ကယ်တစ်စီးနှင့် စုံတွဲနှစ်ဦးကို တွေ့ရှိသဖြင့် ခြိမ်းခြောက်ပြောဆိုပြီး ၎င်းတို့၏ ဆိုင်ကယ်နှစ်စီးဖြင့် ညှပ်၍ Junction Center အနောက်ဘက်သို့ ခေါ်ဆောင်မောင်းနှင်စေခဲ့ကြောင်း၊ သံတမန်ဇုန်မြေနေရာ (B) လမ်းသို့အရောက်တွင် ဆိုင်ကယ်အား ရပ်တန့်စေကာ ကိုချစ်နိုင်ဦးအား အသင့်ယူဆောင်လာသော ဓားနှင့်ထိုး၍ မော်တော်ဆိုင်ကယ် အိပ်ဇောသံပိုက်ဖြင့် ရိုက်နှက်ခဲ့ပြီး မ-------အား အဓမ္မပြုကျင့်ခဲ့ကြောင်း၊ ပြစ်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့ကြသည့် ဓားများအား Royal Golf Club အရှေ့မြောက်ဘက် ဆည်အနီးရှိ ရေကန်အတွင်းသို့ လွှင့်ပစ်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

သို့ဖြစ်၍ ၎င်းတို့နှစ်ဦးအား ဥပဒေနှင့်အညီ အရေးယူရန် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းအမှုတွင် ပါဝင်ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်လျက်ရှိသည့် ကျန်နှစ်ဦးအား အမြန်ဆုံးဖမ်းဆီးရမိရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**



ဖမ်းဆီးရမိသည့် ပြစ်မှုကျူးလွန်သူ ကျော်မောင်(ဓဲ)နှင့် အောင်တင်မျိုး (ယာ)တို့အား သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)



# နေပြည်တော်ကောင်စီနယ်မြေအတွင်း မူးယစ်ဆေးဝါးများသိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၇**

ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက် ပမ္မဝတီ (၃)လမ်း ညောင်ပင်အောက်၌ ရပ်ထားသည့် အေဒီဗင် အဖြူရောင်ယာဉ် (6I/ ------)အား နေပြည်တော်ရဲတပ်ဖွဲ့မှူးရုံး မှုခင်းနှိမ်နင်းရေးအဖွဲ့မှ ဒုတိယရဲမှူး စိုးညွှန့်နှင့် တပ်ဖွဲ့ဝင်များက အောက်တိုဘာ ၆ ရက် မွန်းလွဲပိုင်းတွင် သတင်းအရရှာဖွေစဉ် ၁ ဒသမ ၇၃ ဂရမ်ခန့်ရှိ ဘိန်းဖြူအမှုန့်များနှင့် WY စာတန်းပါ မူးယစ်ဆေးဝါး အနီရောင်ဆေး နှစ်လုံး (သုည ဒသမ ၂ ဂရမ်)၊ GIONEE M3 ဟန်းဖုန်း တစ်လုံး၊ ငွေကျပ် ၁၂၀၀၀ နှင့် ဘိန်းဖြူသုံးရာတွင် အသုံးပြုသည့် ပစ္စည်းတို့ကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါအေဒီဗင်ယာဉ်ကို ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရပ်ကွက်နေ မျိုးသူရ (ခ)ကိုသူ (၃၁) နှစ် မောင်းနှင်လာပြီး ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်ရပ်ကွက်နေ စောသန်းဦး (၅၇) နှစ် လိုက်ပါရာ ယင်းမူးယစ်ဆေးဝါးများအား ပြန်လည်ရောင်းချရန် ဝယ်ယူခဲ့ကြောင်း ကနဦးစစ်ဆေးချက်များအရ သိရသည်။

ပြန်လည်ရောင်းချရန် မူးယစ်ဆေးဝါး သယ်ဆောင်လာသည့် မျိုးသူရ (ခ) ကိုသူနှင့် စောသန်းဦးတို့အား နေပြည်တော် အမှတ်(၁) မြို့မရဲစခန်း၌ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# မိုင်းဆတ်နှင့် မိုးမိတ်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၇**

မူးယစ်တပ်ဖွဲ့စု(၂၉) မိုင်းဆတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၄ ရက်က မိုင်းဆတ်မြို့နယ် ဝမ်တုံအုပ်စု ဝမ်တုံကျေးရွာနေ စိုင်းမတ်၏နေအိမ်ကိုရှာဖွေရာ စုစုပေါင်းစိတ်ကြွရူးသွပ်ဆေးပြား ၁၇၀၀ နှင့် ငွေကျပ် သုည ဒသမ ၂၆၉၅ သိန်းတို့ကို သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၇ ရက်က မိုးမိတ်မြို့ မြောက်ပိုင်းရပ်ကွက် ရုပ်ရှင်ရုံအနီးတွင် ထွန်းကြည် မောင်းနှင်ပြီး မအုန်းခိုင် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၄ ပြား၊ ဘိန်းဖြူ သုည ဒသမ ၀၀၈၂ ကီလိုနှင့် ငွေကျပ် ၁ ဒသမ ၁၅ သိန်းတို့ကို သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။ **(ကြေးမုံ)**



## သမီးဖြစ်သူရဲ့ မင်္ဂလာပွဲကို တက်ရောက်ခွင့်မရခဲ့တဲ့ တွမ်ခရုစ်နဲ့ နီကိုးလ်ကစ်ဒ်မန်း

ဟောလိဝုဒ်ရဲ့နာမည်ကျော်တွေဖြစ်ကြတဲ့ မင်းသားတွမ်ခရုစ်နဲ့ သရုပ်ဆောင်မင်းသမီးချော နီကိုးလ်ကစ်ဒ်မန်းတို့နှစ်ဦးဟာ ပြီးခဲ့တဲ့လအတွင်းက လန်ဒန်မှာကျင်းပခဲ့တဲ့ သူတို့ရဲ့ သမီးဘယ်လာရဲ့ မင်္ဂလာဆောင်ကို တက်ရောက်ခွင့်မရခဲ့ကြပါဘူး။ သူတို့ရဲ့သမီးဖြစ်သူက မိဘနှစ်ပါးကို ဖိတ်ကြားခြင်းမရှိတာကြောင့် မတက်ရောက်ဖြစ်ခဲ့ကြတာပါ။

အသက်(၂၂)နှစ်အရွယ် မိတ်ကပ်နဲ့ ဆံပင်အလှဖန်တီးရှင် ဘယ်လာဟာ သူ့ရဲ့ချစ်သူ မက်ဖ်ပါကာနဲ့ ဒေါ်ချက်စတာဟိုတယ်မှာ မင်္ဂလာပွဲဆင်နွှဲခဲ့ရာမှာ မိခင်ဖြစ်သူအနေနဲ့ မတက်ရောက်ဖြစ်ခဲ့တာနဲ့ ပတ်သက်ပြီး နီကိုးလ်က သူဟာသမီးဖြစ်သူမင်္ဂလာဆောင်ကို ဖိတ်ကြားခြင်းမခံရတဲ့အပြင် မင်္ဂလာဆောင်မယ့်ရက်ကို သိတောင်မသိရှိခဲ့ဘူးလို့ နယူးယော့ခ်ပို့စ်က ဖော်ပြခဲ့ပါတယ်။

ဖခင်ဖြစ်သူတွမ်ခရုစ်ကတော့ သမီးဖြစ်သူရဲ့ မင်္ဂလာစရိတ်အတွက် အကုန်ကျခံပေးခဲ့ပေမယ့် တက်ရောက်ခဲ့ခြင်းတော့မရှိပါဘူး။ ဘယ်လာဟာ နီကိုးလ်နဲ့ တွမ်ခရုစ်တို့ရဲ့မွေးစားကလေးနှစ်ဦးအနက်က သမီးအကြီးဖြစ်ပြီး ဘယ်လာနဲ့အတူ ကွန်နောဆိုတဲ့ သားလေးတစ်ဦးကိုပါ ၁၉၉၅ ခုနှစ်က ခေါ်ယူမွေးစားခဲ့ကြတာဖြစ်ပါတယ်။

❑❑❑

## အသက်လေးဆယ်မှာ ယုံကြည်မှုတွေပိုရှိလာတဲ့ ကိတ်ဝင်းစလတ်

Titanic ရုပ်ရှင်ရဲ့ မင်းသမီးချော ကိတ်ဝင်းစလတ်ဆိုရင် မြန်မာရုပ်ရှင်ချစ်ပရိသတ်များအားလုံးလိုလို နှစ်သက်မိတဲ့ ဟောလိဝုဒ်ကြယ်ပွင့် တစ်ဦးပါ။ သူဟာအောက်တိုဘာ ၅ရက်က အသက်လေးဆယ်ပြည့်ခဲ့ပါပြီ။ အသက်လေးဆယ်ဆိုတဲ့အရွယ်အပိုင်းအခြားတစ်ခုမှာ သူဟာ ရင့်ကျက်မှုတွေ၊ အတွေ့အကြုံတွေနဲ့အတူ အနုပညာအရည်အသွေးတွေ ပိုမိုပြည့်ဝလာခဲ့ပြီး ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုတွေရရှိလာကြောင်း အက်စ်ကွာရီမဂ္ဂဇင်းနဲ့ပြုလုပ်ခဲ့တဲ့ အင်တာဗျူးတစ်ခုမှာ ပြောကြားခဲ့ပါတယ်။

ထို့ပြင်သူဟာ ရုပ်ပိုင်းဆိုင်ရာကိုလည်း ကြံ့ခိုင်သန်မာနေစေရန် သတိနဲ့အမြဲကြိုးစားခဲ့ပြီး ကိုယ်ခန္ဓာကျန်းမာဖို့ကလည်း သူ့ရဲ့အသက်မွေးဝမ်းကျောင်းဖြစ်တဲ့ အနုပညာလုပ်ငန်းတွေအတွက် အရေးပါကြောင်းလည်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ယခုကဲ့သို့ အသက်လေးဆယ်ပြည့်ခဲ့သည့် မင်းသမီးတစ်ယောက်ရဲ့ ခံစားချက်နဲ့ပတ်သက်လို့ မေးမြန်းခဲ့ရာမှာ ကိတ်ဝင်းစလတ်က "ကျွန်မအသက်လေးဆယ်ပြည့်လို့ အသက်ကြီးနေပြီလို့ မခံစားရပါဘူး။ ဒါပေမယ့် စိတ်တော့လှုပ်ရှားမိတယ်။ အခုတော့ လွန်ခဲ့တဲ့ နှစ်နှစ်ကခံစားချက်မျိုးနဲ့ မတူတဲ့ခံစားချက်တွေ ရရှိလာတယ်"လို့ ဖက်ရှင်မဂ္ဂဇင်းတစ်ခုရဲ့ အင်တာဗျူးမှာ ဖြေကြားခဲ့ပါတယ်။

သို့သော် အော်စကာဆုပိုင်ရှင်မင်းသမီးက ပရိသတ်များအနေဖြင့် အသက်လေးဆယ်ပြည့်သွားပြီဖြစ်သော မင်းသမီးတစ်ဦးကို ပိုမိုချောမောလာသည်ဟု မတွေးထင်ကြမည်မှာ သေချာပါကြောင်းလည်း ဆိုခဲ့ပါတယ်။

လတ်တလောမှာ ကိတ်ဝင်းစလတ်ဟာ Appleကုမ္ပဏီကို စတင်တည်ထောင်ခဲ့သူတစ်ဦးဖြစ်တဲ့ စတိဗ်ဂျော့စ်ရဲ့ဘဝအကြောင်းကိုရိုက်ကူးထားတဲ့ရုပ်ရှင်မှာ စတိဗ်ဂျော့စ်ရဲ့ သူငယ်ချင်းဖြစ်သူနေရာမှာ ပါဝင်သရုပ်ဆောင်ထားပြီး အဆိုပါရုပ်ရှင်ကို နယူးယော့ခ်ရုပ်ရှင်ပွဲတော်မှာ ပါဝင်ပြသခဲ့ပါတယ်။



## ကိုယ်ပိုင်အကသင်တန်းကျောင်းဖွင့်လိုက်တဲ့ မင်ဇီ

တောင်ကိုရီးယား၏ထိပ်တန်းအမျိုးသမီးပေါ့ပ်တေးဂီတအဖွဲ့များအနက် တစ်ဖွဲ့အပါအဝင်ဖြစ်သည့် 2NE1မှ အဖွဲ့ဝင်မင်ဇီက သူ၏ကိုယ်ပိုင်အကပညာသင်တန်းကျောင်းကို ဖွင့်လှစ်လိုက်ပြီဖြစ်ကြောင်း အောက်တိုဘာ ၅ ရက်တွင် လူမှုကွန်ရက်မီဒီယာများမှတစ်ဆင့် ထုတ်ဖော်ပြောကြားခဲ့သည်။

အဆိုပါအကသင်တန်းကျောင်းကို Millennium Dance Academy ဟုအမည်ပေးထားကြောင်းလည်း မင်ဇီက သူ၏အင်စတာဂရမ်စာမျက်နှာပေါ်တွင် ရေးသားဖော်ပြခဲ့သည်။

မင်ဇီသည် တောင်ကိုရီးယားရှိ အကပညာရပ်တွင် အရည်အချင်းရှိသောအနုပညာရှင်များအနက်က တစ်ဦးဖြစ်ပြီး သူ၏အကပညာနှင့်ပတ်သက်သည့်အရည်အချင်းများကို အဖွဲ့၏တေးသီချင်းများ ဖျော်ဖြေတင်ဆက်သည်ကို ကြည့်ရှုခြင်းဖြင့် ထင်ထင်ရှားရှားတွေ့မြင်နိုင်သည်။ ယခုဖွင့်လှစ်လိုက်သော အကသင်တန်းကျောင်းသည် သူ၏အေဂျင့်စီ YG Entertainment ၏ အုပ်ချုပ်မှုအောက်တွင်မရှိဘဲ မင်ဇီ၏စီမံခန့်ခွဲမှုအောက်တွင်ရှိသော သူ၏ကိုယ်ပိုင်အကသင်တန်းကျောင်းသာဖြစ်ကြောင်း YG Entertainment မှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မင်ဇီသည် တေးဂီတလောကတွင် အောင်မြင်မှုရရှိလာခဲ့ပြီးနောက် ကိုယ်ပိုင်တေးသံသွင်းတစ်ခုကိုလည်း တည်ထောင်ခဲ့ကြောင်း သိရသည်။

**အေးပြည့် - စုစည်းသည်။**

# ရုပ်မြင်သံကြားအစီအစဉ်များ

**၈ - ၁၀ -၂၀၁၅ (ကြာသပတေးနေ့)**

## မြန်မာ့ရုပ်မြင်သံကြား Enteraimment Channel

၆း၀၀ အလက်ာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေမှုအစီအစဉ် (အပိုင်း-၂၂)
၆း၂၀ မြန်မာဗီဒီယိုဇာတ်လမ်း "ပေါရိသာဒလူသားစားဘီလူးမ"
(မင်းခန့်ကျော်၊ ကျော်ဇောဟိန်း၊ စံပယ်မိုး) (ဒါရိုက်တာ- မင်းအေးထွန်း)
၇း၅၀ ဝတ်စားဆင်ယင်မှုပြပွဲ(တေးဂီတ)
၈း၂၀ "ထာဝရမိတ်ဆွေဖြစ်ပါစေ"
(မိုးယံဇွန်၊ ဝါဆိုမိုးဦး) (ဒါရိုက်တာ-ကိုမျိုးထူး)
၈း၅၀ ဆိုကြမယ်၊ ပျော်ကြမယ်
၉း၃၅ "မကင်းရာ မကင်းကြောင်း"
၉း၅၀ တေးဂီတအစီအစဉ်
၁၀း၀၅ မြန်မာရုပ်ရှင်(ဆေးရောင်စုံ) "ပထမ အချစ် ဒုတိယနှလုံးသား"
(ကျော်သူ၊ စိုးသူ၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ- မျိုးမြင့်အောင်)
၁၂း၀၀ အစီအစဉ်ပြီး၏။

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ် ပြသပါမည်။**

## MRTV - 4

၅း၀၀ ပဋ္ဌာန်းပါဠိတော်+ဓဇဂ္ဂသုတ်
၆း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၆)
၈း၀၀ Cartoon Series (Welcome To Sky Ville)
၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာပွင့်သောပန်း" (အပိုင်း-၁၀၈)
၁၁း၀၀ Food & Decor
၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၆၇)
၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၅)
၂း၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၆)
၃း၃၅ POND'S MEN Brand Ambassador Mario Maurer ၏ မြန်မာပြည်ခရီးစဉ်
၄း၅၀ ရန်ကုန်မြင်ကွင်းကျယ် [Press Conference on Gala-Concert (BACH-MOZART-MENDLSSOHN)]
၅း၀၀ SEAN KINGSTON "Wait Up" Music Video Making
၆း၁၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်ဒဏ္ဍာရီ" (အပိုင်း-၇၇)
၇း၂၅ မြန်မာရုပ်သံဇာတ်လမ်းတွဲ "အိမ်နီးချင်း" (အပိုင်း-၅၆)
၈း၂၀ ရသစုံညွှန်းတမ်းများ
၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "နေရောင်အောက်မှာပွင့်သောပန်း" (အပိုင်း-၁၀၉)
၉း၂၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၆၈)
၁၀း၁၀ Education Talk [မြန်မာစာ အရေးအသားနှင့် ကွန်ပျူတာနည်းပညာ (အပိုင်း-၂)]
၁၁း၂၅ World of Knowledge (Last War Heros : Breakout)
၁း၁၅ European Qualifiers Portugal Vs Denmark (LIVE)
၄း၄၅ တန်ခိုးကြီးမားဘုရားစေတီပုထိုးများ[ရှင်ဇလွန်ဆုတောင်းပြည့်စေတီတော် (သမိုင်းဝင် ရှင်ကိုးရှင်)]

## မြဝတီ

၆း၀၃ တရားတော်
၆း၂၀ မေတ္တာပို့
၆း၂၅ ဓမ္မပူဇာတေး
၆း၃၀ ကိုယ်လက်လှုပ်ရှားအားကစား
၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
၇း၂၀ အမျိုးသားရေးတေးကဗျာ
၈း၁၀ ရှေးဟောင်းသုတ
၈း၂၅ DVD Hits
၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၅ လျှပ်တစ်ပြက်
၄း၂၅ ချစ်သူစုံတွဲတူယှဉ်နွဲ
၄း၄၀ ဇာတ်လမ်းတို
၄း၄၅ ဗီစီဒီကျော်ကြားတေး
၄း၅၀ မွေးမြူသုတ
၅း၀၀ မြန်မာသံစဉ်ချိုနားဝင်
၅း၁၀ သာယာသီကြွေးခေတ်ဆန်းတေး
၅း၂၀ မော်ဆရာနဲ့အပျော်ဆရာ
၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အတိတ်ရဲ့ချစ်ခြင်း (အပိုင်း-၈၀)
၆း၁၅ ရင်ခုန်လှုပ်ရှားအားကစား
၆း၃၅ Hello Miss Universe
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ဂျောင်းဒိုဂွန်း (အပိုင်း-၃၅)
- ရှင်းဟွာရဲ့ဂိမ်းကမ္ဘာ
- ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
- ပြည်သူ့တရားရှင်ပေါင်ချိန် (ဒုတိယတွဲ) (အပိုင်း-၃၃)

## mitv

07:26 Myanmar Social & Charitable Association (Ep-2) (Jivitadana Hospital)
07:51 Kayah Style
08:26 Myanmar Traditional Instruments (MYANMA DRUM)
08:52 A Cordial Welcome From Pantaung
09:26 Marketable Goods (Aluminium Glasses & Stainless Steel)
09:38 Bago: A City Of Famous Historic Pagoda
10:26 A Way of Life: Karate-do
10:39 A Visit To Ye
07:25 Travelogue: "Anyar Myay" or Upcountry (Part- I)
07:49 Farming: Duck Breeder
08:26 Myanmar Sculpture-Work of Art
08:41 Inspiration
08:49 Distinguished Myanmar Ladies "Ma Myint Zu"
09:25 Let's Cook (EP-4) Hassle-free Bite-sized Club Sandwiches & Hot Fudge Brownies

# ယူရို ၂၀၁၆ခြေစစ်ပွဲမှာ ဘယ်သူတွေအောင်မြင်ပြီး ဘယ်သူတွေရှုံးနိမ့်မှာလဲ

**ယူရို၂၀၁၆ပြိုင်ပွဲကို ပြင်သစ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမှာဖြစ်တဲ့အတွက် အိမ်ရှင်ပြင်သစ်အပြင် အင်္ဂလန်၊အိုက်စလန်၊ချက်အသင်းနဲ့ ဩစတြီးယားတို့ခြေစစ်ပွဲအောင်မြင်ထားပြီးဖြစ်တဲ့အတွက် နောက်ထပ်ခြေစစ်ပွဲအောင်ဖို့အလားအလာရှိတဲ့အသင်းတွေ၊ အစဉ်အလာရှိပြီး ပြင်သစ်မြေကိုခြေချဖို့အခွင့်အရေးလုံးဝနည်းပါးနေပြီဖြစ်တဲ့အသင်းတွေကို ထုတ်နှုတ်တင်ပြလိုပါတယ်။**



**အုပ်စု(က)**

အုပ်စု(က)မှာတော့ အိုက်စလန်နဲ့ ချက်အသင်းတို့ တိုက်ရိုက်ခြေစစ်ပွဲအောင်ပြီးဖြစ်တာကြောင့် တတိယနေရာကို တူရကီနဲ့ နာမည်ကြီးနယ်သာလန်တို့ အကြိတ်အနယ်လုရမှာဖြစ်ပါတယ်။ နယ်သာလန်က တူရကီကို သုံးဂိုး-ဂိုးမရှိနဲ့အရေးနိမ့်ခဲ့တာကြောင့် ၁၉၈၈ ဥရောပချန်ပီယံအသင်းဟာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးခွင့် ဆုံးရှုံးပြီး တစ်ဖက်မှာ တူရကီရဲ့ ရလဒ်ကိုရင်တမမနဲ့ စောင့်ဆိုင်းပြီး နေရတော့မယ့်အနေအထားပါ။

ဒါတောင် တူရကီက ချက်နဲ့ အိုက်စလန်တို့ထဲက တစ်သင်းကိုရှုံးနိမ့်ပြီး နယ်သာလန်က ကာဇက်စတန်နဲ့ချက် နှစ်သင်းလုံးကိုနိုင်အောင် ကစားဖို့လိုအပ်နေပါတယ်။ တူရကီက ဒီနောက်ဆုံးနှစ်ပွဲမှာ ရမှတ်လေးမှတ်ရရှိရုံနဲ့ ထိပ်တိုက်တွေ့ဆုံမှုမှာ အသာရထားတဲ့အတွက် တတိယနေရာကို အလိုအလျောက်ရရှိသွားမှာဖြစ်ပါတယ်။ ဒါ့ကြောင့် ဒီအောက်တိုဘာ ၁၀ နဲ့ ၁၃ရက်မှာ ကစားမယ့် အုပ်စု(က) ပွဲစဉ်လေးပွဲက တူရကီနဲ့ နယ်သာလန်တို့အတွက် အသက်တမျှအရေးပါလို့နေခဲ့ပါပြီ။ နယ်သာလန်က တူရကီထက် လောလောဆယ်ပွဲအနေအထားအရ ချောင်တယ်ဆိုပေမယ့် ခြေစစ်ပွဲအောင်ပြီးဖြစ်တဲ့ အိုက်စလန်နဲ့ ချက်တို့က ခြေကုန်ထုတ်ပြီး ကစားပေးမှာလား ဆိုတာ စဉ်းစားစရာပါ။

**ကစားရန်ကျန်ရှိနေသည့် ပွဲစဉ်များ**

အောက်တိုဘာ ၁၀ အိုက်စလန်- လတ်ဗီးယား၊ ကာဇက်စတန်-နယ်သာလန်၊ ချက်-တူရကီ

(အောက်တိုဘာ ၁၃) လတ်ဗီးယား-ကာဇက်စတန်၊နယ်သာလန်- ချက်၊ တူရကီ-အိုက်စလန်

**အုပ်စု(ခ)**

အုပ်စု(ခ)မှာတော့ ဝေလ၊ ဘယ်လ်ဂျီယံနဲ့ အစ္စရေးတို့တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့အလားအလာများနေပြီး ဝေလအသင်းက ဘော့စနီးယားနဲ့ အင်ဒိုရာတို့ကိုရင်ဆိုင်မယ့်နှစ်ပွဲမှာ ရမှတ်တစ်မှတ်ပဲရရှိရုံနဲ့ ခြေစစ်ပွဲအောင်မှာဖြစ်တဲ့အတွက် ၁၉၅၈ခုနှစ်နောက်ပိုင်း အဓိကပြိုင်ပွဲကြီးတွေကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရဖို့ အကောင်းဆုံးအနေအထားကိုရောက်ရှိနေတာပါ။ ဆိုလိုတာက ဝေလအသင်းက နောက်ဆုံးနှစ်ပွဲမှာ တစ်ပွဲရှုံးပြီး တစ်ပွဲသရေကစားနိုင်ရင်တောင်ခြေစစ်ပွဲအောင်ပါပြီ။

ဘယ်လ်ဂျီယံကတော့ အင်ဒိုရာ၊အစ္စရေးတို့နဲ့ ကစားဖို့ကျန်ရှိနေသေးပြီး ဒီနှစ်ပွဲမှာ ရမှတ်နှစ်မှတ်ရရှိရုံနဲ့ ပြင်သစ်မြေကိုခြေချနိုင်ပါပြီ။ အစ္စရေးကတော့ အမှတ်လိုအပ်ချက်မြင့်မားနေဆဲဖြစ်ပြီးဘော့စနီးယားနဲ့ ဆိုက်ပရက်စ်တို့နဲ့လည်း ရမှတ်ကွာဟချက်ကျဉ်းမြောင်းတာကြောင့် တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ဆိုတာ အခွင့်အရေးအားဖြင့်နည်းပါးပြီး ထပ်ကျော့ခြေစစ်ပွဲအတွက်သာ ခြေကုန်ထုတ်ရမှာပါ။

**ကစားရန်ကျန်ရှိနေသည့်ပွဲစဉ်များ**

(အောက်တိုဘာ ၁၀) အင်ဒိုရာ-ဘယ်လ်ဂျီယံ၊ ဘော့စနီးယား-ဝေလ၊ အစ္စရေး-ဆိုက်ပရက်စ်

(အောက်တိုဘာ ၁၃) ဘယ်လ်ဂျီယံ-အစ္စရေး၊ ဆိုက်ပရက်စ်-ဘော့စနီးယား၊ ဝေလ-အင်ဒိုရာ

**အုပ်စု(ဂ)**

အုပ်စု(ဂ)မှာတော့ စပိန်၊ ဆလိုဗက်ကီးယားနဲ့ ယူကရိန်းတို့ တိုက်ရိုက်ခြေစစ်ပွဲအောင်ဖို့ အလားအလာရှိနေပါတယ်။ စပိန်ကတော့ လူဇင်ဘတ်၊ ယူကရိန်းတို့ကိုရင်ဆိုင်ရမှာဖြစ်ပြီး ဒီနှစ်ပွဲမှာ လူဇင်ဘတ်ကိုရှုံးနိမ့်ရင်တောင် ယူကရိန်းကိုသရေကစားနိုင်ရုံနဲ့ ခြေစစ်ပွဲအောင်ပါပြီ။ ဆလိုဗက်ကီးယားကလည်း လူဇင်ဘတ်နဲ့ ဘီလာရုစ်နှစ်သင်းထဲက တစ်သင်းကိုနိုင်ရုံနဲ့ ခြေစစ်ပွဲအောင်မှာဖြစ်သလို ယူကရိန်းကတော့ ထပ်ကျော့ခြေစစ်ပွဲကစားနိုင်ဖို့ပဲမျှော်လင့်ချက်ရှိပါတယ်။

**လက်ကျန်ကစားမည့်ပွဲစဉ်များ**

(အောက်တိုဘာ ၉) မက်ဆီဒိုးနီးယား-ယူကရိန်း၊ ဆလိုဗက်ကီးယား- ဘီလာရုစ်၊ စပိန်-လူဇင်ဘတ်

အောက်တိုဘာ ၁၂-ဘီလာရုစ်- မက်ဆီဒိုးနီးယား၊လူဇင်ဘတ်-ဆလိုဗက်ကီးယား၊ ယူကရိန်း-စပိန်

**အုပ်စု(ဃ)**

အုပ်စု(ဃ)မှာတော့ ဂျာမနီ၊ ပိုလန်နဲ့ အိုင်ယာလန်တို့ခြေစစ်ပွဲအောင်ဖို့အလားအလာများနေသလို စကော့တလန်ကလည်းထပ်ကျော့ခြေစစ်ပွဲကစားဖို့ မျှော်လင့်ချက်ရှိနေဆဲပါ။ကမ္ဘာ့ချန်ပီယံဂျာမနီအနေနဲ့ ခြေစစ်ပွဲတွေစကစားစဉ် က အထစ်အငေါ့ရှိခဲ့ပေမယ့် နောက်ပိုင်းမှာတော့ပုံမှန်ခြေစွမ်းပြန်ရလာပြီး အမှတ်လိုအပ်ချက်ကလည်း တစ်မှတ်သာရှိတာကြောင့် ပြင်သစ်မြေကို သေချာပေါက်ခြေချနိုင်ပြီလို့ တောင်ပြောလို့ရနေပါပြီ။

ပိုလန်ကတော့ ဂျာမနီက မတော်တဆအိုင်ယာလန်ကိုရှုံးနိမ့်ပြီး သူတို့က စကော့တလန်ကို အနိုင်ကစားနိုင်ရင်နောက်ဆုံးခြေစစ်ပွဲအထိစောင့်စရာမလိုဘဲ အလိုအလျောက်ခြေစစ်ပွဲအောင်ပါပြီ။ဒါ့ကြောင့် အိုင်ယာလန်နဲ့ စကော့တလန်ကလည်း ခြေစစ်ပွဲအောင်ဖို့ မျှော်လင့်ချက်အတွက် အိုင်ယာလန်က ဂျာမနီကိုရှုံးလို့မရသလို စကော့တလန်ကလည်း ပိုလန်ကို အိမ်ရှင်အားသာချက်နဲ့အနိုင်ကစားနိုင်မှသာ ဖြစ်နိုင်ပါလိမ့်မယ်။ဒါ့ကြောင့် အိုင်ယာလန်-ဂျာမနီ၊စကော့တလန်-ပိုလန်၊ ပိုလန်-အိုင်ယာလန်ပွဲစဉ်တွေက တကယ်ကို အကြိတ်အနယ်ရှိပြီး ကြည့်ကောင်းမယ့်ပွဲတွေဖြစ်လာနိုင်ပါတယ်။

**ကစားရန်ကျန်ရှိနေသည့်ပွဲစဉ်များ**

(အောက်တိုဘာ ၈) ဂျော်ဂျီယာ-ဂျီဘရာသယ် ၊အိုင်ယာလန်- ဂျာမနီ၊ စကော့တလန်-ပိုလန်

(အောက်တိုဘာ ၁၁) ဂျာမနီ-ဂျော်ဂျီယာ၊ ဂျီဘရာသယ် - စကော့တလန်၊ ပိုလန်-အိုင်ယာလန်

**ရှိုင်းယန်ဟေဒင် - ရေးသားသည်။**


# ဗန်ဟားလ်နှင့်မော်ရင်ဟိုတို့အပေါ် ဝေဖန်မှုပြုခဲ့သည့်ဂျိုဟန်ခရိုက်ဖ်

မန်ယူနည်းပြဗန်ဟားလက်ထက်တွင် မန်ယူ၏ကိုယ်ပိုင်ကစားဟန်မှာ ပျောက်ဆုံးနေသလို ချယ်လ်ဆီးနည်းပြမော်ရင်ဟို၏အပြုအမူများမှာလည်း လက်ခံနိုင်စရာမရှိကြောင်း ယခင်ဘာစီလိုနာကစားသမားဟောင်း ဂျိုဟန်ခရိုက်ဖ်က ဝေဖန်ခဲ့သည်။ပရီမီယာလိဂ်ပွဲစဉ်(၈)၌ မန်ယူမှာ အာဆင်နယ်အားသုံးဂိုးပြတ်ဖြင့်အရေးနိမ့်ကာ ဇယားထိပ်မှ တတိယနေရာအထိကျဆင်းသွားခဲ့ရပြီး ဗန်ဟားလ်က အဆိုပါအရှုံးအတွက် ၎င်းအစီအစဉ်ချမှတ်ထားသည့်အတိုင်း အကောင်အထည်ဖော်ကစားနိုင်ခြင်းမရှိသော ကစားသမားများအား စိတ်ဆိုးဒေါသထွက်လျက်ရှိကြောင်း သိရသည်။

ဂျိုဟန်ခရိုက်ကမူ မန်ယူအနေဖြင့် အာဆင်နယ်အား ရလဒ်ပိုင်းအပြင် ခြေစွမ်းပိုင်းအရလည်းရှုံးနိမ့်ခဲ့ပြီး ပွဲတစ်ပွဲလုံးကိုလည်းစိုးမိုးထားနိုင်ခြင်းမရှိကြောင်းထောက်ပြခဲ့သည်။ဗန်ဟားလ်လက်ထက်မှစတင်၍ မန်ယူမှာ ကိုယ်ပိုင်ကစားဟန်ပျောက်ဆုံးသွားခဲ့ပြီး ယခင်ကစားဟန်အတိုင်းပြန်လည်ကစားနိုင်ရန်အသင်းတာဝန်ရှိသူများအနေဖြင့် ဆောင်ရွက်သင့်ကြောင်းလည်း ခရိုက်ဖ်ကဆိုခဲ့သည်။

"မန်ယူက အသင်းကြီးတွေနဲ့ကစားရင်ရလဒ်ကောင်းပြီး အသင်းငယ်တွေနဲ့ကစားရင် အမြဲအခက်တွေ့တတ်တာထူးဆန်းပါတယ်။ ကျွန်တော်ပြောတာက ရလဒ်ပိုင်းမဟုတ်ပါဘူး။အင်္ဂလန်အသင်းတွေက သူတို့ကိုယ်ပိုင်ကစားဟန်နဲ့ သူတို့ရှိပါတယ်။အခုတော့ မန်ယူရဲ့ကိုယ်ပိုင်ကစားကွက်ပျောက်နေတယ်" ဟု ဂျိုဟန်ခရိုက်ဖ်က ဝေဖန်ခဲ့သည်။

ထို့ပြင် ချယ်လ်ဆီးနည်းပြမော်ရင်ဟို၏ရာသီအစ ကလပ်အသင်းဆေးဝန်ထမ်းဖြစ်သူကာနီရိုနှင့်ဖြစ်ပွားသောပြဿနာ၊ ဆောက်သမ်တန်အားရှုံးနိမ့်ပြီးနောက် ပြုမူခဲ့သောအပြုအမူနှင့် ပတ်သက်၍ ပွဲကြီးကြပ်ခွင့်ဆုံးရှုံးခဲ့သည့် ဖြစ်စဉ်များသည် ဘောလုံးလောကသားများအတွက် လက်ခံနိုင်စရာမရှိကြောင်း၊ မိမိ၏အရှုံးကို ကာကွယ်ရန်အတွက် အလုပ်ဖြင့်သာ သက်သေပြရမည်ဖြစ်ကြောင်း၊ ဘောလုံးပွဲကိုကြည့်ရှုနေသည့်လူအများထဲတွင် ကလေးများပါ ပါဝင်နေသည့်အတွက် ပညာပေးဆန်သည့် အပြုအမူသာစံပြအနေဖြင့် ပြုမူသင့်ကြောင်း ပြောကြားခဲ့သည်။ **မေလှဲ့သင်း**



# နောက်ခံလူ ဂျွန်စတုန်း အင်္ဂလန်၏ ယူရို ၂၀၁၆ ခြေစစ်ပွဲများနှင့် လွဲချော်မည်

အင်္ဂလန်နှင့် အဲဗာတန်နောက်တန်းကစားသမား ဂျွန်စတုန်းသည် ဒူးဒဏ်ရာရရှိထားခဲ့ခြင်းကြောင့် အက်စ်တိုးနီးယား၊ လစ်သူရေးနီးယားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည့် အင်္ဂလန်အသင်း၏ ယူရို ၂၀၁၆ ခြေစစ်ပွဲများတွင် လွဲချော်လိမ့်မည်ဖြစ်သည်။

အသက်(၂၁)နှစ်အရွယ်ရှိ အဲဗာတန်နောက်တန်းကစားသမား ဂျွန်စတုန်းသည် ဂွတ်ဒီဆင်ပါ့ခ်၌ အဲဗာတန်အသင်းနှင့်လီဗာပူးအသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် ပရီမီယာလိဂ်ပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အင်္ဂလန်အသင်း၏ ကွင်းလယ်ပိုင်းနှင့် နောက်တန်းခံစစ်ပိုင်းအတွက် အင်္ဂလန်အသင်းနည်းပြ ရွိုင်းဟော့ဂ်ဆန်က စပါးအသင်းမှ တောင်ဆန်နှင့် ကီလီဝေါ်ကာတို့ကို ခေါ်ယူထားခဲ့ပြီး ကီလီဝေါ်ကာအား ခံစစ်ပိုင်းတွင် အရန်အဖြစ်အသုံးပြုရန် ခေါ်ယူထားခဲ့ကြောင်း သိရသည်။ အင်္ဂလန်အသင်းသည် အောက်တိုဘာ ၉ ရက်တွင် အက်စ်တိုးနီးယားအသင်းနှင့် လည်းကောင်း၊ အောက်တိုဘာ ၁၂ ရက်တွင် လစ်သူရေးနီးယားအသင်းနှင့် လည်းကောင်း ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

နောက်တန်းကစားသမား ကီလီဝေါ်ကာသည် မတ်လအတွင်းက အီတလီနှင့် ကစားခဲ့သည့် ခြေစမ်းပွဲစဉ်တွင် နောက်ဆုံးပါဝင်ကစားပေးခဲ့ခြင်းဖြစ်ပြီး ကွင်းလယ်ကစားသမား တောင်ဆန်သည်လည်း ဇွန်လအတွင်းက ဆလိုဗေးနီးယားအသင်းနှင့် ကစားခဲ့သည့် ပွဲစဉ်တွင် အင်္ဂလန်အသင်းအတွက် နောက်ဆုံးကစားပေးခဲ့ခြင်းဖြစ်သည်။

ယူရို ၂၀၁၆ ပြိုင်ပွဲကို ပြင်သစ်မြေ၌ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ အဆိုပါပြိုင်ပွဲအတွက် ခြေစစ်ပွဲများ ယှဉ်ပြိုင်ကစားလျက်ရှိရာတွင် အင်္ဂလန်အသင်းသည် အုပ်စု(E)၌ ရှစ်ပွဲကစား၊ ရှစ်ပွဲနိုင်ဖြင့် အုပ်စုကို ဦးဆောင်လျက်ရှိသည်။ **(ငွေကြယ်)**

# ဘိုင်ယန်မြူးနစ်နှင့် ဂျာမနီကစားသမားဟောင်း ဂတ်မူလာ အယ်လ်ဇိုင်းမားရောဂါကုသလျက်ရှိ

ဘိုင်ယန်မြူးနစ်အသင်းနှင့် ဂျာမနီအသင်းတို့၏ ကစားသမားဟောင်းတစ်ဦးဖြစ်သူ ဂတ်မူလာသည် လက်ရှိတွင် အယ်လ်ဇိုင်းမားရောဂါရရှိနေခြင်းကြောင့် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်းသိရသည်။အယ်လ်ဇိုင်းမားရောဂါသည် စိတ်ဖောက်ပြန်တတ်သည့်ရောဂါအမျိုးအစားထဲတွင် တစ်ခုအပါအဝင်ဖြစ်ပြီး အဆိုပါရောဂါကြောင့် မှတ်ဉာဏ်၊ စဉ်းစားတွေးခေါ်မှု၊ ပြုမူနေထိုင်မှုစသည်တို့ကိုလည်း ထိခိုက်စေကြောင်းသိရသည်။

လာမည့်လတွင် အသက်(၇၀)ပြည့်တော့မည် ဂတ်မူလာသည် ဂျာမနီအသင်းအတွက် ပွဲပေါင်း ၆၂ ပွဲပါဝင် ကစားပေးခဲ့ပြီး သွင်းဂိုး ၆၈ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့သူဖြစ်ပြီး ၎င်း၏ ကလပ်အသင်းဖြတ်သန်းမှုသမိုင်းတွင်မူ သွင်းဂိုး ၆၅၀ ကျော်အထိ စံချိန်တင်သွင်းယူနိုင်ခဲ့သူဖြစ်သည်။

"ဂတ်မူလာဟာ ကမ္ဘာ့ဘောလုံးလောကမှာ ကစားသမားဘဝတစ်လျှောက်လုံး ခြေစွမ်းကောင်းတွေပြသပြီး အကောင်းဆုံးကစားသမားတစ်ဦးအဖြစ်လည်း ရပ်တည်ခဲ့သူပါ"ဟု ဘိုင်ယန်မြူးနစ်အသင်းဥက္ကဋ္ဌ ရမ်မီနစ်ဂီက ပြောကြားခဲ့သည်။

ဂတ်မူလာသည် ၁၉၇၀ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီအသင်းအတွက် သွင်းဂိုး ၁၀ ဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ရွှေဖိနပ်ဆုဆွတ်ခူးနိုင်ခဲ့သည်။ ထို့ပြင် ၁၉၇၄ ခုနှစ်ကလည်း မြူးနစ်မြို့၌ နယ်သာလန်အသင်းအား ဂျာမနီအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ခြင်းကြောင့် နောက်ဆုံးဗိုလ်လုပွဲအထိ တက်လှမ်းနိုင်ခဲ့ပြီး ယင်းပွဲစဉ်တွင်လည်း ဂတ်မူလာက အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည်။

ဂတ်မူလာသည် ဂျာမနီအသင်းအတွက် ၆၂ ပွဲတွင် ၆၈ ဂိုးသွင်းယူကာ စံချိန်တင်ခဲ့သော်လည်း ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီတိုက်စစ်မှူး ကလိုဆေးက ၁၃၇ ပွဲကစားကာ သွင်းဂိုး ၇၁ ဂိုးသွင်းယူလိုက်ခြင်းဖြင့် ဂတ်မူလာ၏ ဂိုးသွင်းစံချိန်ကို ကျော်ဖြတ်နိုင်ခဲ့သည်။ **(ငွေကြယ်)**

**ပြည်တွင်းရေးရာ**

# ဝန်းကျင်သန့်ရှင်းရေးအတွက် ရေဆိုးသန့်စင်စက်များ တပ်ဆင်ပေး

**တောင်ကြီး အောက်တိုဘာ ၇**

သဘာဝဝန်းကျင်သန့်ရှင်းရေးသည် လူနေမှုစနစ်တွင် အလွန်အရေးပါသောစနစ်တစ်ခုဖြစ်သည်။ လူများအသုံးပြုပြီး ဘေးထွက်ပစ္စည်း၊ စွန့်ပစ်ပစ္စည်းအမျိုးမျိုးအနက် ရေချိုးခန်းမှ ထွက်လာသောရေ၊ မီးဖိုချောင်မှ သုံးရေ၊ မိလ္လာကန်မှ ထွက်သောရေ၊ ဆေးရုံများမှ ထွက်သောရေ၊ စက်မှုလုပ်ငန်းမှ ထွက်သောရေများအား ပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်စေရန်အတွက် ရေဆိုးများအား ၉၀ရာခိုင်နှုန်းအထိသန့်စင်ပြီး စွန့်ထုတ်ပေးနိုင်သောစက်များ ခေတ်မီနိုင်ငံများတွင် အသုံးပြုလျက်ရှိနေပြီဖြစ်ကြောင်း သိရသည်။

ထို့အတူ မြန်မာနိုင်ငံတွင်လည်း အဆိုပါစက်များအား စက်ရုံအလုပ်ရုံ၊ လူနေအိမ်၊ ဟိုတယ်များ၊ အဆင့်မြင့်ကွန်ဒိုများနှင့် လူများစုပေါင်းနေထိုင်သည့် ရပ်ကွက်ကြီးများ၊ မြို့ကြီးများအတွက်ပါ Wa Minn ကုမ္ပဏီမှ တာဝန်ယူတပ်ဆင်ပေးလျက်ရှိကြောင်းနှင့် အဆိုပါစက်ပစ္စည်းများကို ဂျပန်နိုင်ငံ Kubota Johkasou Co.,Ltd; မှ ထုတ်လုပ်ကြောင်းနှင့် ဝယ်ယူအသုံးပြုသူများအား ပိတ်ရက်မရှိ Service, Customer Service လုပ်ငန်းများ ဆောင်ရွက်ပေးနေကြောင်း အဆိုပါပစ္စည်းများအား တာဝန်ယူဖြန့်ဖြူးနေသည့် Wa Minn ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

၎င်းတို့ကုမ္ပဏီအနေဖြင့် ရှမ်းပြည်နယ် အင်းလေးဒေသ အင်းပေါခုံကျေးရွာရှိ အိမ်ခြေ၂၅၀ လူဦးရေ ၂၀၀၀ ခန့်အတွက် KUBOTA JOHKASOU K2-5 ၆၅ လုံး တပ်ဆင်ပေးရန် ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ အင်းလေး ဖောင်တော်ဦးဘုရားတွင်လည်း ခြောက်မီတာ ကျူပစ်တစ်လုံး တပ်ဆင်လှူဒါန်းခဲ့ကြောင်း ဆက်လက်ပြောကြားသည်။ အဆိုပါရေဆိုးသန့်စင်စက်များသည် အောက်ဆီဂျင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အနည်ထိုင်စေပြီး ရောဂါကူးစက်မှုမရှိကြောင်း၊ ရေဆိုးအား၉၀ရာခိုင်နှုန်းအထိ သန့်စင်ပေးနိုင်ပြီး ကိုင်တွယ်ရွှေ့ပြောင်းရလွယ်ကူ၍ အချိန်တိုအတွင်း တပ်ဆင်နိုင်သည်။ သံကူကွန်ကရစ် မိလ္လာကန်ထက် အရည်အသွေးမြင့်မားပြီး စံချိန်စံညွှန်းသတ်မှတ်ထားသော FRP ပစ္စည်းများဖြင့် တည်ဆောက်ထားခြင်း၊ အလိုအလျောက် ထိန်းချုပ်ခံ့ပါဝင်သဖြင့် အော်ပရေတာသီးခြားမလိုအပ်ခြင်း၊ မီးဖိုချောင်၊ သန့်စင်ခန်း၊ ရေချိုးခန်း၊ မိလ္လာအပါအဝင် ရေဆိုးထွက်ရှိသည့် မည်သည့်နေရာမဆို သန့်စင်ပေးနိုင်ကြောင်းသိရသည်။ ရေဆိုးသန့်စင်စက်အမျိုးအစားအလိုက် ဈေးနှုန်းကွာခြားမှုရှိပြီး သာမန်အိမ်သုံး တစ်မီတာ ကျူစက်တစ်လုံးတန်ဖိုး ရန်ကုန်အထိုင်ဈေး အမေရိကန်ဒေါ်လာ ၃၁၅၀ နှင့် နယ်အရောက်ဈေး ၃၂၅၀ ကျသင့်ကြောင်းနှင့် ကုမ္ပဏီမှနေရာအရောက် တပ်ဆင်ပေးနေပြီဖြစ်ကြောင်း သိရသည်။

**နိုင်ထွန်း (TGI)**

# မဲပေးခြင်းစနစ်အား လက်တွေ့သရုပ်ပြဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၇**

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၅ ရက်မှ ၇ ရက်အထိ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များအား နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် အထွေထွေရွေးကောက်ပွဲအတွက် လုပ်ငန်းစဉ်ဆောင်ရွက်ခြင်းများကို သုံးရက်ကြာ သင်ကြားပေးလျက်ရှိရာ ယနေ့နံနက် ၁၀နာရီက သင်တန်းသားများအား မဲရုံပုံစံချမှတ်ခြင်း၊ မဲရုံသုံးပစ္စည်းများ အသုံးပြုခြင်း၊ မဲဆန္ဒရှင်များ မဲပေးခြင်းနှင့် မဲရေတွက်ခြင်းစသည့် လုပ်ငန်းဆောင်ရွက်ချက်များကို လက်တွေ့သရုပ်ပြခဲ့ကြကြောင်း သိရသည်။

**(ရွှေရဲရင့်)**

# ခရိုင်အဆင့် ရွေးကောက်ပွဲဆိုင်ရာ အသိပညာပေးရှင်းလင်း

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်မြောက်ပိုင်းခရိုင် ခရိုင်အဆင့်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး အသိပညာပေးရှင်းလင်းပွဲကို အောက်တိုဘာ ၇ ရက် မွန်းလွဲ ၁ နာရီတွင် အင်းစိန်မြို့နယ် ပင်မယန္တရား(တောင်)ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်အဆင့်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးကော်မတီ ဥက္ကဋ္ဌ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဦးစီးမှူး ဦးမြတ်ထွန်းဦးက အမှာစကားပြောကြားပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးအောင်ခိုင်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးနှင့် ဆက်စပ်လျက်ရှိသည့် ရွေးကောက်ပွဲဆိုင်ရာ အငြင်းပွားမှုများ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဆင့်ဆင့်ဖွဲ့စည်းထားရှိမှုနှင့် တာဝန်များကို ရှင်းလင်းဆွေးနွေးပြီး လုံခြုံရေးကော်မတီအတွင်းရေးမှူး ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်လွင်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံချက်ကိုလည်းကောင်း၊ ရွေးကောက်ပွဲဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များ၊ တရားမဲ့ပြုကျင့်မှုများကိစ္စနှင့်ပတ်သက်၍ ခရိုင်ဥပဒေအရာရှိဦးအုန်းသန်းကလည်းကောင်း ဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရပ်မိရပ်ဖများ၊ စိတ်ပါဝင်စားသူများ တက်ရောက်ကြပြီး ရန်ကုန်မြောက်ပိုင်းခရိုင် ရှစ်မြို့နယ်တွင် မဲရုံပေါင်း ၁၅၅၂ ရုံရှိကြောင်း သိရသည်။

**(လမင်းအောင်)**



# ဂေါ်တန်ကျောက်တင် မော်တော်ယာဉ်ကြီးများ စည်းကမ်းမဲ့စွာရပ်နားနေ၍ အန္တရာယ်ရှိ

**သီပေါ အောက်တိုဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် မန်ဟဲကျေးရွာ အမှတ်(၁) သတ္တုတွင်းလုပ်ငန်း ဂေါ်တန်ကျောက် သတ္တုတွင်းမှ ဘိလပ်မြေပြုလုပ်ရာတွင် လိုအပ်သော ဂေါ်တန်ကျောက်များကို တင်ဆောင်သည့် ခြောက်ဘီး၊ ၁၂ ဘီး၊ ၂၂ ဘီး စသည့် ကုန်တင်ယာဉ်ကြီးများသည် ပြည်မဒေသမှကုန်စည်များကို တင်ဆောင်ပြီး မူဆယ်နှင့်တစ်ဖက်နိုင်ငံသို့ ပို့ဆောင်ပြီး အပြန်ခရီးတွင် ဂေါ်တန်ကျောက်များကို တင်ဆောင်ရန် စည်းကမ်းမဲ့စွာ ရပ်နားထားသည့် ယာဉ်တန်းရှည်ကြီးကို မန္တလေး-လားရှိုး ပြည်ထောင်စုလမ်းမကြီး မန်ဟဲကျေးရွာတွင် အောက်တိုဘာ ၆ ရက်က တွေ့ရှိခဲ့သည်။ **(အပေါ်ယာပုံ)**



"ကျွန်တော်တို့ကလည်း မော်တော်ယာဉ်နဲ့ အသက်မွေးဝမ်းကျောင်းပြုနေရတဲ့ ယာဉ်မောင်းတစ်ဦးပါ။ ဒါပေမယ့် အခုလို ယာဉ်ကြောအတိုင်း မဟုတ်ဘဲ ရပ်ချင်တိုင်းရပ်နေကြတာကတော့ စည်းကမ်းမဲ့လွန်းပါတယ်။ ထိန်းသိမ်းမယ့်သူလည်း မရှိတော့ ယာဉ်အန္တရာယ်ကို ဖိတ်ခေါ်နေသလိုဖြစ်နေတဲ့အတွက် သက်ဆိုင်ရာက အချိန်မီထိန်းသိမ်းပေးဖို့ လိုအပ်နေပါတယ်"ဟု ဒေသခံယာဉ်မောင်းတစ်ဦးက ပြောသည်။ **စိုင်း(သီပေါ)**

# လူသတ်မှုကျူးလွန်၍ ထွက်ပြေးတိမ်းရှောင်နေသူအားတွေ့ရှိက ဆက်သွယ်အကြောင်းကြားနိုင်

**နေပြည်တော် အောက်တိုဘာ ၇**

စက်တင်ဘာ ၂၈ ရက် ည ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ငယ်တိုးကျေးရွာအုပ်စု စစ်ကိုင်း-မန္တလေးကားလမ်း တံတားဖြူအနီး လမ်းယာဘက်ဘေးရေစပ်တွင် အမျိုးသမီးတစ်ဦး၏ အလောင်းအား တွေ့ရှိခဲ့သည်။ ထိုအမှုကို အမရပူရ မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အမျိုးသားရှပ်အင်္ကျီ ခဲရောင်ဝတ်၊ စတီးဆွဲကြိုးတစ်ကုံး ဆွဲထားကာ တင်ပါးအထက်ကျောရိုးတွင် ကနုတ်ပုံဆေးမင်ကြောင်ထိုးထားသော ညိုမည်းဒဏ်ရာ၊ ကြိုးနှင့်တုပ်နှောင်ခံထားရသည့် ဒဏ်ရာများဖြင့် သေဆုံးနေသည့် အလောင်းအားတွေ့ရှိရ၍ အမှုဖွင့်စစ်ဆေးခဲ့သည်။



ထို့နောက် အမရပူရမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းခဲ့ရာ သေဆုံးသူအမျိုးသမီးမှာ ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်နေ မဝေမီထွန်း(၃၆)နှစ်ဖြစ်ကြောင်း သိရပြီး ဆက်လက်စိစစ်ဖော်ထုတ်ချက်များအရ ပြစ်မှုကျူးလွန်သူမှာ မဝေမီထွန်း၏ ခင်ပွန်းဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက်နေ ဦးစိုးကျော်(ခ) ဦးလောက်တာ(ခ) တရုတ်ကြီး(ခ) မင်းသားကြီး(ခ) တာကော (၅၅)နှစ်ဖြစ်ကြောင်း သိရသည်။ ပြစ်မှုကျူးလွန်သူမှာ ထွက်ပြေးတိမ်းရှောင်လျက်ရှိသဖြင့် ဖမ်းဆီးရမိရေးအတွက် သတင်းပေးပို့နိုင်ပါရန် နှိုးဆော်ဆောင်ရွက်ထားရှိပြီး တိုင်းဒေသကြီး/ပြည်နယ်များသို့လည်း ဖမ်းဆီးပေးရန် အကြောင်းကြားထားကြောင်းနှင့် တွေ့ရှိပါက ဖုန်း-၀၂-၃၆၉၈၄၊ ၀၂-၃၆၈၇၁၊ ၀၂-၈၂၁၇၉၊ ၀၂-၇၀၅၈၈၊ ၀၂-၇၀၉၉၈၊ ၀၉-၅၃၁၃၂၅၄၊ ၀၉-၄၂၂၄၈၉၆၀၄ တို့သို့ ဆက်သွယ်အကြောင်းကြားနိုင်ကြောင်း သိရသည်။

**(ရဲပြန်ကြား)**


**ပြောင်းလဲခေါ်ပါရန်**

နောင်ချိုမြို့ တောင်ရပ်ကွက်နယ်မြေ (၇) နေဦးဘိုလာနာသ်၏ သားဖြစ်သူ အထက-နောင်ချို(၁၀)တန်း A တွင် ပညာသင်ကြားနေသော မောင်ဆူနီးလ်အား ယနေ့မှစ၍ မောင်ဆူနေဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဆူနေ**


# တေဇ(၁၈)ကျောင်းဆင်းနှစ်ပတ်လည်နေ့ အခမ်းအနား ဖိတ်ကြားခြင်း

၁၁-၁၀-၂၀၁၅ရက်တွင် ကျရောက်မည့် (၂၄)နှစ်ပြည့် ကျောင်းဆင်းနှစ်ပတ်လည်နေ့အခမ်းအနားအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်သွားမည်ဖြစ်သဖြင့် တေဇ(၁၈)တွင် အတူတကွတက်ရောက်ကျောင်းဆင်းခဲ့ကြသည့် သူငယ်ချင်းများအားလုံး တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

အခမ်းအနားအစီအစဉ်

နံနက်ပိုင်း ။ ၁၁-၁၀-၂၀၁၅ရက်၊ ၁၀း၃၀နာရီ အင်းစိန်၊ ပေါက်တောဝမီးပွိုင့်အနီး၊ ဘုရင့်နောင်လမ်းမကြီး၊ ညောင်ပင်သာကျောင်းတိုက်တွင် ဆရာတော်၊ သံဃာတော်များအား (အရုဏ်ဆွမ်း/နေ့ဆွမ်း)ဆက်ကပ်လှူဒါန်းခြင်း

ညနေပိုင်း ။ ၁၁-၁၀-၂၀၁၅ ရက်၊ ပြည်သူ့ဥယျာဉ် MY GARDEN စားသောက်ဆိုင်၊ (၂၀၁၄/၁၅)ခုနှစ်တွင် ဒသမတန်းအောင်မြင်ခဲ့ကြသည့် (သား/သမီး)များအား ဆုချီးမြှင့်ခြင်းနှင့် မိသားစုမိတ်ဆုံစားပွဲကျင်းပခြင်း

ဆက်သွယ်ရန်ဖုန်းနံပါတ်များ

ဇင်မင်းထူး -၀၉-၅၀၂၅၂၈၄၊ စန်းလင်း ၀၉-၅၅၅၂၁၁၁၊ နေသွေး -၀၉-၄၅၀၀၁၃၁၀၀၊ ခင်ဇော်ဝင်း -၀၉-၂၅၄၀၇၂၀၅၄
ကျော်သိန်းစိုး-၀၉-၅၁၅၄၈၇၄

သာရေး၊ နာရေးကော်မတီ
တေဇ(၁၈)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
# ရန်ကုန်တိုင်းဒေသကြီး မီးလင်းရေးကော်မတီ
# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း


၁။ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ဆောင်ရွက်မည့် လျှပ်စစ်မီးလင်းရေး လုပ်ငန်းများအတွက် လိုအပ်သော အောက်ပါ ကွန်ကရစ်ကျောက်တိုင် (၄)မျိုးကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

(က) (၁၂)မီတာ ကွန်ကရစ်ကျောက်တိုင်(၂၇)တိုင်
(ခ) (၁၀)မီတာ ကွန်ကရစ်ကျောက်တိုင်(၁၁၃၄)တိုင်
(ဂ) (၉)မီတာ ကွန်ကရစ်ကျောက်တိုင် (၄၈၆၈)တိုင်
(ဃ) (၈)မီတာ ကွန်ကရစ်ကျောက်တိုင် (၅၀)တိုင်

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို ၈-၁၀-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်တိုင်းဒေသကြီးမီးလင်းရေးကော်မတီရုံးတွင် ရောင်းချမည်ဖြစ်ပြီး ၁၆-၁၀-၂၀၁၅ရက်၊ နံနက် ၁၁း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများ တင်သွင်းရန်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရန်ကုန်တိုင်းဒေသကြီး မီးလင်းရေးကော်မတီရုံး၊ အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဓာတ်အားဖြန့်ဖြူးရေးဌာန၊ အလုံမြို့နယ်။ ဖုန်း-၀၉-၈၅၆၈၉၉၀၊ ၀၁-၂၂၇၆၇၃သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ရန်ကုန်တိုင်းဒေသကြီးမီးလင်းရေးကော်မတီ






**မီးသတိပြု**

# လယ်မြေ ဧက ၇၀၀ အတွက် လျှပ်စစ်ရေတင်လုပ်ငန်း နှစ်ခုဆောက်လုပ်

**ခင်ဦး အောက်တိုဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့ အရှေ့ဘက်ခြမ်းရှိ လျှပ်စစ်ရေတင်လုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၅ ရက်က တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစောမြင့်ဦး၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးရာဇာအေးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခင်ဦးမြို့ အရှေ့ဘက်ခြမ်း မိုးကောင်းသောက်လယ်မြေများ စိုက်ပျိုးရေရရှိရန် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၁၅ - ၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် အောင်မင်္ဂလာ-၂ လျှပ်စစ်ရေတင်လုပ်ငန်းနှင့် အောင်သီရိ လျှပ်စစ်ရေတင်လုပ်ငန်းများကို ဇွန် ၁၀ ရက်က စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တာဝန်ရှိသူများ၏ပြောပြချက်အရ သိရသည်။

အောင်မင်္ဂလာ-၂ လျှပ်စစ်ရေတင်လုပ်ငန်းကို ရွှေဂျိုးဖြူရတနာ ကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိပြီး ၎င်းလုပ်ငန်းပြီးစီးပါက ရေသောက်ဧရိယာဧက ၄၀၀ ကိုလည်းကောင်း၊ အောင်သီရိ လျှပ်စစ်ရေတင်လုပ်ငန်းကို ငွေယမင်းကုမ္ပဏီက တာဝန်ယူ ဆောက်လုပ်လျက်ရှိပြီး ၎င်းလုပ်ငန်းပြီးစီးပါက ရေသောက်ဧရိယာဧက ၃၀၀ ကိုလည်းကောင်း အကျိုးပြုနိုင်မည်ဖြစ်သည်။

အဆိုပါ လျှပ်စစ်ရေတင်လုပ်ငန်းများကို ကင်းတပ်လက်ဝဲမြောင်းမကြီး (OMC) မှ လျှပ်စစ်ပန့်မော်တာများဖြင့် ရေပေးဝေသွားမည်ဖြစ်ကြောင်း သိရသည်။

**ခင်ဦးစိုးဝေ**



# မအူပင်မြို့နယ် ကျွဲဒုံးတိုက်နယ်ရှိ ကျေးရွာများလျှပ်စစ်မီးလင်းတော့မည်

**မအူပင် အောက်တိုဘာ ၇**

မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ကျေးလက်များ လျှပ်စစ်မီးရရှိရေး ဆောင်ရွက်လျက်ရှိရာ ကျွဲဒုံးတိုက်နယ်အုပ်စု အတွင်းရှိ ကျွဲဒုံး၊ ဘီးလင်း၊ ညောင်ပင်ဂရက်၊ တာပတ်၊ သပြေဆိပ်၊ ကျုံကရင်၊ဗျိုင်းဆယ်နှင့် ဆိပ်သာ၊ သာယာကုန်း ကျေးရွာများ မီးလင်းရေးအတွက် ဓာတ်တိုင်များစိုက်ထူခြင်း၊ လျှပ်စစ်ကြိုးများသွယ်တန်းခြင်း၊ အိမ်သုံးမီတာများတပ်ဆင်ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဇော်ဝင်းနှင့် ဝန်ထမ်းများ၊ ကျေးလက်မီးလင်းရေးကော်မတီများ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီများက ဆောင်ရွက်လျက်ရှိပြီး မကြာမီ မီးလင်းတော့မည်ဖြစ်သည်။

အဆိုပါကျေးရွာများရှိ ကျေးလက်ပြည်သူများအနေဖြင့် မကြာမီ လျှပ်စစ်မီးသုံးစွဲခွင့်ရတော့မည်ဖြစ်သဖြင့် ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**မအူပင်ခရိုင်(ပြန်/ဆက်)**

# တောင်သာနယ်ထွက် ထန်းလျှော်တောင်းများအား မိုဘိုင်းစနစ်ဖြင့်ရောင်းချလာ

**တပ်ကုန်း အောက်တိုဘာ ၇**

ကျေးလက်အရပ်လည်ရောင်းသည့် မုန့်မျိုးစုံသည်၊ ဟင်းချက်စရာမျိုးစုံသည် စက်ဘီးဖြင့် လှည့်လည်ရောင်းချမှုများ ရှိလာသကဲ့သို့ တောင်သာနယ်ထွက် ထန်းလျှော်တောင်းများမှာလည်း စက်ဘီးအသုံးပြုကာ မိုဘိုင်းစနစ်ဖြင့်ရောင်းချ၍ ကျေးလက်နေတောင်သူများနှင့် ရောင်းသူ၊ ဝယ်သူ အဆင်ပြေလျက်ရှိလာသည်။

ယခုအချိန်တွင် သီးနှံထွက်ချိန်၊ စပါးပေါ်ချိန်ဖြစ်သဖြင့် အဆိုပါ တောင်းများအသုံးလိုချိန်ဖြစ်ကာ တောင်းရက်သူများ၊ ရောင်းချသူများမှာ အလုပ်ဖြစ်လျက်ရှိကြောင်းသိရသည်။

"မိသားစုစားဝတ်နေရေးအဆင်ပြေစေရေးအတွက် တောင်သူလုပ်ငန်းအပြင် တစ်ပိုင်တစ်နိုင် ထန်းလျှော်တောင်း ရက်လုပ်တဲ့ လုပ်ငန်းကိုလုပ်ကိုင်ပါတယ်။ ထန်းလျှော်ပြား တစ်ပြား ၂၅ ကျပ် နဲ့ဝယ်ယူပြီး တောင်းရက်လုပ်ရာမှာလည်း ခွဲတောင်းမှာ တိုင်ပင်၁၆ပင်၊ ပတ်ပင် ၂၅ ပင်၊ အနားကွပ် ၁၃ပင်၊ တင်းတောင်းမှာ တိုင်ပင် ၁၈ပင်၊ ပတ်ပင် ၅၀၊ အနားကွပ်ကိုးပင်၊ တစ်တင်းခွဲတောင်းမှာ တိုင်ပင် ၂၀၊ ပတ်ပင် ၆၀၊ အနားကွပ် ၁၃ ပင်တို့ ကုန်ကျခံကာ ရက်လုပ်ရပါတယ်။

တစ်ရွာဝင်၊ တစ်ရွာထွက် သွားလာရောင်းချရာမှာ ခွဲတောင်းက ကျပ် ၁၅၀၀၊ တင်းတောင်းမှာကျပ် ၂၅၀၀၊ တစ်တင်းခွဲတောင်းမှာ ကျပ် ၃၀၀၀ ရရှိပါတယ်။ အကြီး၊အသေး တစ်နေ့အလုံး ၂၀ လောက်ရောင်းချရပါတယ်။တပ်ကုန်းမြို့နယ်က ကျေးရွာတွေမှာ အခုချိန် ပဲတီစိမ်း၊ ပြောင်းဖူး၊ စပါးပေါ်ချိန်အမီ လာရောက်ရောင်းချလို့ ရောင်းသူ၊ ဝယ်သူ အဆင်ပြေပါတယ်" ဟု တောင်သာမြို့နယ် သံဘိုအရှေ့ကျေးရွာမှ ထန်းလျှော်တောင်းရောင်းချသည့် ဦးစိုးသိန်းက ပြောပြသည်။

ဖွံ့ဖြိုးတိုးတက်လာသောကာလတွင် ကျေးရွာချင်းဆက်လမ်းများကောင်းမွန်လာသဖြင့် ရောင်းဝယ်မှုနှင့် ကူးသန်းသွားလာမှုအဖြစ် ယာဉ်များစွာကို အသုံးပြုလာခဲ့သည်။ စက်ဘီး၊ ဆိုင်ကယ်၊ သုံးဘီးဆိုင်ကယ်များ အသုံးပြုလာခြင်းနှင့်အတူ ရောင်းဝယ်ဖောက်ကားမှုတွင် မိုဘိုင်းစနစ်ကို တွင်ကျယ်စွာ အသုံးပြုလာကြသည်။

**တင်စိုးလွင်**



# တိမ်မြုပ်နေသောအခွန်ငွေများ ဖော်ထုတ်ကောက်ခံမည်

**စေတုတ္တရာ အောက်တိုဘာ ၇**

မကွေးတိုင်းဒေသကြီး စေတုတ္တရာမြို့နယ်အတွင်း ဌာနဆိုင်ရာ၂၉ ခုမှ ကောက်ခံနိုင်ခြင်းမရှိခဲ့သော တိမ်မြုပ်ခွန်များဖြစ်သည့် အိမ်ခွန်(အဆောက်အအုံခွန်)၊ လမ်းမီးခွန်၊ အညစ်အကြေးခွန်၊ ရေခွန်များအား ဒေသအကျိုးပြုလုပ်ငန်းများ၌ ထည့်ဝင် အသုံးပြုနိုင်ရန် မကွေးတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့၏ ညွှန်ကြားချက်အရ ဖော်ထုတ် ကောက်ခံတော့မည်ဖြစ်ကြောင်း သိရသည်။

"အခွန်လေးရပ်ကို မြို့တိုင်းမှာ ဌာနဆိုင်ရာတွေဆီက ကောက်ခံနေကြပါတယ်။ စေတုတ္တရာမြို့မှာ အရင်က ကောက်ခံနိုင်ခြင်းမရှိခဲ့ပါဘူး။ မြို့ကငယ်ပြီး ဌာနဆိုင်ရာလည်း နည်းပါတယ်။ ဒီဘက်နှစ်တွေမှာ ဌာနဆိုင်ရာ အဆောက်အအုံတွေ တိုးတက်လာပါတယ်။ လမ်းပန်းဆက်သွယ်ရေး ကဏ္ဍတွေလည်း အရှိန်အဟုန်မြင့် ဆောင်ရွက်လာတာတွေ့ရပါတယ်။ ပြည်သူ့အကျိုးပြု လုပ်ငန်းတွေမှာ ထည့်သွင်းဆောင်ရွက်နိုင်ဖို့ တိမ်မြုပ်ခွန်တွေ ပြန်လည်ဖော်ထုတ်ဖို့ လိုအပ်လာတာကြောင့် မြို့နယ်အုပ်ချုပ်ရေးအဖွဲ့အစည်းထံလည်း တင်ပြထားပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာတွေကိုလည်း မေတ္တာရပ်ခံစာတွေ ပေးပို့ထားပါတယ်" ဟု စည်ပင်သာယာအမှုဆောင်အရာရှိ ဦးသိန်းဝင်းက ပြောသည်။

တိမ်မြုပ်ခွန်များ ပြန်လည်ဖော်ထုတ်နိုင်ရန်အတွက် ဌာနဆိုင်ရာများအနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဌာနဆိုင်ရာ အဆောက်အအုံခွန်(ပစ္စည်းခွန်)များ ပေးဆောင်ရမည်ဖြစ်ပြီး ဘတ်ဂျက်တောင်းခံရာတွင် ထည့်သွင်းတောင်းခံကြရန်လိုကြောင်း၊ အခွန်ကောက်ခံရာတွင် သတ်မှတ်ထားသောဌာနဆိုင်ရာ စံနှုန်းများထက်လျော့ပြီး အိမ်ခွန် ခုနစ်ရာခိုင်နှုန်း၊ မီးခွန်သုံးရာခိုင်နှုန်း၊ အညစ်အကြေးခွန်သုံးရာခိုင်နှုန်း စုစုပေါင်း ၁၃ ရာခိုင်နှုန်းသာ ကောက်ခံမည်ဖြစ်ကြောင်း၊ ရေပေးဝေနိုင်ခြင်းမရှိသည့်အတွက် ရေခွန်မပါသေးကြောင်း၊ ရရှိလာသောအခွန်ငွေများကို ဒေသတွင်း Infrastructure အခြေခံအဆောက်အအုံများဖြစ်သည့် လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီးစသည့် လိုအပ်ချက်များတွင် ထည့်သွင်း အသုံးပြုသွားမည်ဖြစ်ကြောင်း တာဝန်ရှိသူများ၏ ပြောပြချက်အရ သိရသည်။

**ဇေယျာတု(မကွေး)**

# စဉ့်ကိုင်မြို့နယ် မုန့်ပေါင်းကျေးရွာတွင် မြေငှားဂရန်များပေးအပ်ပွဲအခမ်းအနားကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် မုန့်ပေါင်းကျေးရွာအုပ်စု မုန့်ပေါင်းကျေးရွာတွင် မြေငှားဂရန်များ ပေးအပ်ပွဲအခမ်းအနားကို အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီခွဲကမုန့်ပေါင်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ကျောက်ဆည်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အမှာစကားပြောကြားပြီး မုန့်ပေါင်းကျေးရွာမှ အိမ်ထောင်စု ၄၄ စုအား ခရိုင်အုပ်ချုပ်ရေးမှူးနှင့် ကျောက်ဆည်ခရိုင် လုပ်ငန်းအဖွဲ့တာဝန်ရှိသူများမှ မြေငှားဂရန်များထုတ်ပေးရာ ကျေးရွာမြေဂရန်ရှိသည့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်စား ကျေးရွာပြည်သူတစ်ဦး ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ မုန့်ပေါင်းကျေးရွာမှာ မူလရွာမြေရှိတဲ့သူတွေကို မြေငှားဂရန်တွေထုတ်ပေးတာဖြစ်ပြီး ကျောက်ဆည်၊ တံတားဦး၊ မြစ်သားမြို့နယ်များတွင်လည်း ဆက်လက်ထုတ်ပေးသွားမှာဖြစ်ပါတယ်။ ကျေးရွာပြည်သူများ ပိုင်ဆိုင်သောမြေငှားဂရန်များကို ကျောက်ဆည်ခရိုင်အတွင်းမှာ ပထမဦးဆုံး ထုတ်ပေးနိုင်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာဖြစ်ပါတယ်" ဟု ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က ပြောသည်။

**တင်တင်ထွေး**

# မအူကုန်း၊ အရိုးကုန်းရပ်ကွက်များတွင် ရေဝပ်ရေလျှံမှုမရှိစေရေးဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၇**

ရန်ကုန်တောင်ပိုင်းခရိုင် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဇော်ဝင်းနှင့် အတွင်းရေးမှူး ဦးအောင်သန်းထွဋ်တို့သည် အောက်တိုဘာ ၆ ရက်က တာမွေမြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များလိုက်ပါလျက် မအူကုန်း၊ အရိုးကုန်းရပ်ကွက်များတွင် ရေဝပ်ရေလျှံမှုမရှိစေရေးအတွက် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

"ကျိုက္ကဆံလမ်း အလုပ်သမားဆေးရုံဘက်ကနေ စီးဆင်းတဲ့ ရေဆိုးတွေက အရိုးကုန်းနဲ့ မအူကုန်းရပ်ကွက်တွေမှာ မြေအောက်မြောင်းအနေနဲ့ စီးဆင်းတဲ့အခါ မြောင်းကသေးတော့ရေလျှံတယ်။ အဲဒီမြောင်းအစအဆုံး ပေ ၁၂၅၀ ကို အကျယ် ၅ ပေ၊ အနက် ၇ ပေ အထိ မြေအောက်မြောင်းမဟုတ်ဘဲ မြောင်းဖုံးနဲ့ လုပ်ပေးနေတာပါ" ဟု မြို့နယ်အင်ဂျင်နီယာဌာန လမ်းတံတားတာဝန်ခံက ရှင်းပြသည်။

အဆိုပါ မြေအောက်မြောင်းသည် (၁၃၅)လမ်းတစ်လျှောက်မှ လမ်း(၁၄၀)တစ်လျှောက် ဆောင်ရွက်ပေးမှာဖြစ်ပြီး ယင်းရပ်ကွက်များမှာ အနိမ့်ပိုင်းကျကာ နှစ်စဉ် ရေဝပ်ရေလျှံမှုဖြစ်ကြောင်း သိရသည်။ ၅၉၇

# မန်းတွင် အရက်ယမကာသောက်သုံးမှုလျော့ကျရေး အထိမ်းအမှတ်ပြိုင်ပွဲ ဆုချီးမြှင့်

**မန္တလေး အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး အရက်ယမကာ သောက်သုံးမှုလျော့ကျရေး အထိမ်းအမှတ် ဆုချီးမြှင့်ပွဲ အခမ်းအနားကိုအောက်တိုဘာ ၄ ရက် နံနက် ၉နာရီက မန္တလေး ချမ်းအေးသာစံမြို့နယ် အမှတ်(၁၆) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာဆောင်၌ကျင်းပရာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင် တက်ရောက်အမှာစကားပြောကြားပြီး ဆုများချီးမြှင့်ခဲ့ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာသိန်းဆွေ၊ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာဝင်းနိုင်နှင့် တာဝန်ရှိသူများ၊ စိတ်ကျန်းမာရေးဆိုင်ရာ အထူးကုဆရာဝန်ကြီး ဒေါက်တာဘိုဘိုညဏ်နှင့် ဆရာဝန်များ၊ ပညာရေးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးကြက်ခြေနီ တပ်ဖွဲ့ဦးစီးမှူး(ပထမတန်း)ဦးဘုန်းကျော်နှင့် တပ်ဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ရှေးဦးစွာ အ-ထ-က(၁၆) ကျောင်းသား၊ ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းဖြင့် ဖျော်ဖြေပြီး အခမ်းအနားကို ဖွင့်လှစ်ခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက အမှာစကားပြောကြားပြီး ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းဒုတိယဥက္ကဋ္ဌက ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ပူးပေါင်းကာ အရက်ယမကာ သုံးစွဲမှုထိန်းချုပ်ရေးဝါဒနှင့် မဟာဗျူဟာများ ရေးဆွဲနိုင်ရေးဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ စိတ်ကျန်းမာရေးဆိုင်ရာအထူးကုဆရာဝန်ကြီးကအရက်ယမကာနှင့် ကျန်းမာရေး သိကောင်းစရာများကို ပြောကြားပြီး ပုံပြောပြိုင်ပွဲတွင် ဆုရရှိခဲ့သော ကျောင်းသားတစ်ဦးက ကျောင်းသားထုအတွင်း အရက်ယမကာ သောက်သုံးမှုလျော့ကျရေးနှင့် ပတ်သက်၍ပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ပြည်သူ့ကျန်းမာရေး ဖောင်ဒေးရှင်း၊ ဒုတိယဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးတို့က တိုင်းဒေသကြီးအဆင့် ကျောင်းသားထုအတွင်း အရက်ယမကာသောက်သုံးမှုလျော့ကျရေး မူလတန်းအဆင့်ပုံပြောပြိုင်ပွဲ၊ အလယ်တန်းအဆင့် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲတို့တွင် ဆုရ ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြသည်။

**မောင်ပြည်သူ(မန္တလေး)**

ဖတ်စရာ

# ရွှေဆည်မြို့ရဲ့ ရိုးရာဆင်လှူပွဲတော် (ဆင်ပြိုင်ပွဲ)ကြီး နီးလာ၍ အပြိုင်နွှဲကြတော့မည်

**ခဲ ထွန်းထွန်းနိုင်(ကျောက်ဆည်)**

မြန်မာတွင်သာမက ကမ္ဘာထိကျော်ကြားသည့် ရိုးရာဆင်လှူပွဲတော်ကြီး ကျင်းပတော့မည်ဖြစ်၍ ရွှေဆည်သူ ရွှေဆည်သားတို့ သူ့ထက်ငါ အပြိုင်နွှဲနိုင်ရေး ကြိုတင်စီစဉ်နေကြပေပြီ။

ကျောက်ဆည်မြို့ရဲ့ ဆင်လှူပွဲတော်ကြီးသည် နယ်သူနယ်သားများက အပျော်သက်သက်အတွက် ကျင်းပခြင်းမဟုတ်။ ဆရာမောင်ခိုင်ကျော်ရေးဖွဲ့ခဲ့တဲ့ ရွှေဆည်မြို့ရဲ့ ဆင်ပွဲတော်ကဗျာအတိုင်း လယ်တွင်းကိုးခရိုင်ကို စပါးဆန်ရေ ပေါများကြွယ်ဝအောင် လုပ်ဆောင်ပေးခဲ့သော အနော်ရထာမင်းကြီး၏ ကျေးဇူးတော်ကိုဆပ်ခြင်းဖြင့် ကျင်းပခဲ့ကြသည်။

ကျောက်ဆည်မြို့ ဆင်လှူပွဲတော်ကို မည်သည့်ခုနှစ်က စတင်ကျင်းပခဲ့သည်ကို သမိုင်းအထောက်အထားများအရ ရှာဖွေမတွေ့ရှိခဲ့သော်လည်း နှစ်စဉ် ရှေးရိုးစဉ်လာမပျက် ရိုးရာပွဲတော်အဖြစ် ကျင်းပလာခဲ့သည်မှာ အနော်ရထာမင်းလက်ထက်မှစ၍ ယနေ့ထက်တိုင် နှစ်ပေါင်း ၉၀၀ ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။

နှစ်စဉ်နှစ်တိုင်းလည်း ပြိုင်ပွဲရက်ကို သီတင်းကျွတ်လဆန်း ၁၄ ရက်တွင် ဆင်ပြိုင်ပွဲတော်ကြီးကို ကျင်းပ၍ သီတင်းကျွတ်လပြည့်နေ့တွင် ရွှေသာလျောင်းစေတီထက်သို့တက်ကာ ဆင်လှူပွဲတော်ကို ကျင်းပကြသည်။

ကျောက်ဆည်မြို့ ဆင်လှူပွဲတော် ပေါ်ပေါက်လာရခြင်းသမိုင်းအကျဉ်းမှာ သက္ကရာဇ် (၃၇၉) ခုနှစ်တွင် နန်းတက်တော်မူသော ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် သက္ကရာဇ် (၃၉၅) ခုနှစ်တွင် ကျောက်ဆည်ကိုးခရိုင်နယ်မြေတွင် ဆည်မြောင်း၊ ကန်ချောင်းတို့ကို တည်ဆောက်ဆယ်ဖို့တော်မူစဉ် ကာလဖြစ်သည်။ အနော်ရထာမင်းကြီးသည် သီဟိုဠ်ဘုရင်၊ ဓာတုသေနမင်းထံမှ ပင့်ဆောင်ရရှိတော်မူသော ဂေါတမမြတ်စွာဘုရား၏ လက်ဝဲအောက်စွယ်တော်ပွားကို အရှင်အရဟံ၏ညွှန်ကြားချက်ဖြင့် ဆင်မယဉ်သာပေါ်သို့တင်၍အဓိဋ္ဌာန်ပြုစေလွှတ်တော်မူခဲ့သည်။

ဆင်မယဉ်သာသည် ရွှေစည်းခုံ ပစ္စယံသုံးဆင့်၌ ဝပ်တော်မူသည်။ ထိုစွယ်တော်ကို ဥာပနာခါနီး အဓိဋ္ဌာန်ပြုပြန်ရာ စွယ်တော်တစ်ဆူပွားပြန်သည်။ အဓိဋ္ဌာန်ပြုပြီး ဆက်လက်စေလွှတ်ရာ တန့်ကြည်တောင်ထက်တွင် ဝပ်တော်မူသည်။ ထိုတွင်စေတီတော်တည်၍ ဥာပနာပြီး ဆင်မယဉ်သာကို ဆက်လွှတ်ရာ ရှေးနည်းအတိုင်း လောကနန္ဒာဆိပ်ကမ်းတွင် တစ်ဆူ၊ တူးရွှင်းတောင်ဖျားတွင်တစ်ဆူ၊ ထိုမှဆက်လက်ရာ ဆင်ဖြူသည် အရှေ့မျက်နှာအရပ် မြင်စိုင်းနယ် ကျောက်ဆည်တည်ရာသာ လျောင်းတောင်ထိပ်သို့တက်၏။

တောင်ထိပ်တွင် ခေတ္တလဲလျောင်းပြီးနောက် ချက်ချင်းဆင်းသွားကာ သံရွာနယ်တောင်တော်တောင်ထက်သို့တက်၍ ခတ္တာရပ်တော်မူသည်။ ထိုမှ ခရွှေတောင်ထက်သို့တက်၍ ဝပ်လေသည်။

သက္ကရာဇ် (၃၉၅) သာလျောင်းတောင်ထက်နှင့် ခရွှေတောင်ထက်တို့တွင် တစ်ပြိုင်တည်း စေတီတစ်ဆူစီကို တည်တော်မူပြီး သာလျောင်းတောင်ထက်၌တည်သော စေတီကို ရွှေသာလျောင်းစေတီဟု အမည်တွင်၏။

အနော်ရထာမင်းကြီးက သီတင်းကျွတ်လပြည့်နေ့တိုင်း၌ ဆွမ်းတော်ကြီးကပ်လှူပွဲနှင့် တပေါင်းလ၌ ပွဲတော်ကျင်းပရန် ကလန်၊ သံပျင်တို့ကို ဆင့်ဆိုမှာကြားတော်မူခဲ့၏။ စွယ်တော်တင်သော ဆင်မယဉ်သာ(ဆင်ဖြူ) ကိုလည်း ငါကဲ့သို့ပင် အမှတ်တရ ဆင်ရုပ်တို့ဖြင့် လှူဒါန်းပူဇော် အမျှပေးဝေကြစေရန် အဓိဋ္ဌာန်ထားတော်မူခဲ့ရာ သီတင်းကျွတ်လ၌ ဆွမ်းတော်ကြီးကပ်ပွဲနှင့်အတူ ဆင်လှူပွဲတော် ပြုလုပ်ရခြင်းဖြစ်လေသည်။

ရှေးယခင်က ဆင်လှူပွဲတော်ကို ဆွမ်းတော်ကြီးကပ်ပွဲတွင် မုန့်ရုပ်ဆင်များ ထည့်ဝင်လှူဒါန်းရာမှ အရုပ်ဆင်များ ပါဝင်လှူဒါန်းလာကြသည်။ ကနဦး အရုပ်ဆင်များမှာ (၁) ထမ်းစင်ပေါ်တွင် ဝပ်ဆင်၊ ဆင်ဖြူတော် ခေါင်းမလှုပ်၊ (၂) ထမ်းစင်ပေါ်တွင် ဆင်ဖြူတော်ခေါင်းလှုပ်၊ နားရွက်ခတ်၊ (၃) ထမ်းစင်ပေါ်တွင် မတ်တပ်ရပ် ဆင်ခေါင်း၊ နှာမောင်းလှုပ်ခတ်နိုင်ပြီး ထိုမှတစ်ဆင့် ရွှေဆင်ရုပ်၊ ငွေဆင်ရုပ် စသည်တို့ဖြင့် တီထွင်ခဲ့ကြသည်။

ယခုခေတ် လူများဝင်၍ကရသော မြေနင်းဆင်ရုပ်များကို ကျောက်ဆည်မြို့ ညောင်ခြောက်ပင်ရပ်ဆရာငယ်က စတင်တီထွင်၍ နွဲ့ဆိုးဟူသောအမည်ဖြင့် (၁၉၂၅) ခုနှစ်ခန့်က စတင်ပွဲထုတ်ခဲ့သည်။ ထိုမှတစ်ဆင့် ဆင်ချိုးပညာဆင့်ပွားကာ ယခုမြင်တွေ့နေရသော မြေနင်းဆင်ရုပ်များဖြင့် ဆင်လှူပွဲတော်ကြီးကို ကျင်းပခဲ့ကြသည်။

ဆင်အကအလှ ပြိုင်ပွဲဝင်မည့် ဆင်အဖွဲ့များအနေဖြင့် တစ်ဦးတစ်ယောက်ချင်းပြိုင်ရသည့် ပြိုင်ပွဲမျိုးမဟုတ် လူအများစုပေါင်းကာ အသင်းအဖွဲ့ဖြင့် ပြိုင်ရသည့် ပြိုင်ပွဲဖြစ်သဖြင့် ပြိုင်ပွဲကာလမရောက်ခင် ကြိုတင်စီစဉ်ကြရသည်။ ယှဉ်ပြိုင်သည့်အခါတွင်လည်း ဘုရားပင့်၊ နတ်ပင့်(စတော်တိုက်)၊ ဆင်ကြိမ်း၊ လေးခင်း၊ အရိုင်က၊ ဗုံထောက်၊ မိမိတို့၏ ပြိုင်ပွဲဝင် စိတ်ကြိုက်သီချင်းများဖြင့် ပါဝင်ယှဉ်ပြိုင်ရပြီး အမှတ်ပေးသည့်အခါ မြန်မာမှုမြန်မာဟန်နှင့် ကိုက်ညီသည့် ဆင်၏အမည်၊ ဆင်၏အလှ၊ ဆင်အက၊ ပြိုင်ပွဲသီချင်း၊ အဆို၊ အတီး၊ အဖွဲ့၏ စည်းလုံးညီညွတ်မှုနှင့် စည်းကမ်းလိုက်နာမှုတို့ကို ကြည့်ရှုကာ အမှတ်ပေးခြင်းကြောင့် အတီးနှင့်အက ဟန်ချက်ညီဖို့ အရေး၊ သမိုင်းဂုဏ်ရောင် ဖော်ထုတ်နိုင်မည့် သီချင်းများဖြစ်ရေးတို့အတွက် ဆင်အဖွဲ့များသည် ငွေကုန်ကြေးကျ အကုန်အကျခံသည့်အပြင် ဆင်ပွဲနီးလာရင် နေ့မအိပ်၊ ညမအိပ် အပြိုင်လေ့ကျင့်ကြရသည်။

ယခင်က ဆင်လှူပွဲတော်နှင့် ဆင်အကအလှပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ဆင်များသည် ဒိုးပတ်၊ နှဲ၊ လင်းကွင်း၊ မောင်း၊ ဝါးလက်ခုပ် စသည်များဖြင့် မြို့မဈေးကြီးကို လမ်းလျှောက်၍သာ ယှဉ်ပြိုင်ခဲ့ကြပြီး တိုးတက်ပြောင်းလဲလာသော ခေတ်စနစ်အရ နှစ်အနည်းငယ်အတွင်းမှ စတင်ကာ ယခုလက်ရှိအချိန်ထိ ကားကြီး၊ ကားငယ် အသွယ်သွယ်ဖြင့် ခေတ်ပေါ်တေးဂီတများဖြင့် ပါဝင်ယှဉ်ပြိုင်ကြလျက်ရှိသည်။ ထို့ကြောင့် ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများက ရိုးရာမပျောက်ပျက်ရေးအတွက် ဒိုးပတ်၊ နှဲ၊ လင်းကွင်း၊ မောင်း၊ ဝါးလက်ခုပ်များဖြင့် ပါဝင်ယှဉ်ပြိုင်သော ဆင်များကို ရှေးရိုးရာဆုများ ချီးမြှင့်ကာ ဆောင်ရွက်လျက်ရှိသည်။

ဆင်အကအလှပြိုင်ပွဲကို သီတင်းကျွတ်လဆန်း ၁၄ ရက် တစ်ရက်တည်းသာ ကျင်းပသောကြောင့် လူငယ်များသည် မိမိတို့ပြင်ဆင်ထားရှိမှုနှင့် ပျော်ရွှင်ရသည့်အချိန်နည်းပါးသောကြောင့် ယခင်သုံးနှစ်ဝန်းကျင်မှ စတင်ကာ သီးတင်ကျွတ်လဆန်း ၁၃ ရက်နေ့ညပိုင်းတွင်ပါ မြို့တွင်းသို့ လှည့်လည်ကပြ ဧည့်ခံလေ့ရှိလာကြသည်။ ထိုညတွင်လည်း ဆင်ပွဲတော်အလား စည်ကားလာခဲ့သည်။

ယခုနှစ် ဆင်ပြိုင်ပွဲကြီးကို ၁၃၇၇ ခုနှစ် သီတင်းကျွတ်လဆန်း ၁၄ ရက်၊ အောက်တိုဘာ ၂၇ ရက် အင်္ဂါနေ့တွင် ရိုးရာမပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် ကြိုတင်စီစဉ် ဆောင်ရွက်လျက်ရှိသည်။ ဆင်ပွဲတော်ကြီးတွင် ရိုးရာဆင်၊ ဘော်ကြယ်ဆင်၊ ကလေးဆင်ဟူ၍ ပြိုင်ပွဲအမျိုးအစားသုံးမျိုးဖြင့် ကျင်းပသွားမည်ဖြစ်သည်။

ဆင်အကပြိုင်ပွဲတွင် ဆုရရှိသည့်ဆင်များကို ပြိုင်ပွဲကျင်းပရေးကော်မတီမှ ဆုချီးမြှင့်မည့် ဆုငွေအတိုင်း ကမ္ဘောဇဘဏ် (ကျောက်ဆည်) မှလည်း ဆုချီးမြှင့်မည်ဖြစ်သည်။ ပြိုင်ပွဲဝင်ဆင်အဖွဲ့များအပြင် နှစ် ၃၀ အထက် နှစ်စဉ်မပျက် လှည့်လည်ဖျော်ဖြေသော ဆင်များကို ဖွဲ့ဆုအဖြစ်လှည်းကောင်း ဒိုး၊ နှဲ၊ လင်ကွင်း၊ မောင်း၊ ဝါးလက်ခုပ်များဖြင့် ရှေးရိုးရာအတိုင်း မြို့မဈေးကို သုံးပတ်ပြည့်အောင် မြေပေါ်တွင်သာ လှည့်လည်ကြသော ဆင်အဖွဲ့များကို ရှေးရိုးရာဆုများ ချီးမြှင့်သွားမည်ဖြစ်သည်။

ကျောက်ဆည်နယ်သူနယ်သားများသည် အနော်ရထာမင်းကြီး၏ ဆောင်ရွက်ပေးတော်မူခဲ့သည့် ဆည်မြောင်း ကန်ချောင်းတို့ကို အသုံးပြုကာ စိုက်ပျိုးမွေးမြူလုပ်ကိုင် စားသောက်နေသောကြောင့် ကျေးဇူးတော်ကို အောက်မေ့ကာ ကျင်းပလျက်ရှိသည့် ဆင်လှူပွဲတော် (ဆင်ပြိုင်ပွဲ)ကြီးတွင် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများသာမက ကမ္ဘာ့နိုင်ငံအများအပြားမှ နိုင်ငံခြားခရီးသွားဧည့်သည်များပါ ပါဝင်ဆင်နွှဲနိုင်ရေး ခရီးစဉ်များ တကူးတကရေးဆွဲကာ လာရောက်လျက်ရှိကြသည်။

နှစ်ပေါင်း ၉၀၀ ကျော်တိုင် ရှေးရိုးစဉ်လာမပျက် နှစ်စဉ်ကျင်းပခဲ့သောပွဲတော်ကို ကိုယ်တိုင်ပါဝင်ဆင်နွှဲနိုင်ရန် အရောက်လာခဲ့ပါဟု ဖိတ်ခေါ်လိုက်ပါသည်။

**ပညာရည်ချွန်ဆုချီးမြှင့်ရန် ဖိတ်ကြားခြင်း**

၂၀၁၄-၂၀၁၅ စာသင်နှစ်အတွင်း တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် အောင်မြင်ခဲ့သော 'တန်' မျိုးနွယ်ဝင်မိသားစုများ၏သား၊ သမီးများအား ဆုချီးမြှင့်မည်ဖြစ်ပါသဖြင့် အောက်ပါအစီအစဉ်အတိုင်း ဆက်သွယ်ပေးပါရန် အကြောင်းကြားအပ်ပါသည်။

လျှောက်လွှာစတင်ထုတ်ပေးမည့်ရက် - ၅-၁၀-၂၀၁၅ ရက်မှ
၂၁-၁၀-၂၀၁၅ ရက်ထိ
နံနက် ၉း၀၀နာရီ - ၁၁း၀၀နာရီ
မွန်းလွဲ ၃း၀၀နာရီ- ၅း၀၀နာရီ

လျှောက်လွှာထုတ်ပေးမည့်နေရာ - အမှတ်(၅၇/၅၉)၊
လသာလမ်း(အောက်လမ်း)၊
အိန်းချွန်းတောင်ဘုရားကျောင်း
ဖုန်း-၃၇၁၄၁၂

**အိုးအိမ်ဝန်ထမ်းဟောင်းများလူမှုရေးကူညီမှုအသင်း**
**ဒုတိယအကြိမ်မြောက်(၇၅)နှစ်အထက်**
**ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲ**
**ဖိတ်ကြားလွှာ**

အိုးအိမ်ဝန်ထမ်းဟောင်းများ လူမှုရေးကူညီမှုအသင်း၏ ဒုတိယအကြိမ်မြောက် (၇၅) နှစ်အထက်ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲကို ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၆ ရက် (တနင်္ဂနွေနေ့) (အမျိုးသားအောင်ပွဲနေ့) နံနက် ၉း၃၀ နာရီမှ စတင်၍ ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ရွှေတိဂုံဘုရားလမ်းရှိ ဆောက်လုပ်ရေးဝန်ကြီးဌာန ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်ပါသဖြင့် ဝန်ထမ်းဟောင်းများ၊ လက်ရှိတာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများ၊ မိတ်ဖက်လုပ်ငန်းရှင်များအားလုံးအား လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပို့ပါ)

အလှူငွေများလှူဒါန်းလိုပါက ဦးမင်းသိမ်း ဖုန်း-၀၉ ၄၃၁၁၇၅၉၃၊ ဒေါ်မြင့်မြင့်သန်း ဖုန်း-၀၉ ၇၃၁၂၅၈၉၂၊ ဦးသန်းအောင် ဖုန်း-၀၉ ၄၅၀၀၀၆၈၈၁၊ ဒေါ်ခင်ဝင်း ဖုန်း-၀၉ ၄၀၀၀၀၀၁၂၃၊ ဦးကျော်ဝင်း ဖုန်း-၀၉ ၅၀၀၂၄၀၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်အဖွဲ့**

**အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်**
**၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားသို့**
**တက်ရောက်ရန် ဖိတ်ကြားခြင်း**

၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်ရာခိုင်နှုန်း (၉၀.၇၃ ရာခိုင်နှုန်း) ဖြင့် ထူးချွန်စွာအောင်မြင်ကြပြီး မြန်မာတစ်နိုင်ငံလုံးအဆင့် ဒုတိယရရှိသူ (၁)ဦး၊ တတိယရရှိသူ(၂)ဦး၊ ပဉ္စမရရှိသူ(၂)ဦး၊ ရန်ကုန်တိုင်းဒေသကြီးအဆင့် ဒုတိယဆင့်မှ နဝမဆင့်ထိ ရရှိသူ (၁၀)ဦးနှင့် ခြောက်ဘာသာဂုဏ်ထူးရှင်(၅၁)ဦး၊ ငါးဘာသာဂုဏ်ထူးရှင်(၉၃)ဦး၊ လေးဘာသာဂုဏ်ထူးရှင်(၁၀၀)ဦး၊ သုံးဘာသာဂုဏ်ထူးရှင်(၄၉)ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်(၅၆)ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်(၆၀)ဦး စုစုပေါင်းဂုဏ်ထူးရ ထူးချွန်ကျောင်းသား ကျောင်းသူ(၄၀၉)ဦးအား ဂုဏ်ပြုဆုချီးမြှင့်ခြင်းအခမ်းအနားကို အောက်ပါအတိုင်း ကျင်းပပြုလုပ်မည်ဖြစ်သဖြင့် ဂုဏ်ထူးရကျောင်းသား ကျောင်းသူများ တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်ရက်** - ၁၁-၁၀-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၉း၀၀ နာရီ
**ကျင်းပမည့်နေရာ** - ဒဂုံသီရိခန်းမ၊ အ.ထ.က(၁)ဒဂုံ

**မှတ်ချက်။** ။ ကျောင်းသား ကျောင်းသူများ ဆုပေးပွဲအခမ်းအနားသို့ ကျောင်းဝတ်စုံဖြင့် မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ၉-၁၀-၂၀၁၅ရက် (သောကြာနေ့)တွင် ဆုယူခြင်း၊ အစမ်းလေ့ကျင့်ရန် ဒဂုံသီရိခန်းမသို့ နံနက် ၁၀ နာရီအရောက် လာကြပါရန်။

**မိဘဆရာအသင်း**
**အထက (၁) ဒဂုံ**

**ဝိန်ရတနာ** Vinyl Riso မိတ္တူ။ ဗီနိုင်း (1'x1') ၁၃၀ ကျပ်

| | | |
|---|---|---|
| sq-ft ၁ ထောင်အထက် အားပေးသူများကို အိမ်တိုင်ရာရောက် ပို့ဆောင်ပေးပါသည်။ | sq-ft ၁ ထောင် | ၁၂၀ ကျပ် |
| | sq-ft ၁ သောင်း | ၁၁၀ ကျပ် |
| | sq-ft ၅ သောင်း | ၉၀ ကျပ် |

၇၆၊ ၃၂လမ်း (အောက်)၊ 0925 20 400 20, 0925 20 400 30, 01 388 115, 09 510 2750 Email: sein.yadanar@hotmail.com

**ဝန်ထမ်းအလိုရှိသည်**

(၁) ဓာတ်မှန်ကျွမ်းကျင်
[X-Ray Technician (or) Grade]
လစာ ၄၀၀၀၀၀/-၅၀၀၀၀၀/-

(၂) သူနာပြု
[B.N.Sc (or) Dip in Nursing (or) Midwife]
OT and ICU Staff ဦးစားပေးမည်။

ဖုန်း-၀၉ ၇၈၇၀၂၉၆၀၈

**ရွှေစံအိမ်အဆင့်မြင့်တည်းခိုခန်း**

ပန်းဆိုးတန်းလမ်းအောက်ဘလောက်မှ ၅မိနစ် သဘော်စီး၊ ဒလဘက်ကမ်းရောက်လျှင် ၃မိနစ်ဆို ငိကယ်စီး၊
ကျယ်ဝန်းသည်၊ သန့်ရှင်းသည်၊ အခန်းတိုင်းအဲကွန်းရှိသည်။ မီးပျက်လျှင်မီးစက်မောင်းသည်။
(၁၃၉၉) ဗိုလ်ချုပ်(၁)လမ်း၊ ဗညားဒလရပ်ကွက်၊ ဒလမြို့နယ်။

☎ ၀၁ ၂၆၉၁၅၅
၀၉ ၂၅၀၆၆၇၀၂၈
၀၉ ၄၉၂၆၂၇၅၉
၀၉ ၂၅၂၀၈၂၅၃၃

၉၀၀၀ ကျပ် ၁၃၀၀၀ ကျပ်

**၁၀မိုင်ကုန်း၊ ပြည်လမ်းမအနီး ၂ ထပ်တိုက် ငှားရန်ရှိသည်**

မြေ(ရှေ့ ၁၃၀'၊ နောက် ၁၆၈')၊ အိမ် (အနံ ၅၄'၊ အလျား ၆၀')၊ AC ၉လုံး၊ ဂျကူစီ ၂လုံး၊ မာစတာ ၄ခန်း၊ ထမင်းစားခန်း ၁ ခန်း၊ ရိုးရိုးခန်း ၂ ခန်း၊ ဧည့်ခန်း ၃ခန်း၊ မီးဖို ၁ ခန်း၊ မီး ပါဝါနှင့်ရိုးရိုး၊ ဖုန်းပါ၊ မီးစက်ပါ၊ ဘုရားခန်းပါ၊ ရေတံခွန်ပါ၊ ပေါ်တီကို (အလျား ၂၀'၊ အနံ ၂၁')၊ အလုပ်သမားအိမ်(၂၀'×၃၀')၊ တစ်လ ငှားရမ်းခ (၄၅)သိန်း။

ဆက်သွယ်ရန်ဖုန်း-၀၉-၄၃၁၈၂၀၀၁၊ ၀၉-၅၀၀၅၁၁၀၊ ၀၁-၆၆၂၆၇၅၊ ၀၁-၆၆၂၈၀၆



ဆောင်းပါး

# ဈေးကွက်အတွင်းမှ ဆီများအကြောင်း တစေ့တစောင်း

အောင်ရွှေ (ပုသိမ်ကောလိပ်)

မီးဖိုချောင်သုံး စားသောက်ကုန်ပစ္စည်းများတွင် ဆီသည် အဓိကပစ္စည်းအဖြစ်ပါဝင်ပါသည်။ ထိုဆီကို ကျွန်တော်တို့ မြန်မာလူမျိုးများသည် နှစ်ခြိုက်စွာစားသုံးလေ့ရှိပါသည်။ ဆီပြန်ဟင်းများကိုလည်း ဆီများဝေ့နေအောင် ချက်ပြုတ်စားသောက်တတ်ကြပြန်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ ဆီလျှော့စားရန် ပညာပေးဇာတ်လမ်းများဖြင့် ပညာပေးနေသော်လည်း ယနေ့ထက်တိုင် စိတ်ရှိလက်ရှိစားသုံးနေဆဲဖြစ်ပါသည်။ ဆီကိုရေချိုး၊ ဆေးရိုးမီးလှုံ့ဆိုသည့် စကားအတိုင်းပင်ဖြစ်ပါသည်။ ထိုဆီသည် ယခုအခါဈေးကွက်ထဲတွင် တံဆိပ်ပေါင်းမြောက်မြားစွာဖြင့် နေရာယူလျက်ရှိပါသည်။ ကျွန်တော့်အနေဖြင့် ထိုဆီများကို အောက်ပါအတိုင်း အမျိုးအစားခွဲခြားတင်ပြကြည့်လိုပါသည်။

(၁) ပြည်တွင်းဖြစ် မြေပဲဆီ၊ နှမ်းဆီ၊ နေကြာဆီ၊ မုန်ညင်းဆီ

(၂) ပြည်ပမှတင်သွင်းလာသော စားအုန်းဆီ Palm Oil နှင့် ဟင်းသီးဟင်းရွက်ဆီ

(၃) ပြည်တွင်းဖြစ်ဆီနှင့် ပြည်ပမှ တင်သွင်းလာသောဆီကို ရောနှောထားသောဆီ

(၄) ပြည်ပမှတင်သွင်းလာသော စားအုန်းဆီ Palm Oil ကို မြေပဲနံ့၊ အမွှေးနံ့ပါသော ဓာတုပစ္စည်းရော၍ မြေပဲဆီစစ်အဖြစ် ထင်ယောင်ထင်မှား ရောင်းချနေသောဆီ

(၅) ပြည်ပမှ တင်သွင်းလာသော (ထပ်ပြန်တလဲလဲပြန်ကြော်ပြီးသား) ပြန်ကြော်ဆီများကို အရောင်ချွတ်၍ ရောင်းချနေသောဆီတို့ ဖြစ်သည်။

ထိုဆီအမျိုးအစားများမှ ပြည်ပမှတင်သွင်းလာသော စားအုန်းဆီ Palm Oil ကို မြေပဲနံ့၊ အမွှေးနံ့ပါသော ဓာတုပစ္စည်းရောစပ်၍ မြေပဲဆီအဖြစ် ထင်ယောင်ထင်မှားရောင်းချနေသောဆီကို ယနေ့ဈေးကွက်ထဲတွင် အများဆုံးတွေ့မြင်နိုင်ပါသည်။ ရောင်းချသော ကုန်အမှတ်တံဆိပ်များပေါ်တွင် မြေပဲဆီ၊ မြေပဲဆီသန့် စသည်ဖြင့် ရေးသားဖော်ပြသည့် အပြင် FDA ထောက်ခံချက်နှင့် Halal ကဲ့သို့သော ထောက်ခံချက်အမှတ်တံဆိပ်များကို သက်ဆိုင်ရာ အဖွဲ့အစည်းဌာနများမှရသည် မဟုတ်ဘဲ မိမိသဘောဖြင့်ဖော်ပြပြီး ရောင်းချလျက်ရှိသည်ကို တွေ့မြင်နိုင်ပါသည်။ ထိုသို့ရောင်းချခွင့်မရှိကြောင်း သိရပါသည်။ စားသုံးသူကာကွယ်ရေးဥပဒေနှင့် မညီညွတ်ကြောင်း တွေ့ရှိရမည်ဖြစ်ပါသည်။

စားသုံးသူကာကွယ်ရေး ဥပဒေအခန်း(၆) ပုဒ်မ ၇(ခ)၏ အပိုဒ်ခွဲ(၄)တွင် ရောင်းဝယ်သော (သို့မဟုတ်) ထုတ်လုပ်သော ကုန်စည်(သို့မဟုတ်) ဝန်ဆောင်မှုကို သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးများ အပေါ် အခြေခံ၍ အာမခံချက်ပေးခြင်းဟု ဖော်ပြပါရှိပါသည်။ (မိမိထုတ်လုပ်သော ကုန်ပစ္စည်းကို ကြော်ငြာပေါ်တွင် ဖော်ပြထားသည့်အတိုင်း တာဝန်ယူမှုရှိရပါမည်။)

မြန်မာနိုင်ငံကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးအဖွဲ့ FDA မှ အများပြည်သူများ ဘေးအန္တရာယ်ကင်းရှင်း၍ အရည်အသွေးပြည့်မီသော စားသောက်ကုန်များ သုံးစွဲနိုင်အောင် ရည်ရွယ်၍ အရည်အသွေးနှင့်စံချိန်စံညွှန်းကိုက်ညီမှုမရှိသော ပစ္စည်းများကို ဈေးကွက်အတွင်းမှ ဖော်ထုတ်အရေးယူနေခြင်းဖြစ်ပါသည်။

စားသုံးသူများအနေဖြင့် ဈေးနှုန်းချိုသာမှု တစ်ခုတည်းကိုသာကြည့်၍ မဝယ်သင့်ပါ။ ဈေးနှုန်းနှင့်မိမိဝယ်ယူရမည့်ပစ္စည်းကို ချိန်ဆ၍ ဝယ်ယူသင့်ပါသည်။ ဥပမာ-မြေပဲဆီသန့်ကို ဝယ်ယူလိုလျှင် မြေပဲဆီတစ်ပိဿာ၏ ဈေးနှုန်းသည် ကုန်ကြမ်းဖြစ်သော မြေပဲဆန်တစ်ပိဿာဈေး၏ နှစ်ဆကျော်တွင် ရှိရပါမည်။ အဘယ့်ကြောင့်ဆိုသော် မြေပဲဆန်တစ်ပိဿာကိုကြိတ်လျှင် မြေပဲဆီအများဆုံး လေးဆယ်ကျပ်သားခန့်သာ ထွက်ရှိနိုင်သောကြောင့်ဖြစ်ပါသည်။ ထိုအချက်ကို အခြေခံအားဖြင့် သိရှိရမည်ဖြစ်ပါသည်။ ဆိုပါစို့ မြေပဲဆီ ကုန်ကြမ်းတစ်ပိဿာဈေးသည် သုံးထောင်ကျပ်ဖြစ်ခဲ့လျှင် ပဲဆီသန့်တစ်ပိဿာဈေးသည် ခြောက်ထောင်ကျပ်ဈေးအပေါ်တွင် သာရှိရမည်ဖြစ်ပါသည်။ ခြောက်ထောင် ဈေးအောက်တွင် ဝယ်မရနိုင်ပါ။ သို့သော်ဈေးကြီးတိုင်းလည်း ပစ္စည်းကောင်းမည်ဟု ဆိုလိုခြင်းမဟုတ်ပါ။

ထို့အတူ ပြည်ပမှ တင်သွင်းလာသော (ထပ်ပြန်တလဲလဲ ပြန်ကြော်ပြီးသာဆီ ပြန်ကြော်ဆီများကို အရောင်ချွတ်၍ ရောင်းချနေသောဆီမှာလည်း ပြည်ပမှ အကြော်ဆိုင်ကြီးများနှင့် ဟိုတယ်ကြီးများတွင် ကြော်ချက်ပါသည်။ သို့သော်ထိုဆီများကို ကြော်ချက်ပြီးပါက ထပ်မံကြော်ချက်ခွင့်မရှိပါ။ သူတို့နိုင်ငံတွင် ထိုဆီများကို စုဆောင်း၍ စွန့်ပစ်ရပါသည်။ အကြိမ်ကြိမ်ကြော်ထားသဖြင့် ကာဗွန်များပြီး အရောင်အဆင်းမှာ မည်းညစ်နေပါသည်။ ထိုဆီများကို အချို့သူများမှာ အရောင်ချွတ်၍ ကျွန်တော်တို့နိုင်ငံကို ဈေးပေါပေါဖြင့် ရောင်းချတတ်ပါသည်။ ထိုဆီများသည် ရံခါနယ်စပ်ဒေသများမှ ကျွန်တော်တို့ နိုင်ငံတွင်းသို့ ဝင်လာတတ်ကြောင်း သိရပါသည်။ ၎င်းဆီများကို အချို့မြောင်းဆီ

ဆီဖြစ်ကြောင်းလည်း သိရပါသည်။ အမှန်တကယ်ဆိုလျှင် ထိုဆီများကို Bio Diesel အဖြစ်အသုံးချရမည်ဖြစ်သော်လည်း ဈေးနှုန်းပိုရနိုင်မည့် ဟင်းချက်ဆီအဖြစ် အရောင်ချွတ်ကာ ပြန်လည်ရောင်းချနေခြင်းဖြစ်သည်။

စားသုံးသူများကို အကြံပေးလိုသည်မှာ ဥပမာ မြေပဲဆီကို ဝယ်ယူစားသုံးမည်ဆိုပါစို့။ ရှေးဦးစွာ မြေပဲဆီဘူး ပါကင်နှင့် အမှတ်တံဆိပ်တို့ကို ရှေးဦးစွာ လေ့လာဖတ်ရှုသင့်သည်။ ဆိုလိုသည်မှာ ပါးစပ်ဖြင့်မစားမီ မျက်စေ့ဖြင့်အရင်စားပါ၊ စစ်ဆေးပါဟု ပြောချင်ပါသည်။ ရှေးဦးစွာ ဆီဘူးကို သေချာစစ်ဆေးပါ။ ဘူးက မူရင်းပါကင်ဟုတ်မဟုတ်၊ ဘူးတွင်းရှိ ဆီသားကြည်လင်မှု ရှိ မရှိ၊ နောက်နေသလား။ ဆီအမှတ်တံဆိပ်ပါ မပါ၊ ဆီဘူး ပေါက်မပေါက်၊ အလေးချိန် ပြည့် မပြည့် အရင်ဆုံးလေ့လာကြည့်ရန်လိုပါမည်။ ပြည့်စုံပါက လေဘယ်(လ်)ကို အသေးစိတ်ထပ်မံစစ်ဆေးရန်လိုပါမည်။ ဆီနာမည်အမှတ်တံဆိပ်၊ စက်ရုံတည်ရှိရာနေရာ (သို့) အရောင်းဌာနလိပ်စာပါဝင်မှု ရှိ မရှိ၊ ဆီ၏ ထုတ်လုပ်မှုရက်စွဲနှင့် ကုန်ဆုံးရက် ပါဝင်မှုရှိ မရှိ၊ တယ်လီဖုန်းနံပါတ် ပါဝင်မှုရှိ မရှိ၊ Nutrition Fact ခေါ် ဆီတွင်ပါဝင်သော ဓာတုဖွဲ့စည်းမှုကို ဖော်ပြသည့်ဇယား ပါဝင်မှုရှိ မရှိ စသည်တို့ကို အသေးစိတ် ဖတ်ရှုလေ့လာရန် လိုအပ်ပါမည်။

ထိုထက်ပို၍ အာမခံချက်ရှိသော ပစ္စည်းမျိုးကိုဝယ်ယူလိုလျှင် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး အဖွဲ့ FDA, Halal ကဲ့သို့သော သက်ဆိုင်ရာ အဖွဲ့အစည်းများမှ တရားဝင်ထောက်ခံချက် အမှတ်တံဆိပ်ရထား သောပစ္စည်းများကို ဝယ်ယူလျှင်ပို၍ စိတ်ချရမည်ဖြစ်ပါသည်။

**ကျေးဇူးတင်ပါသည်**

အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့ FDA ဖွဲ့မှ အများပြည်သူများကျန်းမာ၍ ဘေးအန္တရာယ်ကင်းရှင်းပြီး စံမီသော အစားအသောက်များစားသောက်နိုင်ရန် ရည်ရွယ်ဆောင်ရွက်ပေးနေမှုကို အထူးကျေးဇူး တင်ရမည်ဖြစ်ပါသည်။ သို့မှသာ စားသုံးသူများအနေဖြင့် ကျန်းမာရေးနှင့်ညီညွတ်သော ပစ္စည်းများကိုရရှိနိုင်မှာဖြစ်သလို ပေးဆပ်ရသော ငွေကြေးပမာဏနှင့်ကိုက်ညီမှုရှိသော စားကုန်ပစ္စည်းများကိုရရှိနိုင်မည်ဖြစ်ပါသည်။တစ်ဖက်မှာလည်း ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ရောင်းချနေသော ပြည်တွင်းစက်မှုလက်မှု လုပ်ငန်းရှင်များ ရေရှည်ရပ်တည်နိုင်မှာဖြစ်ပါသည်။

**ဘယ်လိုအဖွဲ့အစည်းမျိုးနဲ့ နမူနာကို ဝယ်ယူနေတာလဲ**

ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေး FDA ဌာနတို့မှ ဈေးကွက်ထဲရှိ ပစ္စည်းနမူနာများ Samples များကို ဘယ်လိုဝယ်ယူစုဆောင်းပြီး ဘယ်လိုဓာတ်ခွဲခန်းမျိုးပို့သလဲ။ ဘယ်လိုကော်မတီမျိုးဖွဲ့ထားသလဲ။ အဖွဲ့မှာ ဘယ်နှစ်ယောက်ပါသလဲ။ စသည့်အချက်အလက်များကို အများပြည်သူသိရှိအောင် ဖော်ပြသင့်ပါသည်။

**အပြစ်ရှိသူ လူဆယ်ဦး ပြစ်ဒဏ်လွတ်လျှင် လွတ်ပါလေ အပြစ်မဲ့သူ လူတစ်ဦးအပြစ်ရခြင်းကင်းပါစေ။**

လုပ်ငန်းရှင်များအနေဖြင့်မိမိ၏ လုပ်ငန်းတစ်ခုအောင်မြင်ရန်မှာမလွယ်ကူပါ။ ငွေကြေးနှင့်အချိန်အများကြီးပေးဆပ်ရပါသည်။ မိမိ၏ ရင်နှစ်သည်းခြာ သားသမီးများကို စောင့်ရှောက်သကဲ့သို့ပင် ဖြစ်ပါသည်။ အကယ်၍ နာမည်ကောင်းဖြင့်ရောင်းချနေသော ပစ္စည်းတစ်ခုကို မှားယွင်းဖော်ပြမိလျှင် ၎င်းလုပ်ငန်းမှာတစ်သက်လုံး မွေးထားသမျှ တစ်ရက်တည်းဖြင့် သေသွားနိုင်ပါသည်။ လုပ်ငန်းအရင်းအနှီးလည်း ဆုံးရှုံးသွားပါလိမ့်မည်။ ၎င်းစက်ရုံကို မှီခိုလုပ်ကိုင်နေသောဝန်ထမ်းများလည်း အလုပ်လက်မဲ့ဖြစ်သွားနိုင်ပါသည်။ ထို့ကြောင့်မှားယွင်းမဖော်ပြမိစေရန်မှာလည်း အရေးကြီးလှပါသည်။

**အပြစ်ပေးအရေးယူခြင်း**

ထိုသို့ အရေးယူဆောင်ရွက်နေမှုမှာ ဆီတစ်မျိုးတည်းမဟုတ်ဘဲဈေးကွက်တွင်းရှိ ကုန်ပစ္စည်းများဖြစ်သော သောက်ရေသန့်၊ ဆေးဝါးများ၊ လူသုံးကုန်ပစ္စည်းများလည်း ပါဝင်ကြောင်း သိရသည်။

ဈေးကွက်တွင် အရည်အသွေးနှင့်စံချိန်စံညွှန်းကိုက်ညီမှုမရှိသော ပစ္စည်းများအဖြစ် ဖော်ပြခံရလျှင် ယင်းပစ္စည်းကိုဈေးကွက်တွင်းမှ ပြန်လည်ရုပ်သိမ်းပေးရမည်ဖြစ်ကြောင်းနှင့်ဆက်လက်ရောင်းချကြောင်း တွေ့ရှိလျှင် ဥပဒေကြောင်းများအရ အပြစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ အပြင်းထန်ဆုံးအနေဖြင့် သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ်ထက်မပိုသောငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်စလုံးဖြစ်စေ ချမှတ်ခံရနိုင်ကြောင်း သိရသည်။ အသေးစိတ်အချက်အလက်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရမှ ထုတ်ပြန်ပြဋ္ဌာန်းထားသော စားသုံးသူကာကွယ်ပေးရေး ဥပဒေစာအုပ်တွင် လေ့လာဖတ်ရှုနိုင်ပါကြောင်းတင်ပြအပ်ပါသည်။ ။


သာယာကျက်သရေဆောင်
အလင်းရောင် ထုရားဖူးအထင့်မြင့်ခရီးသွားလုပ်ငန်း
+ တောင်ကြီး၊ အင်းလေး(ဖောင်တော်ဦးပွဲ)၊ ထမ့်စမ်း၊ ကက္ကူ၊ ပင်းတယ Oct 23/27
+ ပုပ္ပါး၊ ပုဂံ၊ ညောင်ဦး (စွယ်တော်လေးဆူ)
+ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ
+ မော်လမြိုင်၊ ကျိုက်(၅)ကျိုက်၊ စက်စဲ
Guest/Hotel (Package)
(Hotel, Guest Package)
09421061860,421099405,421129597 www.alinyaungtravels.com

ရွှေကြေးစည် မှ အင်းလေးပွဲ/ ကျိုက္ခမီဆွမ်းမျှောပွဲသို့
▲ အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ တောင်ကြီး၊ ပင်းတယ၊ မွေတော်ကက္ကူ၊ ထမ့်စမ်းဂူ ဆက်၍ (လွိုင်ကော် တောင်ကွဲစေတီ၊ ထီးပွင့်ကန်)သို့(မန္တလေး၊ ပြင်ဦးလွင်)သို့(ပုဂံ၊ ပုပ္ပါး)
▲ ပုဂံ၊ ညောင်ဦး၊ စွယ်တော်လေးဆူ၊ ပုပ္ပါး။ ဆက်၍-ပခုက္ကူ၊ ကံတလူ၊ ကောင်းမှုတော်၊ မန္တလေး၊ ပြင်ဦးလွင်အနှံ့
▲ ကျိုက္ခမီဆွမ်းမျှောပွဲ၊ မော်လမြိုင်၊ စက်စဲ။ ဆက်၍-ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်။
▲ (နေပြည်တော်) (ပြည်အနှံ့အကောက်တောင်) (ဇလွန်) (ကျိုက်ထီးရိုး-နေ့စဉ်)
▲ သာမညာ၊ ကော့ကရိတ်၊ မြဝတီ(အပတ်စဉ် သောကြာ) Oct 16, 23, 26, 28 ထွက်ပါမည်
ပန်းဆိုးတန်း ☎01-240860/01-372290 ဒေါ်ပုံ 09-49282825 ကမာကြည် 09421029191

သန်းငွေ့နှင့်ရောင်းရင်းများ မှ ဘိတင်းကျွတ်ဘုရားဖူးခရီး
★အင်းလေးဖောင်တော် ဦးပွဲ၊တောင်ကြီး၊ပင်းတယ၊ထမ်းစမ်း၊လိုဏ်ဂူ၊မွေတော်ကက္ကူ(၄)ရက်။
★လွိုင်ကော်ပါ(၆)ရက်။ OCT-23/27/30 ထွက်မည်။
★ပုဂံ၊ပုပ္ပါး(စွယ်တော်လေးဆူ)ပြည့်ငါးပြည့်(၄)ရက်။မန္တလေး၊မုံရွာ၊ပြင်ဦးလွင်(၄)ရက်။ အားလုံးပါ(၇/၁၀)ရက်။ ★ထားဝယ်ရှင်ကိုးရှင် ၊မောင်းမကန်ကမ်းခြေ(၆)ရက်။
★ဇလွန်။နေပြည်တော်။ပြည်အကောက်တောင်။(နေ့ချင်းပြန်)(စနေ၊တနင်္ဂနွေ)
★မော်လမြိုင်၊ကျိုက္ခမီ၊စက်စဲ(ကျိုက်ထီးရိုး)(၂/၃)ရက်။(သောကြာ)
★ပင်ရင်း(၄၂၄)ရွှေဘုံသာလမ်း(အထက်) Ph-01241863,380141,0943043109,0973251422

ရွှေ ဘုန်းပြည့် Travel & Tour
လွိုင်ကော်[တောင်ကွဲစေတီ] [၄ရက်]
ပြင်ဦးလွင်-မုဆယ်-ရွှေလီ [၆ရက်]
ပြည်-ပုဂံ-ပုပ္ပား [၄ရက်]
ထားဝယ်-ထီးခီး-ကချနဘူရီ [၆ရက်]
ကျောက်ဆည်-မန္တလေး-ပြင်ဦးလွင်[ရေပြာအိုင်] [၃ရက်]
တောင်ကြီး-အင်းလေး-ပင်းတယ-ကလော [၅ရက်]
အမှတ်(၇၄၈)ပထပ်၊ဇဋ္ဌိလလမ်း၊သဃ်န်းကျွန်းမြို့နယ်။
09-73060048, 09-30043101,09-30043202

တစ်ဦးတည်းဖြစ်ကြောင်း
ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးအုပ်စု၊ ပုပ္ပါးရွာနေ(ဘ)ဦးမောင်မောင်သန်း၏ သမီး မဒေဝီနေခြည် (ခ) မငွေငွေအောင် [၉/မလန(နိုင်)၀၈၂၉၄၃]သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။
မဒေဝီနေခြည်(ခ)မငွေငွေအောင်

အမည်ပြောင်း
မာန်အောင်မြို့နယ် ဦးရွှေသာအောင်၏ သမီးဖြစ်သူ မပပဝင်း[၁၁/မအန(နိုင်)၀၃၆၆၆၁]အား မမြတ်တေးသွင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

ဆက်သွယ်ပါရန်
၁၉၇၀-၇၄ခုနှစ် ပုသိမ်ကောလိပ်
ဓာတုဗေဒအဓိကဘွဲ့ရကျောင်းသားများ
(၁) ကိုခင်မောင်ကျော် (၆)မခင်ပြုံးစိုး
(၂) ကိုခင်မောင်စိုး (၇) မမွှေးကျင်
(၃) ကိုဝင်းမြင့်
(၄) ကိုသန်းအောင်
(၅) ကိုလူလူဝင်း
၂၉-၁၁-၂၀၁၅ရက်တွင် အာစရိယပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲ ကျင်းပမည်ဖြစ်ပါ၍ အောက်ပါဖုန်းနံပါတ်များသို့ အမြန်ဆက်သွယ်ပါ။
ကိုထွန်းလွင် ဖုန်း-၀၉-၂၅၃၀၀၉၉၆
မခင်ရွှေ ဖုန်း-၀၉-၄၉၃၀၄၃၉၂
၀၉-၂၅၄၁၃၆၇၆၂

နေရီရီ
၁။ ပုဂံဘုရား၊ ပုဂံစကား၊ ပုဂံသား
မခင်နု(ဒဿ)
၂။ ဂျပန်ခေတ် ဆေးရုံကြီးဝယ်
ဝဏ္ဏကျော်ထင် ဒေါက်တာမြင့်ဆွေ
ထွက်ပြီ
၀၉-၄၅၀၀-၂၈၆၅၁၊ ၀၉-၂၅၄၅-၁၅၉၇၃

အိန္ဒိယဆရာဝန်ကြီးလာရောက်မည်
အိန္ဒိယနိုင်ငံမှ ကိုယ်တွင်းအင်္ဂါအစားထိုး ဆရာဝန်ကြီးသည် ရန်ကုန်မြို့သို့ အောက်တိုဘာလ ၁၇ ရက်နှင့် ၁၈ရက်တွင် ရောက်ရှိပြီး လူနာဟောင်းများအား ပြန်လည်ကြည့်ရှုပေးမည်ဖြစ်ပါသဖြင့် တိုင်ပင် ဆွေးနွေးလိုသော လူနာသစ်များအနေဖြင့် အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ကြိုတင်ဆက်သွယ် စုံစမ်းမေးမြန်းစာရင်းပေးနိုင်ပါသည်။
ဖုန်း-၀၉-၇၃၀၉၃၆၅၉၊ ၀၉-၂၅၉၂၆၅၇၀၈
၀၉-၄၂၀၀၄၅၆၂၄၊ ၀၉-၄၂၁၁၂၆၄၅၂

Rain Travels & Tours
Good Quality Budget tours manage by Gandawun Shwe Bangan Travels
ဗန်ကောက် (၅) ရက် USD 470
စင်ကာပူ (၄) ရက် USD 630
မလေးရှား (၄) ရက် USD 650
ဟောင်ကောင်၊မကာအို (၅) ရက် USD 1000
ပီကင်း၊ရှန်ဟိုင်း (၆) ရက် USD 1200
Ph: 01-510218, 09-252281456
Ph: 09- 3169 3339, 09- 730 13856

YPGG ဂေါက်သီးရိုက်ပြိုင်ပွဲ
(YPGG)ဂေါက်သီးရိုက်အသင်း၏ အကြိမ်(၆၂)ပြည့် ဂေါက်သီးရိုက်ပြိုင်ပွဲကို
၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၃ ရက်(အင်္ဂါနေ့)
နံနက် ၁၀း၀၀ နာရီတွင်
(မြို့တော်ဂေါက်ကွင်း-ငွေသော်တာ)တွင် ကျင်းပမည်ဖြစ်ပါ၍
အသင်းသားတိုင်း ပါဝင်ကြရန်နှင့်
အသေးစိတ်သိလိုပါက
ဦးချစ် ၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ၀၉-၅၁၆၈၁၇၈၊
ဦးကျော်ဝင်း ၀၉-၅၁၅၄၄၀၈၊
ဦးထွန်းထွန်းဦး ၀၉-၅၀၁၆၆၁၆ ထံတွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။



# ကမ္ဘာကုန်ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

ဤအသံသည်ပင် အလုံခြုံဆုံး လျှို့ဝှက်အထိမ်းအမှတ်သံဖြစ်နေပုံရသည်။

တပ်ဝင်းကြီးတစ်ခုလုံးကို နှံ့အောင် လှည့်လည်စစ်ဆေးပြီး၍ ပြန်လာကြစဉ် လမ်း၌ ဝင်းမောင်(ပီတာ)က သက်ခိုင်၏ နားနားကပ်၍ ပြော၏။

"ကျည်ဆန် ငါးဆယ် လွယ်လာရတာ မသက်သာပါလား။ ပခုံးရောကျောရော အောင့်လာပြီ၊ ရိုင်ဖယ်ကလည်း လေးတယ်ကွ"

"အေး . . အဲဒါက အပေ့ါဆုံးပဲ၊ တပ်မတော်သား ဖြစ်လာရင်နောက် ဒီ့ထက် လေးတာတွေကို ထမ်းရဦးမယ်၊ မှတ်ထား. . ."

တဲတန်းရှည်သို့ ပြန်ရာက်သောအခါ တပ်ရင်းမှူးသည် သက်ခိုင်တို့ အတွက် ယူနီဖောင်း၊ စားရိက္ခာ၊ သင်တန်းပေးရေး စသည်တို့ကို ဗိုလ်များနှင့်အတူ အကြပ်များကို မှာကြားလျက် ကျောင်းသားအားလုံးကို နှုတ်ဆက်ပြီး ထွက်ခွာသွားသည်။

သက်ခိုင်တို့အားလုံးသည် တပ်ရင်းမှူး၏ နောက်ကျောကို တွေကြည့်ကျန်ရစ်သည်။

ဤရက်များအတွင်း သူတို့အားလုံးသည် တုန်လှုပ်ဖွယ်ရာများကိုသာ ကြုံခဲ့ရသည်။ စိုးရိမ်ဖွယ်ရာများကိုသာ ဆုံခဲ့ရသည်။ အားငယ်ဖွယ်ရာများကိုသာ မြင်ခဲ့ရသည်။

ယခုမူ တည်ငြိမ်ခြင်းကို စတွေ့ရသည်။ အားထားဖွယ်ရာများကို ကိုင်တွယ်မိသည်။ တက်ကြွဖွယ်ရာကို ခံစားရသည်။

ထိုညကစ၍ စစ်စည်းကမ်းအတိုင်း သက်ခိုင်တို့အားလုံးသည် တာဝန်ခွဲ၍ ရဲဘော်ကြီးများနှင့် တွဲကာ ကင်းစောင့်ခြင်းအလုပ်ကို စကြ၏။ ပထမ အသုတ်တွင် သက်ခိုင်နှင့် ကိုလှဖေတို့ တာဝန်ကျကြ၏။

ညက မှောင်နေ၏။ ညက မှောင်သဖြင့် ကောင်းကင်ကပင် နက်နက် ပြာနေ၏။ နက်နက်ပြာသော ကောင်းကင်၌ ကြယ်ပွင့် ကြယ်ခိုင်တို့သည် စုံစုံညီညီ တောက်ပနေ၏။

သက်ခိုင်တို့ မမြင်ဖူးသော အင်(မ်)နိုင်းအေဝမ်း ထိပ်ဖူးတပ် ဖက်နက်ကို ကိုင်ရင်း ရဲဘော်ကြီးတစ်ဦးကမေးသည်။

"ရဲဘော်တို့ အိမ်တို့ . ကျောင်းတို့ . . . ကောင်မလေးတို့ကို မလွမ်းဘူးလား"

ကိုလှဖေက ဘာမှ မဖြေသော်လည်း သက်ခိုင်က ဖြေ၏။

"မလွမ်းဘူးဆိုရင် ကျွန်တော်တို့ ညာရာကျမှာပေ့ါ၊ ရဲဘော်မှာကော လွမ်းစရာမရှိဘူးလား"

ရဲဘော်ကြီးသည် ငိုင်သွားပြီးနောက် အားရပါးရ ရယ်မောသည်။

"ရှိတာပေ့ါ၊ ဒါပေမယ့် ကျုပ်တို့ အပြင်ထွက်ခွင့်မရတာကိုးလရှိပြီ၊

ရည်းစားနဲ့ မိဘကို ပြန်မတွေ့တာ နှစ်နှစ်ကျော်ပြီ၊ ကြာတော့ ဘာကိုမှ မလွမ်းတော့ဘူးဗျို့၊ ဟား ဟား. ."

ရဲဘော်ကြီးသည်ကား တပ်မတော်၏ ဘဝပါတကား . . ။

သက်ခိုင်သည် ရိုင်ဖယ်ကို တင်းကျပ်စွာ ဆုပ်ကိုင်မိ၏။ ပစ္စတိုသေနတ်ကို ကိုင်ပြသော ယုမောင်ကိုလည်း သတိရမိသည်။

လက်နက်မကိုင်ချင်သော သူ့လက်တွင် သေနတ်ကရောက်နေပေပြီ။

သို့ရာတွင် ဤသေနတ်သည် အလွန်တာဝန်ကြီးသူများထံမှ လာသည်။

ဤသေနတ်ကို ကိုင်မိ၍လည်း မိမိမှာ တာဝန်ကြီးခဲ့ပြီ။

သေနတ်ဆိုသည်မှာ တာဝန်မဲ့သူများလက်၌ရှိမူ ကြောက်ဖွယ်အကောင်းဆုံး ရန်သူတည်း။ တာဝန်သိသူများ လက်၌မူ ချစ်ဖွယ်အကောင်းဆုံး မိတ်ဆွေတည်း။

သက်ခိုင်က သက်ပြင်းရှိုက်၍ မိုးကို မျှော်ကြည့်၏။

မည်းမည်းမှောင်သော ကောင်းကင်၌ ကြယ်တို့ဖူးပွင့်နေ၏။

မြေသည် မလှုပ်။ ကောင်းကင်သည် မတုန်။ မျက်တောင်သာ ခတ်သော်လည်း မည်သည့်ကြယ်မျှ မကြွေ။

ကြယ်မကြွေသောည. . .

မကြွေသော ကြယ်များ၏ည . . ည. . ည. . ။

**အခန်း– ၂၈**

**မဟာနွေဦး**

ဆောင်းနှင့် နွေလျှင် ခွဲဝေခြမ်းကြသော နွေဦးကာလသည် မြန်မာ့မြေတွင် ချစ်ဖွယ်၊ လွမ်းဖွယ်၊ စာဖွဲ့မကုန် နိုင်ဖွယ်သော အချိန်သမယ ဖြစ်လာ၏။

မြန်မာ့သမိုင်း၏ အဓိကမှတ်တိုင် ဖြစ်ရပ်ကြီးများသည်လည်း ဤအချိန် ဤကာလ ဤသမယတွင်သာ တိုက်တိုက်ဆိုင်ဆိုင် ပေါ်ပေါက်ခဲ့ကြခြင်းမှာလည်း အံ့သြဖွယ်ရာပင်တည်း။

ဤအချိန် ဤကာလ ဤသမယမျိုးတွင်ပင် ဗမာ့လွတ်လပ်ရေးတပ်မတော်သည် နယ်ချဲ့အင်္ဂလိပ်တို့ကို မြန်မာ့မြေမှ မောင်းထုတ်ခဲ့ဖူးသည်။ ဤအချိန် ဤကာလ ဤသမယတွင်ပင် ဗမာ့မျိုးချစ်တပ်မတော်သည် ဖက်ဆစ်တော်လှန်ရေးကြီးကို ဆင်နွှဲခဲ့သည်။

ယခု ၁၉၄၉ ခုနှစ်၏ ဤအချိန် ဤကာလ ဤသမယတွင်လည်း ဗမာ့တပ်မတော်ကြီးသည် ပြည်ထောင်စုတည်မြဲရေးစစ်ပွဲကြီးကို နွှဲလေရပြန်ပြီ။

နွေဦး . . . အဟောင်းနှင့် အသစ်တို့ လွန်ဆွဲသည့် နွေဦး. . . အမှားနှင့်အမှန်တို့ ရုန်းကန်သည့် အံ့မောဖွယ်ရာသော မဟာနွေဦး. . . ။

၁၉၄၉ ခုနှစ် မဟာနွေဦး၏ ဇာတ်လမ်းသည် လွမ်းဖွယ်၊ အံ့ဖွယ်၊ ကြေကွဲဖွယ်၊ တက်ကြွဖွယ်တို့နှင့် ပြည့်စုံ၍ ဆန်းလည်း ဆန်းသည်၊ လွမ်းလည်း လွမ်းလောက်သည်။

ရှိသမျှတပ်တို့နှင့် ဖြစ်သလို အင်းစိန်တိုက်ပွဲကြီးကို ဆင်နွှဲနေရချိန်တွင် ပြည်ဘက်မှ သတင်းဆိုးကြီးတစ်ခု ရောက်လာ၏။

ဖေဖော်ဝါရီလ ၄ ရက်နေ့တွင် ပြည်မြို့မှ ကရင်ရိုင်ဖယ်အမှတ် ၂ စစ်တပ်သည် ပုန်ကန်၍ အင်းစိန်ဆီသို့ ရှေးရှုချီတက်လာ၏။ သူတို့ ချီလာရာ လမ်းတစ်လျှောက်ရှိ အင်းမ၊ မအူကုန်း၊ အင်းပက်လက်၊ ဗောဓိကုန်း၊ ဝက်ပုတ်၊ ဖိုးသားအောင်ကုန်းစသော ရွာများနှင့် နတ္တလင်းမြို့ကို မီးရှို့ကြသည်။ ရွာသူရွာသားအများနှင့် မြို့သူ မြို့သားများ အသတ်ခံကြရသည်။ အစိုးရတပ်များက ကြို့ပင်ကောက်အထိ ချီတက်ကာ ခုခံကြရ၏။

တောင်ငူမှ ချီတက်လာကြသော ကရင်တပ်များနှင့်လည်း အစိုးရတပ်တို့သည် ညောင်လေးပင်း၌ အပြင်းအထန်တိုက်ပွဲဖြစ်ကြ၏။

ဤမျှ ပြင်းထန်သော တိုက်ပွဲကြီးများကို ဆင်နွှဲနေကြရစဉ် အင်းစိန်မှ ကေအင်အိုဒီများ ပေါက်ကျိုးထွက်မလာနိုင်ရန်လည်း မြေတစ်လက်မတစ်သက်နှုန်းနှင့် ဆို့ပိတ်ဝန်းရံထားရ၏။

သက်ခိုင်တို့ ရောက်ရှိနေသော တပ်စခန်းကြီး၏ အမည်မှာ ဘီ-အေ-အို-ဒီ ခေါ်ဗမာ့တပ်မတော် စစ်လက်နက်ပစ္စည်းသိုလှောင်ရေးစခန်းကြီးဖြစ်၏။ သက်ခိုင်တို့ကို လက်ခံထားသည့်တပ်မှာ ဖတ်စ်ဘားမားရဂျီမင့် ခေါ် ဗမာ့တပ်မတော် ခြေလျင်တပ်ရင်းအမှတ် ၁ ဖြစ်၏။ တပ်ရင်းသည် မင်္ဂလာဒုံ၌ ရှိသော်လည်း အေကုမ္ပဏီခေါ်တပ်ခွဲ တစ်သည် ဘီ-အေ-အို-ဒီ စခန်းကြီး၏ လုံခြုံမှုကို တာဝန်ယူထားရ၏။ တပ်ခွဲမှူးကား ဗိုလ်ကြီးဆန်းအောင်၊ တစ်ဦးတည်းသာ ဒုဗိုလ်ကား ဗိုလ်တင့်လွင်၊ တပ်ခွဲအရာခံဗိုလ်ကား ဗိုလ်မျိုးခင် (ဝါးရင်းတုတ်) နှစ်ဦးတည်းသော တပ်ကြပ်ကြီးများကား ဆရာကိုသောင်းရွှေနှင့် ဆရာပု၊ တပ်ရင်းအရာခံဗိုလ်ကား တပ်မတော်သမိုင်းတွင် တပ်ကြပ် မောင်ထူးဟု ဗိုလ်မြင့်ဦးတို့၊ ရွှေလုံး(စစ်မြင်းကြီး) တို့နှင့်အတူ အကျော်ကြားသည့် ဆရာထူး ကိုယ်တိုင်ပင်ဖြစ်သည်။ တပ်ရင်းမှူးကား ဒုဗိုလ်မှူးကြီးစိန်ဝင်းဖြစ်သတည်း။

ပထမအသုတ်အဖြစ် ရောက်လာခဲ့ကြသော သက်ခိုင်တို့အားလုံးလိုလိုသည် စစ်ပညာအခြေခံရှိပြီးကြသူများဖြစ်၏။ ဤသို့တိုင်အောင် နံနက်စောစောပိုင်းနှင့် ညနေပိုင်းတွင် ဆရာပုနှင့် ဆရာကိုသောင်းရွှေတို့၏ ကြီးကြပ်မှုအောက်၌ စစ်လေ့ကျင့်ခန်းများကို အပြင်းအထန် ပြန်လည်လေ့ကျင့်ကြရသည်။ နေ့လယ်ပိုင်းနှင့် ညနေပိုင်းတွင်လည်း မနားကြရ။ လက်နက်အသေးစားနှင့် စက်ကြီး စက်ကလေး ကိုင်တွယ်ရေးနည်းသစ်များကို အပူတပြင်း လေ့လာကြရ၏။

ဖေဖော်ဝါရီလ ၂ ရက်နေ့မှစ၍ ကျောင်းသားရဲဘော်သစ်များ တစ်သုတ်ပြီး တစ်သုတ် ရောက်လာကြသည်။ သူတို့ကို ကိုလှမောင်၊ ကိုအောင်ထွန်း၊ ကိုအုန်းခိုင်၊ ကိုမောင်မောင် (ဝီလီ)၊ ကိုဘိုးသာ စသူတို့က အုပ်ချုပ်ကွပ်ကဲသည်။ တပ်ဝင်းအတွင်း၌ စုစုပေါင်းကျောင်းသား နှစ်ရာကျော်ခန့် ရှိနေ၏။ ရောက်လာကြ သည့်နေ့မှစ၍ စစ်သင်တန်းများ မနားတမ်းပေး၏။

ထိုအခါကျမှ လူကြီးတွေ၏ စေတနာနှင့် အကြံအစည်ကို သက်ခိုင်တို့ သဘောပေါက်ကြသည်။ လူငယ်ကျောင်းသားတို့ မလိုလားအပ်ဘဲ သေကျေပျက်စီးမည့်ဘေးကိုလည်း ထိန်းပြီးသား ဖြစ်နေသည်။ **ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာတက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထားအသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


ရောင်းရန်ရှိသည်

၁။ မြန်မာအေ့ရှားဆောက်လုပ်ရေးစက်ယန္တရားကုမ္ပဏီမှ အသုံးမလိုတော့သည့် အောက်ဖော်ပြပါ စက်/ယာဉ် (၂၆) စီးအား မျက်မြင်အခြေအနေအတိုင်း ရောင်းချရန်ရှိပါသည်။

(က) Daewoo Dump Truck (15T) (၂၀) စီး
(ခ) Daewoo Tractor & Trailer (40T) (၂) စီး
(ဂ) Daewoo Mixer Truck (6.0 Cu M) (၁) စီး
(ဃ) Daewoo Wheel Loader (4.0 Cu M) (၁) စီး
(င) Daewoo Wheel Loader (2.0 Cu M) (၁) စီး
(စ) Toyota Hilix Double Cab (၁) စီး

၂။ စိတ်ဝင်စားသူများ အောက်ဖော်ပြပါလိပ်စာတွင် (၁-၁၀-၂၀၁၅) ရက် မှ (၃၁-၁၀-၂၀၁၅) ရက်အထိ ရုံးဖွင့်ရက်များ၌ ရုံးချိန်အတွင်း လာရောက်ကြည့်ရှုပြီး ဈေးနှုန်းအဆိုပြုလွှာများ တင်သွင်းနိုင်ပါသည်။

ဆက်သွယ်ရန်-အမှတ်(၂၃၁)၊ သန်လျင်ကွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်။
ဖုန်း-၀၁-၂၉၂၀၆၁၊ ၀၁-၂၉၁၂၃၆, ၇, ၈, ၀၉-၅၀၅၅၉၀၄



EAGLE GUEST HOUSE

ရန်ကုန်လေဆိပ်၊ အောင်မင်္ဂလာအဝေးပြေးဂိတ်သို့ သွားရလွယ်ကူသော EAGLE တည်းခိုရိပ်သာ

၁၉၂၊ အာသာဝတီလမ်း(ဘုန်းကြီးလမ်း)၊ မြောက်ဥက္ကလာ၊ မယ်လမုဘုရားမီးပွိုင့်အနီး


ဖုန်း ၀၁ ၆၅၆၀၈၈
၀၉ ၇၃၀၄၃၆၇၃
၀၉ ၃၂၂၂၁၄၄၇

၁၂၀၀၀ ကျပ်
၁၇၀၀၀ ကျပ်






နေပြည်တော်(၁) ဖုန်း- 251277 251288 | မင်္ဂလာ (၂) | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း | မင်္ဂလာထွန်းသီရိ



နေပြည်တော်(၂) ဖုန်း- 251277 251288 | မင်္ဂလာ စံပြ | မင်္ဂလာဒိုင်းမွန်း







# ကမ္ဘာ့ဆရာများနေ့ အခမ်းအနားများ မြို့နယ်အသီးသီးတွင် ကျင်းပ

## မိုးနဲ

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်၌ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက အခြေခံပညာအထက်တန်းကျောင်း ပုလဲဆောင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ခေတ္တမြို့နယ်ပညာရေးမှူး ဦးလှသောင်းနှင့် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစံကြည်တို့က အမှာစကား အသီးသီးပြောကြားကြပြီး ဆရာ၊ ဆရာမ ထူးချွန်ဆုနှင့် စာစီစာကုံး၊ ကဗျာပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသားများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ မိုးနဲမြို့နယ် မဲဆန္ဒနယ် အမှတ်( ၁ )မှ ရှမ်းပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းစောလုံ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ တက်ရောက်ကြကြောင်းသိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

## သိန္နီ

လားရှိုးခရိုင် သိန္နီမြို့နယ် ပညာရေးမှူး ဒေါ်စန်းစန်းကြွယ်၏ အနီးကပ်လမ်းညွှန်မှုဖြင့် အ-ထ-က(၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းဝင်းနှင့် အ-ထ-က(၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးရည်တို့ ပူးပေါင်းကာ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကဗျာပြိုင်ပွဲ ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက သိန္နီမြို့ အ-ထ-က(၁) ရွှေစင်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ထို့နောက် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲကိုကျင်းပရာ 'ဆရာဆိုသည်မှာ' ခေါင်းစဉ်ဖြင့် သိန္နီမြို့ အ-ထ-က (၁) ကျောင်းအုပ်ဆရာမကြီး ဒေါ်စမ်းစမ်းဝင်းကလည်းကောင်း၊ ကမ္ဘာ့ဆရာများနေ့ အကြောင်း သိကောင်းစရာများကို သိန္နီမြို့ အ-ထ-က (၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်စိုးရည်ကလည်းကောင်း အသီးသီး ဟောပြောခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့ သိန္နီမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ မြို့နယ်အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျောင်းအုပ်ဆရာမကြီးများနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ စုစုပေါင်းအင်အား ၁၀၀ ကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းကိုကို**

## တွံတေး

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အခြေခံပညာဦးစီးဌာနတို့ ပူပေါင်း၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်လုပ်ငန်းကို ခလုပ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း၌ အောက်တိုဘာ ၅ ရက် နံနက်က အဆိုပါကျောင်းရှိ ပန်းမျိုးတစ်ရာခန်းမ၌ ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်မို့မို့ခင်က ကမ္ဘာ့ဆရာများနေ့ အကြောင်း သိကောင်းစရာများကို အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်ဦးက ကျောင်းသားလူငယ်များ စာဖတ်သည့် အလေ့အကျင့်ကောင်းများ ရရှိစေရန် ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရန်ရည်ရွယ်၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင် ပြပွဲ၊ ဓာတ်ပုံပြပွဲပြုလုပ်ရခြင်း ရည်ရွယ်ချက်အား ဟောပြောခဲ့သည်။

ယင်းနောက် ချိတ်ဆွဲပြသထားသော နံရံကပ် စာစောင်ဓာတ်ပုံများကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့သည်။ **မျိုးလှိုင်(တွံတေး)**

## ဘားအံ

ကရင်ပြည်နယ် ဘားအံမြို့ ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီခွဲတွင် ဇွဲကပင်ခန်းမ၌ ကျင်းပခဲ့ပြီး ကရင်ပြည်နယ် ခေတ္တဝန်ကြီးချုပ် ဦးစောဝင်းထိန်က အမှာစကားပြောကြားကာ နိုင်ငံတော်သမ္မတထံမှ ပေးပို့သော ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာအား ပြည်နယ်လူမှုရေးဝန်ကြီးဦးချစ်လှိုင်က ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ပြည်နယ်အဆင့် တက္ကသိုလ်၊ ကောလိပ်၊ အထက်တန်း၊ အလယ်တန်း စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတွင် ဆုရရှိသူများအား ပြည်နယ်ခေတ္တဝန်ကြီးချုပ်နှင့်ဇနီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရာသူကြီးချုပ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများက ဆုများချီးမြှင့်ပေးကြသည်။

ပြည်နယ်၊ ခရိုင်၊ မြို့နယ်ပညာရေးမှူးများ၊ ဆရာ၊ ဆရာမများက ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူသွားသော ဆရာကြီး၊ ဆရာမကြီး ၂၇ ဦးအား ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် လှူဖွယ်ပစ္စည်းများဖြင့် ကန်တော့ခဲ့ကြကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ဟိုပန်

အနန္တဂိုဏ်းဝင် ကျေးဇူးရှင် ဆရာ၊ ဆရာမများအား ဂုဏ်ပြုသောအားဖြင့် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားနှင့် ဟောပြောပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်မြို့ ဝဏ္ဏကျော်ထင်စဝ်ခွန်ဆမ်ခန်းမ၌ ကျင်းပရာ သဘာပတိအဖွဲ့ဝင် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ အတွင်းရေးမှူး ဦးမျိုးအောင်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် စာပေဟောပြောပွဲကို ဆက်လက်ကျင်းပရာ ဒေါ်ခင်ဝင်းမာက တိုင်းရင်းသားစာပေ၏ အနာဂတ်အခန်းကဏ္ဍ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာသိန်းလွင်က ၂၁ ရာစု ဆရာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါ်ဥမ္မာတင်က ဆရာဆိုသည်မှာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဒေါက်တာအောင်မြင့်(အောင်မြင့်-ဆေးမန်း)က စဉ်ဆက်မပြတ်ပညာဆည်းပူးပါ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဟောပြောခဲ့ကြသည်။

အခမ်းအနားသို့ 'ဝ'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဦးစီးအဖွဲ့ဝင်များ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းသား၊ကျောင်းသူများ တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို 'ဝ'အမျိုးသားလူမှုရေးအသင်းက ဦးစီးကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

## ဖလန်း

၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ကို အောက်တိုဘာ၅ရက် နံနက် ၁၀ နာရီက အမှတ်(၂)ခြေခံပညာအထက်တန်းကျောင်း ဇုန်လွယ်ခန်းမ၌ ကျင်းပခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ကဗျာနှင့် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ပြည်နယ်ပညာရေးမှူး(အငြိမ်းစား)ဆရာကြီး ဦးဗန်ကြီးနှင့် တာဝန်ရှိသူများက ဆုများကို အသီးသီးချီးမြှင့်ကြသည်။

အငြိမ်းစား ဆရာ၊ ဆရာမ ၅၇ ဦးတို့ကိုယ်စား ဆရာလေးဦးတို့က ဩဝါဒစကား ပြောကြားပြီး လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော ဆရာ၊ ဆရာမများက ကန်တော့လက်ဆောင်များ ပေးအပ်ကြကြောင်း သိရသည်။

**ခရိုင်ပြန်/ဆက်**

## ညောင်ရွှေ

ကမ္ဘာ့ဆရာများနေ့ အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ညောင်ရွှေမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့အဖွဲ့ဝင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ဇောလှတို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်နီနီတင်က အခမ်းအနားကျင်းပရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသက်(၇၀)နှစ်နှင့်အထက် အငြိမ်းစား ဆရာ၊ ဆရာမ ၈၇ ဦးကို ဂါရဝပြုကန်တော့ခဲ့ကြောင်း သိရသည်။

**နေမျိုးသူရိန်**

## နတ်မောက်

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်းခန်းမတွင် ကျင်းပသည်။ အဆိုပါအခမ်းအနားတွင် အ-ထ-က အမှတ်(၁) ကျောင်းသား၊ ကျောင်းသူလေးများက မြတ်ဆရာသီချင်းဖြင့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့ပြီး မြို့နယ်ပညာရေးမှူးကိုယ်စား ဒု-မြို့နယ်ပညာရေးမှူး ဆရာကြီးဦးခင်မောင်ဆွေက ပြည်ထောင်စုသမ္မတဦးသိန်းစိန်ထံမှ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ လက်အောက်ခံအဖွဲ့များ၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာနှင့် ပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ထို့နောက် နတ်မောက်မြို့နယ်အတွင်းရှိ အသက်(၇၀)နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီး ၆၇ ဦးအား ပူဇော်ကန်တော့ခဲ့ကြသည်။ **လှဝင်း(ပြန်/ဆက်)**

## ရေစကြို

ပခုက္ကူခရိုင် ရေစကြိုမြို့နယ်(အ-ထ-က- ၁) မြတမာခန်းမ၌ ကမ္ဘာ့ဆရာများနေ့အခမ်းအနားကို ၂၀၁၅ ခုနစ် အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီခွဲက ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။

ဒုတိယ မြို့နယ်ပညာရေးမှူး ဦးကြည်လွင်က ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ပေးပို့သော ၂၀၁၅ ခုနစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ သဝဏ်လွှာအား ဖတ်ကြားသည်။

ဆက်လက်၍ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အထက်တန်း၊ အလယ်တန်း အဆင့် ကဗျာ၊ စာစီစာကုံးပြိုင်ပွဲများတွင် ဆုရရှိသူများအား ဆုများချီးမြှင့်ခဲ့သည်။

**မြို့နယ်ပြန်/ဆက်**

## မန္တလေး

မန္တလေးတိုင်းဒေသကြီး ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် အမှတ်(၁၄) အခြေခံပညာအထက်တန်းကျောင်း ပန်းမျိုးတစ်ရာခန်းမတွင် ကျင်းပခဲ့သည်။

နိုင်ငံတော်သမ္မတထံမှ ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာအား မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာဝင်းလှိုင်ကလည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများမှပေးပို့သော သဝဏ်လွှာအား မန္တလေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူးကလည်းကောင်း ဖတ်ကြားသည်။

ထို့နောက်ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ မန္တလေးမြို့တော်ဝန်နှင့် တာဝန်ရှိသူများက ဆုများချီးမြှင့်ကြသည်။ ၂၀၁၅ခုနှစ် ကမ္ဘာ့ဆရာများနေ့ ဆောင်ပုဒ် 'လူ့အဖွဲ့အစည်းစဉ်ဆက်မပြတ်တိုးတက်ရေး ဆရာ့စွမ်းရည် မြှင့်တင်ပေး' ဆောင်ပုဒ်နှင့်အညီ နှစ်စဉ်တိုးတက်လာသော ကျောင်းသားအရေအတွက်နှင့် ဆရာအချိုးညီမျှစေရေး ဆရာများ လေ့ကျင့်မွေးထုတ်ရေး၊ တိုးချဲ့ခန့်ထားရေး၊ ဆရာများ၏ လုပ်ငန်းခွင် ဘဝသာယာရေးနှင့် လူမှုဘဝအဆင့်အတန်း မြင့်မားရေးစီမံချက်များ ချမှတ်ဆောင်ရွက်လျက်ရှိသည်။

**သီဟကိုကို(မန္တလေး)**

## အတည်ပြုပြဋ္ဌာန်းခဲ့သည့် မော်တော်ယာဉ်ဥပဒေနှင့်ပတ်သက်၍ ပညာပေးရှင်းလင်း

**တမူး အောက်တိုဘာ ၇**

တမူးခရိုင် တမူးမြို့ စော်ဘွားရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၄ ရက် မွန်းလွဲ ၂ နာရီက ၂၀၁၅ ခုနှစ် စက်တင်ဘာ ၇ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည့် မော်တော်ယာဉ်ဥပဒေနှင့်ပတ်သက်၍ အသိပညာပေးရှင်းလင်းဟောပြောပွဲကို ကျင်းပရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးကြည်ထွန်းနှင့် ရပ်ကွက်ဖွံ့ဖြိုးရေးအထောက် အကူပြုအဖွဲ့ဝင်များ၊ ရာအိမ်မှူး၊ ဆယ်အိမ်မှူးများ၊ ရပ်မိရပ်ဖနှင့် လုပ်ပြည်သူ ၅၀ ခန့် တက်ရောက်ခဲ့ကြသည်။

အဆိုပါအခမ်းအနားတွင် တမူးမြို့နယ် ရဲမှူးအေးသန်းက ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေဆိုင်ရာ သိကောင်းစရာများနှင့် မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်၊ မော်တော်ယာဉ် ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်း လုပ်ကိုင်သူများနှင့် ပတ်သက်၍ တားမြစ်ချက်နှင့် ပြစ်ဒဏ်များအား အကျယ်တဝင့် ရှင်းလင်းဟောပြောပြီး ရပ်ကွက်နေပြည်သူများ၏ မေးမြန်းမှုကို ပြန်လည်ဆွေးနွေးခဲ့သည်။ **တမူးခရိုင်(ပြန်/ဆက်)**

## သီးကုန်းကျေးရွာမှ အိမ်ထောင်စုများအား မြေငှားဂရန်များပေးအပ်

**မိတ္ထီလာ အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် သီးကုန်းကျေးရွာအုပ်စု သီးကုန်းကျေးရွာတွင်နေထိုင်သူ မူလဂရန်မြေတွင်ပါဝင်သည့် အိမ်ထောင်စုများအား မြေငှားဂရန်ပေးအပ်ပွဲကို အောက်တိုဘာ ၅ ရက် ညနေ ၄ နာရီခွဲက ယင်းကျေးရွာဘုန်းတော်ကြီးကျောင်းရှိ ဓမ္မာရုံတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။

၎င်းမြေငှားဂရန်ပေးအပ်ပွဲတွင် ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံးက မြေငှားဂရန်များ ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းပြောကြားပြီး သီးကုန်းကျေးရွာ အိမ်ထောင်စု ၁၁၁ စုအနက် ၄၃ စုထံသို့ မြေငှားဂရန်များကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင့်ဝေသုံး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးလှိုင်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ကျော်၊ မြို့နယ်ဦးစီးမှူး ဦးစိုးသူထွန်းတို့က ပေးအပ်ခဲ့သည်။

ကျန်ရှိသည့် သီးကုန်းကျေးရွာမှ အိမ်ထောင်စု ၆၈ စုအား မြေငှားဂရန်များ ဆက်လက်ပေးအပ်နိုင်ရန် ဆောင်ရွက်လျက်ရှိသည်။ တစ်မြို့နယ်တွင် ကျေးရွာတစ်ရွာနှုန်း မြေငှားဂရန်ထုတ်ပေးရေးအစီအစဉ်ဖြင့် ယခုကဲ့သို့ဆောင်ရွက်ခြင်းဖြစ်ရာ မိတ္ထီလာခရိုင်အတွင်း မိတ္ထီလာမြို့နယ်မှ သီးကုန်းကျေးရွာတွင် အိမ်ထောင်စု ၁၁၁ စု၊ မလှိုင်မြို့နယ် ကူကြီးကျေးရွာတွင် အိမ်ထောင်စု ၁၃၆ စု၊ သာစည်မြို့နယ် ဆည်ကြီး (တ) ကျေးရွာတွင် အိမ်ထောင်စု ၁၁၀ စု၊ ဝမ်းတွင်းမြို့နယ်တွင် ကျောင်းကုန်းကျေးရွာ အိမ်ထောင်စု ၉၉ စုတို့အား ကျေးရွာမြေငှားဂရန်များ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# သာစည်မြို့နယ်တွင်ပဲတိုင်ထောင်ဈေးကွက်ကောင်း၍ပဲတိုင်ထောင် စိုက်ပျိုးသူများ ဝင်ငွေကောင်းနေ



**သာစည် အောက်တိုဘာ ၇**

မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆည်ကြီး(တောင်)ကျေးရွာ၊ ဆည်ကြီး(မြောက်) ကျေးရွာ၊ ကြက်မောက်ကျေးရွာ၊ သာစည်လေးကျေးရွာ၊ ကျောင်းရွာကျေးရွာ၊ ဇီးတောကျေးရွာနှင့် ချမ်းသာကြီးကျေးရွာများမှာ ပဲတိုင်ထောင်(ခေါ်)ပဲတောင့်ရှည်၊ ရုံးပတီသီး၊ ဖရဲ၊ ခရမ်းချဉ်၊ ပဲတီစိမ်းနှင့် နေကြာ စသည့်သီးနှံစုံစိုက်ပျိုးကြသော ကျေးရွာများဖြစ်သည်။

ယင်းသို့ သီးနှံစုံစိုက်ပျိုးကြသည့်အနက် ပဲတိုင်ထောင်မှာ မြေအကျယ်အဝန်း အနည်းငယ်ဖြင့် စိုက်ပျိုးနိုင်ပြီး တောင်သူများအတွက် အကျိုးဖြစ်ထွန်းသောသီးနှံဖြစ်ကြောင်း သိရသည်။ ပဲတိုင်ထောင်ကို နွေရာသီနှင့် မိုးရာသီတို့တွင် စိုက်ပျိုးကြပြီး စတင်စိုက်ပျိုးချိန်မှ ဆွတ်ခူးရောင်းချပြီးချိန်ထိ အချိန်သုံးလကြာသည်။

“စတင်စိုက်ပျိုးပြီး တစ်လခွဲအကြာတွင် သီးနှံစတင်ဆွတ်ခူးနိုင်ပါတယ်။ ပုံမှန်အားဖြင့် သုံးရက်တစ်ကြိမ်လောက် ခူးရပါတယ်။ ရာသီဥတုကောင်းရင်တော့ သီးနှံပိုထွက်ပြီး နှစ်ရက်တစ်ကြိမ်လည်း ဆွတ်ခူးရပါတယ်။ စိုက်ပျိုးစရိတ်ကုန်ကျငွေကသုည ဒသမ ၁၀ ဧကလောက်စိုက်ရင် မျိုးစေ့ဖိုးအပါအဝင် အလုပ်သမားခတွေနဲ့ လိုအပ်တာတွေအားလုံးကို စတင်စိုက်ပျိုးချိန်ကနေ ဆွတ်ခူးရောင်းချပြီးတဲ့အချိန်ထိ တစ်သိန်းလောက်ကုန်ကျပါတယ်။ အကျိုးအမြတ်ကတော့ ရာသီဥတုလည်းကောင်းမယ်၊ ဈေးလည်းကောင်းမယ်ဆိုရင် လေးသိန်းကျော်လောက်ရပါတယ်”ဟု ဆည်ကြီးတောင်ကျေးရွာမှ တောင်သူတစ်ဦးက ပြောသည်။

၎င်းက ဆက်လက်ပြောကြားရာတွင် ပဲတိုင်ထောင်ကို အများဆုံးအဖြစ် သုည ဒသမ ၅၀ ဧကခန့်သာ စိုက်ပျိုးကြကြောင်း ယင်းကဲ့သို့စိုက်ပျိုးရခြင်းမှာ မိမိတို့ဒေသတွင် သီးနှံစုံ မျှတစိုက်ပျိုးကြပြီး သီးနှံတစ်မျိုးဈေးမကောင်းပါက အခြားဈေးကွက်ကောင်းသောသီးနှံဖြင့် အကျိုးအမြတ်ပြန်လည်ရယူရန် ရည်ရွယ်စိုက်ပျိုးကြခြင်းဖြစ်ကြောင်းနှင့် ယခုအချိန်တွင် ပဲတိုင်ထောင်ဈေးကောင်းပြီး တစ်ပိဿာငွေကျပ်ရှစ်ရာကျော် ရောင်းချနေရသောကြောင့် အဆင်ပြေလျက်ရှိကြောင်း ပြောသည်။

ယင်းဒေသထွက်ကုန်များကို တောင်ကြီး၊ အောင်ပန်း၊ ကလော၊ သာစည်နှင့် မိတ္ထီလာမှကုန်သည်များက ကျေးရွာထိ လာရောက်ဝယ်ယူကြသည်။ **ထွန်းထွန်း(သာစည်)**

## သန်းခေါင်စာရင်းအချက်အလက်များဖြန့်ဝေခြင်း အသိပညာပေးလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေး

**မြင်းခြံ အောက်တိုဘာ ၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အမှတ်(၁) ‘ဧရာဝတီ’ ခန်းမတွင် သန်းခေါင်စာရင်းအချက်အလက်များဖြန့်ဝေခြင်း အသိပညာပေးလုပ်ငန်း အလုပ်ရုံဆွေးနွေးပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က အဖွင့်အမှာစကားပြောကြားပြီး သန်းခေါင်စာရင်းဆိုင်ရာအချက်အလက် သင်တန်းကို ဆက်လက်ပို့ချခဲ့သည်။ သင်တန်းကာလမှာ သုံးရက်ကြာမြင့်မည်ဖြစ်ကြောင်း သိ ရသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဆန်းအောင်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ ငါန်းဇွန်မြို့နယ်များမှ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇော်မင်းနိုင်(မြင်းခြံ)**

## ဒိုက်ဦး၌ မြေငှားဂရန်များထုတ်ပေး

**ဒိုက်ဦး အောက်တိုဘာ ၇**

ပဲခူးခရိုင် ဒိုက်ဦးမြို့နယ် ဘုရားကြီးကွင်းအုပ်စု ဘုရားကြီးတွင်ကျေးရွာတွင် မြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနားကို စက်တင်ဘာလ နောက်ဆုံးပတ်က ဘုရားကြီးကွင်းကျေးရွာအမက(လွန်) ကျောင်းတွင် ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် မြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေး ဦးရဲထွဋ်နှင့် မြေငှားဂရန်ထုတ်ပေးရေးမြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးငြိမ်းထွန်းကျော်တို့က ကျေးရွာမြေငှားဂရန်များ ထုတ်ပေးရန်ဆောင်ရွက်ခဲ့သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် မြေငှားဂရန်ထုတ်ပေးရေး ခရိုင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက မြေငှားဂရန်စာချုပ် ၁၈၅ ခုအား ဘုရားကြီးကွင်းကျေးရွာ မြေပိုင်ရှင်များ၏ လက်ဝယ်သို့ ပေးအပ်ခဲ့ကြောင်းသိရသည်။ **ကျော်ကျော်**(IPRD)

## ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အခမ်းအနား ဟားခါး၌ကျင်းပ

**ဟားခါး အောက်တိုဘာ ၇**

၂၀၁၅ ခုနှစ် အောက်တိုဘာ ၅ ရက်တွင် ကျရောက်သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၉ နာရီက ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဗိုလ်ကြွမ်ဘိခ်ခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားကို ဟားခါးမြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ‘အိုဘယ့်ဆရာ’သီချင်းဖြင့် ဂုဏ်ပြုသီဆို ဖွင့်လှစ်ပြီး ပြည်နယ်ပညာရေးမှူး ဒေါ်ဝင်းကြည်က နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှပေးပို့သော ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ယင်းနောက် ချင်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ကိုယ်စား ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးကျင့်လျန်းပေါင်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်ဂုဏ်ပြုအမှာစကားပြောကြားပြီး ဟားခါးခရိုင်ပညာရေးမှူး ဦးခွာသိုင်းက UNESCO, UNICEF,UNDP,ILO နှင့် Education International တို့မှပေးပို့သော သဝဏ်လွှာကို ဖတ်ကြားခဲ့သည်။

ဆက်လက်၍ ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး ပြိုင်ပွဲများတွင် ဆုရကျောင်းသား၊ ကျောင်းသူများကို ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးဟောက်ခင်ခမ်းနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ယင်းနောက် ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီး ၅၇ ဦးတို့အား ပြည်နယ်အဆင့် အဖွဲ့အစည်းဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ကန်တော့ခံပစ္စည်းများဖြင့် ကန်တော့ခဲ့ကြသည်။

ယင်းနောက် ကမ္ဘာ့ဆရာများနေ့ ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများကိုယ်စား ဆရာမကြီးဒေါ်ဟရန်ကိပ်မဲန် (လက်ထောက်ပြည်နယ်ပညာရေးမှူး-ငြိမ်း)က ဩဝါဒစကားချီးမြှင့်ပြောကြားပြီး ဟားခါးမြို့ အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများက ‘ မြတ်ဆရာ’ သီချင်းဖြင့် တေးသရုပ်ဖော်ဖျော်ဖြေတင်ဆက်ခဲ့သည်။

ယင်းနေ့က အခမ်းအနားအပြီးတွင်တက်ရောက်လာကြသော ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အဖွဲ့အစည်းများမှ တာဝန်ရှိသူများက ခင်းကျင်းပြသထားသော ဆုရကျောင်းသား၊ ကျောင်းသူများ၏ စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ဆောင်းပါး လက်ရာများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ချင်းပြည်နယ်(ပြန်/ဆက်)**

## သီခေါင်ကျေးရွာအုပ်စု ဥသကံကျေးရွာ ၂၄ နာရီလျှပ်စစ်မီးလင်းရေး ဖွင့်ပွဲပြုလုပ်

**တောင်ကြီး အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စု ဥသကံကျေးရွာ ကိုယ့်အားကိုယ်ကိုး ၂၄ နာရီ လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီ က ဥသကံကျေးရွာထရန်စဖော်မာရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးစိုင်းထွန်းရင်၊ ကလောမြို့နယ် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးခွန်ကျော်သူနှင့် ကလောမြို့နယ် သီခေါင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးညွန့်ဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက ဆိုင်းဘုတ်နှင့် 200 KVA ထရန်စဖော်မာကို စက်ခလုတ်နှိပ်၍ ဥသကံကျေးရွာ ၂၄ နာရီ လျှပ်စစ်မီး ဖွင့်လှစ်ပေးခဲ့သည်။

ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးက အဖွင့်အမှာစကား ပြောကြားခဲ့သည်။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဟဲဟိုးမြို့နယ် လျှပ်စစ်မှူး ဦးဆန်းဝင်းက လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်အား မီးလင်းရေးကော်မတီမှ ဦးအောင်နိုင်စိုးထံ ပေးအပ်ခဲ့သည်။

ဥသကံကျေးရွာ မီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြင့်က ကျေးရွာမီးလင်းပြီဖြစ်သည့်အတွက် ကျေးရွာနေပြည်သူများ၏ လူမှုစီးပွားဘဝများ အချိန်နှင့်တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ကျေးရွာလျှပ်စစ်မီးလင်းရေးဖွင့်ပွဲအမှတ်တရအလံနှင့် လက်ဆောင်ပစ္စည်းများ ပေးအပ်ရာတွင် ကျေးရွာမီးလင်းရေးကော်မတီမှ ဦးအောင်နိုင်စိုးက ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးအား လည်းကောင်း၊ ကျေးရွာမီးလင်းရေးကော်မတီဥက္ကဋ္ဌ ဦးသောင်းမြင့်က ဟဲဟိုးမြို့နယ် လျှပ်စစ်မှူး ဦးဆန်းဝင်းအား လည်းကောင်း၊ ကျေးရွာမီးလင်းရေးကော်မတီ ဦးစိုးကြည်က ခရိုင်အင်ဂျင်နီယာ ဦးနိုင်လင်းအား လည်းကောင်း အသီးသီးအမှတ်တရအလံများ ပေးအပ်ခဲ့သည်။

ဥသကံကျေးရွာတွင် အိမ်ခြေ ၁၈၀ ရှိပြီး ယခု ၂၄ နာရီလုံး လျှပ်စစ်မီးများရရှိပြီး ပြည်သူလူထုများ မျက်စိဖွင့်နားစွင့်၍ လျှပ်စစ်မီးကို ရိုသေစွာသုံးစွဲသွားကြရန် တာဝန်ရှိသူများက ပညာပေးပြောကြားခဲ့သည်။

လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲသို့ ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**


ကြော်ငြာ


ဂျာနီဂိုး
EASY GO TRAVEL & TOURS
(25-Nov, 23-Dec, 17-Jan, 22-Feb, 23-Mar, 9-Apr)
USD-260 — USD-1250
USD-990(28-Oct, 4-Nov)
(25-Nov, 23-Dec, 29-Jan, 15-Feb, 27-Mar, 13-Apr)
www.easygotour.com

နီလာ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့
၂၀၁၅–၁၆နှစ်အတွက် အထူးဈေးနှုန်း အထူးဝန်ဆောင်မှုအစီအစဉ်သစ်
အထူးဆု–ကျပ်သိန်း(၁၀၀)တန် ကားသစ်ကြီး (၁)ဆုနှင့် အခြားဆုမဲများကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်သွားမည်ဖြစ်ပါသည်။
(၇)ညအိပ် (၈)ရက်ခရီး -သံဝေဇနီယလေးဌာန (ဖွားပွင့်၊ဟောစံ) Hotel 2 days → (၉.၅)သိန်း
(၁၂)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတသုံးဌာန( အိန္ဒိယ + နီပေါ) Hotel 4 days → (၉.၉)သိန်း
(၁၅)ရက်ခရီး - သံဝေဇနီယလေးဌာန + အဝိဇဟိတလေးဌာန + နယူးဒေလီ၊တပ်ချ်မဟာ Hotel 6 days → (၁၁)သိန်း
သီရိလင်္ကာ စွယ်တော် + မူလဗောဓိပင် + ဗန်ကောက်မြဘုရား (၇)ရက်ခရီး → (၁၅.၅)သိန်း စရိတ်ငြိမ်း
အသက်သာဆုံးဈေးနှုန်းနှင့် အကောင်းဆုံးဝန်ဆောင်မှုပေးနေပါသည်။
စရန်ငွေ(၂)သိန်းပေးသွင်းပြီးပါကသတ်မှတ်ဈေးနှုန်းပြောင်းလဲ၍ ကောက်ခံခြင်းမရှိပါ။
ဗုဒ္ဓဂယာတွင် ခါတ်လှေကားပါဟိုတယ်၌ တည်းခိုပြီး၊ နယူးဒေလီ နှင့်အာဂရာတွင် 3 Star အဆင့်ရှိ ဟိုတယ်တွင် တည်းခိုပါမည်။
ညမောင်းခရီးစဉ် လုံးဝမရှိပါ။ ခရီးစဉ်တိုင်း လေယာဉ်ပေါ်တွင် အဖွဲ့ခေါင်းဆောင်တစ်ဦးပါဝင်ပါမည်။
သတ်မှတ်ထားသောဈေးနှုန်းထက်ပို၍ ထပ်မံကောက်ခံခြင်းမရှိပါ။ ဗုဒ္ဓဂယာခရီးစဉ်တွင် (၁၁)ဦးစုစည်းလိုက်ပါလျှင် (၁)ဦးအခမဲ့ ပို့ဆောင်ပေးပါမည်။
ခရီးစဉ်အသေးစိတ်သိရှိလိုပါက နီလာရုံးခန်းတွင် လက်ကမ်းကြော်ငြာနှင့် (DVD)ခွေများကိုအခမဲ့လာရောက်ယူနိုင်ပါသည်။
ထွက်ခွာမည့်ရက်များ: ၁၂ ရက်ခရီးစဉ်(Oct-19),(Nov-16,30), (Dec-14,28), (Jan-11,25), (Feb-8,22), (Mar-7,21),(April-12)
၁၅ ရက်ခရီးစဉ် (Oct-27),(Nov-10,24),(Dec-8,22),(Jan-5,19),(Feb-2,16),(Mar-1,15),(April-12),
သီရိလင်္ကာခရီးစဉ်များ–(Nov-29),(Dec-29),(Jan-29),(Feb-29),(Mar-29),(April-29)
အမှတ်-၂၇၆/၂၇၈(မြေညီ)၊ ပန်းဆိုးတန်းလမ်း(ခုံတံတားအနီး)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
☎ ၀၁–၃၇၆၆၁၀၊ ၃၇၂၁၃၅၊ ၃၈၄၃၆၆၊ ၃၈၄၀၆၆၊ ၃၈၅၃၈၄၊ ၀၉–၅၁၂၀၅၂၉

ဒေါ်အေးအေးခင် M.Sc, B.Ed ဦးစီး၍ ပါမောက္ခ၊
ကထိက၊ ဝါရင့်ဆရာများသင်ကြားသည်။
အမှတ်ကောင်းကောင်းနှင့်ဂုဏ်ထူးထွက်အောင်သင်တဲ့
Phone No. 09-73034838
ဂုဏ်ထူးအောင် ဝိုင်း/ဘော်ဒါ
(၈/၁၀တန်း)အနီးကပ်အချိန်ပြည့်လပြတ်ဘော်ဒါ
၃၂(ပ)ထပ်၊အထက်ပုဇွန်တောင်လမ်းမကြီး၊ပုဇွန်တောင်ဈေးအနီး။

ချောင်းသာ
OASIS
ကား+စား+တည်း(ငြိမ်း)
'အိမ်အရောက်လက်မှတ်ဖြတ်ပေးသည်'
အမှတ်(၁၆-ဘေ)၊လေးဆိုင်ရိပ်သာလမ်း၊(၁၀)မိုင်၊ အင်းစိန်။
Ph:09 5038616, 09 254197844, 01 650201

MIC
Myanmar Imperial College


တက္ကသိုလ်ဝင်တန်း ဖြေဆိုပြီးသူများအတွက်
- Diploma in Business (HND)
- Diploma in Advertising & Branding (HND)
- Diploma in Hospitality & Tourism (HND)
- Bachelor of Business & Management
- Bachelor of Marketing Management
- Bachelor of Tourism Management

မြန်မာနိုင်ငံ၏ အနာဂတ်စီးပွားရေးလုပ်ငန်းရှင်များအတွက်
MBA DBA

+ ဗြိတိန်နိုင်ငံ Northampton University မှ တိုက်ရိုက်ပေးအပ်သော နိုင်ငံတကာ အသိအမှတ်ပြု Diploma နှင့် Bachelor Qualifications
+ ပြည်တွင်းပြည်ပမှ Professors၊ Lecturers နှင့် အတွေ့အကြုံရှိ စီးပွားရေး ပညာရှင်များ
+ နိုင်ငံတကာအဆင့်မီ တက္ကသိုလ်ကျောင်းဝင်း
09 732 10001 / 09 4211 00222
Enroll Now!
အမှတ် (၁) ဈေးပြောက်လမ်း (ဦးဝိစာရအဝိုင်းအနီး)၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။


## ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်/မော်ဘီ)တွင် ကုသိုလ်ဖြစ်(အခမဲ့)မျက်စိအတွင်းတိမ်ရောဂါများ ခွဲစိတ်ကုသပေးမည်

၁။ ကမ္ဘာ့ဗုဒ္ဓသာသနာပြုကျေးဇူးတော်ရှင် ချမ်းမြေ့ဆရာတော်ကြီး၏ ဒါယကာ၊ ဒါယိကာမများဖြစ်ကြသော ထိုင်းနိုင်ငံမှ မျက်စိအထူးကုပါရဂူဆရာဝန်ကြီးများအဖွဲ့က အတွင်းတိမ်/မျက်စိရောဂါဝေဒနာရှင်များကို အခမဲ့ စမ်းသပ် စစ်ဆေး ခွဲစိတ်ကုသပေးမည် ဖြစ်ပါသည်။

၂။ ထိုင်းနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများ၊ မြန်မာနိုင်ငံမှ မျက်စိအထူးကုဆရာဝန်ကြီးများနှင့် သမားတော်ကြီးများ ပူးပေါင်းကာ ပဏာမစစ်ဆေးခြင်းကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၅/၆/၇)ရက်များတွင် ချမ်းမြေ့ရိပ်သာ(ရန်ကုန်)တွင် ပြုလုပ်ပါမည်။

၃။ မျက်စိ(အတွင်းတိမ်)ခွဲစိတ်ရန် ရွေးချယ်ခြင်းခံရသော မျက်စိရောဂါဝေဒနာရှင်များကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ(၁၉/၂၀/၂၁)ရက်များတွင် ချမ်းမြေ့ရိပ်သာ(မော်ဘီ)ရှိ ကုသိုလ်ဖြစ်မျက်စိဆေးခန်း၌ ခွဲစိတ်ကုသ မျက်ကပ်မှန်(အခမဲ့) ထည့်သွင်းပေးပါမည်။

၄။ မျက်စိရောဂါဝေဒနာကုသလိုသူများသည် ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ၃၀ရက်မတိုင်မီ **ချမ်းမြေ့ရိပ်သာကျောင်း(ရန်ကုန်)၊ အမှတ်(၅၅/က)၊ ကမ္ဘာအေးစေတီလမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၁-၆၆၀၄၇၉၊ ၀၁-၆၅၂၅၈၅၊ ၀၉-၇၃၀၁၂၃၃၃**တို့ထံ ဆက်သွယ် စာရင်းပေးရန်ဖြစ်ပါသည်။

**ပျောက်ဆုံးကြောင်း**

ကျွန်မ ဒေါ်ဝင်းနီလာမော်[၈/ရနခ(နိုင်)၀၀၉၆၅၂]အမည်ပေါက်ပိုင် မော်တော်ယာဉ်အမှတ် (၉င/၉၅၀၃)ယာဉ်၏ ID, Customs Statement ယာဉ်စာတ်ပုံမှုရင်းတို့မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဒေါ်ဝင်းနီလာမော်၊ ဖုန်း-၀၉-၅၅၀၀၆၈၇


NEW CAMPUS PRIMARY SCHOOL
Primary School
- သူငယ်တန်းမှ စတုတ္ထတန်းအထိ
- အသက်(၅)နှစ်မှ (၁၀)နှစ်
- 9:30 Am to 3:00 Pm (Mon to Fri)
Pre-School
- Ages 2½ to 5 years
- 9:30 Am to 3:00 Pm (Mon to Fri)
ဝန်ဆောင်မှု
ဘက်စုံဖွံ့ဖြိုးရေးနှင့် သင်ကြားရေး ဘက်ကျွမ်းသော ဝါရင့်ဆရာမများနှင့် သင်ထောက်ကူ ပစ္စည်းစုံလင်စွာ၊ ကစားကွင်း၊ စာကြည့်တိုက်နှင့် Air-con တက် စာသင်ခန်းများ။
Yangon - No(28) Aung Ze Ya Road, Kyauk Kone, Yankin Township, Yangon, Myanmar. Tel:01-566 131, 09-7962 88621, 09-7962 88622
Nay Pyi Taw-Oaktarathiri Township, Mandalay Road & Bago Road. Tel : 09-4920 1810, 09-4920 1811


## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်၊ ... အမှတ် (၄၄၁)တွင် တည်ထောင်မှတ်ပုံတင်ထားသော **Builder Group Co.,Ltd** (ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၂၈၆၀/၂၀၁၀-၂၀၁၂) သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်များ၏ ... မူပိုင်ရှင်ဖြစ်ကြောင်း ...

BUILDER GROUP — HOME FOR EVERYONE

မှတ်ပုံတင်နံပါတ်အမှတ် - ၄/၁၀၃၃၇/၂၀၁၅ မှတ်ပုံတင်နံပါတ်အမှတ် - ၄/၁၀၃၃၈/၂၀၁၅

[illegible]

**Builder Group Co.,Ltd** ၏ ...

ဒေါ်တင်ဥမ္မာထွန်း (...) ဒေါ်တင်သီရိအောင် (...)

[illegible]

**POPULAR STAR**

တောင်ကြီး၊ အင်းလေး — ပြင်ဦးလွင်ခရီးစဉ်

Scania Bus, 3Stars Hotel, Restaurant

အမှတ်(၇၄)ပထမထပ်၊ နံ့သာလမ်း၊ ... ၀၁ ၂၃၀၁၈၆၆၊ ၀၉-၅၁ ၉၉၁၇၄၊ ၀၉-၇၈၆၅၁၆၅၂၀၊ ၀၉-၇၈၅၀ ၂၂၄၂၂။

**ဟိန်း** 01-293159, 01-9000293, 09-5160048

ခရီးစဉ်အမျိုးမျိုးနှင့် လချုပ်/နှစ်ချုပ်ကားများငှားရန်ရှိသည်။ ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်ပါ။

www.heincarrental.com

**RUBY** ကားစီးလုံးငှားသည်

519100

09-51-77212, 535100

ခရီးစဉ်မျိုးစုံအတွက်(၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

**သုံးရောင်သီ** ဓမ္မဒါန

အင်းလေးဖေါင်တော်ဦးပွဲတော်

တောင်ကြီး၊ ပင်းတယ၊ ကက္ကူ၊ ထန်စန်း

ထွင်းကျွေး-၅၀၀၀ဝိ/-Oct - 16,23,30

(၁၀)ဦးဆယ်လျှင် တစ်ဦးအခမဲ့

ကားအမျိုးမျိုးစင်းလုံးငှားသည်။

☎ 420144148, 421153797

**Asia Top** 0943164118, 09421099574, 098635520

▲ အင်းလေးဖောင်တော်ဦးဘုရားပွဲတော်နှင့် အင်းလေးကနီဘုရားဖူး တောင်ကြီး၊ ပင်းတယ၊ ကံလုံ၊ ကလော၊ ထမ်စမ်း၊ မွေတော်ကက္ကူ Guest Package 65000

▲ ပုဂံ(ရွှယ်တော်လေးဆူ)၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ နေပြည်တော် Hotal Package 60000

▲ ထားဝယ်(ရှင်ကိုးရှင်)၊ မောင်းမကန်ကမ်းခြေ၊ မော်လမြိုင်၊ ကျိုက်မီ၊ ဇက်ခဲ Guest Package 100000

▲ မန္တလေး၊ ပြင်ဦးလွင်၊ စစ်ကိုင်း၊ မုံရွာ Guest Package 65000 Oct 9,16,23,27,30

ကျိုက်ထီးရိုး(နေ့စဉ်)/ချောင်းသာ(နေ့စဉ်) ကားမျိုးစုံ စီးလုံးငှား စီစဉ်ပေးပါသည်

**GOLDEN STAR**

ကျိုက်ထီးရိုး (နေ့စဉ်)

ချောင်းသာ (နေ့စဉ်)

ငွေဆောင် (နေ့စဉ်)

Ph: 209200, 544383, 430480

**Royal Gandamar** Travels & Tours

| | | |
|---|---|---|
| 1.တောင်ကြီး-အင်းလေး-ကလော-ပင်းတယ ခရီးစဉ် (၅ရက်) | Oct 27, Nov 25 | 190,000 |
| 2.ပုဂံ-ရွှယ်တော်(၄)ဆူ-ညောင်ဦး-ပုပ္ပါး-ပခုက္ကူ ခရီးစဉ်(၄ရက်) | Oct 28, Nov 26 | 150,000 |
| 3.ကယားပြည်နယ်-လွိုင်ကော်-ထီးစဲခါးခရီးစဉ် (၄ရက်) | Oct 27, Nov 25 | 130,000 |
| 4.ဘားအံ(ဂူဘုရားများ)-မော်လမြိုင် ခရီးစဉ် (၃ရက်) | Oct 28, Nov 26 | 95,000 |
| 5.ကော့သောင်း-ရနောင်း-သူ့ဌေးကျွန်း-ကြက်မောက်ကျွန်း(၅ရက်)(Flight) | Oct28 | 650,000 |

>ကျောက်စိမ်းဘုရား-ရွှင်ပင်ရွှေဂူကြီး-ဒီးဖုတ်ရေတံခွန်
>ကျိုက်ထီးရိုး - ကျိုက်ခေါ်လော-ရွှေမော်ဓော
>ပြည်-အကောက်တောင်-မျူမြို့ဟောင်း
>ကရင်ပြည်နယ်-ဘားအံဂူများနှင့်ရေပူစမ်း
>မော်လမြိုင်-ကျိုက်ခမီ-စက်စဲကမ်းခြေ

3*Hotel, Scania Express, Meals, Guide စရိတ်ငြိမ်း

Oct 10 ရက်နေ့ မတိုင်မီ စာရင်းပေးသူများ 5% Discount

အမှတ်(၁၈၅/၁၈၇) မဟာဗန္ဓုလလမ်း၊ နှင့် ၅၂လမ်းထောင့် Yurimieko ရှေ့၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။ Ph-01-397484, 09-333 53275, 09-3659 2255, 09-25089 2626

**ဒါန ဘုရားဖူးအဖွဲ့၏ ဗုဒ္ဓဂယာ ဘုရားဖူးခရီးစဉ်**

သံဝေဇနီယ နှင့် အဝိဇဟိတ ဗုဒ္ဓဌာနများ၊ နယူးဒေလီ၊ အာဂရာ တပ်ချ်မဟာ နေရာများသို့ (၁၄ ည / ၁၅ ရက်) ခရီးစဉ် 800 USD + ၅၀၀၀၀ိ/-

သံဝေဇနီယ (၄)ဌာန နှင့် ဗုဒ္ဓဌာနများ (၇ည/၈ရက်) ခရီးစဉ် 700 USD + ၅၀၀၀၀ိ/-

အနည်းဆုံး(၆)လသက်တမ်းကျန်သောနိုင်ငံကူးလက်မှတ်လက်ဝယ်ရှိသူများ ၃၀၀၀၀ိ/- လျှော့ပေးပါသည်။

(နယူးဒေလီတွင် ဟိုတယ် ၂-ည အိပ် တည်းခိုပြီး၊ အန္တရာယ်ရှိသော ညဖက် ကားမောင်းခရီးသွားခြင်း လုံးဝမရှိပါ။)

(၁၅)ရက်ခရီးစဉ်များ - အောက်တိုဘာ ၄၊ ၁၈ နှင့် ၂၅ (သီတင်းကျွတ်လပြည့် ဆီမီး ၁၀၀၀)၊ နိုဝင်ဘာ ၈၊ ၁၅၊ ၂၂၊ ၂၉၊ ဒီဇင်ဘာ ၆၊ ၂၀၊ ဇန်နဝါရီ ၃၊ ၁၇၊ ဖေဖော်ဝါရီ ၇၊ ၁၄၊ ၂၁၊ ၂၈၊ မတ် ၆၊ ၁၃၊ ၂၀၊ ၂၇၊ ဧပြီ ၃၊ ၁၀။ (၈)ရက်ခရီးစဉ်များ - နိုဝင်ဘာ ၁၅၊ ဖေဖော်ဝါရီ ၇၊ ဧပြီ ၁၀။

ဒါနဘုရားဖူးအဖွဲ့ - အမှတ်(၂၅)၊ အခန်းအမှတ်(၃၀၃)၊ တတိယထပ်၊ ဓါတ်လှေခါးအမှတ်(၂)၊ ယုဇနစီးပွားရေးဇာတ်၊ ဓမ္မစေတီလမ်း၊ စမ်းချောင်း။ ဖုန်း - 536348, 537707, 537708, 09 500 1763, 09 501 3727, 09 256174414, 09 516 4664

မဇ္ဈိမဒေသသာသနာပြုအဖွဲ့ - အမှတ် (၁၃/က)၊ ငါးထပ်ကြီးဘုရားလမ်း၊ ဗဟန်း၊ ရန်ကုန်။ ဖုန်း - 545215, 545216, 555173

မန္တလေးရုံးခွဲ-(I-6)ရတနာမန္တလေးအိမ်ရာ၊ လမ်း၆၀၊ ၃၁×၃၂ကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ မန္တလေး။ ဖုန်း- 09 402 64 8989, 09 5300305

**Grade Nine English** ရှစ်တန်း အင်္ဂလိပ်စာ (သင်ရိုးကုန်)

စာအုပ် ထုတ်ဖို့ မျှော်လင့်ထား ... ထားသူများရဲ့ ဆန္ဒ ပြည့်ပါပြီ ...

စနစ်အကျဆုံး၊
ခေတ်အမီဆုံး၊
အသားနားဆုံး၊
အသပ်ရပ်ဆုံး၊
အရှင်းလင်းဆုံး၊
အပြည့်စုံဆုံး၊
အဆင့်အမြင့်ဆုံး၊
အထူးခြားဆုံး၊
အကောင်းတကာ အကောင်းဆုံး

**ဂုဏ်ထူးဦးအောင်ခိုင်**

ပြဌာန်းချက် အစုံအလင်ကို အကုန်အစင် ရှင်းပြထား

သရုပ်ဖော်ပုံ ၇၀ နဲ့ အတူ နမူနာ မေးခွန်း ၅ စုံ ပါဝင် ...




၂၇၂ ပန်းဆိုးတန်းလမ်း (အထက်)။ 01 252 919, 09 3126 9756


## အထက(၅) ဗိုလ်တထောင် အာစရိယပူဇော်ပွဲ နှိုးဆော်လွှာ

အထက(၅)ဗိုလ်တထောင် ကျောင်းတော်ကြီးတွင် ပညာသင်ကြားပို့ချခဲ့သော ဆရာ၊ ဆရာမများ၏ အာစရိယ ဂုဏ်ကျေးဇူးကို ပူဇော်ကန်တော့လိုပါသဖြင့် အာစရိယပူဇော်ပွဲကို ၂၀၁၅ခုနှစ်၊ ဒီဇင်ဘာလ ၂၀ရက်တွင် ကျင်းပရန်စီစဉ်ထားပါသဖြင့် အထက(၅)ဗိုလ်တထောင်တွင် ပညာသင်ကြားခဲ့သော (မည်သည့်ခုနှစ်တွင်မဆို) ကျောင်းသား၊ ကျောင်းသူဟောင်း သူငယ်ချင်းများအားလုံး အင်တိုက်အားတိုက် ပါဝင်နိုင်ရန် ခင်မင်ရင်းနှီး သတိရစွာဖြင့် အသိပေးနှိုးဆော်အပ်ပါသည်။

အလှူငွေများ ပါဝင်ထည့်ဝင်လှူဒါန်းလိုပါက အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

| | |
|---|---|
| ကိုအောင်သိန်း(၁၉၈၇) ဖုန်း-၀၉-၅၀၁၄၂၇၇ | ကိုကျော်မင်းမြတ်(၁၉၈၈) ဖုန်း-၀၉-၄၃၀၈၂၈၄၂ |
| မကေသီခိုင်(၁၉၈၅) ဖုန်း-၀၉-၅၀၀၉၉၁၇ | ကိုမိုးဇော်မြင့်(၁၉၉၂) ဖုန်း-၀၉-၅၁၉၀၂၃၆ |
| ကိုနိုင်တူး(၁၉၈၇) ဖုန်း-၀၉-၅၀၄၇၄၃၃ | မထက်ထက်အောင်(၁၉၉၄) ဖုန်း-၀၉-၅၁၃၃၇၆၅ |
| ကိုမျိုးသိန်းထွန်း(၁၉၉၄) ဖုန်း-၀၉-၅၁၈၈၃၈၇ | မဝတ်မှုံ(၁၉၈၈) ဖုန်း-၀၉-၅၀၀၁၀၇၆ |

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**


**မြန်မာ** ပြည် **စီးပွားရေး လမ်းညွှန်** ၂၀၁၆ ခုနှစ်အတွက်

မြန်မာပြည်မှာဆို ဘာပဲလိုလို ?




ကြော်ငြာပိတ်ရက် နီးကပ်လာပါပြီ။

Myanmar Business DIRECTORY

Sales Direct line | 01-250700, 373254, 245358 02- 4000611

## ကြော်ငြာ


### မဇ္ဈိမဂုဏ်ရည်ဆရာတော်နှင့် မြိုင်ဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ(၁)လမ်း၊ မိသားစု၏ လမ်းအောင်ပွဲ အထိမ်းအမှတ်အဖြစ် ကျင်းပသော မမွသဘင်မြတ်၌ ၈-၁၀-၂၀၁၅ရက်တွင် မဇ္ဈိမဂုဏ်ရည်ဆရာတော် ဒေါက်တာအရှင်ကောဝိဒမှလည်းကောင်း၊ ၉-၁၀-၂၀၁၅ ရက်တွင် မြိုင်ဆရာတော် အရှင်ပညာဇောတမှလည်းကောင်း ညစဉ် ၇း၀၀နာရီမှစ၍ နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည် ဖြစ်ပါသည်။

### အာရှကေရီဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး
**Asian Empress Travels and Tours**

ဗုဒ္ဓဂယာမြေမြတ်မဟာသို့ အထူးအစီအစဉ်အနေဖြင့် သီတင်းကျွတ်လပြည့်နေ့တွင် ထွက်ရှိပြီး ညပိုင်းတွင် မဟာဗောဓိပင်၌ ဆီမီးဆက်ကပ်ပူဇော်ပါမည်။

**ထွက်ရှိမည့်နေ့ - ၂၈-၁၀-၂၀၁၅ရက်(သီတင်းကျွတ်လပြည့်နေ့) (၇)ညအိပ် (၈)ရက် ဟိုတယ်(သီးသန့်)** USD 900 **(ဖွား၊ ပွင့်၊ ဟော၊ စံ) ဌာနအစုံအား ကုသိုလ်ယူ ပို့ဆောင်ပေးမည်ဖြစ်သောကြောင့် လက်မလွတ်ရလေအောင် အမြန်ဆုံး စာရင်းပေးသွင်းနိုင်ကြပါပြီ။**

ဆက်သွယ်ရန် –
အမှတ်(၇၄)၊ မြေညီထပ်၊ သံတံတားလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။
Ph: (01) 501712, (09)30382448-449,
(09) 260013261-262, (09)5025999

### GOLDEN STAR Travels & Tours

- မန္တလေး–ပြင်ဦးလွင်ခရီးစဉ် Oct-23,27
- ပုဂံ(စွယ်တော်လေးဆူ)–ပုပ္ပါး–ပခုက္ကူ Oct-23,27
- တောင်ကြီး–အင်းလေး(ဖောင်တော်ဦးဘုရားပွဲ) Oct-23,25

ကုမ္ပဏီ၊အသင်းအဖွဲ့များအတွက် စိတ်ကြိုက်ခရီးစဉ်များကို အထူးနှုန်းဖြင့် စီစဉ်ပေးသည်။

Ph:01-703448, 09-5081580, 09-5064141, 09-5046000

### စန်းထိုက်ခြူး Travels & Tours

| | | |
|---|---|---|
| မော်လမြိုင် | (အပတ်စဉ် စနေနေ့ည) | 35000 |
| ဘားအံ– ဆဒ္ဒန်ဂူ | (အပတ်စဉ် စနေနေ့ည) | 35000 |
| ငွေဆောင်ကမ်းခြေ | (OCT 23/27) | 62000 |

ကုမ္ပဏီအသင်းအဖွဲ့များအား ဈေးနှုန်းချိုသာစွာဖြင့် စီစဉ်ပေးပါသည်။

Ph : 01 523077,525856,09 73129785,09 420023148

### မန္တလေး၊ ပြပ္ပဟ္မစိုရ်အသင်း ဘီပိုး၊ စီပိုး အခမဲ့ကုသရေးဆေးခန်း

**ပါမောက္ခ ခင်မောင်ဝင်း(အသည်း)မှ ဦးစီးဆောင်ရွက်ပါသည်။**

ဆေးခန်းဖွင့်ပွဲအခမ်းအနားကို အောက်ပါအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ပါသဖြင့် မည်သူမဆို တက်ရောက်နိုင်ပါသည်။

| | |
|---|---|
| နေ့စွဲ | - ၁၁-၁၀-၂၀၁၅ရက်(တနင်္ဂနွေနေ့) |
| အချိန် | - နံနက် ၉နာရီမှ ၁၀နာရီ |
| နေရာ | - Oriental House ခန်းမ၊ မန္တလေးမြို့။ |

- အသည်းခြောက်အဆင့် လူနာများကို ဦးစားပေးအခမဲ့ ကုသပေးပါမည်။
-(၁)လလျှင် လူနာ(၃၀)ခန့် ကုသပေးပါမည်။

### သုခချမ်းသာ သက်န်းတိုက်

01-512443,09-73017656,09-32380867

### ဆုပြည့် 0931815390

ကျိုက်ထီးရိုး(ငြိမ်း) 35000/-
ချောင်းသာ(ငြိမ်း) 40000/-
ငွေဆောင်(ငြိမ်း) 50000/-
6+1 FREE

ဈေးနှုန်းသက်သာစွာဖြင့် ကားမျိုးစုံ ငှားသည်။
0931815395,09792432296

### အဝေးသင်တက္ကသိုလ်သင်တန်းသားများအတွက်

ငြိမ်း အဝေးသင်

အောက်တိုဘာ တန်းခွဲသစ်များ ဖွင့်ပြီ

ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ်

ဝိဇ္ဇာ၊ အင်္ဂလိပ်စာ၊ ဥပဒေ၊ စီးပွားရေး

Nyein Center ■ ၁၆၇/၁၇၃၊ အခန်း B-2၊ ဆိပ်ကမ်းသာဝိုင်မှ ဆိပ်ကမ်းသာလမ်း ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၂၅၆၆၂၁
Nyein လှည်းတန်း ■ ငြိမ်း အဝေးသင် သင်တန်း အမှတ် ၂၃၊ အခန်း B-4၊ လှည်းတန်းလမ်း ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၇၃၀၀၇၆၂၇

### သင့်တစ်နေ့တာ အတွက် ကျန်းမာရေးအထောက်အကူပြု အင်အားပြည့် အာဟာရမှုန့်



**Complan** သောက်သုံးသင့်သူများ

- အသက်အရွယ်ကြီးသူများ
- နာလန်ထစ လူနာများ၊ လူမမာများ
- မွဲစိတ်ကုသမည့် လူနာများ
- ပိုက်ဖြင့် အစာသွင်းရသော လူနာများ
- နို့တိုက် မိခင်များ
- အားကစားသမားများအတွက် အထူးသင့်လျော်ပါသည်။

500 gm(Paper Box)

Made in Newzealand

Calcium နှင့် Vitamin D ပါဝင်သောကြောင့် အရိုးများကို ကျန်းမာ သန်စွမ်းစေပါသည်။



Autocode

(၅) နှစ်အာမခံ

### B|BRAUN Omnitest®3

သွေးချို၊ ဆီးချိုတိုင်းစက်

- သွေးပမာဏ အနည်းငယ်သာ လိုအပ်ခြင်း။
- အချိန် (၃)စက္ကန့် အတွင်း တိကျမှန်ကန်သော အဖြေကို ရရှိနိုင်ခြင်း။
- mg/dl တစ်မျိုးတည်းသာပါဝင်၍ setting ပြောင်းရန်မလိုခြင်း။

Made in Germany

CONCORDIA INTERNATIONAL

YGN : 01-654956, 09-73009220, MDY : 02-36478, NPT : 067-420819

### daedong



စက်တန်ဖိုး၏ ၁၀% ~၂၀% ကို အရင်ပေးသွင်းပြီး
ကိုရီးယား daedong လယ်ယာသုံးစက်ပစ္စည်းကို
ကိုယ်ပိုင်ပစ္စည်းအဖြစ် အရယူပါ။

**ဒီအခွင့်အရေးကို လက်လွှတ်မခံပါနှင့်။**

စက်တန်ဖိုး၏ ၁၀%~၂၀% ကို ပေးသွင်းလျှင် ယခုချက်ချင်း ဝယ်ယူနိုင်ပါသည်။
၆- လ တစ်ကြိမ် အတိုးနှင့်အတူ ခွဲဝေဆပ်ရန်

ဝယ်လိုအား၏ လိုအပ်ချက်သည် အခြေအနေအလိုက် ပြောင်းလဲနိုင်ပါသည်။



DT100NS | CK2810(28HP) | DS3510(35HP) | DS4110(41HP), DS4510(45HP) | EX50(50HP) | RX6020(60HP), RX7620(76HP) | PX9020(90HP)

**Sales(CCS)**

Sagaing : 09-400 420 011
Bago : 09-6 312 324, 09-794 445 919
Magway : 09-440 227 850, 09-792 229 940
Mandalay : 09-444 020 306, 02-39127
Mon : 09-255 708 299
Yangon : 09-5 021 830
Shan : 09-421 093 242
Ayeyarwady : 09-428 137 492
Naypyitaw : 09-43 198 836

**Service(SHT)**

Ayeyarwady, Yangon : 09-401 629 077, 09-263 952 668
Bago, Mawlamying : 09-977 242 139, 09-263 952 667
Mandalay, Monywar : 09-977 242 134, 09-263 952 663
Naypyitaw, Magway : 09-977 242 135, 09-263 952 660
SHT Call Center : 09-263 952 577, 01-684 733

**Spare Parts**

Parts Manager : 09-791 208 075, 09-977 242 146
Yangon : 09-977 242 140
Naypyitaw : 09-970 255 455, 09-975 097 969
Mandalay : 09-970 067 976
Sagaing : 09-442 073 893, 09-264 087 146
Magway : 09-974 562 249

daedong KIOTI®

ကြော်ငြာ


# NEW MOTION TRAVELS & TOURS



ပေါင်ဂေါင် - Oct 28,Nov 25,Dec 30
သြစတြေးလျ - Dec 19
ဂျပန် - Oct 24,Dec 26
ကိုရီးယား - Nov 25,Dec 23
ဖူးခက် - Dec 29
ချင်းမိုင် - Nov 25
ဗန်ကောက် - Oct 27,Nov 26,Dec 28,29
ဗီယက်နမ် - Oct 28/29,Dec 27
စင်ကာပူ - Oct 28,Dec 31
စင်း~မလေး - Dec 27,28
စင်း~ဘာတမ် - Dec 25
စိန် - Dec 19
ဥရောပ - Dec 21
အင်္ဂလန် - Dec 17
အမေရိကား - Dec 11
ဒူဘိုင်း - Nov 26,Dec 28

Contact Us
508124
523253
73148933~44
~55~66

အမှတ်(၁၅)ပထမထပ်၊ကျွန်းတောလမ်း၊စမ်းချောင်း။

Escape From Everyday Life

ဗုဒ္ဓဂယာခရီးစဉ်

ရှိခိုးကန်တော့ဖူးမျှော်လိုသော ပုညနိုင်ရေးအတွက် အဆင့်မြင့် ဟိုတယ်များတွင်သာ စီစဉ်ထားပါသည်။

ဂုဏ် ဝရက်ဝိုရ်ခရီးစဉ်များ
အောက်တိုဘာ-၂၄
နိုဝင်ဘာ-၂၁
ဒီဇင်ဘာ-၅၊၂၆
ဖေဖော်ဝါရီ-၁၃၊၂၉
မတ်-၁၉
ဧပြီ-၁၁

ဂုဏ် ၅ရက်ဝိုရ်ခရီးစဉ်များ
နိုဝင်ဘာ-၁၁
ဒီဇင်ဘာ-၁၂
ဖေဖော်ဝါရီ-၁၃
မတ်-၉

Hotline
260792886
73117724



TOKYO BBQ DINING

MANPUKU



ဂျပန်စားဖိုမှူးကြီး MR.Naoki Watanabe ကိုယ်တိုင်ချက်ပြုတ်ပေးမည့် ... ဂျပန်အသားကင်ဆိုင်

... Promotion ... စီစဉ်ပေးလျက်ရှိပါသည်။

No.(30), Sagawar Street, Dagon Township, Yangon. TEL: 09-970137546, 09-8300426, 09-5046736

iStock® ကုန်ပစ္စည်းထိန်းကွန်ပျူတာစနစ်

- ကုန်ရောင်း/ကုန်ဝယ်စာရင်း
- ငွေစာရင်း
- ကုန်လက်ကျန်စာရင်း
- ကုန်တစ်မျိုးချင်းစီ၏ အမြတ်စာရင်း
- အကြွေးစာရင်း
- လုပ်ငန်းတစ်ခုလုံး၏ အရှုံးအမြတ်စာရင်း

Contact Us ...
YGN 09-43064181, 09-252424002, 09-254151516
MDY 09-257333214, 09-978030881
NPT 09-974432762, 09-974432763

Galaxy Software Co.,Ltd.
www.galaxy.com.mm

ရွှေပလ္လင်

ရွှေပြည်သာ ဖွင့်ပြီ

နပ်ကော်ဖီကောင်းကောင်း သောက်လိုသူများအတွက်


ရွှေပလ္လင် ...

တွေ့ကြရအောင် ရွှေပလ္လင် မှာ...

အလှူမင်္ဂလာပွဲများအတွက် အထူးအော်ဒါများ လက်ခံပါသည်။
အမှတ်(၄)လမ်းမကြီး၊ PT Power ဓါတ်ဆီဆိုင်ဝင်းအတွင်း။ ဖုန်း - ၀၁-၅၅၈၈၇၃၈


ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော

MECHINICAL CAR PARKING










TPW

No. (31), Room (5), 7 Miles, Pyay Road, Yangon
T: [illegible]

အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့။


## လုပ်ငန်းအမှတ်တံဆိပ် အမည်အမှတ်အသား မူပိုင်ဖြစ်ကြောင်း အသိပေးကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ်၊ ... အမှတ် (၇၄၁)တွင် တည်ရှိသော Myanmar Business Investment Group Co.,Ltd (ကုမ္ပဏီမှတ်ပုံတင်အမှတ် - ၃၂၈၀/၂၀၁၄-၂၀၁၅)သည် အောက်ဖော်ပြပါ အမှတ်တံဆိပ်များ၏ ... ရန်ကုန်မြို့ ... မှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းပြီးဖြစ်ပါသည်။

MBIG

မှတ်ပုံတင်နံပါတ်အမှတ် - ၄/၁၀၃၄/၂၀၁၅

အဆိုပါ လုပ်ငန်းအမှတ်တံဆိပ်များကို အောက်ဖော်ပြပါ လုပ်ငန်းများတွင် အသုံးပြုလျက်ရှိပါသည် -

... (အပြည်ပြည်ဆိုင်ရာအုပ်စု ၃၅)

... (အပြည်ပြည်ဆိုင်ရာအုပ်စု ၃၆)

... (အပြည်ပြည်ဆိုင်ရာအုပ်စု ၃၇)

သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ အမှုသည်ပိုင်ဆိုင်သော အဆိုပါကုန်အမှတ်တံဆိပ်များကို ၎င်းတို့၏ ခွင့်ပြုချက်မရရှိဘဲ ... တုပခြင်း၊ ... အသုံးပြုခြင်းများ ပြုလုပ်ကြပါက ... ဥပဒေအရ အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Myanmar Business Investment Group Co.,Ltd ၏ ညွှန်ကြားချက်အရ -

ဒေါ်တင်ညွှန့်ယွန်း (တရားလွှတ်တော်ရှေ့နေ) | ဒေါ်တင်သီရိအောင် (အထက်တန်းရှေ့နေ)
ရဲ - ၂၂၈၇ | ရဲ - ၃၈၆၅၅

အမှတ် (၅၁/၅၅)၊ ... ရန်ကုန်မြို့။ ...
ဖုန်း - ၀၉ ... ၊ ၀၉ ...


PadamyarFm
Taunggyi 92.2 MHz
မို့,သုင်ခါး (မင်္ဂလာပါ)
ရှမ်းပြည်နယ်မှ နားဆင်သူ ပရိသတ်များအတွက်
တောင်ကြီးမြို့ နှင့် အနီးတစ်ဝိုက်တွင် ပတ္တမြား FM မှ
92.2 MHz ဖြင့် စတင်ထုတ်လွှင့်နေပြီဖြစ်ပါကြောင်း
သတင်းကောင်းပါးအပ်ပါသည်။


သီတင်းကျွတ်ကာလအထူးအစီအစဉ်
(အောက်တိုဘာလ ၃၁ ရက်နေ့အထိသာ)
SUZUKI
Way of Life!
Kyat 67 Lakh++
(US$ 5,777++)
Kyat 199 Lakh++
(US$ 17,900 ++)
SUZUKI
ERTIGA
SUZUKI NEW SUPER CARRY TRUCK
The Brand New ERTIGA
with 3-Row, 7-Seats!
အရေအတွက်အကန့်အသတ်(First come ,First served)
facebook/Suzuki Myanmar Motor Co., Ltd.
အောက်ပါဆုရှင်ကြီး၏တရားဝင်အရောင်းကိုယ်စားလှယ်များထံတွင်ဆက်သွယ်စုံစမ်းဝယ်ယူနိုင်ပါသည်။
လှိုင်နှင့်စွမ်း မော်တော်
အောင် မော်တော်
မျိုး မော်တော်
ရဲနဒီ မော်တော်
အေအိုင်ဂျီ မော်တော်

# ကြော်ငြာ


**ရွှေပြည့်ဟိန်း ကုသိုလ်ဖြစ်ဆေးရုံ အောက်တိုဘာလ၊ ၁၀-၁၁၊ (၅၂)ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပါဝင်လှူဒါန်းနိုင်**

စက်တင်ဘာလ (၁၃)ရက် (၅၁) ကြိမ်အထိ မျက်စိဝေဒနာရှင် ဦးရေ (၆၅၀၀) ပြည့် အလင်းဒါနပြုလုပ်ပြီးဖြစ်ပါသည်။ အောက်တိုဘာလ (၁၀၊ ၁၁)ရက်တွင် ၅၂-ကြိမ်မြောက် မျက်စိခွဲစိတ်အလင်းဒါနပြုလုပ်မည်ဖြစ်ရာ မျက်စိဝေဒနာရှင် (၁)ဦးအတွက် ခွဲစိတ်ခြင်းအလှူတော်ငွေ ၄၀၀၀၀/- ကို အလင်းဒါန အလှူရှင်အဖြစ်ခံယူကာ ကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ ဘဏ်စာရင်းသို့ ထည့်သွင်း၍ဖြစ်စေ၊ လှူဒါန်းနိုင်ပါကြောင်း သတင်းကောင်းအပ်ပါသည်။

လှူဒါန်းရန်ဌာန - သီတဂူရွှေပြည့်ဟိန်း စက္ခုဒါနဆေးရုံ၊ ရွှေပြည့်ဟိန်းကျောင်း၊ ပြည်သာယာ၊ ရန်ကင်း။ (ILBC ၊ တာမွေလေး၊ သလမ်းအနီး) ဖုန်း - ၀၁-၅၄၁၄၉၃၊ ၀၉-၇၃၀၅၆၅၆၉

ရွှေဝတိုင်ကမ္ဘာ့ဘဏ် - အရှင်ခေမာသီရိအကောင့် (Account No. 007-50100701690301) ဘဏ်စာရင်းသို့ နီးရာဘဏ်၌ ထည့်သွင်း၍လည်းကောင်း ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**Trumpet Travels & Tours**

ငွေဆောင် (1-Night 2-Days) (၂၄)ရက်နေ့ 65000 Ks
ကျိုက်ထီးရိုးသီတင်းကျွတ် အထိမ်းအမှတ် (၂၈)ရက်နေ့ 35000 Ks
မနက်စာ၊ နေ့လည်စာ၊ ညစာ၊ ရေသန့်ဘူး၊ စနိုးတာဝါ၊ VIP Japan Tour Grade ကားဖြင့်သာ သီးသန့်ထွက်မည်။ (၁၀-ဦးလျှင် ၁-ဦး အခမဲ့)
Ph: 01-536975, 01-532238, 09-43089536, 09-5182767

**ဝန်ထမ်းအလိုရှိသည်။**

ဆံပင်နှင့်မိတ်ကပ်အလှပြုပြင်ရေးဆိုင်တွင် ဘက်စုံသင်ကြားပေးမည်။ နေစရိတ်၊စားစရိတ် အပြီးအစီး (မ)ဝန်ထမ်းအလိုရှိသည်။
လှိုင်မြို့နယ်၊ ရန်ကုန်မြို့
ဆက်သွယ်ရန် – Ph: 09-36112291
09-450049686

**အလိုရှိသည်**

"Ooredoo"တိုင်များ Soil test ပြုလုပ်ရန်
၁။Geologist ၁(ဦး)
လစာ ၅သိန်း+ကော်မရှင်
၂။Driller ၂(ဦး)
လစာ၃သိန်း+ကော်မရှင်
ဆက်သွယ်ရန် ဖုန်း ၀၉-၅၁၁၀၈၀၃၊ ၀၉-၄၂၀၅၅၇၆၅







Hot Line No-0930500100

# ပြည်ပခရီးသွားဦးရေ မြင့်တက်မှုရှိသော်လည်း ယခုပွင့်လင်းရာသီအစတွင် ဝင်ရောက်မှုနည်းပါးနေသေး

သတင်း - မြတ်စန္ဒီသင်းဇော်
ဓာတ်ပုံ - နိုင်လင်းကြည်

**ရန်ကုန် အောက်တိုဘာ ၇**

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်း အခြေအနေသည် ၂၀၁၁ ခုနှစ် နောက်ပိုင်းမှစ၍ သိသာစွာတိုးတက်လာခဲ့သည်။ ပြည်ပခရီးသွားဝင်ရောက်မှု မြင့်တက်လာသည့်အတူ ပြည်တွင်းမှ ပြည်ပနိုင်ငံများသို့ ခရီးသွားလာခြင်းသည်လည်း မြင့်တက်လာနေကြောင်း ခရီးသွားလုပ်ငန်းလုပ်ကိုင်သူများထံမှ သိရသည်။

"လွန်ခဲ့တဲ့ လေးနှစ်ကထက်စာရင်တော့ ပြည်တွင်းသွားနှုန်းက မြင့်တက်နေတာအမှန်ပဲ။ အများဆုံးသွားကြတာက ထိုင်းနိုင်ငံပါ။ လူကြီးပိုင်းကတော့ ဗုဒ္ဓဂယာ သွားတယ်။ အဓိကကတော့ ဗီဇာကင်းလွတ်ခွင့်တွေရလာတယ်။ အဲယားလိုင်းပရိုမိုးရှင်းတွေ များလာတယ်။ နောက်ထပ် အဲယားလိုင်းအသစ်တွေ

**စာမျက်နှာ ၇ ကော်လံ ၁ သို့**



နိုင်ငံခြားခရီးသွား အများအပြားလာရောက်ရာ ပုဂံဒေသရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား တွေ့ရစဉ်။

## ရွေးကောက်ပွဲအား လွတ်လပ်တရားမျှတမှုနှင့် ပွင့်လင်းမြင်သာမှုကို မှတ်ကျောက်တင်နိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်

သတင်း စာမျက်နှာ - ၉

## ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ပထမဆုံးအကြိမ်အဖြစ် နည်းပညာကျောင်းဆင်းများ လုပ်ငန်းခွင်လက်တွေ့ ဆောင်ရွက်ခွင့်ရရှိ

စာမျက်နှာ - ၂

## ကမ္ဘာလှည့်ခရီးသွားဧည့်သည်များ ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် ပြည်တွင်းသွား အပျော်စီး သင်္ဘောဖြင့် လည်ပတ်

စာမျက်နှာ - ၇

## ရန်ကုန်ဆန်စျေးကွက်သို့ မိုးဆန်သစ်များ ဝင်ရောက်မှုနှင့် အတူ ထိုင်းဆန်များပါ မြင်တွေ့လာရ

စာမျက်နှာ - ၈

## အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၇**

၂၀၁၈ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၏ အာရှဇုန်ဒုတိယအဆင့် ခြေစစ်ပွဲများကို စတင်ယှဉ်ပြိုင်ကစားလျက်ရှိရာ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းသည် လက်ဘနွန်လက်ရွေးစင်အသင်းနှင့် အောက်တိုဘာ ၈ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စူပါချာလာစိုင်းအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ အဆိုပါပွဲစဉ်အား MRTV News Channel နှင့် MRTV Entertainment Channel တို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။

ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ၂၀၁၈ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်နိုင်ရန်အတွက် ဇုန်အသီးသီး၌ ခြေစစ်ပွဲများ ကျင်းပလျက်ရှိရာ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဇုန်၏ အုပ်စု(G)တွင် တောင်ကိုရီးယား၊ ကူဝိတ်၊ လက်ဘနွန်၊ လာအိုအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး ယခုလက်ရှိတွင် မြန်မာအသင်း အနေနှင့် သုံးပွဲ ယှဉ်ပြိုင်ထားပြီး တစ်ပွဲသရေ၊ နှစ်ပွဲရှုံး ရမှတ်တစ်မှတ်သာ ရရှိထား၍ အဆင့်(၄)နေရာသာ ရရှိထားသည်။

မြန်မာအသင်းသည် အောက်တိုဘာ ၁၃ ရက်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ စူပါချာလာစိုင်း အားကစားကွင်း၌ လာအိုအသင်းနှင့် ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

မြန်မာ့လက်ရွေးစင်ဘောလုံးအသင်း ပါဝင်ယှဉ်ပြိုင်မည့် ၂၀၁၈ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲပွဲစဉ်များကို MRTV News Channel နှင့် MRTV Entertainment Channel တို့တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ၏တစ်ခုတည်းသော လှေဦးတိုက်ပွဲတော်နှင့် ငှက်လှေပြိုင်ပွဲ

**မန္တလေး အောက်တိုဘာ ၇**

နှစ်စဉ်ကျင်းပမြဲဖြစ်သည့် မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရား လှေဦးတိုက်ပွဲတော်၊ ရေစာကျွေးပွဲနှင့် ငှက်လှေပြိုင်ပွဲတို့ကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ရွှေကြက်ယက်ကျေးရွာ ရွှေကြက်ကျ ဘုရားခြေတော်ရင်း၌ တော်သလင်းလပြည့်ကျော် ၇ ရက်နှင့် ဗိုလ်လုပွဲနှင့်ဆုချီးမြှင့်ပွဲကို လပြည့်ကျော် ၈ ရက်ညနေပိုင်းက စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသို့ ရွှေကြက်ယက်၊ ရွှေကြက်ကျ ဘုရား ဂေါ်စဂါမ်ကျေးရွာ ၁၄ ရွာမှ ငှက်လှေအသင်း ၁၄ သင်းတို့က ရွှေကြက်ကျဘုရားကို ဦးတိုက်ကြပြီးနောက် လှေတော်သားရေစာကို ကျွေးသည်။

ထို့နောက် ငှက်လှေပြိုင်ပွဲကို စတင်ကျင်းပရာ ခဝါတော်အသင်းက သက္ကယ်တော်အသင်းကိုလည်းကောင်း၊ မိုးကောင်းအသင်းက သပြေတန်းအသင်းကိုလည်းကောင်း၊ ကိုးသင်းအသင်းက အောင်ချမ်းသာအသင်းကိုလည်းကောင်း၊ ရွာသစ်အသင်းက ပတ္တမြားအသင်းကိုလည်းကောင်း၊ ရွှေလေးအသင်းက ကွက်သစ်(၁)အသင်းကို လည်းကောင်း၊ ရွှေလောင်းအသင်းက စိန်တုံးအသင်းကိုလည်းကောင်း အသီးသီးယှဉ်ပြိုင်အနိုင်ရရှိကြသည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့**








themirror.npt@gmail.com
www.facebook.com/themirrordaily

# စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း ခေါ် ပါစီပြည်ဟိန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

မင်္ဂလာအပေါင်းနှင့် ခညောင်းပြည့်စုံကြပါစေကြောင်းဦးစွာပထမ ဆုတောင်းမေတ္တာပို့သလိုက်ပါတယ်။

ကျွန်တော်ကတော့ စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီမှ ပါတီဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း ခေါ် ပါစီပြည်ဟိန်း ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း ဝင်ရောက်ယှဉ်ပြိုင်မှာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ ၂၀၁၅ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့မှစ၍ ဖွဲ့စည်းခဲ့တာဖြစ်ပါတယ်။ ကျွန်တော်တို့ပါတီဟာ မြန်မာလို စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီဖြစ်ပြီး အင်္ဂလိပ်ဘာသာအားဖြင့် Negotiation, Stability And Peace Party ဟု ခေါ်ပါသည်။ အတိုကောက်အားဖြင့် NSPP ဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံး လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန်နှင့် လူသားအခွင့်အရေးများ ရရှိခံစားစေရန် လူသားထုအတွင်း မပြေလည်မှုများကို ဖြေရှင်းရန် ရည်ရွယ်၍ ကျွန်တော်တို့ပါတီကို ဖွဲ့စည်းရခြင်း ဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ပါတီရဲ့ အလံနဲ့တံဆိပ်တို့ဟာ အတူတူပဲဖြစ်ပါတယ်။ အလံသည် အနီရောင်နှင့်အစိမ်းရောင်ကို နောက်ခံထားပြီး အလယ်တွင် အပြာရောင်အဝိုင်းကြီး ပါရှိပါတယ်။ အပြာရောင်အဝိုင်းကြီးထဲ၌ အရွယ်တူကြည်ဖြူ ၁၄ လုံးက လွတ်လပ်ရေးကျောက်တိုင်ကြီးအား ဝန်းရံထားတယ်။ အပြာရောင်အဝိုင်းကြီးထဲတွင် လူသားအချင်းချင်းလက်ဆွဲနှုတ်ဆက်နေသော ပုံသဏ္ဍာန်ပါရှိပါတယ်။

၁။ နောက်ခံအနီရောင်သည် ပြည်သူလူထု တစ်ရပ်လုံး၏ လူမှုအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ရဲရဲဝံ့ဝံ့ အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်ရန်ဖြစ်ပါတယ်။

၂။ နောက်ခံအစိမ်းရောင်သည် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်သာယာဝပြောရေးကို ရည်ညွှန်းပါတယ်။

၃။ အပြာရောင်အဝိုင်းသည် နိုင်ငံတော်ကြီးတစ်ခုလုံး တည်ငြိမ်အေးချမ်းမှုရှိစေရန် ရည်ညွှန်းပါတယ်။

၄။ အရွယ်တူ ကြည်ဖြူ ၁၄ လုံးသည် ပြည်နယ်နှင့်တိုင်းဒေသကြီး ၁၄ ခု အခွင့်အရေးသာတူညီမျှမှုကို ရည်ညွှန်းပါသည်။

၅။ လွတ်လပ်ရေးကျောက်တိုင်သည် တိုင်းပြည်၏ အထိမ်းအမှတ်လက္ခဏာဖြစ်ပြီး အရွယ်တူ ကြည်ဖြူ ၁၄ လုံးက ဝန်းရံထားခြင်းသည် ဥမကွဲ သိုက်မပျက် လွတ်လပ်စွာနေထိုင်ရန်ဖြစ်ပါတယ်။

၆။ လက်ဆွဲနှုတ်ဆက်နေသည့် ပုံသဏ္ဍာန်မှာ နိုင်ငံတော်အတွင်း ဖြစ်ပွားနေသည့် ပဋိပက္ခများ၊ မတူညီသော အမြင်များ၊ အမျိုးသားရေးပြဿနာများကို ဖြေရှင်းပေးရန် ပါတီ၏အမည်နာမအတိုင်း စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးတာဝန်ကို ရည်ညွှန်းပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

နိုင်ငံရေးဆိုသည်မှာ နိုင်ငံသားတိုင်းနှင့် သက်ဆိုင်ပြီး ကျယ်ဝန်းနက်နဲတဲ့ကိစ္စတစ်ရပ်ဖြစ်ပါတယ်။ ခက်ခဲနက်နဲပြီး ရှုပ်ထွေးတဲ့သဘောလည်း ဆောင်ပါတယ်။ ထိုသို့သဘောရှိသော်လည်း မည်သူကမျှ နိုင်ငံရေးကို မျက်ကွယ်ပြုလို့မရပါဘူး။ နိုင်ငံရေး၏ တကယ့်အနှစ်သာရကို မိမိတို့ပါတီမှ ပြည်သူလူထုတစ်ရပ်လုံး နားလည်သဘောပေါက်စေရန် ချပြရမှာပဲဖြစ်ပါတယ်။ မိမိတို့ပါတီ၏ ကြိုးစားမှုဖြင့် နိုင်ငံရေး၏ စစ်မှန်သော အနက်အဓိပ္ပာယ်ကို ပြည်သူများနားလည်ပြီး နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တာဝန်သိမှု တာဝန်ယူမှုတို့ဖြင့် ဆောင်ကြဉ်းနိုင်မှာဖြစ်ပါတယ်။

လူသားတို့ဟာ မိမိတို့၏ စားဝတ်နေရေး၊ လူမှုရေးကိစ္စရပ်များကို ဖြေရှင်းရန်၊ စီမံရန်၊ အုပ်ချုပ်ရန်၊ ကွပ်ကဲထိန်းကျောင်းရန် ပို၍ကောင်းသော နည်းစနစ်များကို ရှာဖွေလာခဲ့ကြပါတယ်။

နိုင်ငံရေးအတွေးအခေါ် အယူအဆများ၊ သဘောတရားများ၊ အဖွဲ့အစည်းများ ဖြစ်ပေါ်လာသောကြောင့် ယုံကြည်သည့်အပေါ် အခြေတည်ထားသည့် လူမှုရေးကို အခြေပြု၍ လွတ်လပ်ခွင့်ရရှိစေရန် ဖော်ဆောင်မည့် သဘောရှိတဲ့ ဝါဒပဲဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

ကျွန်တော်တို့ပါတီရဲ့ ခံယူချက်က ဘယ်ကိစ္စပဲဖြစ်ဖြစ် စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းဟာ ဒီမိုကရေစီ အစစ်အမှန်ဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်းဟာ ညီမျှခြင်းဖြစ်မှရမယ်။ ညီမျှခြင်းဆိုတဲ့ သင်္ချာသင်္ကေတဟာ ဘယ်ဘက်ကိုမှ အလေးသာလို့မရပါဘူး။ ကျွန်တော်တို့ပါတီဟာ စစ်မှန်တဲ့ရွေးကောက်ပွဲဖြင့် ပြည်သူလူထုတစ်ရပ်လုံး ယုံကြည်အားကိုးရသော အစိုးရတစ်ရပ်ဖြစ်အောင် ကြိုးစားရမှာဖြစ်ပါတယ်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရသည် ပြည်သူတစ်ရပ်လုံး၏ စားဝတ်နေရေး၊ ပညာရေး၊ စီးပွားရေး ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းသွားရမည်။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်ပြီး တိုင်းရင်းသားပြည်သူများပါဝင်သော စီးပွားရေးလုပ်ငန်းများကို ဖော်ဆောင်ပြီး နိုင်ငံတော်၏ စီးပွားရေးတိုးတက်ခိုင်မာလာစေရန် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ နိုင်ငံတော်၏ ကြွယ်ဝသော သယံဇာတအရင်းအမြစ်များကို တိုင်းရင်းသားပြည်သူများ မျှဝေသုံးစွဲနိုင်ရမယ်။ စိုက်ပျိုးရေးလုပ်ငန်း၊ စက်မှုလုပ်ငန်းများတွင် တိုင်းရင်းသားပြည်သူများ အင်တိုက်အားတိုက် ပါဝင်လုပ်ကိုင်နိုင်ရမယ်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကမဏ္ဍိုင်ဖြစ်သည့် ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး လုပ်ငန်းစဉ်များတွင် ပြည်သူတစ်ရပ်လုံး ပါဝင်စေရမယ်။

စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီဆိုသည့် အမည်နာမအရ မိမိတို့ပါတီသည် နိုင်ငံတော်အတွင်းရှိ တိုင်းရင်းသား ပြည်သူအချင်းချင်း၊ အဖွဲ့အစည်းအချင်းချင်း၊ ပြည်သူနှင့် အုပ်ချုပ်သူအစိုးရကြား မတူညီသည့် အမြင်များ၊ပဋိပက္ခများ အငြင်းပွားမှုများကို စေ့စပ်ညှိနှိုင်းဖြေရှင်းပေးခြင်းဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရှိအောင် တတ်စွမ်းသမျှ ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

နိုင်ငံတော်ဟာ နှစ်ပေါင်းများစွာနယ်ချဲ့တို့၏ ကျူးကျော်စော်ကားမှုကို ခံခဲ့ရပါတယ်။လွတ်လပ်ရေးရပြီးသည့်နောက်ပိုင်းတွင်လည်း နိုင်ငံရေးခေါင်းဆောင်များ ယုံကြည်သည့် ဝါဒသဘောတရားများ မတူညီမှုများကြောင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်းမရှိခဲ့ဘဲ နိုင်ငံတော်နှင့် ပြည်သူတို့၏ဘဝ အဘက်ဘက်မှ နိမ့်ကျခဲ့ရပါတယ်။ ကျွန်တော်တို့ဟာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဟူ၍မခွဲခြားဘဲ တစ်တိုင်းပြည်လုံး စုပေါင်းလုပ်ဆောင်ရမှာဖြစ်ပါတယ်။ တိုင်းပြည်နှင့် လူထုကောင်းစားစေရန် အကောင်းဆုံး ကျင့်သုံးရမည့်ကျင့်စဉ်အမှန်မှာ ဒီမိုကရေစီကျင့်စဉ်သာလျှင် ဖြစ်ပါတယ်။

ကျွန်တော်တို့ဟာ အတိတ်ကာလ နိုင်ငံရေးဝါဒများ၏ ဆိုးမွေကောင်းမွေများဖြစ်သည့် နိုင်ငံရေးဖြစ်စဉ်များ လူ့အဖွဲ့အစည်းရှိ နိုင်ငံရေးသုခမိန်တို့၏ အတွေးအခေါ်များ၊ ဝါဒသဘောတရားများ၊ နိုင်ငံရေးသီအိုရီများကို လေ့လာသိရှိခြင်းဖြင့် မျက်မှောက်ခေတ်ကာလ နိုင်ငံရေးပြဿနာများ မိမိနိုင်ငံနှင့် ပတ်သက်သော ပြဿနာများကို ဖြေရှင်းရာတွင် သင်ခန်းစာများရယူပြီး မှန်ကန်ကောင်းမွန်တဲ့ဆုံးဖြတ်မှု လုပ်ဆောင်မှုအကြံအစည်များ ရယူရန်လိုအပ်ပါတယ်။ စေ့စပ်ညှိနှိုင်းရေးနှင့် တည်ငြိမ်အေးချမ်းရေးပါတီ၏ နိုင်ငံရေးလမ်းစဉ်မှာ ဒီမိုကရေစီဝါဒပဲ ဖြစ်ပါတယ်။ ပါတီ၏ ခံယူချက်က နိုင်ငံတော်အတွင်း လူတစ်ဦးနှင့်တစ်ဦး အဖွဲ့အစည်းအားလုံး သင့်မြတ်စွာနေထိုင်၍ တရားဥပဒေကို လေးစားလိုက်နာပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်အေးချမ်းသာယာရေးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ရမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

မိမိတို့ပါတီသည် တိုင်းရင်းသားလူမျိုးစုအားလုံး၏ မတူကွဲပြားသော ယဉ်ကျေးမှု၊ ပညာရေး၊ လူမှုရေး၊ ဘာသာစာပေ၊ ကိုးကွယ်ယုံကြည်မှုတို့ကို ကာကွယ်စောင့်ရှောက်ရမှာဖြစ်ပါတယ်။ တိုင်းရင်းသားပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ ဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ လူမှုရေးအမြင်ဆိုသည်မှာ အဖွဲ့အစည်းတစ်ရပ်ပင်ဖြစ်စေ လူ့သမိုင်းတွင်ဖြစ်စေ လူသားတို့၏ စွမ်းပကားဖြင့် ဖော်ဆောင်ခဲ့ကြသော ကိုးကွယ်သည့် ဘာသာတရား၊ စာပေစကား၊ သုခုမအနုပညာများ ဓလေ့ထုံးတမ်းများကို လေ့လာသုံးသပ်၍ တိုင်းရင်းသားလူမျိုးစုတစ်စုချင်း၏ တိုးတက်လာသော ခေတ်နှင့်အညီ လူမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေးနှင့် လူမျိုးစုများမပျောက်ရေးကို ဆက်လက်ထိန်းသိမ်းဆောင်ရွက်ရန် ဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား-**

တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ခြင်း၏ အဓိကပြယုဂ်မှာ တိုင်းပြည်၏ စီးပွားရေးခိုင်မာတောင့်တင်းမှု ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံဟာ မြေလွတ်မြေရိုင်း လယ်ယာမြေများ အလွန်ပေါများသောကြောင့် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ တစ်နိုင်ငံလုံး အဆင့်မြှင့်တင်ပြီး စိုက်ပျိုးရေးကဏ္ဍကို အားသွန်ခွန်စိုက် ဆောင်ရွက်ရမှာဖြစ်ပါတယ်။

ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများကို ဖိတ်ခေါ်၍ ပြည်တွင်းရှိ သယံဇာတများနှင့် ကုန်ကြမ်းများကို ကုန်ချောအဖြစ်ထုတ်လုပ်၍ ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်သည့် စီးပွားရေးမျိုး အဓိကထားလုပ်ဆောင်နိုင်ရန် ကြိုးပမ်းရမှာဖြစ်ပါတယ်။ သဘာဝနယ်မြေများ သမိုင်းဝင်နယ်မြေများကို ဆွဲဆောင်မှုရှိအောင် စီမံ၍ ကမ္ဘာ့ခရီးသွားများ ဝင်လာအောင် ခရီးသွားလုပ်ငန်းကို အဆင့်မြှင့်တင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။

စီးပွားရေးလုပ်ငန်းများကို တိုင်းရင်းသားလုပ်ငန်းရှင်များ လုပ်ကိုင်နိုင်အောင် စီမံပေးခြင်းဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန် လုပ်ဆောင်ပေးရမှာဖြစ်ပါတယ်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူများကို အနှောင့်အယှက်အဟန့်အတားဖြစ်စေသည့် မြေယာတန်ဖိုး ကြီးထွားနေခြင်းကို နိုင်ငံတော်မှ ဥပဒေများပြဋ္ဌာန်း၍ ကာကွယ်ပေးရမည်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရန် အခြေခံအကျဆုံးသည် ပညာရေးကဏ္ဍပဲဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မီပညာရေးအတွက် ပညာရေးကဏ္ဍတွင်ကြီးမားစွာ မြှုပ်နှံရမည်။ ဆရာဆရာမများကို အရည်အသွေးကောင်းမွန်အောင် လေ့ကျင့်ပျိုးထောင်ပေးရမှာဖြစ်ပါတယ်။ နိုင်ငံတော်၏ ပညာရေးစနစ်အခြေအနေနှင့် တိုးတက်သည့် နိုင်ငံများ၏ ပညာရေးစနစ်အခြေအနေများကို စဉ်ဆက်မပြတ် လေ့လာနှိုင်းယှဉ်ရမည်။



တစ်နိုင်ငံလုံးရှိ ကလေးသူငယ်များနှင့် စာမတတ်သူများအား စာတတ်မြောက်လာအောင် ဆောင်ရွက်ပေးရမည်။ ပညာသင်အရွယ်ဖြစ်သည့် ကလေးသူငယ်အားလုံး ကျောင်းစာသင်ခန်းမများသို့ ရောက်ရှိစေရမည်။ ပညာသင်သင့်သည့်အရွယ်တွင် ပညာမသင်ဘဲ လုပ်ငန်းခွင်၌ အဓမ္မခိုင်းစေခြင်းခံရသော ကလေးသူငယ်များအား ရှာဖွေဖော်ထုတ်၍ စာသင်ခန်းမများသို့ ပြန်လည်ပို့ဆောင်ပေးရမည်။ ကလေးသူငယ်များအား စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာ လိင်အနိုင်ကျင့်မှုများ မဖြစ်ပေါ်စေရေးအတွက် မိမိတို့ပါတီမှ အထူးအလေးထားပြီး ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား-**

အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတော်နှင့် ပုဂ္ဂလိကလုပ်ငန်းရှင်တို့မှ ဝိုင်းဝန်းလုပ်ကိုင်စေပြီး သက်သာသောနှုန်းထားများဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားများကို လူထုလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်နိုင်စေရမည်။ ဆေးလိပ်နှင့်အရက် အလွန်အကျွံသောက်သုံးခြင်းများကို တားမြစ်နိုင်စေရမည်။ ကျန်းမာရေးအတွက် ပညာပေးသရုပ်ပြခြင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် စီမံဆောင်ရွက်ပေးရမည်။

**မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ခင်ဗျား -**

နိုင်ငံတော်သည် စိုက်ပျိုးရေးနိုင်ငံဖြစ်သည့်အလျောက် လယ်သမားများသည် တိုင်းပြည်၏အရေးကြီးသော အခန်းကဏ္ဍ၌ရှိနေပြီး လယ်သမားများအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်များကို သားစဉ်မြေးဆက်လုပ်ကိုင်ဆောင်ရွက်နိုင်စေရန် စီစဉ်ပေးရမှာဖြစ်ပါတယ်။ လယ်သမားများ သားစဉ်မြေးဆက် လယ်ယာလုပ်ငန်းကို တစိုက်မတ်မတ်လုပ်ကိုင်နိုင်စေရန်အတွက် နိုင်ငံတော်မှ အားပေးကူညီဆောင်ရွက်ပေးရမည်။ စားနပ်ရိက္ခာသည် လူသားတို့အတွက် အရေးကြီးသဖြင့် လယ်မြေများပေါ်တွင် မြို့ရွာများ ချဲ့ထွင်လာမှုကို ဥပဒေများပြဋ္ဌာန်း၍ တားဆီးရမည်။

လယ်သမားများလိုအပ်သည့် စက်ပစ္စည်းယန္တရားများ၊ ငွေကြေးများကို ထောက်ပံ့ပေးနိုင်ရမည်။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ရာနှုန်းပြည့်ပြောင်းလဲနိုင်ရမည်။ စီးပွားရေးတွင် ဆန်စပါးကို အဓိကပို့ကုန်အဖြစ်ထားရှိပြီး အခြားသီးနှံများကိုလည်း ဖြစ်ထွန်းအောင်မြင်စေရမည်။ အလုပ်သမားများ လုပ်ငန်းခွင် အန္တရာယ်ကင်းရှင်းစွာလုပ်ကိုင်နိုင်ရေးနှင့် သတ်မှတ်လုပ်အားခများ ပြည့်ဝစွာရရှိရေး ဆောင်ရွက်ပေးနိုင်ရမည်။ အလုပ်သမားထု၏ စားဝတ်နေရေး သက်သာချောင်ချိရေးကို စီမံဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား -**

နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် ပိုင်နက်နယ်မြေတည်တံ့မှုသည် တပ်မတော်၏ အဓိကတာဝန်ဖြစ်သည်။ တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမှာဖြစ်တယ်။ ထို့အတွက်ကြောင့် တပ်မတော်ကို ခေတ်မီစေရမယ်။ ခေတ်မီလက်နက်ဆန်းများတပ်ဆင်ပေးရမှာဖြစ်တယ်။ ကြည်းတပ်၊ ရေတပ်၊ လေတပ်တို့အတွက် သက်ဆိုင်ရာလက်နက်များ တပ်ဆင်ပေးရမယ်။ နိုင်ငံတကာ စစ်ရေးအမြင်ရှိစေရန် တပ်မတော်သားများကို ပြည်ပနိုင်ငံများသို့ စေလွှတ်ပေးရပါမယ်။

ပြည်ပနိုင်ငံများ၏ စစ်တပ်များနှင့် ပူးတွဲစစ်ရေးလေ့ကျင့်မှုများ အခါအားလျော်စွာ ပြုလုပ်ပေးရပါမည်။ နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန် အရွယ်ရောက်သူတိုင်း စစ်ပညာသင်ကြားစေပြီး လိုအပ်လျှင်စစ်မှုထမ်းရမယ်။ ပြည်တွင်းလုံခြုံရေးအတွက် အဓိကအင်အားစုမှာ တပ်မတော်ဖြစ်ပြီး ဒုတိယအင်အားစုဖြစ်သော မြန်မာနိုင်ငံရဲတပ်ဖွဲ့အား လက်ရှိအင်အားထက် ငါးဆတိုးချဲ့ပြီး အင်အားတောင့်တင်းခိုင်မာစေရန် စီမံဆောင်ရွက်ရပါမယ်။

**မဲဆန္ဒရှင် ပြည်သူအပေါင်းတို့ခင်ဗျား -**

ယနေ့ မြန်မာ့နိုင်ငံရေးအခင်းအကျင်းသည် တစ်ဦးကောင်းတစ်ယောက်ကောင်း လုပ်လို့မရပါ။ နိုင်ငံရေးအင်အားစုအားလုံး၊ အဖွဲ့အစည်းအားလုံး၊ ပြည်သူအားလုံး ပူးပေါင်း ပါဝင်ဆောင်ရွက်ရမှာဖြစ်ပါတယ်။ စေ့စပ်ညှိနှိုင်းဖြေရှင်းရေးသည် ညီမျှခြင်းမဖြစ်ဘူးဆိုရင် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များတွင်လည်း ရေရှည်တည်တံ့သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များမဖြစ်နိုင်ပါ။ တိုင်းပြည်ဟာ နိုင်ငံရေးခရီးလမ်းမှာ ကြမ်းတမ်းစွာမောင်းနှင်နေရဆဲဖြစ်ပါတယ်။ လက်နက်ကိုင်များ၊ လူမျိုးစုများ၊ ပြည်တွင်းအင်အားစုများ၊ နိုင်ငံရေးပါတီများအကြားရှိ သဘောထားကွဲလွဲမှုများ၊ အမြင်မတူမှုများ၊ အားပြိုင်မှုများ ပြင်းထန်နေဆဲ ဖြစ်ပါတယ်။ တိုင်းပြည်ဟာ ရှေ့ကိုမရောက်နိုင်ဘူးဖြစ်နေတယ်။ အုပ်စုများအကြား အငြိုးအတေးတွေ နာကြည်းမုန်းတီးမှုတွေကို အဆုံးသတ်ပြီး All Inclusive အားလုံးပါဝင်သော တိုင်းပြုပြည်ပြု လူထုအကျိုးပြုလုပ်ငန်းများကို လုပ်မှရတော့မယ်။

အင်အားစုအားလုံး မတူတာတွေဖယ်ရှားပြီး တူတာတွေကို လုပ်ရတော့မယ်။ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲဟာ သည်းထိတ်ရင်ဖိုဇာတ်လမ်းတစ်ခုဖြစ်ပါတယ်။ ဘယ်သူပဲနိုင်နိုင် ဘယ်သူပဲရှုံးရှုံး နိုင်သူရှုံးသူအားလုံးပြုံးပြီး တိုင်းပြည်အတွက် ကောင်းအောင်လုပ်မှ ဖြစ်တော့မယ်။

**ဒီနေရာမှာပဲ ကျွန်တော့်ရဲ့ဟောပြောမှုကို နိဂုံးချုပ်လိုက်ပါတယ်။ မဲဆန္ဒရှင်ပြည်သူအပေါင်း ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။**

၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
ကြေးမုံ Mirror

# ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ ဦးမင်းသူက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်- အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားမြတ်နိုးထိုက်ပါသော ကျေးဇူးရှင်တောင်သူလယ်သမားများနှင့် လုပ်သား ပြည်သူမိဘအပေါင်းတို့ ခင်ဗျား-**

ယနေ့မှစ၍ နောင်နှစ်ပေါင်းများစွာထိ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းနိုးကြား ပျော်ရွှင်နိုင်ကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ရပါတယ်ခင်ဗျာ။

ကျွန်တော်ကတော့ ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ ဗဟိုကော်မတီဥက္ကဋ္ဌ ဦးမင်းသူဖြစ်ပါတယ်ခင်ဗျာ။ ကျွန်တော် ပထမဦးဆုံး ကျေးဇူးတင်စကားပြောလိုတာကတော့ ကျေးဇူးရှင်လယ်သမားဦးကြီးများ စိုက်ပျိုးသောဆန်ကိုစားပြီး ပါတီဥက္ကဋ္ဌဖြစ်လာခြင်းနှင့် နိုင်ငံရေးတွင် လူငယ်များ ရှုပ်ရှုပ်ချုံချုံပါဝင်ခွင့်ရသည့်အတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌကြီး၊ နိုင်ငံတော်သမ္မတကြီးနှင့်အတူတကွ ကျွန်တော်တို့ပါတီ၏ အမှတ်တံဆိပ်အဓိပ္ပာယ်နှင့် မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်ကို တင်ပြခွင့်ပေးသော ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်မြင်သံကြားဝန်ထမ်းများအားလုံးနှင့် နားသောတဆင်ပေးသော မိဘပြည်သူ မဲဆန္ဒရှင်အပေါင်းတို့အား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သလိုက်ရပါတယ်ခင်ဗျား။

ကျွန်တော်တို့ ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီကို ၂၉-၄-၂၀၁၅ တွင် တည်ထောင်ခွင့်လျှောက်ထားပြီး ၅-၈-၂၀၁၅ ရက်နေ့တွင် ပါတီမှတ်ပုံတင်အမှတ်(၉၉)ဖြင့် ပါတီတည်ထောင်ခွင့်ရခဲ့ပါတယ်။ ကျွန်တော်တို့ပါတီရဲ့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့များမှာ လယ်သမားစစ်စစ်ကြီးများနှင့် ဖွဲ့စည်းထားသလို ရှေ့နေသုံးဦးနှင့် ဥပဒေပညာရှင်များဖြင့် ဖွဲ့စည်းထားပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီရဲ့ ပါတီအလံ၊ အမှတ်တံဆိပ်ရဲ့ အဓိပ္ပာယ်တို့ကို ရှင်းလင်းပြောကြားပေးပါမယ်ခင်ဗျား-

**၁။ ပါတီ၏အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

ပါတီ၏အမည်မှာ **ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ**ဖြစ်ပါသည်။ အင်္ဂလိပ်ဘာသာစကားအားဖြင့် Union Farmer Force Party ဟုခေါ်တွင်စေရမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း နေထိုင်ကြသော အလုပ်သမား၊ လယ်သမားများ အစဉ်အေးငြိမ်းချမ်းသာရေးအတွက် နောင်တက်လာမည့် အစိုးရအဆက်ဆက်နှင့် စုပေါင်းညီညာလက်တွဲကာ အင်အားယူပြီး စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ပေါ်လာရေးကို အဓိကထားပြီး **မြန်မာ့လယ်သမားကို ကမ္ဘာကသိရှိပြီး အလေးထားလာစေရန်** ရည်သန်ပါသည်။

**၂။ ပါတီအလံနှင့် တံဆိပ်၏ အဓိပ္ပာယ်**

၁။ အနီရောင်နောက်ခံထားပြီး အရွယ်တူ ကြယ်ဖြူ(၁၄)လုံး၏အလယ်နှင့် အစိမ်းရောင်စက်ဝိုင်း၏ အလယ်တွင် ပြုံးရွှင်တက်ကြွနေသောမျက်နှာဖြင့် တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေသော လယ်သမားပုံကို အသိအမှတ်ပြုရေးဆွဲထားပါသည်။

(က) အနီရောင်နောက်ခံသည် လယ်သမားအပေါင်းတို့၏ သွေးသည် ရဲရင့်ပြီး နိုင်ငံတော်၏အပေါ် သစ္စာရှိမည့် စိတ်ဓာတ်ကို ရည်ညွှန်းပါသည်။

(ခ) အရွယ်တူ ကြယ်ဖြူ (၁၄)လုံးသည် တိုင်းနှင့်ပြည်နယ်(၁၄)ခုတို့အား ကိုယ်စားပြုပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ အဆင့်အတန်း မခွဲခြားဘဲ တန်းတူရည်တူရှိမှုကို ဖော်ညွှန်းပါသည်။

(ဂ) အစိမ်းရောင်စက်ဝိုင်းသည် ၇၀ ရာခိုင်နှုန်းရှိသော ပြည်ထောင်စု တောင်သူလယ်သမားများ၏ စွမ်းအားဖြင့် နိုင်ငံတော်ကြီး အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်စေရမည်ဟု ရည်ညွှန်းပါသည်။

(ဃ) ပြုံးရွှင်တက်ကြွနေသော လယ်သမား၏ ပုံသည် ရန်သူမျိုးငါးပါးမည်သို့ပင် ကျရောက်ပါစေ ပင်ပန်းဆင်းရဲခံနေမှုကို သားသမီးတို့အား အသိမပေးဘဲ အပြုံးဖြင့် အစဉ်လုပ်ကျွေးနေမည်ဟူသော ဖခင်ကောင်း၏ စိတ်ဓာတ်ကို ရည်ညွှန်းပါသည်။

(င) တံစဉ်ကိုင်ကာ စပါးရိတ်သိမ်းနေဟန်သည် ၇၀ ရာခိုင်နှုန်းရှိသော တောင်သူလယ်သမားအင်အားဖြင့် နိုင်ငံအတွင်း စားနပ်ရိက္ခာထာဝရ ဖူလုံရေးအတွက် အားကြိုးမာန်တက်ကြိုးစားနေသကဲ့သို့ တံစဉ်ကိုင်သောလက်သည် တိုင်းတစ်ပါးမှ နိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးစော်ကားလာပါက တပ်မတော်နှင့်အတူ နိုင်ငံတော်ကို ကာကွယ်ရန်ဟူသော အမျိုးသားရေးစိတ်ဓာတ်ကို ရည်ညွှန်းပါသည်။

၂။ ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ၏ သုံးစွဲသည့် အလံနှင့်တံဆိပ်မှာ အတူတူပင်ဖြစ်ပါသည်။

**မူဝါဒသဘောထား**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်ုပ်တို့၏ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးသည် တိုင်းနှင့်ပြည်နယ်(၁၄)ခုတို့တွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုးရှိပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားများနှင့် တည်ဆောက်ထားသော နိုင်ငံတော်ကြီးဖြစ်ပါသည်။ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တိုင်းရင်းသားအားလုံးတို့ ပိုင်ဆိုင်ကြသကဲ့သို့ပြည်ထောင်စုဖွားတိုင်းရင်းသားအားလုံး၏ တန်းတူညီမျှမှု၊ လွတ်လပ်မှု၊ တရားမျှတမှု၊ သွေးစည်းညီညွတ်မှုအခြေပြုရပ်တည်ဖွဲ့စည်းထားသည့် နိုင်ငံတော်ကြီးဖြစ်ပါသည်။ အေးချမ်းသာယာပြီးခေတ်မီဖွံ့ဖြိုးတိုးတက်သော ပြည်ထောင်စုနိုင်ငံတော်ကြီးအဖြစ် တည်ဆောက်ရာတွင် မြန်မာနိုင်ငံ၏ ၇၀ရာခိုင်နှုန်းရှိသော ကျေးလက်နေ တောင်သူလယ်သမားများ၏ လူနေမှုဘဝတိုးတက်မြင့်မားရေးအတွက် စက်မှုလယ်ယာစနစ်သို့မြှင့်တင်ရေး၊ စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်အောင်ပံ့ပိုးဆောင်ရွက်ရေးနှင့် မြို့ပေါ်နေ အလုပ်သမားလူတန်းစားများ၏ဘဝ တိုးတက်မြင့်မားရေးကို အခြေပြုလျက် ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီကို ဖွဲ့စည်းတည်ထောင်လိုက်ခြင်းဖြစ်ပါသည်။

ပါတီကိုအမည်ပေးရာ၌ စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတော်ဖြစ်သလို ၇၀ ရာခိုင်နှုန်းမှာ တောင်သူလယ်သမားများ အများစုဖြစ်ကြပါသည်။ သို့ဖြစ်ပါ၍ တိုင်းရင်းသား တောင်သူလယ်သမားများ၏ အင်အားနှင့်စုစည်းပြီး ခေတ်အဆက်ဆက် တက်လာမည့် အစိုးရနှင့်လက်တွဲညှိနှိုင်းကာ ပြည်ထောင်စုကြီး အေးချမ်းသာယာရေးကို ရှေးရှုလျက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁)/၂၁(က) အရ နိုင်ငံသားတိုင်း၏ အခွင့်အရေးရရှိရေးကို ရည်ရွယ်ပြီး **"ပြည်ထောင်စုတောင်သူလယ်သမားအင်အားစုပါတီ"** ကို ဖွဲ့စည်းတည်ထောင်ပါသည်။

**နိုင်ငံရေးဆိုင်ရာ မူဝါဒ**

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာကို ထိပါးနှောင့်ယှက် ကျူးကျော်လာပါက တံစဉ်ကိုင်ကာပြည်သူ ၅၁ သန်းအား အလုပ်အကျွေးပြုနေသောလယ်သမားလက်သည် တပ်မတော်နှင့်အတူ ယှဉ်တွဲတိုက်ပွဲဝင်ရန် အသင့်အနေအထားဖြင့် ရပ်တည်မည်။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ပွင့်လင်းမြင်သာသော လူ့အဖွဲ့အစည်းကြီးအား အချုပ်အခြာအာဏာပိုင် လွတ်လပ်သောဒီမိုကရေစီစနစ်ကိုအခြေခံသည်နှင့်အညီ အချုပ်အခြာအာဏာသည် ပြည်သူ့လက်ဝယ်သို့ရောက်ရှိရေးကို အလေးထားရပ်တည်မည်။

(ဂ) အမျိုးသားသင့်မြတ်ပေါင်းစည်းရေးအတွက် နိုင်ငံ၏ လွတ်လပ်ရေးသက်တမ်းနှင့်အမျှ တွေ့ကြုံခဲ့ကြရသည့် ပြည်တွင်းပဋိပက္ခများချုပ်ငြိမ်းရေးအတွက် အမျိုးသားရေးအမြော်အမြင်အပေါ် အခြေခံသည့် ငြိမ်းချမ်းစွာတွေ့ဆုံဆွေးနွေးအဖြေရှာပြီး ပြည်ထောင်စုဖွား တိုင်းရင်းသားတောင်သူလယ်သမားတို့၏ အင်အားဖြင့် အမျိုးသားရေးကို သစ္စာမဖောက်ဘဲ အမျိုးသားအကျိုးစီးပွားကို အစဉ်ကာကွယ်စောင့်ရှောက်သွားရမည်ဟုအလေးအနက်ယုံကြည်သည်။

(ဃ) ပြည်ထောင်စုဖွားတိုင်းရင်းသားများ၏ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ပြည်နယ်များအား စုပေါင်းတည်ထောင်သည့်ပြည်ထောင်စုကြီးအဖြစ် ဖွဲ့စည်းခြင်းဖြင့် တိုင်းရင်းသားလူမျိုးစုများ၏ လိုလားချက်ကို ဖြည့်ဆည်းပေးရမည်ဟု အလေးအနက် ခံယူသည်။

(င) လူထုလူတန်းစားကို ကိုယ်စားပြုသည့်ပွင့်လင်း၍ ထင်သာမြင်သာရှိသော အဖွဲ့အစည်းများ ဖွဲ့စည်းခွင့်ရှိရမည်ဖြစ်သည်နှင့်အညီ-

(၁) အလုပ်သမားလူတန်းစားက ကိုယ်စားပြုအဖွဲ့အစည်းများ။

(၂) လယ်သမားလူတန်းစား ကိုယ်စားပြုအဖွဲ့အစည်းများ။

(၃) မြို့နေလူတန်းစားကိုယ်စားပြုအဖွဲ့အစည်းများ။

(၄) တိုင်းရင်းသားလုပ်ငန်းရှင်များ ကိုယ်စားပြုအဖွဲ့အစည်းများ။

(၅) အမျိုးသမီးနှင့်လူငယ်အဖွဲ့အစည်းများ။

(၆) ကျောင်းသားသမဂ္ဂများဖွဲ့စည်းခွင့်ရရှိရေးကိုထောက်ခံဆောင်ရွက်ပါမည်။

**၁။ ဥပဒေရေးရာမူဝါဒ**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ဥပဒေပြဋ္ဌာန်းရေးသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးအတွက် အဓိကဖြစ်ပါတယ်။ ထို့ကြောင့် ဥပဒေအထက်မှာ မည်သူမျှမရှိစေရဘဲ ဥပဒေကို နိုင်ငံတော်အစိုးရနှင့် နိုင်ငံသားအားလုံးကတန်းတူလက်ခံကျင့်သုံးမှသာလျှင် တရားဥပဒေစိုးမိုးမည်ဖြစ်ပါတယ်။

လယ်သမားများအတွက်လယ်ယာမြေလုပ်ကိုင်ခွင့်ဥပဒေနှင့် လယ်ယာမြေသိမ်းဆည်းမှုတွင်ဥပဒေနှင့်အညီ ရှိရမည်ဖြစ်ပါတယ်။ အလုပ်သမားများအတွက် လုပ်ခလစာ ထိုက်ထိုက်တန်တန်ရရှိနိုင်ရန် ဥပဒေပြဋ္ဌာန်းရေးနှင့် လုပ်ငန်းခွင်အတွင်းပျက်စီးဆုံးရှုံးခံလိုက်ရသောအလုပ်သမားတစ်ဦး၏ ကိုယ်လက်အင်္ဂါချို့ယွင်းမှုအတွက် ထိုက်တန်သော ထောက်ပံ့မှုများရရှိနိုင်ရေးနှင့် အလုပ်သမားများအတွက် ဥပဒေနှင့်အညီ တာဝန်ယူမှု၊ တာဝန်ခံမှုပေးနိုင်သော အလုပ်သမားရေးဝန်ကြီးများ ပေါ်ပေါက်လာရေးကို ဆောင်ရွက်မည်ဖြစ်ပါတယ်။

၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံသားတိုင်းသည်တရားဥပဒေစိုးမိုးရေးကို လက်ခံပြီးဥပဒေ၏အကာအကွယ်ကို အပြည့်အဝရရှိခံစားနိုင်စေရန် ကြိုးစားဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**၂။ ကျန်းမာရေးဆိုင်ရာမူဝါဒ**

ဆင်းရဲသား လယ်သမား အလုပ်သမားများအတွက် ကျန်းမာရေးဟာ အဓိကပါ။ ထို့ကြောင့်ကျန်းမာရေးဝန်ထမ်းတွေ အများကြီးလိုအပ်ပါတယ်။ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးမကောင်းသောကျေးရွာများတွင် ကျန်းမာရေးဝန်ထမ်းများရောက်ရှိမှုနည်းပါးနေမှုကို ယခုမျက်မှောက်ကာလတွင် တွေ့မြင်နေရပါတယ်။ ၎င်းတို့ကိုလည်း အဓိကထားဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။

**၃။ စီးပွားရေးဆိုင်ရာမူဝါဒ**

ဆင်းရဲသား လယ်သမား အလုပ်သမားများအတွက် ခိုင်လုံသောစီးပွားရေးအဆင်ပြေစေရန် တည်ငြိမ်သောစပါးဈေးကွက်နှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးကို အလေးထားဆောင်ရွက်မည်။

**၄။ ပညာရေးဆိုင်ရာမူဝါဒ**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား -**

ကမ္ဘာ့နိုင်ငံများနှင့် ရင်ပေါင်တန်းဆက်ဆံရာတွင် အဓိကအကျဆုံးမှာ ပညာရေးပင်ဖြစ်ပါတယ်။ ဒါကြောင့် ပညာရေးကောင်းဖို့ လိုအပ်ပါတယ်။ အထူးသဖြင့် ကျေးလက်ဒေသတွေမှာ ပညာရေးဝန်ထမ်းများ အများအပြားလိုအပ်ပါတယ်။ လယ်သမားများအတွက် လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ကူးပြောင်းရေးမှာ အဓိကအကျဆုံးအရာဟာ ပညာရေးပင်ဖြစ်ပါတယ်။ ပညာတတ်မှ နည်းပညာကိုသိမှာပါ။ နည်းပညာသိမှသာလျှင် နိုင်ငံတော်သမဝါယမအသင်းစုနှင့် ကုမ္ပဏီများမှ အရစ်ကျချပေးသော လယ်ယာသုံးစက်ပစ္စည်းကိရိယာများကို စနစ်တကျအသုံးပြုလာနိုင်ပြီး စက်မှုလယ်ယာဖွံ့ဖြိုးတိုးတက်မှုမှာ လွယ်ကူလာမှာဖြစ်ပါတယ်လို့ ပြောကြားလိုပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား -**

စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများတွင် စာသင်ကျောင်းများလည်းရှားပါးသကဲ့သို့ ပညာရေးဝန်ထမ်းများလည်း မျက်မှောက်ကာလမှာ ရှားပါးနေမှုများကို တွေ့မြင်ရပါတယ်။ ထို့ကြောင့် ၎င်းဒေသရှိ ကျေးရွာလူကြီးများမှ မိမိတို့ကျေးရွာအတွက် နေ့စားလပေး ဆရာ/ဆရာမများကို ခေါ်ယူလျက်ရှိနေသည်မှာ ယနေ့တိုင်ပင် ဖြစ်ပါတယ်။ နေ့စားလပေး ဆရာ/ဆရာမများသည် ပညာရေးကောလိပ်မှ ဆင်းသက်လာသော ပညာရေးဝန်ထမ်းများမဟုတ်သောကြောင့် သင်ကြားရေးမှာ မတိုးတက်ဘဲ ရှိနေသည်ကို တွေ့မြင်နေရပါတယ်။ အဆိုပါ ပြဿနာများကိုလည်း အဓိက ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်။



**မဲဆန္ဒရှင် မိဘပြည်သူများခင်ဗျား -**

ကျွန်တော်တို့ ပြည်ထောင်စု တောင်သူလယ်သမားအင်အားစုပါတီမှ ၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမည့် ရွေးကောက်ပွဲကြီးတွင် (၅)မြို့နယ်၊ (၅) နေရာတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဝေါမြို့နယ်၊ ပဲခူးမြို့နယ်၊ ဒိုက်ဦးမြို့နယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းသုံးဦး၊ ကဝမြို့နယ် မဲဆန္ဒနယ်မြေ(၁)တွင် တိုင်းဒေသကြီး ကိုယ်စားလှယ်လောင်းတစ်ဦး၊ သနပ်ပင်မြို့နယ် မဲဆန္ဒနယ်မြေ(၂)တွင် တိုင်းဒေသကြီး ကိုယ်စားလှယ်လောင်းတစ်ဦးတို့ဖြင့် ပဲခူးတိုင်းဒေသကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။

**ရှေ့လုပ်ငန်းစဉ်**

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား -**

ရွေးကောက်ပွဲကြီးအလွန်၌ ကျွန်တော်တို့ပါတီ၏ လွှတ်တော်အတွင်းမှ လည်းကောင်း၊ လွှတ်တော်ပြင်ပမှလည်းကောင်း စွမ်းစွမ်းတမံဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြဆောင်ရွက်သွားပါမယ် -

၁။ အမှန်တကယ်လယ်ယာမြေလုပ်ကိုင်နေသော တောင်သူလယ်သမားကြီးများအား စိုက်ပျိုးစရိတ်ချေးငွေ အချိန်မီရရှိရေး။

၂။ မျိုးစပါးများအား မျိုးကောင်းမျိုးသန့်ထုတ်ပေးနိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင် ကုန်သည်ကြီးများမှ မျိုးကောင်းမျိုးသန့်များ ရောင်းချပေးမှုအား တာဝန်ယူမှု၊ တာဝန်ခံနိုင်သော ဥပဒေများပြဋ္ဌာန်းနိုင်ရေး။

၃။ သွင်းအားစုဟုခေါ်တွင်သော ဓာတ်မြေဩဇာများအား သင့်တင့်သော ဈေးနှုန်းများဖြင့် ရောင်းချပေးနိုင်ရေး။

၄။ ထွက်ရှိလာသောစပါး၊ ကောက်ပဲသီးနှံများအား ရသင့်ရထိုက်သော ဈေးနှုန်းများရရှိစေရေးနှင့် ဈေးကွက်ဖော်ဆောင်ရေး။

၅။ လက်မှုလယ်ယာမှ စက်မှုလယ်ယာသို့ ခေတ်မီဖွံ့ဖြိုးပြောင်းလဲရေးအတွက် သင်တန်းများပို့ချနိုင်ရေး။

၆။ အမှန်တကယ်လုပ်ကိုင်စိုက်ပျိုးနေသော တောင်သူလယ်သမားကြီးများ၏ လယ်ယာမြေဧကနှင့်အညီ ချေးငွေများကိုရရှိစေရေး။

၇။ အမှန်တကယ်လုပ်ကိုင်နေသော တောင်သူလယ်သမားကြီးများ၏ လယ်ယာမြေလုပ်ပိုင်ခွင့်ပုံစံ(၇)ရရှိနိုင်ရေးနှင့် လယ်သမားစစ်စစ်များကိုသာ ပုံစံ(၇)ထုတ်ပေးနိုင်ရေး။

၈။ လယ်ယာကုန်ထုတ်သီးနှံများ ရောင်းချရန်အတွက် ကုန်ထုတ်လမ်းများဖောက်လုပ်ပေးရေးနှင့် ကျေးရွာတိုင်းတွင် ပြုလုပ်ပေးနိုင်ရေး။

၉။ တောင်သူလယ်သမားများ လူသုံးကုန်ပစ္စည်းများသက်သာစွာ ဝယ်ယူနိုင်ရေးအတွက် လယ်သမားသက်သာဆိုင်များ ကျေးလက်ဒေသများတွင် ဖွင့်လှစ်နိုင်ရေး။

၁၀။ ကျေးဇူးရှင်တောင်သူလယ်သမားကြီးများ အမှန်တကယ်စိုက်ပျိုးနေသော လယ်ယာမြေများအား သိမ်းယူမှုမရှိစေရေးကို နောင်တက်လာမည့် အစိုးရအဆက်ဆက်နှင့်ညှိနှိုင်းဆောင်ရွက်ရေး။

၁၁။ ဆုံးရှုံးသွားသော လယ်ယာမြေများအား ကျေးဇူးရှင်တောင်သူလယ်သမားကြီးများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် နောင်တက်လာမည့် အစိုးရအဆက်ဆက်နှင့် ညှိနှိုင်းဆောင်ရွက်ကာ လယ်သမားများလက်ဝယ်သို့ လယ်ယာမြေများပြန်လည်ရောက်ရှိစေရေးကို စွမ်းစွမ်းတမံ ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါတယ်။

၁၂။ ဆင်းရဲသား အလုပ်သမားများအတွက် သက်သာဆိုင်များ ဖွင့်လှစ်နိုင်ရေးနှင့်စီးပွားရေးလုပ်ငန်းရှင်ကုမ္ပဏီများမှ အလုပ်သမားအခွင့်အရေးအတွက် တာဝန်ယူမှု တာဝန်ခံမှုများကိုလည်း နောင်တက်လာမည့် အစိုးရသက်ဆိုင်ရာဝန်ကြီးများနှင့် ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများခင်ဗျား-**

ကျွန်တော်တို့ တိုင်းပြည်ဟာ ရိုးသားကြိုးစားသော အလုပ်သမား၊ လယ်သမားများနှင့် နိုင်ငံတည်ထားခြင်းပဲဖြစ်ပါတယ်။ ဥပမာဆိုရလျှင် နိုင်ငံရဲ့ လယ်သမားအလုပ်သမားများက ကောင်းကင်မှာရှိသော ကြယ်ပွင့်များနှင့်တူပါတယ်။ ကြယ်ပွင့်တွေဟာ နေရောင်ခြည်ရဲ့စွမ်းအားနှင့် ညအခါမှ အလင်းပြန်ပေးနိုင်တာပါ။ ဒါကြောင့် ကျွန်တော်တို့တိုင်းပြည်မှာ အဖစွမ်းအင်နှင့်တူသော နေရောင်ခြည်ကဲ့သို့ မေတ္တာအလင်းဓာတ်ပေးနိုင်သော ဆင်းရဲသား လယ်သမား အလုပ်သမား မိဘပြည်သူ့အသံကို အစဉ်ဂရုစိုက်နားထောင်သော နိုင်ငံတော်သမ္မတပေါ်ထွန်းရေးနှင့် လမင်းကဲ့သို့ အေးမြခြင်းပေးစွမ်းနိုင်သော အမိနှင့်တူသော မေတ္တာဓာတ်ပေးစွမ်းနိုင်သော ပြည်သူအသံကို အကောင်အထည်ဖော်ခွင့်ပေးနိုင်မည့် လွှတ်တော်သုံးရပ်၏ ဥက္ကဋ္ဌများပေါ်ထွန်းလာမှသာ ဆင်းရဲသား လယ်သမား အလုပ်သမားများ၏ဘဝဟာလည်း နိုင်ငံတော်ကို ပြန်လည်ပြီး အလင်းခွန်အားများ ပေးစွမ်းနိုင်မှာဖြစ်ပါတယ်။

သို့ဖြစ်ပါသောကြောင့် နိုင်ငံတော်အေးချမ်းသာယာဝပြောပြီး ပါတီစုံဒီမိုကရေစီပေါ်ထွန်းရေးအတွက် နိုဝင်ဘာလ ၈ ရက်နေ့မှာ ကောင်းမွန်သော လွှတ်တော်ကိုယ်စားလှယ်များနှင့် ကောင်းမွန်သောသမ္မတများအား မိဘပြည်သူတို့၏ ဆန္ဒဖြင့် ရွေးချယ်တင်မြှောက်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နောင်နှစ်ပေါင်းများစွာထိ ကိုယ်စိတ်နှစ်ပါး ရွှင်လန်းချမ်းမြေ့ပါစေကြောင်း ပြောကြားရင်း နိဂုံးချုပ်လိုက်ရပါတယ်ခင်ဗျား။

ကြေးမုံ Mirror
၂၀၁၅ ရွေးကောက်ပွဲ အထူးကဏ္ဍအချပ်ပို
အောက်တိုဘာ ၈၊ ၂၀၁၅
စာမျက်နှာ-၃

# ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီ ဥက္ကဋ္ဌ ဦးအောင်ကျော်ဇောက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသား မိဘပြည်သူအပေါင်းတို့ ခင်ဗျား-**

မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ် ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီမှ ဥက္ကဋ္ဌ ဦးအောင်ကျော်ဇောဖြစ်ပါတယ်။

ကျွန်တော်တို့ ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီဟာ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲမှာ နောက်ဆုံးဝင်ရောက်လာတဲ့ ပါတီဖြစ်ပါတယ်။ သို့အတွက် ဒိုင်းနက်လူမျိုးများအကြောင်းကို အနည်းငယ် တင်ပြပါရစေ။

ကျွန်တော်တို့ ဒိုင်းနက်လူမျိုးတွေကို ရှေးအခါက ရခိုင်တို့က အရှေ့သက်လို့ခေါ်ကြပါတယ်။ မြန်မာသက္ကရာဇ် ၆၉၅ ခုနှစ် ရခိုင်ဘုရင်မင်းထီးက အရှေ့သက်တို့၏ နိုင်ငံတော်မဏ္ဍာဂီရိကို တိုက်ခိုက်သိမ်းယူပြီး အိမ်ထောင်စု တစ်သောင်းခန့်ကို ရခိုင်သို့ခေါ်ဆောင်ကာ ဒိုင်းနက်ငွေခွန် ဖွဲ့စည်းခဲ့သော ကြောင့် ဒိုင်းနက်လူမျိုးလို့ အမည်တွင်လာခြင်းဖြစ်ပါတယ်။ ဒိုင်းနက်တွေက မိမိကိုယ်မိမိ ဆက္ကမာလူမျိုးလို့သာ ခေါ်ဝေါ်ကြပါတယ်။ မူရင်းနာမည်က ဆက္ကမာဖြစ်ပြီး သမိုင်းမှတ်တမ်းအရ အရှေ့သက်လူမျိုးများဖြစ်ကြပါတယ် ခင်ဗျာ။

**လေးစားအပ်တဲ့မိဘပြည်သူ တိုင်းရင်းသားအပေါင်းတို့ခင်ဗျား-**

လူမျိုးအကြောင်းကိုပြောပြီးနောက်မှာ ဒိုင်းနက်ပါတီဖြစ်ပေါ် (တည်ထောင်)လာရခြင်းအကြောင်းကို အကျဉ်းချုပ်တင်ပြပါရစေ။ ကျွန်တော်တို့ ဒိုင်းနက်လူမျိုးတွေဟာ လွန်ခဲ့တဲ့အစိုးရခေတ်အဆက်ဆက်က နိုင်ငံရေးမလုပ်ခဲ့ကြပါဘူး။ နိုင်ငံရေးဟာ ဘာလဲဆိုတာတောင်မသိခဲ့ကြပါဘူး။ စိတ်လည်းမဝင်စားခဲ့ကြဘူး။ ဘာဖြစ်လို့လဲဆိုတော့ ဒိုင်းနက်လူမျိုးတွေဟာ ဆင်းရဲကြတယ်။ ပညာမတတ်ကြဘူး။ အရှက်အကြောက်များတယ်။ တောရွာတွေမှာ နေထိုင်ကြတယ်။ အဲဒီလို နေထိုင်ကြတာကိုတောင် တချို့သော အုပ်စုတွေက အခွင့်ကောင်းယူပြီး နိုင်ငံရေးမှာ အမြတ်ထုတ်လာခဲ့ကြပါတယ်။ တောရွာနေ ဒိုင်းနက်လူမျိုးတစ်ယောက်စ၊ နှစ်ယောက်စကို မြို့ပေါ်ခေါ်တင်ပြီး ဟိုပြောဒီပြောနဲ့ ရိုးသားတဲ့ဒိုင်းနက်လူမျိုးတွေခမျာ ပြန်မပြောဝံ့ မဆိုဝံ့နဲ့ ကျွေးရာကိုစား ထားရာမှာနေ ခိုင်းရာကိုလုပ်ရတဲ့ဘဝနဲ့ စာမတတ်ပေမတတ် ဆင်းရဲပေါင်းများစွာ၊ ဒုက္ခပေါင်းများစွာနဲ့ ဘဝကို ရုန်းကန်ခဲ့ကြရပါတယ်။

ဒိုင်းနက်လူမျိုးတွေဟာ ဒီဘက်ခေတ်ရောက်မှပဲ တစ်ယောက်စ၊ နှစ်ယောက်စ မြို့ပေါ်တက်ပညာသင်၊ အစိုးရဌာနအသီးသီးလက်အောက်မှာ အမှုထမ်း၊ အမြို့မြို့ အရွာရွာရောက်တဲ့အခါမှသာ တခြားလူမျိုးတွေနဲ့ မိမိတို့ လူမျိုးတွေရဲ့ ဘဝအဆင့်အတန်းကွာခြားနေတာကို တွေ့မြင်လာကြတယ်။ မိမိတို့လူမျိုး ဘာကြောင့်အဆင့်အတန်းနိမ့် အောက်ကျရသလဲဆိုတာ သိလာကြတယ်။ တခြားလူမျိုးတွေ အခွင့်အရေးရပြီး ငါတို့လူမျိုး ဘာဖြစ်လို့ အခွင့်အရေးဆုံးရှုံးနေရတာလဲဆိုတာကို သိလာကြတော့ တရားမျှတရေးအတွက် တန်းတူအခွင့်အရေးရအောင် လုပ်ဆောင်မှဖြစ်မယ်။ နိုင်ငံရေးအဖွဲ့ထဲမှာ မိမိတို့လူမျိုး မရှိလို့ တန်းတူအခွင့်အရေးဆုံးရှုံးနေရတာကို တွေ့မြင်လာကြတယ်။ သို့အတွက်နဲ့ ဒိုင်းနက်လူမျိုးတွေမှာလည်း မိမိတို့အရေးကို တင်ပြနိုင်ခွင့်ရှိတဲ့ နိုင်ငံရေးပါတီတစ်ခုရှိသင့်တယ်လို့ မြင်လာကြပါတယ်။

**လေးစားရပါသော ပြည်ထောင်စုဖွား မိဘပြည်သူအပေါင်းတို့ခင်ဗျား-**

ယခုအခါဆိုရင် မြန်မာနိုင်ငံအစိုးရကလည်း မြန်မာနိုင်ငံသား တိုင်းရင်းသား လူမျိုးနွယ်စုအလိုက် နိုင်ငံရေးပါတီတည်ထောင်ခွင့်ပေးလာတော့ ကျွန်တော်တို့ မိမိကိုယ်မိမိ ဆက္ကမလို့ခေါ်ကြတဲ့ ဒိုင်းနက်လူမျိုးများအနေနဲ့လည်း အခြားသော တိုင်းရင်းသားမျိုးနွယ်စုများနည်းတူ နိုင်ငံရေးပါတီတစ်ခုရှိသင့်တယ်လို့ ယုံကြည်ကြတဲ့အတွက် ဤဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီကို တည်ထောင် ရခြင်းဖြစ်ပါတယ်ခင်ဗျား -

ကျွန်တော်တို့ပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်များကို အကျဉ်းချုပ်တင်ပြပါမယ်-

**မူဝါဒသဘောထား**

(က) ကမ္ဘာ့နိုင်ငံများအလယ်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အဖြစ် ခိုင်မာစွာရပ်တည်သွားနိုင်ရေး၊ ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းဆောင်ရွက်သွားရန်။

(ခ) စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ပီပြင်စွာဖော်ဆောင်နိုင်ရေး အတွက် ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း လက်တွဲဆောင်ရွက်သွားရန်။

(ဂ) ဒိုင်းနက်တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားရေး၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ရေးတို့အား အားသွန်ခွန်စိုက် ဆောင်ရွက်ရင်း အခြားသောလူနည်းစု၊ လူမျိုးစုငယ်တို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အားပေးကူညီသွားရန်။

(ဃ) တိုင်းရင်းသားလူမျိုးအချင်းချင်း ရင်းနှီးချစ်ကြည်မှု၊ အပြန်အလှန် လေးစားမှု၊ ရိုင်းပင်းကူညီမှု၊ သည်းခံခွင့်လွှတ်မှုဟူသော မိသားစုစိတ်ဓာတ်ခိုင်မာရှင်သန်စေရေး ဆောင်ရွက်သွားရန်။

(င) ဒိုင်းနက်လူမျိုးတို့၏ ဓလေ့၊ ရိုးရာယဉ်ကျေးမှုနှင့် အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ပြီး ခေတ်နှင့် လျော်ညီစွာ တီထွင်ကြံဆပြုစုပျိုးထောင်မှုများ ပြုလုပ်သွားရန် ဖြစ်ပါတယ်။

**လုပ်ငန်းစဉ်ကတော့**

(က) ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးအားလုံးသည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်များဖြစ်ကြောင်းကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုအား ကမ္ဘာ့အလယ်တွင် ရပ်တည်ဆောင်ရွက်သွားရန်။

(ခ) ပါတီစုံဒီမိုကရေစီစနစ် ဖော်ဆောင်ရာတွင် တိုင်းရင်းသားအချင်းချင်း တန်းတူရည်တူထားရှိမှု၊ အပြန်အလှန်လေးစားမှု ပုဂ္ဂိုလ်ရေးရပိုင်ခွင့်နှင့် လွတ်လပ်ခွင့်များကို အခြေခံ၍ ဆောင်ရွက်သွားရန်။

(ဂ) ဗဟုသုတနည်းပါး၍ အသိမကြွယ်မှု၊ အခွင့်အလမ်းနည်းပါးမှု၊ ဆုံးရှုံးမှုတို့ကြောင့် ခေတ်နောက်ကျကျန်ရစ်ခဲ့သော မိမိတို့လူမျိုးများနှင့် အခြားသော တိုင်းရင်းသားလူမျိုးနွယ်စု၊ လူနည်းစုတို့၏ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်သွားရန်။

(ဃ) ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံ၍အမျိုးသားရေးကဏ္ဍများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်သွားရန်။

(င) မိမိတို့ ဒိုင်းနက်လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ပါက အခြားသော တိုင်းရင်းသားပါတီ/ အဖွဲ့အစည်းများနှင့်ဖြစ်စေ ပူးပေါင်းဆောင်ရွက်သွားရန်တို့ဖြစ်ပါတယ်။

**လေးစားရပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘပြည်သူများခင်ဗျား-**



ဒိုင်းနက်လူမျိုးများတိုးတက်ရေး ပါတီဌာနချုပ်ရုံးကို ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့ အမှတ်(၅၉၃) မင်းစောမွန်လမ်း သပြေကုန်းရပ်ကွက်တွင်(ယာယီ) ဖွင့်လှစ်ထားရှိပါတယ်။

**ပါတီရဲ့အလံနှင့် အမှတ်တံဆိပ်ကတော့**

(က) ပါတီ၏အလံမှာ အနီနှင့် အဝါရောင်နှစ်မျိုးဖြင့် သတ်မှတ်ထားရှိပါတယ်။ အထက်တွင်အနီရောင်နှင့် အောက်တွင်အဝါရောင်တို့ဖြင့် အချိုးညီ အလျားလိုက်ပြုလုပ်ထားပါတယ်။

(ခ) အထက်အနီရောင်၏ လက်ဝဲဘက်ထောင့်တွင် ကြယ်ကြီးတစ်လုံး ပါရှိပြီး ကြယ်၏အရောင်မှာ အဖြူရောင်ဖြစ်ပါတယ်။

(ဂ) အနီရောင်သည် ရဲရင့်ခြင်း၊ အဝါရောင်သည် အမျိုးဘာသာကို စောင့်ထိန်းခြင်း၊ အေးချမ်းခြင်း အဓိပ္ပာယ်ဆောင်ပြီး အဖြူရောင်ကြယ်ကြီးမှာ ပြည်ထောင်စုကြီးကို ရည်ညွှန်းပါတယ်။

(ဃ) ပါတီအလံကို ၅း၃ အချိုးအစားအတိုင်း အရွယ်အစားအမျိုးမျိုး သတ်မှတ်အသုံးပြုနိုင်ပါတယ်။

(င) ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီ၏ အမှတ်တံဆိပ်မှာ အဝါရောင်နောက်ခံပေါ်တွင် အနက်ရောင်ရှိသော ဒိုင်းနှင့်စကြာကို ထည့်သွင်းထားပြီး အပေါ်ပိုင်းတွင် ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီဟု ပါရှိပါတယ်။ အောက်ပိုင်းတွင် Daingnet Development Party ၏ အင်္ဂလိပ်လို အတိုကောက်(D.N.D.P)ဟု ပါရှိပါတယ်။ အဝါရောင်သည် အမျိုးကို စောင့်ထိန်းခြင်း၊ အေးချမ်းခြင်းကိုဖော်ဆောင်ပြီး အနက်ရောင်ရှိသော ဒိုင်းသည် ဒိုင်းနက်လူမျိုးကို တိုက်ရိုက်အဓိပ္ပာယ်ဆောင်ပါတယ်။ စကြာဝိုင်းသည် စွမ်းရည်သတ္တိနှင့် ပြည့်စုံသော လူမျိုးဖြစ်ကြောင်း ဖော်ညွှန်းပါတယ်။

**ပြည်ထောင်စုဖွားတိုင်းရင်းသား မိဘပြည်သူများနှင့် ကျွန်တော်တို့ ရခိုင်ပြည်နယ်ရှိ တိုင်းရင်းသားညီအစ်ကို မဲဆန္ဒရှင်များခင်ဗျား-**

ကျွန်တော်တို့ဟာ ရခိုင်ပြည်နယ်ရှိ ရခိုင်တိုင်းရင်းသား မျိုးနွယ်စုဝင်များ ဖြစ်ကြပါတယ်။ ရခိုင်ပြည်နယ်ရှိ ခမီး၊ မြို၊ သက်၊ ရခိုင်၊ ဒိုင်းနက် စတဲ့ မျိုးနွယ်စုဝင်အချင်းချင်းဟာ ရှေးပဝေသဏီကပင် မရှိအတူ၊ ရှိအတူ၊ အေးတူပူအမျှ၊ ဒုက္ခ၊ သုခခံပြီး နေထိုင်လာခဲ့ကြတဲ့ သူတွေဖြစ်ပါတယ်။ ရခိုင်ပြည်နယ် အုပ်ချုပ်သူအစိုးရရဲ့ အုပ်ချုပ်မှုအောက်မှာ မိမိတို့ လူမျိုးများ၊ လူမျိုးစုများ စည်းလုံးညီညွတ်စွာဖြင့် နေထိုင်လာခဲ့ကြတာ ယခုအချိန်ထိပါပဲ။ မိမိတို့ပြည်နယ်၊ မိမိတို့လူမျိုး၊ လူမျိုးစုများ စည်းလုံးညီညွတ်မှုရရှိရေး၊ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေး ကိစ္စများကို ဆောင်ရွက်ခွင့်ရှိသော ယနေ့အချိန်အခါမှာ ကျွန်တော်တို့ ရခိုင်မျိုးနွယ်စုဝင် ပါတီငယ်တစ်ခုဖြစ်တဲ့ ဒိုင်းနက်လူမျိုးများတိုးတက်ရေးပါတီဟာ ပြည်ထောင်စုကြီးရဲ့ အကျိုး၊ ရခိုင်ပြည်နယ်ရဲ့ အကျိုး၊ ရခိုင်မျိုးနွယ်စုများရဲ့အကျိုးကို အခြေခံဥပဒေနှင့်အညီ ဆောင်ရွက်ခွင့် ရရှိရေးတို့ကို ကြိုးစားသွားမယ့်ပါတီဖြစ်ပါတယ်။

ထို့ကြောင့် ဒိုင်းနှင့် စကြာအမှတ်တံဆိပ်ပါတဲ့ ဒိုင်းနက်လူမျိုးများ တိုးတက်ရေးပါတီကို မဲပေးကြပါလို့ မေတ္တာရပ်ခံပန်ကြားရင်း နိဂုံးချုပ်အပ်ပါ တယ်ခင်ဗျား။

အားလုံးကျန်းမာချမ်းသာကြပါစေ. . . .။

---

## ရွေးကောက်ပွဲလုံခြုံရေး အသိပညာပေးဆွေးနွေး

**လားရှိုး အောက်တိုဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးခရိုင် လားရှိုးမြို့ ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီမှ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးတွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ လားရှိုးခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမြတ်မိုးက အဖွင့်အမှာစကားပြောကြားကာ လားရှိုးခရိုင် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး လားရှိုးခရိုင် ရဲတပ်ဖွဲ့မှူး (ယာယီ) ဒုတိယရဲမှူးကြီး သန့်ဇင်က ရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အစီအမံများအား ရှင်းလင်းပြောကြားပြီး လားရှိုးခရိုင်ရွေးကောက်ပွဲ ဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် လားရှိုးခရိုင် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်မောင်ရွှေက ရွေးကောက်ပွဲနှင့် ပတ်သက်၍ အသိပညာပေးရှင်းလင်းပြောကြားကာ အခမ်းအနား တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြသည်။

အခမ်းအနားသို့ ခရိုင်တွင်းဌာနဆိုင်ရာအကြီးအကဲများ၊ မြို့နယ်အတွင်းရှိ ဌာနဆိုင်ရာအကြီးအကဲများ၊ တပ်မတော်အရာရှိကြီးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်အဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့များ၊ မြို့မိမြို့ဖများ၊ ဖိတ်ကြားထားသော NGO အဖွဲ့အစည်းများ၊ သတင်းမီဒီယာအဖွဲ့များ စုစုပေါင်းအင်အား ၄၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**ဇာဏီအောင်(လားရှိုး)**

## အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**ချောင်းဆုံ အောက်တိုဘာ ၇**

ချောင်းဆုံမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီမှ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ လုံခြုံရေးဆိုင်ရာအသိပညာပေးဆွေးနွေးပွဲကို အောက်တိုဘာ ၆ ရက် နံနက် ၁၀ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ထွန်းသိန်းက ရွေးကောက်ပွဲတွင် တည်ငြိမ်အေးချမ်းစွာပြီးဆုံးသွားနိုင်ရေးအတွက် အမှာစကားပြောကြားပြီး မြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ရဲမှူးစိန်ဝင်းက ရွေးကောက်ပွဲဆိုင်ရာ အစီအမံများကို မြို့နယ်အတွင်းရှိ ကျေးရွာများတွင်စီမံထားရှိမှုများ ရှင်းလင်းတင်ပြသည်။

ထို့နောက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးထွန်းရီက ရွေးကောက်ပွဲနှင့်ပတ်သက်ပြီး အသိပညာပေးရှင်းလင်းပြောကြားသည်။ အဆိုပါဆွေးနွေးပွဲသို့ မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှု ကော်မတီဝင်များ၊ ရပ်/ကျေး ကော်မရှင်ဥက္ကဋ္ဌများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# အမျိုးသားညီညွတ်ရေး ကွန်ဂရက်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**အမျိုးသားညီညွတ်ရေး ကွန်ဂရက်ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာလှမြင့်နှင့် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဦးထွန်းဝင်းတို့က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၇ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**မဲဆန္ဒရှင်အပေါင်းတို့ခင်ဗျား**

ကျွန်တော်က အမျိုးသားညီညွတ်ရေး ကွန်ဂရက်ပါတီ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင် ဒေါက်တာလှမြင့်ဖြစ်ပါတယ်။ အခုကျင်းပတော့မယ့် ရွေးကောက်ပွဲကြီးမှာ ကျွန်တော်တို့ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့က လွှတ်တော်အသီးသီး အတွက် ကိုယ်စားလှယ်လောင်း ၁၂ ဦးကို ရွေးချယ်ခဲ့ပြီး ရွေးကောက်ပွဲဝင်ဖို့ လျှောက်ထားခဲ့ပါတယ်။ ခြောက်ယောက်ခွင့်ပြုချက်ရပြီး ခြောက်ယောက်ကတော့အပယ်ခံရလို့ အယူခံတင်ခဲ့တာမှာ လေးဦးအောင်မြင်ခဲ့ပါတယ်။ ပေါင်း ၁၀ယောက်ခွင့်ပြုချက်ရခဲ့တာကြောင့် ကိုယ်စားလှယ်လောင်း အသီးသီးဟာ မဲဆွယ်စည်းရုံးရေးလုပ်ငန်းတွေ လုပ်နေကြပါပြီ။ ကော်မရှင်ကိုလည်းကျေးဇူးတင်ပါကြောင်း ပြောကြားပါရစေ။

ကျွန်တော်တို့ပါတီက ကိုယ်စားလှယ်တွေ အရွေးခံရလို့ လွှတ်တော်အသီးသီးကို ရောက်သွားကြတဲ့အခါ ကျွန်တော်တို့ လူနည်းစုတွေ ဆုံးရှုံးနေရတဲ့ ကိုယ်တိုင်ပြဋ္ဌာန်းခွင့်၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်၊ တန်းတူညီမျှမှုနဲ့ တရားမျှတမှုတွေကိုရနိုင်ဖို့ လွှတ်တော်တွေမှာတင်ပြဆွေးနွေးသွားမှာဖြစ်ပါတယ်။ ဒ့ါအပြင် လွှတ်တော်အသီးသီးကို ရောက်လာကြမယ့် ဒီမိုကရေစီနဲ့ လူ့အခွင့်အရေးကိုယုံကြည်တဲ့သူ၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို လိုလားကြသူ ကိုယ်စားလှယ်တွေ၊ ညီနောင်တိုင်းရင်းသား ကိုယ်စားလှယ်တွေနဲ့အတူ တွဲဖက်ပြီးလွတ်လပ်တဲ့ ဒီမိုကရက်တစ်ဖက်ဒရယ် ပြည်ထောင်စုနိုင်ငံတော်ကြီး ပေါ်ပေါက်လာဖို့ ကြိုးစားကြမယ်လို့ ရည်မှန်းပါတယ်။

ကျွန်တော်တို့ပါတီရဲ့ မူဝါဒနဲ့လုပ်ငန်းစဉ်တွေကိုတော့ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်ဦးထွန်းဝင်းက တင်ပြမှာဖြစ်ပါတယ်။ **အားလုံးကို ကျေးဇူးတင်ပါတယ်။**





အနာဂတ်မြန်မာနိုင်ငံတော်သစ်ကိုပုံဖော်နိုင်ဖို့အတွက် နောက်တစ်ကြိမ် အခွင့်အရေးရဖို့ ခဲယဉ်းလှတဲ့အခြေအနေမှာ ဆန္ဒမဲတစ်ပြားစီကို ထိုက်ထိုက်တန်တန်ကိုင်ဆောင်ထားကြတဲ့ မိဘပြည်သူ၊အလုပ်သမား၊ လယ်သမား၊ လက်လုပ်လက်စား၊ ကျောင်းသားလူငယ်အပေါင်းတို့ခင်ဗျား-လေးစားစွာ ဂုဏ်ပြုနှုတ်ခွန်းဆက်သလိုက်ပါတယ်---

**ငြိမ်းချမ်းခြင်းမင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ-**

ကျွန်တော်တို့ပါတီဖြစ်စဉ်အကျဉ်းကို အမြွက်မျှတင်ပြရပါစေ။ လက်ရှိ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီဟာ ၂၈-၂-၂၀၁၂ ရက်မှာ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ရခဲ့ပါတယ်။ ၁၉၉၀ရွေးကောက်ပွဲမှာလည်း ဒီပါတီနာမည်နဲ့ပဲ ရွေးကောက်ပွဲဝင်ခဲ့တာဖြစ်ပါတယ်။ ဒီမတိုင်ခင်ကတော့မြန်မာတစ်နိုင်ငံလုံး တစ်စု၊ တစ်စုစီပြန့်ကြဲနေတဲ့ မွတ်စလင်တွေကိုတစ်ခုတည်းစုပြီး လွတ်လပ်ရေးအတွက်နိုင်ငံရေးအင်အားတစ်ရပ်အနေနဲ့ ထူထောင်ဖို့ ဆရာကြီးဦးရာဇတ်ကို ဗိုလ်ချုပ်က တိုက်တွန်းတာကြောင့် 'ဗမက' ဗမာ့မွတ်စလင်ကွန်ဂရက်ကို ဖွဲ့စည်းပြီး 'ဖဆပလ' အဖွဲ့ချုပ်ကြီးရဲ့ ထပ်ပေါင်းစုဝင်အဖြစ်နဲ့ ပူးပေါင်းပါဝင်ခဲ့ပါတယ်။ တောင်ပေါ်မြေပြန့်မခွဲတဲ့စုစည်းညီညွတ်မှုကို တည်ဆောက်နိုင်ခဲ့ပါတယ်။ ပင်လုံစာချုပ်ကြီးကိုလည်း ချုပ်ဆိုနိုင်ခဲ့ကြပါတယ်။ လွတ်လပ်ရေးကြီးကိုလည်း အရယူနိုင်ခဲ့ပါတယ်။ လွတ်လပ်ရေးရပြီးနောက်မှာလည်း 'ဗမက' ဟာ 'ဖဆပလ' ရဲ့ မဟာမိတ်အဖြစ်နဲ့ ၁၉၅၆ခုနှစ် စက်တင်ဘာလ ၃၀ ရက်အထိ နိုင်ငံရေးမျက်နှာစာမှာ အထင်ကရ လှုပ်ရှားပြီး ပြည်တွင်းငြိမ်းချမ်းရေး၊ စစ်ပြီးကာလ ပြန်လည်ထူထောင်ရေးနဲ့ စက်မှုထုတ်ကုန်တိုးမြှင့်ရေးတွေကို ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ပတ်ဝန်းကျင် နိုင်ငံအားလုံးလိုလိုက မော့ကြည့်ရတဲ့အထိ အောင်မြင်ခဲ့ပါတယ်။ ဒါကြောင့် ပါတီဖျက်ပြီး နောက်တစ်နေ့ အောက်တိုဘာ ၁ ရက်မှာ 'ဗမက' (သစ်) လို့ပြန်ဖွဲ့သူတွေက ဖွဲ့သလို၊ ၁၉၆၁မှာ 'ဗပက'ကိုဖွဲ့ပြီး 'ပမညတ' အဖွဲ့ကြီးနဲ့ မဟာမိတ်ဖွဲ့အတိုက်အခံ နိုင်ငံရေးအုပ်စုအဖြစ်လှုပ်ရှားခဲ့ပါတယ်။ ၁၉၆၄မှာ 'မဆလ' တစ်ပါတီစနစ် တည်မြဲဖို့အတွက် ကျန်ပါတီတွေအားလုံးကို ဖျက်သိမ်းလိုက်ရာမှာ 'ဗမက'(သစ်)ရော၊ 'ဗပက'ပါ ပါသွားခဲ့ရပါတယ်။

ဥတုသုံးလီ ၂၆ ကြိမ်ပြောင်းပြီးတဲ့နောက်မှာတော့ နိုင်ငံရေးရာသီဥတုတစ်ခုကြုံလာတဲ့အခါ ၁၉၉၀ ရွေးကောက်ပွဲဝင်ဖို့ ပါတီထောင်ပြီး မှတ်ပုံတင်ခဲ့ပေမယ့် သမိုင်းရှိခဲ့တဲ့ အရင်နာမည်တွေကိုသုံးခွင့်မပြုတာကြောင့် အမျိုးသားညီညွတ်ရေး ကွန်ဂရက်ပါတီ(UNC)အမည်နဲ့ မှတ်ပုံတင်ပြီးရွေးကောက်ပွဲဝင်ခဲ့ရပါတယ်။နိုင်ငံရေးပါတီတွေကို ဖျက်သိမ်းခဲ့ပြီး တစ်ဖန် ၂၀၁၀ ရွေးကောက်ပွဲအတွက် ပါတီတွေ ပြန်တည်ထောင်ကြတော့လည်း လေးသံကိုနားထောင်ရင်း စောင့်ကြည့်နေခဲ့ရတာကြောင့် ၂၀၁၂ မှာမှ မှတ်ပုံတင်နိုင်ခဲ့တာပါ။ ဒါတောင်မှ အရင်သမိုင်းကအမည်ဟောင်းတွေကို ပြန်သုံးခွင့်မရဘဲ "အမျိုးသားညီညွတ်ရေးကွန်ရက်ပါတီ" (UNC) အမည်ကိုသာ သုံးခဲ့ရတာပါ။

အတိတ်သမိုင်းကို ပြန်ကြည့်ရင် နိုင်ငံရေးရာသီဥတုကို လိုက်ပြီးအမည်တွေ၊ ပညတ်တွေ ဘယ်လိုပဲပြောင်းပြောင်း နိုင်ငံတော်ထူထောင်ရေးနဲ့ ကာကွယ်ရေးကိစ္စတွေမှာ ပြည်သူတွေအားလုံးနဲ့ အတူပါဝင်ဆောင်ရွက်ခဲ့ကြပြီး ခွင့်တူညီမျှမခြားမနားခံစားခဲ့ကြသလို၊ နိုင်ငံတော်လည်းတင့်တယ်ခဲ့ရပါတယ်။ ခုအခါမှာလည်း နိုင်ငံတော်ရဲ့ အရေးကိစ္စဟူသမျှမှာ အရင်ကနဲ့မခြား၊ ကာကွယ်ရေး၊ တည်ဆောက်ရေးနဲ့ ဖွံ့ဖြိုးခေတ်မီရေးကိစ္စတွေမှာ အားလုံးနဲ့အတူ ပါဝင်ဆောင်ရွက်ဖို့လိုပါတယ်။ တိုင်းပြည်အတွက် တကယ်ဆောင်ရွက်နိုင်စွမ်းရှိတဲ့ ကြီးမားတဲ့ ကျွန်တော်တို့လူမှုအစုအဖွဲ့တွေကို ကျွန်တော်တို့ UNC ပါတီအနေနဲ့ သန်းခေါင်စာရင်းကောက်ကာလက ထိတွေ့သိရှိခဲ့ရတာကြောင့် အသုံးမတည့်ဘဲ အဟောသိကံ မဖြစ်စေချင်ပါ။ ကိုယ့်နိုင်ငံအနီးအနားက ရှေ့တန်းကိုရောက်နေကြတဲ့ နိုင်ငံတွေမှာ "ခြားနားမှုရှိသော်ငြားလည်းအားထားရသူတွေ"အဖြစ် ဖန်တီးပေါင်းစပ်နိုင်ခဲ့ကြလို့သာ အကျိုးရှိခဲ့ကြတာဖြစ်ပါတယ်။ ဒီလိုကြီးမားလှတဲ့ လူ့အစုအဝေးကြီးတစ်ရပ်ကို ပစ်ပယ်ထားဖို့မှုရှိနေတဲ့ နိုင်ငံတစ်နိုင်ငံမှာ ဆိုရင်တော့ တကယ့်ငြိမ်းချမ်းရေးနဲ့ တိုးတက်မှုကို ဘယ်လိုမှရှာတွေ့နိုင်မှာမဟုတ်ပါဘူး။ ခုလိုမြန်မာပြည်အနှံ့ တောင်ပေါ်မြေပြန့်မကျန် ရေတွေကြီးကြရာမှာ အဆီးအတားတွေအားလုံးပျောက်ပြီး ငါ့ဆီသူလာ၊ သူ့နေရာငါရောက် မကွဲမပြားဝိုင်းကူကြတာ အကျိုးရှိလိုက်တာ။ အားရဝမ်းသာစရာပါ။

တိုင်းပြည်အတွက် အားလုံးနဲ့အတူ ဝိုင်းကူဆောင်ရွက်ဖို့ အားသန်တာမှာ ကျွန်တော်တို့အနေနဲ့ NEGATION OF NEGATION ဆန့်ကျင်ခြင်းကို ဆန့်ကျင်ခြင်းနည်းကို သုံးမှာမဟုတ်ပါဘူး။ အပြန်အလှန်နားလည်မှုရအောင် ပူးပေါင်းဆောင်ရွက်တဲ့နည်း၊ အပြန်အလှန်သိမှတ်နားလည်မှုပေးခြင်းကို စိတ်ရှည်လက်ရှည်လုပ်တဲ့နည်း၊ မေတ္တာပေး၊ မေတ္တာယူတဲ့နည်းနဲ့မုန်းခြင်းမပါ၊ ချစ်ခြင်းကိုသာ ရှာမယ်ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ငါတို့ စိတ်တူကိုယ်တူ ကြိုးစားကြမယ်ဆိုတဲ့ ယုံကြည်စိတ်နဲ့ ၂၀၁၅ ခု ဖေဖော်ဝါရီ ၂၀၊ ၂၁၊ ၂၂ ရက်တွေမှာ ပြည်လုံးကျွတ်ညီလာခံကြီးခေါ်ယူပြီး ပါတီရဲ့ မူဝါဒ၊ သဘောထားနဲ့လုပ်ငန်းစဉ်တွေကိုချမှတ်ပြီး ဒီရွေးကောက်ပွဲကြီးအတွက် ပြင်ဆင်ခဲ့တာဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူများခင်ဗျား-**

လူတိုင်းလူတိုင်းဟာ သဘာဝတရားအရ ညီတူညီမျှ မွေးဖွားလာကြပါတယ်။ မြန်မာပြည်သားအားလုံး ခွင့်တူညီမျှရှိပါမှ ညီညွတ်မှုကိုရကြပါမယ်။ လူမျိုးစုအားလုံးဟာ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိပြီး ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ရပါမယ်။ လူ့တန်ဖိုးနဲ့ ဂုဏ်သိက္ခာကို တန်ဖိုးထားပြီး လူ့အခွင့်အရေးပြည့်ဝ၊ လူမျိုးဘာသာ၊ ရာထူးဂုဏ်သိန်၊ လိင်မခွဲတဲ့ဝါဒ၊ နေရာလပ်မကျန်၊ ပြည်လုံးအနှံ့သက်ရောက်တဲ့ ဒီမိုကရေစီနိုင်ငံတော် ဖြစ်ရပါမယ်။

အားကြီးတဲ့လူမျိုးက အားနည်းတဲ့လူမျိုးကို နှိပ်ကွပ်၊ အာဏာလက်ရှိက အာဏာလက်မဲ့ကို ဖိနှိပ်၊ အောက်ခြေပြည်သူကို လျစ်လျူရှုပြီး အထက်အုပ်ချုပ်ရေးအာဏာကိုအရယူကာ အောက်ခြေပြည်သူ သဘောမတူဘဲ သယံဇာတတွေကို ထုတ်ယူ၊ လည်သူတွေက ရိုးသူတွေအပေါ် အမြတ်ထုတ်၊ ကြားခံကိရိယာမျိုးစုံကိုသုံးပြီး လှည့်ပတ်၊ နေမြဲနေစေ၊ နိမ့်မြဲနိမ့်စေ၊ မွဲမြဲမွဲစေ၊ မသိမြဲမသိစေ၊ စွဲလမ်းမြဲ စွဲလမ်းစေ၊ အယူသီးမြဲ အယူသီးစေ၊ ရှုံ့ရှာမြဲ ရှုံ့ရှာနေစေဖို့ ဖြားယောင်းမြဲ ဖြားယောင်းနေမှုတွေ သက်ဆိုးရှည်နေသမျှ ငြိမ်းချမ်းတဲ့၊ တိုးတက်တဲ့၊ ခေတ်မီတဲ့၊ လူသားဂုဏ်သိက္ခာကို တန်ဖိုးထားတဲ့၊ လူ့အခွင့်အရေးပြည့်မီတဲ့၊ ဒီမိုကရေစီ ယဉ်ကျေးမှုထွန်းကားတဲ့ ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံပေါ်ထွန်းလာလိမ့်မယ်လို့ ယုံနိုင်ဖွယ်မရှိပါ။

ဒီမိုကရေစီယဉ်ကျေးမှုအလေ့အကျင့်ဟာ ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံနဲ့ အံလွဲနေတယ်လို့ မြင်တဲ့အတွက် အံဝင်အောင်ပြင်ရမယ်လို့ ယုံကြည်ပါတယ်။

တရားဥပဒေနဲ့တရားစီရင်ရေးစနစ်ဟာ အစိုးရဘက်ကချည်းရှိနေတဲ့ ယဉ်ကျေးမှုကနေ ပြည်သူဘက်ကရပ်တဲ့ယဉ်ကျေးမှုအဖြစ်ပြောင်းရပါမယ်။ အစိုးရလစာ စားနေရတယ်လို့ အယူလွဲပြီး အစိုးရဘက်ကိုချည်းလိုက်နေတဲ့ ဝန်ထမ်းတွေရဲ့ စိတ်အခြေကိုလည်း ပြည်သူတွေပေးတဲ့လစာကို စားနေရတယ်လို့ အသိပြောင်းပြီး ပြည်သူကို စောင့်ရှောက်လုပ်ကျွေးတတ်တဲ့ အကျင့်ကိုမွေးမြူပေးရပါမယ်။

နိုင်ငံတော်မှာ ဈေးကွက်စီးပွားရေးစနစ်ဟာ ခိုင်မာပီပြင်အသက်ရှင်ရပါမယ်။ နိုင်ငံတော်လက်ဝါးကြီးအုပ် စီးပွားရေးနဲ့ ပုဂ္ဂလိကလက်ဝါးကြီးအုပ်စီးပွားရေးကို လုံးဝရှင်းပစ်ပြီး လွတ်လပ်တဲ့ပြိုင်ဆိုင်ခွင့်ကို ဥပဒေပြဋ္ဌာန်းပြီးအာမခံရပါမယ်။ အသေးစားနဲ့အလတ်စားစီးပွားရေးနဲ့ ကုန်ထုတ်လုပ်ငန်းတွေကို နိုင်ငံတော်က ထောက်ပံ့ချီးမြှောက်ရပါမယ်။

အလုပ်သမားတွေရဲ့ လုပ်ခလစာကို စားလောက်ရုံမျှနဲ့ မတွက်ချက်ဘဲ၊ ဝတ်ရေးနဲ့နေရေးကိုပါ ထည့်တွက်ဖို့လိုပါမယ်။ ကျန်းမာရေးနဲ့ ပညာရေးအတွက်ကိုတော့ နိုင်ငံတော်က ကျခံရမှာဖြစ်ပါတယ်။ အဲဒီအတွက် စရိတ်ကို နိုင်ငံတော်မှာ အမြင့်ဆုံးသုံးထားတဲ့ စရိတ်တွေထဲက သုံးပုံနှစ်ပုံလောက်ထိ ဖြတ်တောက်သုံးစွဲဖို့ စီစဉ်ရပါမယ်။

လယ်သမားတွေကိုလည်း "လယ်လုပ်သူလယ်ပိုင်စေ" အာမခံချက်ပေးရပါမယ်။ စီးပွားရေးတွက်ခြေကိုက်တဲ့သီးနှံကို လယ်သမားက ရွေးချယ်စိုက်ပျိုးခွင့်ရှိရပါမယ်။ မြေပိုင်ရှင်ကြီးစနစ်ပေါ်ပေါက်မလာဖို့ ဥပဒေပြုပြီး ထိန်းသိမ်းကာကွယ်ရပါမယ်။ စိုက်ပျိုးရေးထောက်ကူစရိတ်ကို နိုင်ငံတော်ကတာဝန်ယူရပါမယ်။ သိမ်းပိုက်ခံ လယ်ယာမြေတွေကိုလည်း လက်ငုတ်လက်ရင်းလယ်သမား၊ ယာသမားလက်ထဲ လက်တွေ့ကျကျမြန်မြန်ရောက်အောင်လှည့်ပတ်မှုမပါ၊ အချိန်ဆွဲမှုမပါဘဲ ဥပဒေပြဋ္ဌာန်းစီစဉ်ပေးရပါမယ်။

ကျေးလက်က နေစရာမြေမရှိတဲ့ ပြည်သူတွေကို နိုင်ငံတော်ပိုင်မြေထဲက စနစ်ချမှတ်ပြီး နေမြေလက်ရောက်ပေးဖို့ လိုအပ်ပါမယ်။ လူတိုင်းက မိမိကိုယ်တိုင်နေမယ့်မြေကို ကိုယ်တိုင်ဝယ်ယူနေထိုင်ဖို့ မစွမ်းရင် နိုင်ငံတော်က ပေးဖို့တာဝန်ယူရပါမယ်။ မြို့ပြက အိမ်ခြေမဲ့တွေကိုလည်း နိုင်ငံတော်ကမြေစိုက်ပြီး တန်ဖိုးနည်းအိမ်ခန်းတွေကို နိုင်ငံတော်က စီမံကိန်းချဆောက်လုပ်ပေးရပါမယ်။

လွတ်လပ်တဲ့ ဗဟိုချုပ်ကိုင်မှုကင်းတဲ့ LIBERAL DEMOCRATIC EDUCATION ကို ဖော်ဆောင်ရပါမယ်။ ဂုဏ်သိက္ခာရှိတဲ့ ပညာကို ဂုဏ်သိက္ခာရှိပြီး မိမိကိုယ်ကိုယုံကြည်တဲ့ ကျောင်းသားတွေက ကိုယ်တိုင်တွေးခေါ် ဆုံးဖြတ်ရဲစွာနဲ့ ဆရာစားမချန်၊ ပညာရော၊ စေတနာနဲ့ မေတ္တာပါပြွန်းတဲ့၊ ဆရာတွေက သင်ပေးတဲ့၊ လေးစားခံ့ညားဖွယ်ရှိတဲ့ ကျောင်းတွေမှာ သင်ယူနိုင်ရပါမယ်။ တက္ကသိုလ်ပညာကိုလည်း ဂုဏ်သရေကြီးမြင့်တဲ့ တက္ကသိုလ်ကျောင်းကြီးတွေမှာ တက္ကသိုလ်ကျောင်းသားဘဝ သရုပ်ပီပြင်စွာနဲ့ ကမ္ဘာနဲ့ သီအိုရီအရရော၊ လက်တွေ့မှာပါ ချိတ်ဆက် ဆက်ဆံနိုင်တဲ့ ပညာရေးဖြစ်ဖို့လိုပါတယ်။ တက္ကသိုလ်ကျောင်းသားလို့ အဓိပ္ပာယ်သတ်မှတ်တဲ့အထဲမှာ အဆောင်နေခွင့်ဟာ ကျွဲကူးရေပါ တစ်ပါတည်းပါပြီးသားဖြစ်ရပါမယ်။ ခိုးသားတွေရဲ့ အလယ်မှာ ကြီးပြင်းရတဲ့ ကျေးသူငယ်လိုမဖြစ်စေရပါဘူး။ ကျောင်းသားသမဂ္ဂတွေ၊ ဆရာသမဂ္ဂတွေကို လွတ်လပ်စွာဖွဲ့စည်းပြီး လွတ်လပ်စွာ လှုပ်ရှားခွင့်ပေးရပါမယ်။

နေရာတကာမှာ လာဘ်ပေးလာဘ်ယူကိစ္စဟာ ရဲတင်းစွာပျံ့နှံ့တဲ့ ယဉ်ကျေးမှုကြီးဖြစ်နေပါပြီ။ မပေးသူဟာ မယဉ်ကျေးသူဖြစ်နေပါပြီ။ တစ်စုံတစ်ရာမပေးလိုက်ရရင် နေမထိထိုင်မသာ စိတ်ရောဂါဖြစ်နေကြပါပြီ။ ဒီကင်ဆာကို အမြစ်မဖြတ်ဘဲ ဘယ်အားဆေးမှအရာရောက်မှာ မဟုတ်ပါ။ ခပ်ကြမ်းကြမ်းကိုင်တွယ်ပြီး ခပ်မြန်မြန်ဖြေရှင်းဖို့ မဖြစ်မနေလိုအပ်နေပါပြီ။

ပြည်တွင်းငြိမ်းချမ်းရေးနဲ့ စစ်မှန်တဲ့ သင့်မြတ်ရင်ကြားစေ့ရေးဟာ မဖြစ်မနေလုပ်ရမှာဖြစ်ပေမယ့် အကျပ်ကိုင်ခြိမ်းခြောက်မှုမပါ၊ ဖြားယောင်းသွေးဆောင်မှုမပါ၊ ညစ်ကွက်တွေ အထက်ဆီးတွေမပါတဲ့ ပကတိလွတ်လပ်ခွင့် (ABSOLUTE FREEDOM) နဲ့ လုပ်တာဖြစ်ရပါမယ်။ ကြောက်ရွံ့စိုးရိမ်မှုမပါတဲ့၊ ဂုဏ်သိက္ခာရှိတဲ့၊ ပွင့်လင်းမြင်သာတဲ့ ညှိနှိုင်းဆွေးနွေးမှု ဖြစ်ရပါမယ်။ ပြဋ္ဌာန်းဥပဒေတွေဟာ ပင်မဥပဒေတွေအပေါ် ပြန်ချုပ်တဲ့၊ ကန့်သတ်တဲ့ဥပဒေတွေ မဖြစ်စေရပါဘူး။

ဒါတွေကို တစ်ဦးတည်းတစ်ပါတီတည်းက လုပ်လို့မရနိုင်တာကြောင့် အားလုံးနဲ့အတူ ဝိုင်းလုပ်နိုင်ဖို့အတွက် လွှတ်တော်တွေထဲကိုယ်စားလှယ်တွေစေလွှတ်ပြီး "ပြိုင်တူ တွန်းလျှင်မရွေ့နိုင်ဘူးလား"လို့ ကြွေးကြော်ရင်း အရွေ့တစ်ခုကို ရှာလိုတာဖြစ်ပါတယ်။

**လေးစားမြတ်နိုးအပ်ပါသော မဲဆန္ဒရှင်များခင်ဗျား -**

အခုတင်ပြတဲ့မူဝါဒတွေကို ကျွန်တော်တို့ရဲ့ လွှတ်တော်ကိုယ်စားလှယ်တွေက မဲဆန္ဒရှင်တွေရဲ့ နေအိမ်တံခါးဝထိအောင်အရောက်လာပြီး ရှင်းပြပါမယ်။ အောင်နိုင်ရေးကြေညာချက်ကိုတော့ ကျွန်တော်တို့ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

၁။ အမျိုးသားညီညွတ်ရေးကွန်ဂရက်ပါတီ UNC သည် မြန်မာ့နိုင်ငံရေးကိစ္စများကို နိုင်ငံရေးဥပစာတွင် နိုင်ငံရေးနည်းဖြင့် တစ်ထောင့်တစ်နေရာမှ ပါဝင်ဖြေရှင်းနိုင်ဖို့ တည်ထောင်ထားသော နိုင်ငံရေးပါတီဖြစ်ပါသည်။

၂။ UNC ပါတီသည် မြန်မာ့နိုင်ငံရေးကိစ္စများကို အားလုံးနှင့်အတူ ဝိုင်းကူဖြေရှင်းရင်း မိမိအစုအဖွဲ့၏ တာဝန်ထမ်းဆောင်မှုကို ပို၍ပီပြင်ထင်ရှားစေရမည်ဖြစ်ပါသည်။

၃။ ယင်းသို့ ကြိုးပမ်းကြရာတွင် UNC သည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်ခွင့်၊ လွတ်လပ်စွာကိုးကွယ်ယုံကြည်၍ နှစ်သက်ရာယဉ်ကျေးမှုကို တည်ဆောက်နိုင်ခွင့်၊ လူ့အခွင့်အရေးစံနှင့် လူ့ဂုဏ်သိက္ခာစံအပေါ် အလေးထားလေးစားယုံကြည်၍ လူမျိုး၊ ဘာသာ၊ လိင်မခွဲခြားသော စစ်မှန်သည့် ဒီမိုကရက်တစ်ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံတော်ပေါ်ထွန်းလာရေးကို ဦးလည်မသုန်ကြိုးပမ်းလျက်ရှိကြကုန်သော လူမျိုးစုများ၊ တိုင်းရင်းသားအဖွဲ့အစည်းများ၊ နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ ကွန်ရက်များနှင့် သစ္စာထား၍အတူတကွ ပူးပေါင်းဆောင်ရွက်သည်။

၄။ ကျွန်ုပ်တို့၏ UNC ပါတီသည် ဒီမိုကရေစီယဉ်ကျေးမှု ထွန်းကားရေး၊ အာဏာရှင်အုပ်စိုးမှု ပပျောက်ရေး၊ လူမျိုးကြီးဝါဒလွှမ်းမိုးမှုမှ လွတ်မြောက်ရေး၊ လယ်သမား၊ အလုပ်သမား၊ ကျောင်းသား၊ ကုန်သည်၊ ဝန်ထမ်းနှင့် ရဟန်းရှင်လူ၊ ကိုးကွယ်ယုံကြည်သူအားလုံး၏ လွတ်လပ်ခွင့်အတွက် သမိုင်းတစ်လျှောက်တိုက်ပွဲဝင်ခဲ့ကြသူ၊ တိုက်ပွဲဝင်လျက်ရှိကြသူ၊ ဝိုင်းဝန်းကြိုးပမ်းကြသူအားလုံးနှင့်အတူ တစည်းတလုံးတည်းရှိသည်။

၅။ ကျွန်ုပ်တို့သည် ပြည်သူအားလုံးတို့အား အမုန်းစကားကိုမဆို၊ အချစ်စကားကိုသာဆို၍ ခွဲခြားခြင်းကို မလို၊ ပေါင်းစည်းခြင်းကိုသာ လို၍၊ ချုပ်ချယ်ခြင်းကိုမလို၊ လွတ်လပ်ခြင်းကိုသာလို၍ မဲဆန္ဒရှင်ပြည်သူအားလုံးတို့၏ မြတ်သောအလိုဟူသမျှ ပြည့်ဝစေ၊ မချစ်မနှစ်သက်သောအရာဟူသမျှ ဝေးကွာစေဟူသော စိတ်စေတနာဖြင့် ပြည်သူ့အကျိုးကို ဆောင်ပါမည်။

၆။ ကျွန်ုပ်တို့သည် ဤနှယ်မူဝါဒ၊ ဤသို့သော လုပ်ငန်းစဉ်များဖြင့် ကျွန်ုပ်တို့အပေါ် အထင်မှားသူများလည်း အမြင်မှန်စေ၊ ကျွန်ုပ်တို့အပေါ် နားလည်မှုလွဲသူများလည်း နားလည်မှုရစေ၊ ဤသို့သော ကြည်လင်မှုဖြင့် နိုင်ငံ့အရေး ပူးပေါင်းလုပ်ဆောင်ရာတွင် ကျွန်ုပ်တို့သည် မိမိတို့ရယူလိုသောအခွင့်အရေးများနှင့် ထမ်းရွက်လိုသော တာဝန်များကို လွှတ်တော်ပြင်ပတွင်သာမက လွှတ်တော်တွင်း၌ပါ သိုင်းဝိုင်းဆောင်ရွက်နိုင်ခြင်းအလို့ငှာ UNC ပါတီကို ကြည်ဖြူသူ၊ ပြည်သူတို့၏ တစ်ခဲနက်ထောက်ခံမဲကို ယုံကြည်စွာ အားကိုးတောင်းခံ၍ ဤပါတီစုံရွေးကောက်ပွဲကြီးသို့ ရဲဝံ့စွာဝင်ရောက်ပြီဖြစ်ပါကြောင်း မြတ်နိုးလေးစားစွာ အသိပေးအပ်ပါသည်ခင်ဗျား။

**လူ့အခွင့်အရေးစံနှင့်အညီ လူ့တန်ဖိုးပြည့်ဝစေဖို့**
**UNC ကို မဲပေးစို့**